# အနှိုင်းမဲ့ဗုဒ္ဓ
# ၏
# အနှိုင်းမဲ့တရားတော်များ

ဥပရိပဏ္ဏာသ



အရှင်သာသနဝရ
(ဓမ္မာစရိယ၊ M.A.,)

# အနိုင်းမဲ့ဗုဒ္ဓ
# ၏
# အနိုင်းမဲ့တရားတော်များ

ဥပရိပဏ္ဏာသ (၁)

**သုတေသနစာကြည့်တိုက်**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**ကမ္ဘာအေး၊ ရန်ကုန်။**

အရှင်သာသနဝရ
(ဓမ္မာစရိယ၊ M.A.,)

စာမူခွင့်ပြုချက်အမှတ်
၁၄၆/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်
၁၅၄/၂၀၀၁ (၃)

ကွန်ပျူတာစာစီ - ဇမ္ဗူဒိပ်၊ ၃၄-လမ်း(လယ်)၊ အကြိမ် - ပထမ
ခုနှစ် - ၂၀၀၁၊ မတ်လ၊ အုပ်ရေ - ၁၀၀၀၊ ထုတ်ဝေသူ - ဦးမိုးကြည်
(မိုးကြည်စာပေ)၊ ၃၈၇၊ ဖျာပုံလမ်း (၇)ရပ်ကွက်၊ မြောက်ဒဂုံ။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးကံအောင် (၀၆၁၂၃)၊ အမှတ်
(၁၁၇၃)၊ သုဓမ္မာ (၂)လမ်း၊ ဂုဏ်ထွန်းပုံနှိပ်တိုက်၊ မြောက်ဥက္ကလာ။
စီစဉ်သူ - တင်အောင်ထွန်း **T.A.T (Group)**
စာအုပ်ချုပ် - **T.A.T (Group)**

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဒီကျမ်းစာ ဖြစ်ပေါ်လာပုံ

စာရေးသူဟာ အသက် (၃၆)နှစ်သာ ရှိပါသေးတယ်။ ကိုယ့်ထက် ကြီးတဲ့ ပုဂ္ဂိုလ်တွေနဲ့စာရင် အတော် ငယ်ပါသေးတယ်။ ဒါပေမဲ့ အမှုမဲ့ အမှတ်မဲ့ ပေါ့ပေါ့ဆဆတော့ နေလေ့ မရှိဘူး။ ဒါနဲ့ တစ်နေ့တော့ ဒီလို စဉ်းစားမိတယ်။ ငါ ရဟန်းဘဝ ရတုန်းရခိုက် အဆင့်အတန်း မြင့်မြင့်၊ အထက်တန်းကျကျ နေရရင် ကောင်းမှာပဲ-လို့။ ဆက်ပြီး စဉ်းစားမိပြန်တယ်။ ဘယ်လို နေရရင် အဆင့် အတန်း မြင့်မြင့်၊ အထက်တန်းကျကျ ဖြစ်မလဲ-လို့။ အဖြေ ထွက်လာတာကတော့ ရှင်းပါတယ်။ ဘုရားဟောအတိုင်း နေရရင် အဆင့်အတန်း မြင့်မြင့်၊ အထက်တန်းကျကျ ဖြစ်မှာပဲ-တဲ့။ ဒါနဲ့ ဘုရားဟော တရားတော်များကို မိမိလက်လှမ်းမီသမျှ ကြိုးစားပြီး ဆည်းပူး လေ့လာခဲ့ပါတယ်။ မိမိရဲ့ တချို့ ဒကာ ဒကာမများ ကလည်း ဘုရားဟော ပါဠိတော်ကိုမှ ပိုပြီး စိတ်ဝင်စားကြတယ်။ နာယူလိုကြတယ်။ ဖတ်ရှုလိုကြတယ်။ လိုက်နာ ကျင့်ကြံလိုကြ တယ်။ အဲဒီလို တခြား ဒကာ ဒကာမများလည်း ရှိလိမ့်မယ်- လို့ ယူဆမိတယ်။ ဒီတော့ ပါဠိတော်များကို ဒကာ ဒကာမများလည်း နားလည်ရန် မြန်မာပြန်ပေးဖို့ လိုအပ်လာပါတယ်။ ဒါ့ကြောင့် ပါဠိတော် အုပ်ရေ (၄၀)ရှိသည့် အနက် ဒီ ဥပရိပဏ္ဏာသပါဠိတော်ကို အနှစ်ချုပ်၍ စတင် မြန်မာပြန်ဆိုလိုက်ပါတယ်။

## အနိုင်းမဲ့ဆိုတဲ့ နာမည်

ကျမ်းစာအုပ် တစ်အုပ် ရေးသားပြုစုတဲ့အခါမှာ မိမိကျမ်းစာရဲ့ နာမည်ကိုလည်း သင့်တော်အောင် စဉ်းစား ရွေးချယ်ကြရတယ်။ မိမိလည်း မိမိကျမ်းစာရဲ့ နာမည်ကို စဉ်းစားတဲ့အခါမှာ ဒီ ဥပရိပဏ္ဏာသပါဠိတော်၊ ဂဏကမောဂ္ဂလ္လာနသုတ်မှာ ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားက မြတ်စွာဘုရားအား လျှောက်ထားတဲ့ "အရှင်ဂေါတမ၊ အမြစ်နံ့သာဟူသမျှတို့တွင် **စန္ဒကူးနက်** အမြတ်ဆုံး ဖြစ်ပါတယ်။ အနှစ်နံ့သာ ဟူသမျှတို့တွင် **စန္ဒကူးနီ** အမြတ်ဆုံး ဖြစ်ပါတယ်။ အပွင့်နံ့သာဟူသမျှတို့တွင် မုလေးပန်း အမြတ်ဆုံး ဖြစ်ပါတယ်။ ယခု လက်ရှိ တရားတို့တွင် အရှင် ဂေါတမ ရဲ့ တရားတော် အမြတ်ဆုံး ဖြစ်ပါတယ်ဘုရား" ဆိုတဲ့ စကားကို သတိရလာပါတယ်။ ဒါ့ကြောင့် အနိုင်းမဲ့ ဆိုတဲ့ နာမည်ကို ရွေးချယ်လိုက်ပါတယ်။ ဒီ ကျမ်းစာရဲ့ ဒီ နာမည်နဲ့ လိုက်ဖက်ပုံကို စာရှုသူ ဒီကျမ်းစာကို ပြီးဆုံးအောင် ဖတ်ပြီးတဲ့အခါ ပို၍ပို၍ သိသိလာပါလိမ့်မယ်။

## ဒီကျမ်းစာဖတ်လျှင် ဘုရားကိုမြင်

ဒီကျမ်းစာကို ဖတ်တဲ့အခါ ဆိတ်ငြိမ်ရာမှာ အေးအေးဆေးဆေး ဖတ်သင့်ပါတယ်။ အဲဒီလို ဖတ်တဲ့အခါ စာရှုသူရဲ့ စိတ်ထဲမှာ မြတ်စွာဘုရားကို ဖူးတွေ့ရပါလိမ့်မယ်။ မြတ်စွာဘုရားက

လက်တို့ပြီး ဟောပြနေသလို စာရှုသူမှာ ခံစားရပါလိမ့်မယ်။ ဒီကျမ်းစာမှာ သုတ်ပေါင်း ၅၂-သုတ် ပါရှိသည့်အတွက် ဘုရားရှင်နှင့် ၅၂-ရက်ခန့် အတူနေရသလိုလည်း ခံစားရပါလိမ့်မယ်။ အရှင်သာရိပုတြာ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ - စတဲ့ သံဃာတော်များကိုလည်း စိတ်ထဲမှာ ဖူးတွေ့ရပါလိမ့်မယ်။ မြတ်စွာဘုရားနှင့် အဲဒီ သံဃာတော်များရဲ့ တရားတော်များကို အလွန် ကြည်ညိုဖွယ်ရာ ဖတ်ရှုရပါလိမ့်မယ်။ အဲဒီလို ဖတ်ရှုတဲ့အခါ စာရှုသူရဲ့ သန္တာန်မှာ နှစ်သက်မှု၊ ကျေနပ်မှု၊ ငြိမ်းအေးမှု၊ ဝမ်းမြောက်မှုများ တဖွားဖွား ဖြစ်ပေါ်လာပါလိမ့်မယ်။ ဘုရားဟော တရားတော်ရဲ့ အဆီအနှစ်ကို ဖတ်ရှုရတဲ့အတွက် "သြော် . . . ငါ ကံကောင်းလိုက်တာ၊ တန်ဖိုးရှိတဲ့ လူ့ဘဝကို ရလိုက်တာ" - လို့ တွက်ဆလာပါလိမ့်မယ်။ ဘုရားဖူးသွားသလို ငွေကုန်ခြင်း၊ အချိန်ကုန်ခြင်း၊ လူပန်းခြင်း သိပ်မရှိလှဘဲ ဘုရားရှင်နှင့် သံဃာတော်တွေကိုလည်း ဖူးတွေ့ကြည်ညိုခွင့်ရ၊ ဒီဘဝ နောင်ဘဝသာမက နိဗ္ဗာန်အထိ ကောင်းကျိုးပြုနိုင်တဲ့ တရားတော်တွေကိုလည်း သိခွင့်ရပါလိမ့်မယ်။

## လေးလေးစားစား ရေးသားထား

ဒီလိုရေးသားလိုက်တော့ တချို့က "တယ်ဆိုတဲ့ စာပါလား" လို့ ပြောကောင်း ပြောကြလိမ့်မယ်။ တချို့ကလည်း "တယ် အော်တဲ့ ကြော်ငြာပါလား" လို့ ဆိုကောင်း ဆိုကြလိမ့်မယ်။ စာရေးသူကတော့ "မယုံ မရှိနဲ့ ကိုယ်တွေ့ဗျ" လို့သာ ပြောရပါလိမ့်မယ်။ မှန်ပါတယ်၊ စာရေးသူ ဒီကျမ်းစာရေးဖို့ ဥပရိပဏ္ဏာသ ပါဠိတော်၊

အဋ္ဌကထာ၊ ဋီကာ၊ နိဿယနှင့် မြန်မာပြန်များကို ကြည့်တဲ့အခါ အထက်ပါအတိုင်း ခံစားခဲ့ရပါတယ်။ တစ်ခါတစ်ခါမှာ ဆိုရင် စာရေးသားရင်း ဘုရားရှင်နဲ့ သံဃာတော်များကို ကြည်ညိုလွန်းလို့ မျက်စိလေးမှိတ်ပြီး လက်အုပ်ပင် ချီမိပါတယ်။ ဒါ့ကြောင့် ဒီကျမ်းစာကို ရေးသားတဲ့အခါမှာ တစ်လုံး တစ်ပါဒမှ စပြီး လေးလေးစားစား ရေးသားထားပါတယ်။ (အဲဒီလို ရေးသားထားပုံကို ဂေါပက မောဂ္ဂလ္လာနသုတ်၊ ဋီကာ - အဆုံးအဖြတ်ဖြင့်ပင် ပညာရှင်များ သိနိုင်ကြပါတယ်။ )ဒါ့ကြောင့် စာရှုသူများလည်း ဒီကျမ်းစာကို အပျော်ဖတ် ကျမ်းစာ-လို့ သဘော မထားဘဲ **အတော်ဖတ် ကျမ်းစာ** လို့ သဘောထားကြစေချင်ပါတယ်။ အဲဒီလို သဘောထားပြီး တစ်လုံးချင်း၊ တစ်ပါဒချင်း၊ တစ်ဝါကျချင်း အလေးအနက် ဖတ်ရှုမှတ်သားကြစေလိုပါတယ်။ ကျင့်ကြံပွားများကြစေလိုပါတယ်။ အဲဒီလို ဖတ်ရှုမှတ်သား ကျင့်ကြံပွားများလျှင် စာရှုသူများ ဒီဘဝ နောင်ဘဝ ကောင်းကျိုးချမ်းသာများသာမက နိဗ္ဗာန်ချမ်းသာအထိ ရနိုင်၊ ရောက်နိုင်၊ မျက်မှောက်ပြုနိုင်ကြလိမ့်မယ်-လို့ စာရေးသူက အလေး အနက် အာမခံပါတယ်။

## မြတ်နိုးကော်ရော် ပူဇော်ခြင်း

ဒီကျမ်းစာဖြင့် တရားပိုင်ရှင် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား လည်းကောင်း၊ ဒီကျမ်းစာ ရေးသားနိုင်အောင် မိမိအား ပညာသင်ကြားပေးတော်မူခဲ့ကြသော မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊

ကန်တော် ရွာ၊ ထန်းပင်ခြံကျောင်း ဆရာတော်များ ဖြစ်ကြသော (ဆရာတော် ဦးအဂ္ဂဝံသ၊ ဆရာတော် ဦးတေဇနိယ၊ ဆရာတော် ဦးစန္ဒိမာ) တို့အား လည်းကောင်း၊ မြောင်းမြမြို့၊ တိုက်သစ် ပဋ္ဌာနတာရုံ စာသင် တိုက်၊ ပဓာန နာယက ဆရာတော် ဦးကုမာရ၊ (ဆရာတော် ဦးဓမ္မိက)၊ ဆရာတော် ဦးဂုဏိဿရ (ပါဠိပါရဂူ)၊ ဆရာတော် ဦးကုသလ၊ ဆရာတော် ဦးနန္ဒ (ပါဠိပါရဂူ၊ ယခု နိုင်ငံခြား သာသနာပြုဆရာတော်၊ တိုရန်တိုမြို့၊ ကနေဒါနိုင်ငံ)၊ ဆရာတော် ဦးသြဘာသ (ကထိက ဆရာတော်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်) ၊ ဆရာတော် ဦးဝဇိရ ဉာဏ ၊ ဆရာတော် ဦးတေဇနိယ- တို့အားလည်းကောင်း မြတ်နိုး ကော်ရော် ပူဇော်လိုက်ပါတယ်။

## ကျေးဇူးဆပ်ခြင်းနှင့် မေတ္တာပြန့်ဝေခြင်း

ဒီကျမ်းစာဖြင့် အထက်ပါ ကျေးဇူးတော်ရှင် ဆရာတော်များအားလည်းကောင်း၊ မိမိရဲ့ ခမည်းတော် ၊ မယ်တော်များ ဖြစ်ကြသော ဦးဉာဏ်ထွန်း + ဒေါ်ရှိန်တို့အားလည်းကောင်း၊ ရဟန်း ဒကာ ၊ ရဟန်းအမများ ဖြစ်ကြသော ဦးသာဇံ + (ဒေါ်စန်းရီ) တို့ အားလည်းကောင်း ၊ ဒီကျမ်းစာနှင့်တကွ ပစ္စည်းလေးပါး အလှူ ရှင်ဖြစ်သော ဒေါက်တာ ခင်ခင်ရီ မိသားစုအားလည်းကောင်း၊ တခြားသော ပစ္စည်းလေးပါး အလှူရှင် ဒကာ ဒကာမများအား လည်းကောင်း မိမိတတ်အားသရွေ့ ကျေးဇူးဆပ်လိုက်ပါတယ်။

အထက်ပါ ဆရာတော် သံဃာတော်များ၊ ဒကာ ဒကာမများနှင့် တကွ သုံးဆယ့်တစ်ဘုံသား အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

အရှင်သာသနဝရ

xxxxxxxxxxxxxxx

# မာတိကာ

| အစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ၁။ ဒေဝဒဟဝဂ်


၁။ ဒေဝဒဟသုတ် . . . . . . . . . . . . . . . . . . . . . . ၁

ကံငါးမျိုးနှင့် အကျိုးရှိသော အားထုတ်ခြင်း

၂။ ပဉ္စတ္တယသုတ် . . . . . . . . . . . . . . . . . . . . . . ၁၀

သင်္ခါရနှင့် နိဗ္ဗာန်

၃။ ကိန္တိသုတ် . . . . . . . . . . . . . . . . . . . . . . ၁၂

စေ့စပ်ညှိနှိုင်းနည်းများ

၄။ သာမဂါမသုတ် . . . . . . . . . . . . . . . . . . . . . . ၁၇

ကွဲပြားကြောင်း ခြောက်ပါး

ညီညွတ်ကြောင်း ခြောက်ပါး

၅။ သုနက္ခတ္တသုတ် . . . . . . . . . . . . . . . . . . . . . . ၂၂

အထင်အမှတ်မှားလျှင် အပြုအမူမှားပုံ များဆိပ်သင့်သူ ဥပမာ

အသိအမြင်မှန်မှ အပြုအမူမှန်ပုံ

အဆိပ်ရေဥပမာနှင့် မြွေဥပမာ

၆။ အာနေ္ဒသပ္ပါယသုတ် . . . . . . . . . . . . . . . . ၃၁
ဈာန်၊ သံသရာပြတ်ကြောင်းနှင့် အရဟတ္တဖိုလ်
၇။ ဂဏကမောဂ္ဂလ္လာနသုတ် . . . . . . . . . . . . . . . ၃၃
သာသနာ့ကျင့်စဉ်
လမ်းညွှန်သူဥပမာ၊ အမြတ်ဆုံးအရာ ၄ မျိုး
၈။ ဂေါပကမောဂ္ဂလ္လာနသုတ် . . . . . . . . . . . . . . ၄၂
ကြည်ညိုဖွယ် ဆယ်ပါး
၉။ မဟာပုဏ္ဏမသုတ် . . . . . . . . . . . . . . . . . . ၅၁
ဥပါဒါနက္ခန္ဓာ - စသည်
၁၀။ စူဠပုဏ္ဏမသုတ် . . . . . . . . . . . . . . . . . . ၅၇
သူယုတ်မာနှင့် သူတော်ကောင်း

## ၂။ အနုပဒဝဂ်

၁။ အနုပဒသုတ် . . . . . . . . . . . . . . . . . . ၆၃
အရှင်သာရိပုတြာ၏ အသေးစိတ် ဝိပဿနာ
၂။ ဆဗ္ဗိသောဓနသုတ် . . . . . . . . . . . . . . . . . ၆၇
ရဟန္တာ ဟုတ်/မဟုတ် စိစစ်နည်း
၃။ သပ္ပုရိသသုတ် . . . . . . . . . . . . . . . . . . . ၇၀
သူယုတ်မာနှင့် သူတော်ကောင်း

၄။ သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် . . . . . . . . . . . . . . . ၇၅
ဆောင်ရန် ရှောင်ရန်
၅။ ဗဟုဓာတုကသုတ် . . . . . . . . . . . . . . . . . . . . ၈၂
ဓာတ်စသည်နှင့် ဖြစ်နိုင်သောအကြောင်း မဖြစ်နိုင်သော
အကြောင်း
၆။ ဣသိဂိလိသုတ် . . . . . . . . . . . . . . . . . . . . . ၈၉
ဣသိဂိလိတောင် နှင့် ပစ္စေကဗုဒ္ဓါများ
၇။ မဟာစတ္တာရီသကသုတ် . . . . . . . . . . . . . . . . ၉၁
မဂ္ဂင်အကျယ်
၈။ အာနာပါနဿတိသုတ် . . . . . . . . . . . . . . . . . ၁၀၅
အာနပါနဿတိပွားများလျှင် သတိပဋ္ဌာန်လေးပါး၊
ဗောဇ္ဈင်ခုနစ်ပါး တို့ကိုလည်း ပွားများပြီး ဖြစ်ပုံ
၉။ ကာယဂတာသတိသုတ် . . . . . . . . . . . . . . . . ၁၁၉
ကာယဂတာသတိပွားများပုံနှင့် ပွားများရကျိုး
၁၀။ သင်္ခါရုပပတ္တိသုတ် . . . . . . . . . . . . . . . . . . . ၁၃၀
လို-တ-ရ ကြောင်း တရားများ

## ၃။ သုညတဝဂ်

၁။ စူဠသုညတသုတ် .................... ၁၃၃
ငြိမ်းချမ်းစွာ နေနည်း
၂။ မဟာသုညတသုတ် .................... ၁၃၇
စကားဆယ်မျိုး
အန္တရာယ်သုံးမျိုး
၃။ အစ္ဆရိယအဗ္ဘုတသုတ် .................... ၁၄၇
ဘုရားရှင်၏ အံ့ဖွယ်တော်များ
၄။ ဗာကုလသုတ် .................... ၁၅၄
အရှင်ဗာကုလ၏ အံ့ဖွယ်များ
၅။ ဒန္တဘူမိသုတ် .................... ၁၅၈
တောင်ပေါ်တောင်အောက်ဥပမာ
ဆင်ရိုင်းကို ဆုံးမပုံ ဥပမာ
၆။ ဘူမိဇသုတ် .................... ၁၆၉
ဆီကြိတ်ပုံစတဲ့ ဥပမာလေးမျိုး
၇။ အနုရုဒ္ဓသုတ် .................... ၁၇၄
အပ္ပမာဏာဝိမုတ္တိ၊ စေတောဝိမုတ္တိ

၈။ ဥပက္ကိလေသသုတ်. . . . . . . . . . . . . . . . . . . . ၁၈၄
ငြိမ်းချမ်းရေးတရားတော်
အရှင်အနုရုဒ္ဓါတို့ ညီညွတ်ကြပုံ
စိတ်ရဲ့ အညစ်အကြေး ဆယ်ပါး
၉။ ဗာလပဏ္ဍိတသုတ် . . . . . . . . . . . . . . . . . . ၁၉၅
ငရဲ ရတနာ ခုနစ်ပါး၊ ပြည့်စုံခြင်း လေးပါး
၁၀။ ဒေဝဒူတသုတ်. . . . . . . . . . . . . . . . . . . . . ၂၁၅
နတ်တမန်လေးပါး၊ ငရဲဒုက္ခ
၁၁။ ပါဠိနာမည်များရှင်းလင်းချက် . . . . . . . . . . . . ၂၂၄

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ၁– ဒေဝဒဟဝဂ်

## ၁–ဒေဝဒဟသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သက္ကတိုင်း၊ သာကီဝင်မင်းတို့ရဲ့ ဒေဝဒဟနိဂုံးမှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတွေကို အခုလို ဟောကြားတော်မူခဲ့ပါတယ်။ "ရဟန်းတို့၊ နိဂဏ္ဌ (တိတ္ထိ)တို့ဟာ 'သုခဝေဒနာ, ဒုက္ခဝေဒနာနှင့် လျစ်လျူရှုမှု ဥပေက္ခာဝေဒနာတို့ဟာ ရှေးကံကြောင့် ဖြစ်ကြတယ်။

အဲဒီ ရှေးကံဟောင်းတွေဟာ ဒီဘဝအကျင့်ကြောင့် ပျောက်ကင်းနိုင်တယ်။

ကံအသစ် မပြုလုပ်ခြင်းကြောင့် နောင်အခါ ဖြစ်ပွားခြင်း ကင်းနိုင်တယ်။

ဖြစ်ပွားခြင်းကင်းလျှင် ကံကုန်မယ်။ ကံကုန်လျှင် ဆင်းရဲကုန်မယ်'လို့ ယူဆပြောဆို နေကြတယ်။

ဒါပေမဲ့ -

(၁) မျက်မှောက်ဘဝမှာပဲ လက်တွေ့အကျိုးပေးမည့် ကံကို နောင်ဘဝမှာမှ အကျိုးပေးမည့်ကံ ဖြစ်ပါစေ-လို့ လုံ့လပြုခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။

နောင်ဘဝမှာမှ အကျိုးပေးမည့် ကံကို မျက်မှောက်ဘဝမှာပဲ လက်တွေ့ အကျိုးပေးမည့်ကံ ဖြစ်ပါစေ-လို့ လုံ့လပြု ခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။

(၂) ချမ်းသာကျိုးပေးမည့်ကံကို ဆင်းရဲကျိုးပေးမည်ကံ ဖြစ်ပါစေလို့ လုံ့လပြုခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။
ဆင်းရဲကျိုးပေးမည့်ကံကို ချမ်းသာကျိုးပေးမည့်ကံ ဖြစ်ပါစေ -လို့ လုံ့လပြုခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။

(၃) အကျိုးပေးတော့မည့်ကံကို အကျိုးမပေးသေးမည့်ကံ ဖြစ်ပါစေ-လို့ လုံ့လပြုခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။
အကျိုးမပေးသေးမည့် ကံကို အကျိုးပေးတော့မည့်ကံ ဖြစ်ပါစေ-လို့ လုံ့လပြုခြင်း အားဖြင် ပြုပြင်၍ မရနိုင်။

(၄) အကျိုးများစွာ ပေးမည့်ကံကို အကျိုးအနည်းငယ် ပေးမည့်ကံ ဖြစ်ပါစေ-လို့ လုံလပြုခြင်းအားဖြင့် ပြုပြင်၍မရနိုင်။
အကျိုး အနည်းငယ်ပေးမည့်ကံကို အကျိုးများစွာ ပေးမည့်ကံ ဖြစ်ပါစေ-လို့ လုံလပြုခြင်းအားဖြင့် ပြုပြင်၍မရနိုင်။

(၅) အကျိုးပေးမည့်ကံကို အကျိုးမပေးမည့် ကံ ဖြစ်ပါစေ-လို့ လုံလပြုခြင်းအားဖြင့် ပြုပြင်၍မရနိုင်။
အကျိုးမပေးမည့် ကံကို အကျိုးပေးမည့် ကံ ဖြစ်ပါစေ-လို့ လုံ့လပြုခြင်းအားဖြင့် ပြုပြင်၍ မရနိုင်။

# (၃)

အဲဒီလို ပြုပြင်လို့ မရနိုင်တဲ့အတွက်ကြောင့် နိဂဏ္ဌာတို့ရဲ့ လုံ့လပြုခြင်း အားထုတ်ခြင်းဟာ အကျိုးမရှိဘူး။ သူတို့ရဲ့ အယူအဆဟာ ကဲ့ရဲ့ဖွယ်သာ ဖြစ်တယ်” လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလို ကဲ့ရဲ့တော်မူပြီး အကျိုးရှိသော လုံ့လပြုခြင်း အားထုတ်ခြင်းကို ဟောကြားတော်မူခဲ့ပါတယ်။

“ရဟန်းတို့၊ ဥပမာအားဖြင့် အမျိုးသား တစ်ယောက်ဟာ မိမိ အလွန် ချစ်ရတဲ့ အမျိုးသမီး တစ်ယောက် တခြားယောက်ျားနဲ့ တွဲနေတာကို မြင်ရတဲ့အခါ အလွန်ပူဆွေးသောကရောက်ကာ စိတ်မချမ်းမသာ ဖြစ်၍ အဲဒီ အချစ်စိတ်ကို ဖျောက်လိုက်တဲ့အခါ အဲဒီလို တွဲတာ မြင်ရပေမဲ့ ပူဆွေးသောက ပျောက်ကင်း စိတ်မချမ်းမသာမှု ကင်းရသကဲ့သို့

ရဟန်းတစ်ပါးဟာ ခန္ဓာငါးပါးမှာ ကြောင့်ကြစိုက်မှု မကင်းလျှင် ရာဂမကင်းသေး၍ ဒုက္ခမှ မလွတ်မြောက်နိုင်။

ခန္ဓာငါးပါးမှာ ကြောင့်ကြမပြု လျစ်လျူရှုမှုသာလျှင် ရာဂကင်း၍ ဒုက္ခမှ လွတ်မြောက်နိုင်တယ်။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့-လေးသမားဟာ ကောက်နေတဲ့ မြားကို မီးကင်ပြီး ဖြောင့်ပေးတယ်။ မြားဖြောင့်သွားတဲ့အခါ မြားမှာ ကြောင့်ကြစိုက်မှု မပြုတော့ဘူး။

ရဟန်းတို့၊ ထို့အတူပဲ ရဟန်းတစ်ပါးဟာ အကုသိုလ် လျော့ပါး ကုသိုလ်တိုးပွားအောင် ဆင်းဆင်းရဲရဲ အားထုတ်တယ်။ အောင်မြင်သွားတဲ့အခါမှာ ထိုသို့အားထုတ်မှုကို မပြုတော့ဘူး။

ရဟန်းတို့ နောက်တစ်မျိုးကတော့ အမျိုးသားတစ်ယောက်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်ထဲ ဝင်ရောက်ပြီးတော့ ရဟန်းပြုတယ်။ ရဟန်းဖြစ်တဲ့အခါ သူဟာ-

- သူတစ်ပါးအသက်ကို သတ်လေ့မရှိဘူး။
- သူတစ်ပါးဥစ္စာကို ခိုးယူလေ့မရှိဘူး။
- မမြတ်သော မေထုန်ကို မှီဝဲလေ့မရှိဘူး။
- လိမ်ညာပြောဆိုလေ့မရှိဘူး။
- ကုန်းတိုက်လေ့မရှိဘူး။
- ကြမ်းတမ်းသော စကားကို ပြောလေ့မရှိဘူး။
- အကျိုးမဲ့စကားကို ပြောလေ့မရှိဘူး။
- သစ်စေ့နှင့်သစ်ပင်တို့ကို ဖျက်လေ့မရှိဘူး။
- နေ့လွဲညစာ စားလေ့မရှိဘူး။
- ကပွဲ၊ သီဆိုပွဲ၊ တီးမှုတ်ပွဲတို့ကို ကြည့်ရှုနား ထောင်လေ့မရှိဘူး။
- ပန်းပန်လေ့၊ သနပ်ခါးလိမ်းလေ့မရှိဘူး။
- မြင့်သောနေရာ၊ မြတ်သောနေရာမှာ ထိုင်လေ့၊ အိပ်လေ့ မရှိဘူး။
- ရွှေငွေကို ခံယူလေ့မရှိဘူး။
- စပါးစိမ်းကို ခံယူလေ့မရှိဘူး။
- အသားစိမ်းကို ခံယူလေ့မရှိဘူး။
- မိန်းမပျို၊ မိန်းမအိုတို့ကို ခံယူလေ့မရှိဘူး။

- ကျွန်မိန်းမ၊ ကျွန်ယောကျ်ားတို့ကို ခံယူလေ့မရှိဘူး။
- ဆိတ်သိုးတို့ကို ခံယူလေ့မရှိဘူး။
- ကြက်ဝက်တို့ကို ခံယူလေ့မရှိဘူး။
- ဆင်၊ နွား၊ မြင်း၊ မြည်းတို့ကို ခံယူလေ့မရှိဘူး။
- လယ်ယာတို့ကို ခံယူလေ့မရှိဘူး။
- (ဒကာ၊ ဒကာမများအတွက်) တမန်လုပ်ငန်း၊ အစေအပါးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက် လေ့မရှိဘူး။
- ရောင်းဝယ်မှုကို ပြုလေ့မရှိဘူး။
- အလေးခိုးဖြင်း၊ ပြည်ခိုးခြင်း၊ စာရင်းလိမ်ခြင်း စသည်ကို ပြုလုပ်လေ့မရှိဘူး။
- လာဘ်စားခြင်း၊ လှည့်ဖြားခြင်း၊ အတုလုပ်၍ လိမ်ခြင်းစသည်ကို ပြုလုပ်လေ့မရှိဘူး။
- သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လုယက်ခြင်း၊ ရပ်ရွာတို့ကို ဖျက်ဆီးခြင်း၊ အနုကြမ်းစီးခြင်း၊ ခါးပြတိုက်ခြင်း စသည်တို့ကို ပြုလေ့မရှိဘူး။

အဲဒီရဟန်းဟာ မျက်စိနဲ့ အဆင်းကို မြင်တဲ့အခါ (ယောကျ်ား၊ မိန်းမ၊ ဘယ်ပုံ၊ ဘယ်အရွယ် စသည့်ဖြင့်) ပုံပန်းသဏ္ဌာန်ကို စွဲမှတ်ထားလေ့ မရှိဘူး။ လက်ခြေစတဲ့ ကိုယ်အင်္ဂါနဲ့ ပြုံးဟန်၊ ရယ်ဟန်၊ ကောင်းပုံ၊ ညံ့ပုံစတဲ့ အနေအထား ကိုလည်း စွဲမှတ်လေ့မရှိဘူး။ မျက်စိကို အကြောင်းပြုပြီး လောဘ၊ ဒေါသ မဖြစ်အောင် သတိထားတယ်။

နားနဲ့အသံကို ကြားတဲ့အခါ
နှာခေါင်းနဲ့ အနံ့ကို ရှူတဲ့အခါ
လျှာနဲ့ အရသာကို လျက်တဲ့အခါ
ကိုယ်နဲ့ တွေ့ထိစရာကို တွေ့ထိတဲ့အခါ
စိတ်နဲ့ သိစရာကို သိတဲ့အခါ-
တို့မှာလည်း ထို့အတူပဲ သတိထားတယ်။

အဲဒီရဟန်းဟာ ကိုယ်ကိုမျှတစေ (ကျန်းမာစေ)တဲ့ သင်္ကန်းမျှနဲ့ တင်းတိမ်ရောင့်ရဲတယ်။ ဝမ်းကိုမျှတစေ (ကျန်းမာစေ)တဲ့ ဆွမ်းမျှနဲ့ တင်းတိမ်ရောင့်ရဲတယ်။ သွားလေရာသို့ ပရိက္ခရာကို တစ်ပါတည်း ယူသွားလေ့ရှိတယ်။ ပျံသန်းလေရာ အတောင် တစ်ပါတည်း ပါသွားတဲ့ ငှက်နဲ့ ဥပမာတူတယ်။

အဲဒီ ရဟန်းဟာ ရှေ့သို့ တိုးရာ နောက်သို့ ဆုတ်ရာတို့မှာ ဆင်ခြင်စဉ်းစားပြီးမှ တိုးလေ့ဆုတ်လေ့ရှိတယ်။ (အကုသိုလ် ဖြစ်စရာမရှိမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။)

- တည့်တည့် ကြည့်ရာ စောင်းငဲ့ကြည့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကြည့်လေ့ရှိတယ်။
- ကွေးရာ၊ ဆန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကွေး၊ ဆန့်လေ့ရှိတယ်။
- သပိတ်သင်္ကန်းကို သုံးစွဲဝတ်ရုံရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ သုံးစွဲဝတ်ရုံလေ့ရှိတယ်။

- စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့မှာလည်း ဆင်ခြင် စဉ်းစားပြီးမှ စား၊ သောက်၊ ခဲ၊ လျက်လေ့ရှိတယ်။
- ကျင်ကြီးကျင်ငယ် စွန့်ရာမှာလည်း ဆင်ခြင်စဉ်းစား ပြီးမှ စွန့်လေ့ရှိတယ်။
- သွားရာ၊ ရပ်ရာ၊ ထိုင်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ သွားလေ့၊ ရပ်လေ့၊ ထိုင်လေ့ရှိတယ်။
- အိပ်တဲ့အခါ၊ ထတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ အိပ်လေ့၊ ထလေ့ရှိတယ်။
- စကားပြောတဲ့အခါ ဆိတ်ဆိတ်နေတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ပြောလေ့၊ ဆိတ်ဆိတ်နေလေ့ရှိတယ်။

အဲဒီရဟန်းဟာ ဒီအကျင့်များနှင့် ပြည့်စုံတဲ့အခါ ဆိတ်ငြိမ်တဲ့ ကျောင်း၊ ဆိတ်ငြိမ်တဲ့နေရာမှာ နေထိုင်တယ်။

တောမှာ ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ၊ တောင်ပေါ်မှာ ဖြစ်စေ၊ ချောက်မှာဖြစ်စေ၊ တောင်ခေါင်းမှာ ဖြစ်စေ၊ သင်္ချိုင်းမှာ ဖြစ်စေ၊ တောအုပ်မှာဖြစ်စေ၊ လွင်ပြင်မှာဖြစ်စေ၊ ကောက်ရိုးပုံမှာ ဖြစ်စေ၊ တစ်ခုခုသော ဆိတ်ငြိမ်ရာနေရာမှာ နေထိုင်တယ်။

အဲဒီရဟန်းဟာ ဆွမ်းခံပြန်လာတဲ့အခါ ဆွမ်းစားတယ်။ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ (တင်ပလ္လင်)ခွေပြီး ကိုယ်ကို ဖြောင့်

မတ်စွာ ထားကာ ကမ္မဋ္ဌာန်းထိုင်တယ်။ အဲဒီရဟန်းဟာ -

အဘိဇ္ဈာ - မက်မောမှု

ဗျာပါဒ - ပျက်စီးစေလိုမှု

ထိနမိဒ္ဓ - လေးလံထိုင်းမှိုင်းမှု

ဥဒ္ဓစ္စကုက္ကုစ္စ - ပျံ့လွင့်မှု၊ နောင်တရမှု

ဝိစိကိစ္ဆာ - ကုသိုလ်တရားတို့၌ ယုံမှားမှုတို့ မိမိစိတ် အစဉ်မှာ ကင်းရှင်းအောင် ကြိုးစားကျင့်ကြံတယ်။ အဲဒီ ငါးမျိုးဟာ ဈာန်တရားကို အန္တရာယ်ပြုတတ်၊ တားဆီးတတ်တဲ့ အကုသိုလ်များဖြစ်တယ်။ စိတ်ရဲ့ အစွမ်းကို ညစ်နွမ်းစေတတ်တဲ့ တရားများဖြစ်တယ်။ ပညာကို အားနည်းအောင် ပြုတတ်တဲ့ တရားများဖြစ်တယ်။ ဒီ တရားဆိုး ငါးမျိုး ကင်းသွားတဲ့အခါ အဲဒီ ရဟန်းဟာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အဆင့်ဆင့် ရရှိတော့တယ်။

ဒီထက်တိုးတက်သွားတဲ့အခါ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်-မိမိဖြစ်ခဲ့ဘူးတဲ့ ရှေးဘဝအဆက်ဆက်ကို မှတ်မိတဲ့ ဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်-(နတ်မျက်စိနဲ့ တူတဲ့ ဉာဏ်) သက်ရှိပုဂ္ဂိုလ်တို့ရဲ့ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းကို သိတဲ့ ဉာဏ်၊ အာသဝက္ခယဉာဏ်-သစ္စာလေးပါးကို သိပြီး အာသဝေါ(အကုသိုလ်)ကင်းကွာ ရဟန္တာ ဖြစ်စေတဲ့ ဉာဏ်တို့ကို အဆင့်ဆင့် ရရှိတော့တယ်။

ရဟန်းတို့ ၊ ဒါဟာ အကျိုးရှိသော လုံ့လပြုခြင်း၊ အားထုတ်ခြင်း ဖြစ်တယ်။ အဲဒီလို ဟောပြတဲ့ မြတ်စွာဘုရားကိုသာ ချီးမွမ်း

ထိုက်တယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတွေဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန် သဘောကျ နှစ်သက်ပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

ဒေဝဒဟသုတ် ပြီးပြီ။

❊ ❊ ❊

(၁၀)

## ၂- ပဥ္စတ္တယသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား ဒီပဥ္စတ္တယသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။

"ရဟန်းတို့၊ တချို့ ပရိဗိုဇ် ပုဏ္ဏားတို့ဟာ အနာဂတ်ဘဝကို ကြံဆပြီး ယူတဲ့ မိစ္ဆာအယူကို ယူနေကြတယ်။

တချို့ ပရိဗိုဇ်၊ ပုဏ္ဏားတို့ကတော့ အတိတ်ဘဝကို ကြံဆပြီး ယူတဲ့ မိစ္ဆာအယူကို ယူနေကြတယ်။

အဲဒီ မိစ္ဆာအယူတွေကို ယူထားကြတဲ့ ပရိဗိုဇ် ပုဏ္ဏားတို့မှာ ယုံကြည်ခြင်း၊ နှစ်သက်ခြင်း၊ တဆင့်ကြားခြင်း၊ ကြံစည်တွေးတောခြင်း၊ သဘောကျကျေနပ်ခြင်းမျှသာ ဖြစ်နိုင်တယ်။ ဝိပဿနာဉာဏ်တော့ မဖြစ်ပေါ်လာနိုင်ဘူး။ ဝိပဿနာဉာဏ်မရှိတဲ့ အတွက် သူတို့ရဲ့ အမြင်တွေဟာ ဥပါဒါန် အစွဲအလမ်းတွေမျှသာ ဖြစ်တယ်။ အဲဒီ ဥပါဒါန်ဟာ သင်္ခါရဖြစ်၍ ရုန့်ရင်း ကြမ်းတမ်းတယ်။

အဲဒီ သင်္ခါရတို့ရဲ့ ချုပ်ရာ နိဗ္ဗာန်ဆိုတာ ရှိတယ်။ မြတ်စွာဘုရားဟာ အဲဒီ နိဗ္ဗာန်ကို သိတော်မူတဲ့အတွက် သင်္ခါရတို့ကို လွန်မြောက်တော်မူတယ်။

ရဟန်းတို့ တချို့ ပရိဗိုဇ် ပုဏ္ဏားတို့ကတော့ အဲဒီ မိစ္ဆာအယူတွေကို စွန့်လွှတ်ခြင်း၊ ကာမဂုဏ် ငါးပါးကို တပ်မက်တဲ့ တဏှာတို့

ကို ပယ်စွန့်ခြင်းတို့ကြောင့် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန် စတုတ္ထစျာန်တို့ကို အဆင့်ဆင့် ရရှိကြတယ်။

အဲဒီပရိဗိုဇ် ပုဏ္ဏားတို့ဟာလည်း အဲဒီ စျာန်တရားတို့ကို စွဲလမ်းကြတယ်။ အဲဒီ စွမ်းလမ်းမှုဟာ ဥပါဒါန် ဖြစ်တယ်။ အဲဒီ ဥပါဒါန်ဟာ သင်္ခါရဖြစ်၍ ရှုန့်ရင်းကြမ်းတမ်းတယ်။ အဲဒီသင်္ခါရတို့ရဲ့ ချုပ်ရာနိဗ္ဗာန်ဆိုတာ ရှိတယ်။ မြတ်စွာဘုရားဟာ အဲဒီ နိဗ္ဗာန်ကို သိတော်မူတဲ့အတွက် သင်္ခါရတို့ကို လွန်မြောက်တော်မူတယ်။ ဥပါဒါန်မှ လွတ်မြောက်တော်မူတယ်။ အရဟတ္တဖိုလ်ဉာဏ်နှင့် ပြည့်စုံတော်မူတယ်”လို့ ဟောကြားတော်မူခဲ့ပါတယ်။

ပဉ္စတ္တယသုတ် ပြီးပြီ။

❄ ❄ ❄

# ၃- ကိန္ဒိသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ပိသိနာရလို့ ခေါ်တဲ့ အရပ်၊ ဗလိနတ်စာတင်သရာ တောအုပ်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်းတို့၊ မြတ်စွာဘုရားဟာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးကို လိုချင်သောကြောင့် တရားဟောတယ်။ နောင်ဘဝမှာ ချမ်းသာလိုသောကြောင့် တရားဟောတယ်-လို့ သင်တို့ မှတ်ထင်ကြလား"-လို့ မေးမြန်းတော်မူတဲ့အခါ ရဟန်းများက "မြတ်စွာဘုရား၊ မထင်ကြပါ"ဟု လျှောက်ထားခဲ့ကြတယ်။

"ဒါဖြင့် ဘယ်လို ထင်ကြသလဲ"လို့ မေးတော်မူတဲ့အခါ

"မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ သတ္တဝါ(သက်ရှိပုဂ္ဂိုလ်)တွေကို အစဉ်သနား စောင့်ရှောက်တော်မူတတ်ပါတယ်ဘုရား။ သတ္တဝါတို့ရဲ့ အစီးအပွားကို ရှာမှီးတော်မူတတ်ပါတယ်ဘုရား။ သို့ဖြစ်၍ သတ္တဝါတွေကို သနားတော်မူသောကြောင့် သတ္တဝါတွေရဲ့ ကောင်းကျိုးကို လိုလားတော်မူသောကြောင့် တရားဟောတော်မူတယ် ' လို့ ထင်မှတ်ကြပါတယ်ဘုရား"လို့ လျှောက်ထားခဲ့ကြပါတယ်။

"ရဟန်းတို့ အဲဒီလို သင်တို့ ထင်မှတ်ကြလျှင် ငါဘုရားဟာ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို အထူးသိပြီး ဟောကြားထား

တယ်။ အဲဒီဗောဓိပက္ခိယတရားနှင့် ပတ်သက်ရင် သင်တို့အားလုံး တခဲနက် ညီညွတ်ကြရမယ်။ ဝမ်းမြောက်ဝမ်းသာ ကျင့်ကြံကြရမယ်။ ဝါဒကွဲပြားမှု မရှိစေရ။

ဒီလို ကျင့်ကြတဲ့အခါ သင်တို့အထဲမှာ ဝါဒကွဲတဲ့ ရဟန်း ၂-ဖွဲ့ ပေါ်ပေါက်လာနိုင်စရာ ရှိတယ်။ အဲဒီလို ပေါ်ပေါက်လာတဲ့အခါ "အဲဒီရဟန်း ၂-ဖွဲ့ရဲ့ အယူအဆဟာ ဝေါဟာရအားဖြင့်လည်း ကွဲတယ်။ အဓိပ္ပာယ်အားဖြင့်လည်း ကွဲတယ်"လို့ သင်တို့ သိကြလျှင် အဲဒီကွဲပြားတဲ့ ရဟန်းတွေထဲက နူးညံ့ပျော့ပျောင်း၍ ပြောလွယ်ဆိုလွယ် ရှိမည်ထင်ရတဲ့ ရဟန်းတစ်ပါးထံသို့ သွားပြီး သူတို့ရဲ့ အယူအဆဟာ ဝေါဟာရအားဖြင့်လည်း ကွဲကြောင်း အဓိပ္ပာယ်အားဖြင့်လည်း ကွဲကြောင်း ပြောပြ၍ မငြင်းခုံကြဘဲ ညီညွတ်ကြရန် စေ့စပ် ညှိနှိုင်းပေးရမည်။

တခြားဘက်က နူးညံ့ပျော့ပျောင်း၍ ပြောလွယ်ဆိုလွယ်ရှိမည် ထင်ရတဲ့ ရဟန်းတစ်ပါးထံသို့လည်း သွားပြီး သူတို့ရဲ့ အယူအဆဟာ ဝေါဟာရအားဖြင့်လည်း ကွဲကြောင်း အဓိပ္ပာယ်အားဖြင့်လည်း ကွဲကြောင်း ပြောပြ၍ မငြင်းခုံကြဘဲ ညီညွတ်ကြရန် စေ့စပ်ညှိနှိုင်းပေးရမည်။

အကယ်၍ သူတို့ရဲ့ အယူအဆဟာ -

- ဝေါဟာရအားဖြင့်သာ ကွဲတယ်။
  အဓိပ္ပာယ်အားဖြင့် တူတယ်။

- အဓိပ္ပာယ်အားဖြင့်သာ ကွဲတယ်။
  ဝေါဟာရအားဖြင့် တူတယ်။
- ဝေါဟာရအားဖြင့်လည်း တူတယ်။
  အဓိပ္ပာယ်အားဖြင့်လည်း တူတယ်-လို့

သင်တို့ သိကြလျှင် ကွဲပြားနေတဲ့ ရဟန်းနှစ်ဖွဲ့ထဲက နူးညံ့ပျော့ပျောင်း၍ ပြောလွယ်ဆိုလွယ်ရှိမည် ထင်ရတဲ့ ရဟန်းနှစ်ပါးထံသို့ သွားပြီး သူတို့ရဲ့အယူအဆ အနေအထားကို မိမိတို့ သိသည့်အတိုင်း ပြောဆိုရှင်းပြ၍ မငြင်းခုံကြရန်၊ ညီညွတ်ကြရန် စေ့စပ်ညှိနှိုင်း ပေးရမည်။

ဒီလို ညီညီညွတ်ညွတ် ကျင့်နေကြတဲ့ ရဟန်းတို့အနက် ရဟန်း တစ်ပါးပါးက အပြစ်ကို ကျူးလွန်ခဲ့လျှင် အပြစ်တင်ဖို့ရာ အလျင်မလိုသင့်ဘူး။ (မလောသင့်ဘူး။) ပုဂ္ဂိုလ်ကို အခုလို စဉ်းစားဆင်ခြင်ရမည်။

"ငါ ပြောလိုက်လျှင် ငါလည်း ကိုယ်စိတ်ပင်ပန်းလိမ့်မယ်။ သူလည်း စိတ်ထိခိုက်လိမ့်မယ်။ ဒါပေမဲ့ သူဟာ အမျက်ထွက်လေ့မရှိ၊ ရန်ငြိုးဖွဲ့လေ့မရှိ၊ တစ်ယူသန်လေ့မရှိဘူး။ ပြုပြင်လွယ်တယ်။ ငါဟာ သူ့ကို အကုသိုလ်ကို ရှောင်စေ၍ ကုသိုလ်ကို ပြုလုပ်စေခြင်းငှာ စွမ်းနိုင်တယ်။"

အဲဒီလို အနေအထားမျိုးမှာ ရှိမယ်ဆိုရင် အပြစ်ထောက်ပြ၍ စေ့စပ်ညှိနှိုင်းပေးသင့်တယ်။

"ငါ့မှာ ကိုယ်စိတ်ပင်ပန်းလိမ့်မည် မဟုတ်။ သူ့မှာတော့

စိတ်ထိခိုက်လိမ့်မယ်။ သူဟာ အမျက်ထွက်လေ့ရှိတယ်။ ရန်ငြိုးဖွဲ့လေ့ရှိတယ်။ တစ်ယူတော့ မသန်ဘူး။ ပြုပြင်လွယ်တယ်။ ငါဟာ သူ့ကို အကုသိုလ်ကို ရှောင်ရှားစေ၍ ကုသိုလ်ကို ပြုစေခြင်း ငှာ စွမ်းနိုင်တယ်။ သူ့မှာ စိတ်ထိခိုက်တာဟာ မပြောပလောက်ဘူး။ သူ့မှာ ကုသိုလ်ရတာက ကျေးဇူးများတယ်"ဆိုတဲ့ အခြေအနေမျိုး ရှိလျှင်လည်း အပြစ်ကို ထောက်ပြ၍ စေ့စပ်ညှိနှိုင်းပေးသင့်တယ်။

"ငါ့မှာ ကိုယ်စိတ်ပင်ပန်းလိမ့်မယ်။ သူ့မှာ စိတ်ထိခိုက်လိမ့်မယ် မဟုတ်။ သူဟာ အမျက်ထွက်လေ့မရှိ ရန်ငြိုးဖွဲ့လေ့မရှိဘူး။ တစ်ယူသန်တယ်။ ပြုပြင်ခဲတယ်။ ငါဟာ သူ့ကို အကုသိုလ်ကို ရှောင်ရှားစေ၍ ကုသိုလ်ကို ပြုစေခြင်းငှာ စွမ်းနိုင်တယ်။ ငါ့မှာ ဖြစ်တဲ့ ကိုယ်စိတ် ပင်ပန်းခြင်းက မပြောပလောက်ဘူး။ သူ့မှာ ကုသိုလ် ရတာက ကျေးဇူးများတယ်"ဆိုတဲ့ အခြေအနေမျိုးရှိလျှင်လည်း အပြစ်ကို ထောက်ပြ၍ စေ့စပ်ညှိနှိုင်းပေးသင့်တယ်။

"ငါ့မှာလည်း ကိုယ်စိတ်ပင်ပန်းလိမ့်မယ်။ သူ့မှာလည်း စိတ်ထိခိုက်လိမ့်မယ်။ သူဟာ အမျက်ထွက်လေ့ရှိတယ်။ ရန်ငြိုးဖွဲ့လေ့ရှိတယ်။ တစ်ယူသန်တယ်။ ပြုပြင်ခဲတယ်။ (ဒါပေမဲ့) ငါဟာ သူ့ကို အကုသိုလ်ကို ရှောင်ရှားစေ၍ ကုသိုလ်ကို ပြုစေခြင်းငှာ စွမ်းနိုင်တယ်။ ငါ့မှာ ကိုယ်စိတ်ပင်ပန်းခြင်းနှင့် သူ့မှာ စိတ်ထိခိုက်ခြင်းက မပြောပလောက်ဘူး။ သူ့မှာ ကုသိုလ်ရတာက ကျေးဇူးများတယ်" ဆိုတဲ့ အခြေအနေမျိုးရှိလျှင်လည်း အပြစ်ကို ထောက်ပြ၍ စေ့စပ်ညှိနှိုင်းပေးသင့်တယ်။

"ငါ့မှာလည်း ကိုယ်စိတ်ပင်ပန်းလိမ့်မယ်။ သူ့မှာလည်း စိတ်ထိခိုက်လိမ့်မယ်။ သူဟာ အမျက်ထွက်လေ့ရှိတယ်။ ရန်ငြိုးဖွဲ့လေ့ရှိတယ်။ တစ်ယူသန်တယ်။ ပြုပြင်ခဲတယ်။ ငါလည်း သူ့ကို အကုသိုလ်ကို ရှောင်ရှားစေ၍ ကုသိုလ်ကို ပြုစေခြင်းငှာ မစွမ်းနိုင်" ဆိုတဲ့ အခြေအနေမျိုး ရှိလျှင်တော့ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဥပေက္ခာသာ ပြုထိုက်တော့တယ်။

"ရဟန်းတို့၊ ညီညွတ်စွာ ကျင့်နေကြတဲ့ သင်ရဟန်းတို့မှာ အချင်းချင်းရဲ့ စကားပို့ဆောင်ခြင်း၊ အယူပြိုင်ခြင်း၊ စိတ်ထိခိုက်ခြင်း၊ မနှစ်သက်ခြင်း၊ မပျော်ပိုက်ခြင်းများ ဖြစ်ပေါ်လာခဲ့လျှင် ကွဲပြားနေတဲ့ ရဟန်းနှစ်ဖွဲ့အနက် တစ်ဘက်က ပြောလွယ်ဆိုလွယ်ရှိတဲ့ ရဟန်းတစ်ပါးအထံသို့ သွားပြီး အဲဒီစကားပို့ဆောင်ခြင်းစသည်ကို မြတ်စွာဘုရား သိတော်မူလျှင် ကဲ့ရဲ့တော်မူမည့် အကြောင်းနှင့် ငြင်းခုံမှုကို မစွန့်ဘဲ နိဗ္ဗာန်မရနိုင်ကြောင်း ပြောပြ၍ စေ့စပ်ညှိနှိုင်းပေးရမည်။

တခြားဘက်က ရဟန်းတွေအနက် ပြောလွယ်ဆိုလွယ်ရှိတဲ့ ရဟန်းတစ်ပါးထံသို့ သွား၍လည်း ထို့အတူ စေ့စပ်ညှိနှိုင်း ပေးရမည်။

မြတ်စွာဘုရားက အခုလို စေ့စပ်ညှိနှိုင်းနည်း၊ ပြဿနာ ဖြေရှင်းနည်းများကို ဟောပြတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ကြပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

ကိန္တိသုတ် ပြီးပြီ။

# (၁၇)

# ၄-သာမဂါမသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သက္ကတိုင်း၊ သာမဆိုတဲ့ ရွာမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ နာဋ္ဌရဲ့သား နိဂဏ္ဌဟာ သေလွန်ပြီးစ ဖြစ်ပါတယ်။ အဲဒီ နာဋ္ဌရဲ့ သား နိဂဏ္ဌ သေလွန်ခြင်းကြောင့် နိဂဏ္ဌတို့ဟာ ကွဲကုန်ကြပါတယ်။

အဲဒီသတင်းကို အရှင်အာနန္ဒာ ကြားတဲ့အခါ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ နာဋ္ဌရဲ့သား နိဂဏ္ဌ သေလွန်ခြင်းကြောင့် နိဂဏ္ဌတို့ ကွဲကုန်ကြပါတယ်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားလျှင် သံဃာများ ငြင်းခုံမှု မဖြစ်စေလိုပါ။ သံဃာများရဲ့ ငြင်းခုံမှုဟာ လူနတ်ပြဟ္မာ အားလုံး အကျိုးမဲ့ဖို့၊ အစီးအပွားမဲ့ဖို့၊ ဆင်းရဲဖို့ရာသာ ဖြစ်ပါတယ် ဘုရား"လို့ မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "အာနန္ဒာ၊ ငါဘုရား ထူးသောဉာဏ်ဖြင့် ဟောကြားထားတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးတို့မှာ အယူအဆ ကွဲပြားနေကြတဲ့ရဟန်း ၂-ပါးကိုပင် သင်မြင်သလား"လို့ မေးမြန်းတော်မူတဲ့အခါ "မမြင်ပါဘုရား၊ ဒါပေမဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ အသက်မွေးမှုနှင့် စပ်တဲ့ သိက္ခာပုဒ်များမှာ ဖြစ်စေ၊ တခြားသိက္ခာပုဒ်များမှာ ဖြစ်စေ အယူအဆကွဲပြားပြီး သံဃာများ ငြင်းခုံနိုင်ကြပါတယ်ဘုရား။ အဲဒီ ငြင်းခုံမှုဟာ လူနတ်ပြဟ္မာအားလုံး အကျိုးမဲ့ဖို့၊ အစီးအပွားမဲ့ဖို့၊

ဆင်းရဲဖို့ရာသာ ဖြစ်ပါတယ် ဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အာနန္ဒာ၊ အသက်မွေးမှုနှင့်စပ်တဲ့ သိက္ခာပုဒ်များမှာ ဖြစ်စေ၊ တခြားသိက္ခာပုဒ်များမှာဖြစ်စေ သံဃာရဲ့ ငြင်းခုံမှုဟာ မပြောပလောက်သေးဘူး။

အာနန္ဒာ၊ မဂ်တရားမှာ ဖြစ်စေ၊ အကျင့်မှာဖြစ်စေ သံဃာရဲ့ ငြင်းခုံမှု ပေါ်ပေါက်လာရင်တော့ အဲဒီငြင်းခုံမှုဟာ လူနတ်ဗြဟ္မာ အားလုံး အကျိုးမဲ့ဖို့၊အစီးအပွားမဲ့ဖို့၊ဆင်းရဲဖို့ရာ ဖြစ်တယ်။ အာနန္ဒာ၊ ငြင်းခုံကြခြင်းရဲ့ အကြောင်းများဟာ ခြောက်ပါး ရှိတယ်။ အဲဒီ ခြောက်ပါးဆိုတာက -

ရဟန်းတစ်ပါးဟာ

(၁) အမျက်ထွက်လေ့ရှိတယ်။ ရန်ငြိုး ဖွဲ့လေ့ရှိတယ်။
(၂) ကျေးဇူးကို ချေဖျက်လေ့ရှိတယ်။ ပြိုင်ဆိုင်လေ့ရှိတယ်။
(၃) မနာလိုလေ့ရှိတယ်။ ဝန်တိုလေ့ ရှိတယ်။
(၄) ကောက်ကျစ်တယ်။ စင်းလဲတယ်။
(၅) အလိုဆိုးရှိတယ်။ မှားတဲ့ အယူ ရှိတယ်။
(၆) မိမိအယူသာ မှန်တယ်လို့ မှားသော အားဖြင့် သုံးသပ်လေ့ရှိတယ်။ တစ်ယူသန်တယ်။ ပြုပြင်ခဲတယ်။

အာနန္ဒာ၊ အမျက်ထွက်လေ့ရှိ၊ ရန်ငြိုးဖွဲ့လေ့ရှိတဲ့ ရဟန်းဟာ ရတနာသုံးပါးကို ရိုသေခြင်း၊ နှိမ့်ချခြင်း မရှိဘူး။ သိက္ခာသုံးပါးကို ကောင်းကောင်း ကျင့်လေ့ မရှိဘူး။ သံဃာရဲ့ ငြင်းခုံမှု ဖြစ်ပေါ်လာအောင်

လှူဆော်တတ်တယ်။ အဲဒီငြင်းခုံမှုဟာ လူနတ်ပြဟ္မာ အားလုံး အကျိုးမဲ့ဖို့၊ အစီးအပွားမဲ့ဖို့၊ ဆင်းရဲဖို့ရာ ဖြစ်တယ်။

အာနန္ဒာ၊ ကျန်တဲ့ ရဟန်း ၅-မျိုးလည်း ထို့အတူပဲ ဖြစ်တယ်။

အဲဒီနောက် မြတ်စွာဘုရားဟာ အဓိကရဏ်းလေးပါးနှင့် သမထ ခုနစ်ပါးတို့ကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားဟာ သာရဏီယ ဓမ္မ(အမြဲ သတိထားရမယ့်တရား)ခြောက်ပါးကို ဟောပြတော်မူခဲ့ပါတယ်။ အဲဒီခြောက်ပါးဟာ ချစ်ခင်လေးစား စည်းလုံးညီညွတ်ကြောင်း ဖြစ်ပါတယ်။

အဲဒီခြောက်ပါးကတော့ -

(၁) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား ကာယကံမေတ္တာ ထားရမယ်။

(၂) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား ဝစီကံမေတ္တာ ထားရမယ်။

(၃) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း သုံးဖော်တို့အား မနောကံမေတ္တာ ထားရမယ်။

(၄) တရားသဖြင့် ရအပ်တဲ့ လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။ အောက်ထစ်ဆုံးအားဖြင့် သပိတ်ထဲက ဆွမ်းကိုတောင်မှ သီတင်းသုံးဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။

(၅) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသော ကိုယ်ကျင့်သီလ တူမျှရမယ်။

(၆) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသောအယူအဆ တူမျှရမယ်။ သံသရာမှ လွတ်မြောက်ကြောင်း အယူအဆ တူမျှရမယ်။

မြတ်စွာဘုရားဟာ ဒီသာရဏီယဓမ္မ ခြောက်ပါးကို ဟောကြားတော်မူပြီး "အာနန္ဒာ၊ ဒီခြောက်ပါးကို ကျင့်လျှင် သည်းမခံနိုင်စရာရှိတဲ့ အပြစ်ကြီး အပြစ်ငယ်ကို သင်တွေ့မြင် သလား"-လို့ မေးတော်မူတဲ့အခါ အရှင်အာနန္ဒာက "မတွေ့မြင်ပါကြောင်း" လျှောက်ထားခဲ့ပါတယ်။

အာနန္ဒာ၊ ဒါဆိုရင် သင်တို့ ဒီခြောက်ပါးကို သေချာ ကျင့်ကြံကြ။ သေချာကျင့်ကြံကြလျှင် ကြာမြင့်စွာ ကောင်းကျိုးချမ်းသာ ခံစား

ကြရလိမ့်မယ်-လို့ ဟောကြားတော် မူခဲ့ပါတယ်။

အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်ခြိုက်ပြီး သာဓု-ခေါ်တော်မူခဲ့ပါတယ်။

(ဆောင်)- ကိုယ်နှုတ်စိတ်မှာ၊ အခါမစဲ၊ မေတ္တာမြဲလျက်၊
သုံးစွဲအတူ၊ အယူသီလ၊ တူညီမျှ၊
ခြောက်ဝ ညီညွတ်ကြောင်း။

သာမဂ္ဂိမသုတ် ပြီးပြီ။

❊ ❊ ❊

၂၅၁၉၃

# ၅–သုနက္ခတ္တသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ဝေသာလီမြို့ မဟာဝုန်တော၊ အထွက်တပ်သော ဇရပ်ကျောင်းမှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအခါမှာ များစွာသော ရဟန်းတို့ဟာ "သူတို့ကိုယ်သူတို့ ရဟန္တာများ"လို့ မြတ်စွာဘုရားအား လျှောက်ထားခဲ့ကြပါတယ်။

အဲဒီသတင်းကို လိစ္ဆဝီမင်းသား သုနက္ခတ္တ ကြားတဲ့အခါ မြတ်စွာဘုရားထံ သွားပြီး "မြတ်စွာဘုရား၊ ရဟန်းများစွာက သူတို့ကိုယ်သူတို့ ရဟန္တာများလို့ မြတ်စွာဘုရားအား လျှောက်ထား ကြတဲ့အခါ အမှန်အတိုင်း လျှောက်ထားကြပါသလား၊ မမှန်ဘဲ လျှောက်ထားကြပါသလားဘုရား" လို့ မေးမြန်းခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "သုနက္ခတ္တ၊ တချို့ ရဟန်းတွေဟာ အမှန်အတိုင်း လျှောက်ထားကြပြီး တချို့ရဟန်းတွေဟာ မမှန်ဘဲ လျှောက်ထားခဲ့ကြတယ်။ အဲဒီ ရဟန်းများအနက် အမှန်အတိုင်းလျှောက်ထားကြတဲ့ ရဟန်းများအတွက် ပြဿနာမတက်ခဲ့ပါဘူး။

မမှန်ဘဲ လျှောက်ထားကြတဲ့ ရဟန်းတွေအား ငါဘုရား တရားဟောမယ်-လို့ ကြံစည်တဲ့အခါမှာ တချို့ အချိုးမကျတဲ့ ပုဂ္ဂိုလ်များဟာ အတွန့်တက်ပြီး ပြဿနာကို မေးကြတယ်။ အဲဒီအခါမှာ

ငါဘုရားရဲ့ တရားဟောရန် အကြံအစည်ဟာ ပျက်ပျယ် သွားတယ်-" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ သုနက္ခတ္တဟာ "ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား၊ ယခု တရားဟောတော်မူချိန် တန်ပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ယခု တရားဟောတော်မူချိန် တန်ပါပြီ" လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "သုနက္ခတ္တ၊ ကာမဂုဏ်တရားဟာ ငါးပါးရှိတယ်။ အဲဒီငါးပါးဆိုတာကတော့- နှစ်သက်တပ်မက်ဖွယ်ကောင်းတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ ဖြစ်တယ်။

သုနက္ခတ္တ၊ လူတစ်ယောက်ဟာ မိမိရပ်ရွာဒေသမှ တခြားရပ်ရွာဒေသသို့ ပြောင်းရွှေ့နေထိုင်သည်မှာ ကြာပြီ ဆိုပါတော့။ အဲဒီလူဟာ သူ့ရွာမှ မကြာမီက ရောက်လာတဲ့ လူတစ်ယောက်နဲ့ တွေ့တယ်။ ဒါနဲ့ သူက နောက်ရောက်လာတဲ့ လူကို သူ့ရွာအကြောင်းကို မေးတယ်။ နောက်ရောက်လာတဲ့ လူကလည်း ရွာအကြောင်းကို ပြောပြတယ်။ အဲဒီအခါမှာ ပထမ လူဟာ နောက်ရောက်လာတဲ့ လူရဲ့ စကားကို အလွန်စိတ်ဝင်စားတယ်။ အလွန်ကြားချင် နားထောင်ချင်တယ်။ အလွန်နှစ်သက် သဘောကျတယ်။

သုနက္ခတ္တ၊ ထို့အတူပဲ တချို့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်ကို အလွန်စိတ်ဝင်စားတယ်။ ကာမဂုဏ်အကြောင်းကို အလွန်ကြားချင်၊

နားထောင်ချင်တယ်။ ကာမဂုဏ်နဲ့ ပတ်သက်တဲ့စကားကို အလွန်နှစ်သက်သဘောကျတယ်။

သူဟာ အောက်ပိုင်းစျာန် ၆-ပါးနဲ့ ဆက်စပ်တဲ့ စကားကိုတော့ စိတ်မဝင်စားတော့ဘူး။ မကြားချင်၊ နားမထောင်ချင်တော့ဘူး။ မနှစ်သက်၊ သဘောမကျတော့ဘူး။ သူဟာ အောက်ပိုင်းစျာန်သံယောဇဉ်ကင်းပြီး ကာမဂုဏ်ကိုသာ စိတ်ဝင်စားသူ ဖြစ်တယ်။

သုနက္ခတ္တ၊ တချို့ ပုဂ္ဂိုလ်ကတော့ အောက်ပိုင်းစျာန် ခြောက်ပါးကိုသာ စိတ်ဝင်စားပြီး ကာမဂုဏ်ကို စိတ်မဝင်စားတော့ဘူး။

တချို့ပုဂ္ဂိုလ်ကတော့ အာကိဉ္စညာယတနစျာန် (ခုနစ်ခုမြောက်စျာန်)ကိုသာ စိတ်ဝင်စားပြီး အောက်ပိုင်း စျာန် ခြောက်ပါးကို စိတ်မဝင်စားတော့ဘူး။

တချို့ ပုဂ္ဂိုလ်ကတော့ နေဝသညာနာသညာယတနစျာန် (ရှစ်ခုမြောက်စျာန်)ကိုသာ စိတ်ဝင်စားပြီး အာကိဉ္စညာယတနစျာန် (ခုနစ်ခုမြောက်စျာန်)ကို စိတ်မဝင်စားတော့ဘူး။

တချို့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ကိုသာ စိတ်ဝင်စားပြီး နေဝသညာနာသညာယတနစျာန် (ရှစ်ခုမြောက်စျာန်)ကို စိတ်မဝင်စားတော့ဘူး။

သုနက္ခတ္တ၊ ဥပမာအားဖြင့် လူတစ်ယောက်ဟာ အထပ်ထပ်လိမ်းကျံထားတဲ့ အဆိပ်လူးမြား အစူးခံရတယ်ဆိုပါတော့။ သူ့ရဲ့ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ဟာ မြားဆိပ်ကုဆေးဆရာကြီး

ကို ပင့်ခေါ် လာကြတယ်။ အဲဒီလူ့ရဲ့ အနာ၀ကို မြားဆိပ်ကု ဆေးဆရာကြီးဟာ ဓားငယ်နဲ့ ခွဲစိပ်တယ်။ ပြောင့်ရှာဖွေတံနဲ့ မြားပြောင့်ကို ရှာဖွေတယ်။ မြားပြောင့်ကို တွေ့တဲ့အခါ အဲဒီမြားပြောင့်ကို ဆွဲနှုတ်တယ်။ အဆိပ်အတောက်ကို ဖယ်ရှားတယ်။ ဒါပေမဲ့ အဆိပ်အတောက်ဟာ ကြွင်းကျန်သေးတယ်။ အဆိပ်အတောက် ကြွင်းကျန်သေးကြောင်းကို သိတဲ့ ဆေးဆရာကြီးဟာ လူနာကို အခုလို မှာထားခဲ့တယ်။ "ငါ့တူ၊ ငါ့တူရဲ့ မြားပြောင့်ကို ငါနှုတ်ပြီးပြီ။ အဆိပ်အတောက်ကို ဖယ်ရှားပြီးပြီ။ ဒါပေမဲ့ အဆိပ်ဟာ ကျန်သေးတယ်။ အဲဒီအဆိပ်ဟာ ငါ့တူအား အန္တရာယ် ပေးနိုင်သေးတယ်။ ဒါ့ကြောင့် သင့်တော်တဲ့ အစားအသောက်ကို စားသောက်ပါ။ မသင့်တော်တဲ့ အစားအသောက်ကို စားသောက်မိလျှင် ငါ့တူရဲ့ အနာက ပြည်ယိုလာလိမ့်မယ်။ ရံခါရံခါ အနာကို ဖန်ဆေးပါ။ ရံခါရံခါ အနာ၀ကို ဆေးလိမ်းပါ။ ရံခါရံခါ အနာကို ဖန်မဆေးလျှင် ရံခါရံခါ အနာ၀ကို ဆေးမလိမ်းလျှင် ငါ့တူရဲ့ အနာမှာ ပြည်တယ်လိမ့်မယ်။ လေတိုက်ထဲ နေပူထဲကို မသွားပါနှင့်။ လေတိုက်ထဲ နေပူထဲသွားလျှင် မြူမှုန့်တွေ ပေပွပြီး အနာထလာ လိမ့်မယ်။ ငါ့တူ၊ အနာကို ဂရုစိုက်ပါ။ စောင့်ရှောက်ပါ"လို့ မှာထား ခဲ့တယ်။

ဒါပေမဲ့ လူနာဟာ ဆရာကြီးမှာထားခဲ့တဲ့အတိုင်း မလိုက်နာဘူး။ မသင့်တော်တာကိုလည်း ပြုလုပ်တယ်။ ဖယ်ရှားပြီးလို့ ကျန်တဲ့ အဆိပ်ဒေါသကလည်း ရှိနေတယ်။ ဒီတော့ အဲဒီ အကြောင်း နှစ်မျိုးကြောင့် အနာဟာ ထလာတယ်။ ကြီးလာ

တယ်၊ ရင့်လာတယ်။ အဲဒီအနာကြောင့် သေရင်လည်း သေနိုင်တယ်။ သေလု နီးပါးသော်လည်း ဒုက္ခရောက်နိုင်တယ်။

သုနက္ခတ္တ၊ အဲဒီ ဥပမာအတိုင်းပဲ ငါဘုရားရဲ့ သာသနာတော်မှာ တချို့ ရဟန်းဟာ "ငါသည် တဏှာတည်းဟူသော မြားငြောင့်ကို ပယ်နှုတ်ပြီးပြီ။ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကို ဖယ်ရှားပြီးပြီ။ ငါရဲ့ စိတ်ဟာ နိဗ္ဗာန်မှာ ကောင်းစွာ ညွတ်ကိုင်းနေပြီ။"လို့ သူ့ကိုယ်သူ ယူဆတယ်။ သူဟာ မမှန်ဘဲ အဲဒီလို ယူဆထားတာ ဖြစ်တယ်။

ဒါ့ကြောင့် နိဗ္ဗာန်မှာ ကောင်းစွာ စိတ်ညွတ်တဲ့ ပုဂ္ဂိုလ်အားမသင့်တော်တဲ့ အာရုံတို့ကို လိုက်စားအားထုတ်တယ်။ မသင့်တော်တဲ့ အဆင်းကို ကြည့်ရှုတယ်။ မသင့်တော်တဲ့ အသံကို နားထောင်တယ်။ မသင့်တော်တဲ့အနံ့ကို နမ်းရှူတယ်။ မသင့်တော်တဲ့ အရသာကို လျက်တယ်။ မသင့်တော်တဲ့ အတွေ့အထိကို တွေ့ထိတယ်။ မသင့်တော်တဲ့ သဘောတရားကို စဉ်းစားတယ်။

ဒါ့ကြောင့် အဲဒီ ရဟန်းရဲ့ စိတ်ကို ရာဂက ဖျက်ဆီးတယ်။ အဲဒီ ရာဂဖျက်ဆီးခံရတဲ့ စိတ်ကြောင့် အဲဒီ ရဟန်းဟာ သေခြင်းသို့ဖြစ်စေ၊ သေလုနီးပါး ဆင်းရဲသို့ ဖြစ်စေ ရောက်ရတယ်။

သုနက္ခတ္တ၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ သိက္ခာချပြီး လူထွက်ခြင်းကို သေခြင်းလို့ ခေါ်တယ်။ ညစ်ညမ်းတဲ့ အာပတ်ကြီး တစ်ခုခုသင့်ခြင်းကို သေလုနီးပါး ဆင်းရဲ-လို့ ခေါ်တယ်။

သုနက္ခတ္တ၊ ဥပမာအားဖြင့် တခြားလူတစ်ယောက်ဟာ

လည်း အထပ်ထပ် လိမ်းကျံထားတဲ့ အဆိပ်လူးမြား အစူးခံရတယ် ဆိုပါတော့။ အဲဒီလူရဲ့ မိတ်ဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့ဟာ မြားဆိပ်ကုပေးမယ့် ဆရာကြီးကို ပင့်ခေါ် လာကြတယ်။ အဲဒီ မြားဆိပ်ကုဆရာကြီးဟာ အဲဒီလူနာရဲ့ အနာဝကို ဓားငယ်နဲ့ ခွဲစိတ်တယ်။ ပြောင့်ရှာဖွေတံနဲ့ မြားပြောင့်ကို ရှာတယ်။ မြားပြောင့်ကို တွေ့တော့ ဆွဲနုတ်တယ်။ အဆိပ်အတောက်ကို အကြွင်းအကျန် မရှိအောင် ဖယ်ရှားတယ်။ ပြီးတော့ လူနာကို ဒီလို မှာထားခဲ့ တယ်။ "ငါ့တူ၊ ငါ့တူရဲ့ မြားပြောင့်ကို ငါ နုတ်ပြီးပြီ၊ အဆိပ်အတောက်ကို အကြွင်းအကျန်မရှိအောင် ဖယ်ရှားပြီးပြီ။ ငါ့တူမှာ အန္တရာယ် မဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့ သင့်တော်တဲ့ အစားအသောက်ကို စားသောက်ပါ။ မသင့်တော်တဲ့ အစားအသောက်ကို စားသောက်လျှင် ငါ့တူရဲ့ အနာက ပြည်ယိုစီးလာလိမ့်မယ်။ ရံခါရံခါ အနာကို ဖန်ဆေးပါ။ ရံခါရံခါ အနာဝကို ဆေးလိမ်းကျံပါ။ ရံခါရံခါ ဖန်မဆေး၊ ရံခါရံခါ အနာဝကို ဆေးမလိမ်းကျံလျှင် ငါ့တူရဲ့ အနာမှာ ပြည်တယ် လာလိမ့်မယ်။ လေတိုက်ထဲ နေပူထဲကို မသွားပါနှင့်။ လေတိုက်ထဲ နေပူထဲ သွားလျှင် မြူမှုန့်တွေ ပေပွပြီး အနာထလာလိမ့်မယ်။ ငါ့တူ၊ အနာကို ဂရုစိုက်ပါ။ စောင့်ရှောက်ပါ"လို့ မှာထားခဲ့တယ်။

ဒီလူနာကတော့ ဆရာကြီးမှာခဲ့တဲ့ အတိုင်း လိုက်နာပြီး မသင့်တော်တာတွေကို ရှောင်ကြဉ်ခဲ့တယ်။ အဲဒီလို မသင့်တော် တာကို ရှောင်ကြဉ်ခြင်းနှင့် ဖယ်ရှားပြီးတဲ့ အဆိပ်ဒေါသဟာ လည်း အကြွင်းအကျန် မရှိခြင်းကြောင့် သူ့ရဲ့ အနာဟာ

အသားနုတက်ပြီး ကျက်လာခဲ့တယ်။ အသားအရေ ကောင်းမွန်လာခဲ့တယ်။ ဒါ့ကြောင့် သူဟာ သေခြင်းသို့ဖြစ်စေ၊ သေလုနီးပါးဆင်းရဲသို့ ဖြစ်စေ မရောက်တော့ဘူး။

သုနက္ခတ္တ၊ အဲဒီ ဥပမာအတိုင်းပဲ ငါဘုရားရဲ့ သာသနာတော်မှာ တချို့ ရဟန်းဟာ "ငါသည် တဏှာတည်းဟူသော မြားငြောင့်ကို ဆွဲနှုတ်ပြီးပြီ။ အဝိဇ္ဇာတည်းဟူသော အဆိပ်အတောက်ကို ဖယ်ရှားပြီးပြီ။ ငါရဲ့ စိတ်ဟာ နိဗ္ဗာန်မှာ ကောင်းစွာကိုင်းညွတ်နေပြီ" လို့ အမှန်အတိုင်း ယူဆခဲ့တယ်။

နိဗ္ဗာန်မှာ ကောင်းစွာစိတ်ညွတ်ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ မသင့်တော်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သဘောတရားတို့ကို မလိုက်စားတော့ဘူး။ ဒါ့ကြောင့် သူရဲ့ စိတ်ကို ရာဂက မဖျက်ဆီးနိုင်တော့ဘူး။ ဒါ့ကြောင့် သူဟာ သေခြင်းသို့ ဖြစ်စေ၊ သေလုနီးပါး ဆင်းရဲသို့ဖြစ်စေ မရောက်တော့ဘူး။

သုနက္ခတ္တ၊ အဓိပ္ပာယ်ကို သိလွယ်ဖို့ရာ ဒီဥပမာကို ငါဘုရား ပေးခဲ့တယ်။

အနာဆိုတာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့ အမည်ဖြစ်တယ်။

အဆိပ်အတောက်ဆိုတာ အဝိဇ္ဇာရဲ့ အမည်ဖြစ်တယ်။

မြားငြောင့်ဆိုတာ တဏှာရဲ့ အမည်ဖြစ်တယ်။

ငြောင့်မွှေတံဆိုတာ သတိရဲ့ အမည်ဖြစ်တယ်။

ဓားငယ်ဆိုတာ ဖြူစင်တဲ့ ဝိပဿနာပညာရဲ့ အမည်

ဖြစ်တယ်။

မြားဆိပ်ကုဆေးဆရာကြီးဆိုတာ ပူဇော်အထူးကို ခံတော်မူ ထိုက်၍ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားရဲ့ အမည်တော် ဖြစ်တယ်။

သုနက္ခတ္တ၊ ဥပမာအားဖြင့် စိမ်ရေခွက်တစ်ခု ရှိတယ်ဆိုပါတော့။ အဲဒီ စိမ်ရေခွက်ဟာ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံတယ်။ အဲဒီစိမ်ရေခွက်ထဲမှာ အဆိပ်ကိုလည်း ရောထည့် ထားတယ်။

မသေချင်သေးတဲ့ လူတစ်ယောက်ဟာ အဲဒီ စိမ်ရေခွက်နားကို ရောက်လာတယ်။ အဲဒီလူဟာ အဲဒီစိမ်ရေခွက်ကို သောက်လျှင် အသက်ရင်လဲ သေနိုင်တယ်။ မသေတောင်မှ သေလုနီးပါး ဒုက္ခရောက်နိုင်တယ်ဆိုတာ သိနေတယ်။ ဒါ့ကြောင့် သူဟာ အဲဒီစိမ်ရေခွက်ကို သောက်လိမ့်မည် မဟုတ်။

သုနက္ခတ္တ၊ ထို့အတူပဲ အဲဒီ ရဟန်းဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခြောက်မျိုးမှာ စောင့်စည်းလေ့ရှိတယ်။ ကာမဂုဏ်ကို လိုက်စားခြင်းဟာ ဆင်းရဲဒုက္ခရောက်ကြောင်းပဲ-လို့ သိတယ်။ ဒါ့ကြောင့် ကာမဂုဏ်ကို လိုက်စားခြင်း ကင်းတယ်။ ကာမဂုဏ် ကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့တယ်။ ကာမဂုဏ်နယ်မှာ ကိုယ်ကိုလည်း အသုံးပြုတော့လိမ့်မည်မဟုတ်။ စိတ်နဲ့ပင် ကြံစည်တော့လိမ့်မည်မဟုတ်။

သုနက္ခတ္တ၊ တခြားဥပမာ တစ်မျိုးကတော့ အဆိပ်ပြင်း

ထန်တဲ့ မြွေတစ်ကောင်ရှိတယ်ဆိုပါတော့။ မသေချင်သေးတဲ့ လူတစ်ယောက်လည်း အဲဒီမြွေနားကို ရောက်လာတယ်။ အဲဒီ လူဟာ မြွေကိုက်ရင် အသက်ရင်လည်း သေနိုင်တယ်။ မသေ တောင်မှ သေလုနီးပါး ဒုက္ခရောက်နိုင်တယ်လို့ သိနေတယ်။ သူဟာ အဲဒီ မြွေကို လက်နဲ့ဖြစ်စေ၊ ခြေမနဲ့ဖြစ်စေ တို့ဝံ့လိမ့်မည်မဟုတ်။

သုနက္ခတ္တ၊ ထို့အတူပဲ အဲဒီ ရဟန်းဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ခြောက်မျိုးမှာ စောင့်စည်းလေ့ရှိတယ်။ ကာမဂုဏ်ကို လိုက်စားခြင်းဟာ ဆင်းရဲဒုက္ခရောက်ကြောင်းပဲ-လို့ သိတယ်။ ဒါ့ကြောင့် ကာမဂုဏ်ကို လိုက်စားခြင်း ကင်းတယ်။ ကာမဂုဏ် ကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့တယ်။ ကာမဂုဏ် နယ်မှာ ကိုယ်ကိုလည်း အသုံးပြုတော့လိမ့်မည်မဟုတ်။ စိတ်နဲ့ပင် ကြံစည်တော့လိမ့်မည်မဟုတ်။"

လိစ္ဆဝီမင်းသား သုနက္ခတ္တဟာ မြတ်စွာဘုရားရဲ့ တရား တော်ကို အလွန်နှစ်သက်သဘောကျခဲ့ပါတယ်။

သုနက္ခတ္တသုတ် ပြီးပြီ။

❊ ❊ ❊

## ၆–အာနေဥ္စသပ္ပါယသုတ်

အခါတစ်ပါးမှာ ကုရုတိုင်း၊ ကမ္မာသ ဓမ္မဆိုတဲ့ နိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား "ရဟန်းတို့ ကာမဂုဏ်တို့သည် မမြဲကြကုန်၊ အချည်းနှီးဖြစ်ကုန်၏။ ချွတ်ယွင်းစေတတ်ကုန်၏။ ပျောက်ပျက်လွယ်သော သဘောရှိကုန်၏။ မျက်လှည့်သမား ပြုထားသော အရာကဲ့သို့ ဖြစ်ကုန်၏။ လူမိုက်တို့ကို ဖြားယောင်းတတ်ကုန်၏။

ကာမဂုဏ်နှင့် ကာမဂုဏ်ကို မှတ်သားတဲ့သညာ အဲဒီနှစ်မျိုးလုံးသည် ကိလေသာ၏ တည်ရာ၊ ကိလေသာ၏ နေရာ၊ ကိလေသာ၏ ပျိုးခင်း၊ ကိလေသာ၏ ကျက်စားရာ ဖြစ်ကုန်၏။

အဲဒီကာမဂုဏ်တို့၌ မက်မောမှု အဘိဇ္ဈာ၊ ဖောက်ပြန်မှု ဗျာပါဒ၊ အသာစီးရအောင် အားထုတ်မှု သာရမ္ဘတို့သည် ဖြစ်ကြကုန်၏။

ထိုသုံးပါးတို့သည် ဤသာသနာတော်မှာ ကျင့်ကြံကြိုးကုတ်အားထုတ်နေသော ဘုရားသားတော်အား အန္တရာယ် ပြုနိုင်ကုန်၏။

ထို့သုံးပါးကိုပယ်ရန် ကျင့်ကြံသော ရဟန်းသည် စတုတ္ထစျာန်ကို ရနိုင်၏။

ထို့နောက် အဆင့်ဆင့်မြင့်၍ အားထုတ်လျှင် အရူပစျာန်လေးပါးအထိ ရနိုင်၏-"လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် အဲဒီစျာန်များကိုပင် စွဲလမ်းလျှင် ရဟန္တာ မဖြစ်နိုင်ဘဲ မစွဲလမ်းမှသာ ရဟန္တာဖြစ်နိုင်ကြောင်းကို ဟောကြားတော်

မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဘာကို အရဟတ္တဖိုလ်(ရဟန္တာပုဂ္ဂိုလ်၏ သီးခြားတရား)လို့ ခေါ်ပါသလဲ ဘုရား"ကို လျှောက်ထားတဲ့အခါ -

"အာနန္ဒာ၊ ကာမဂုဏ်၊ ကာမဂုဏ်ကို မှတ်သားတဲ့ သညာ၊ ရုပ်၊ ရုပ်ကို မှတ်သားတဲ့သညာ၊ စတုတ္ထစျာန်နှင့်အတူ ဖြစ်တဲ့ သညာ၊ အရူပစျာန်နှင့် အတူဖြစ်တဲ့ သညာ ဒီတရားအားလုံးဟာ သက္ကာယ မျှသာ ဖြစ်တယ်။

(အဲဒီ သက္ကာယကို မစွဲလမ်းဘဲ) စိတ်၏ လွတ်မြောက်ခြင်းကို အရဟတ္တဖိုလ်ခေါ်တယ်"-လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားဟာ "အာနန္ဒာ၊ စျာန်ရကြောင်း အကျင့်၊ သံသရာမှ လွတ်မြောက်ကြောင်း အကျင့်နှင့် အရဟတ္တဖိုလ်တို့ကို ငါဘုရား ဟောကြားပြီးပြီ။

အာနန္ဒာ၊ ဟိုဟာတွေဟာ သစ်ပင်ရင်းတွေပဲ။ ဟိုဟာတွေဟာ ဆိတ်ငြိမ်ရာအရပ်တွေပဲ။

အာနန္ဒာ၊ သင်တို့ ဆင်ခြင်ကြ၊ မပေ့ါဆကြနှင့်။ နောင်ကျမှ နောင်တ မရကြနှင့်။ ဒါ သင်တို့အတွက် ငါဘုရားရဲ့ အဆုံးအမပဲ"-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ်ခဲ့ပါတယ်။

**အာနေဉ္ဇသပ္ပါယသုတ် ပြီးပြီ။**

# ၇-ဂဏကမောဂ္ဂလ္လာနသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဝိသာခါရဲ့ ပုဗ္ဗာရုံကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ ကျောင်းတော်ဟာ အုတ်ပြာသာဒ်(အုတ်တိုက်) ဖြစ်ပါတယ်။

အဲဒီအခါမှာ ဂဏကမောဂ္ဂလ္လာန်ဆိုတဲ့ ပုဏ္ဏားဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး "အရှင်ဂေါတမ၊ ဒီဝိသာခါရဲ့ အုတ်တိုက်ကို ဆောက်တဲ့အခါမှာ (အုတ်မြစ်မှစပြီး) အပေါ်ဆုံး လှေခါးထစ်တိုင်အောင် အဆင့်ဆင့် အစဉ်အတိုင်း ဆောက်ရ ပါတယ်။

ဗေဒင် သုံးပုံကို သင်တဲ့အခါမှာ တစ်ဆင့်ပြီးတစ်ဆင့် (အစမှ စပြီး လွယ်ရာမှ ခက်ရာသို့) အစဉ်အတိုင်း သင်ရပါတယ်။

လေးအတတ်ကို သင်တဲ့အခါမှာလည်း တစ်ဆင့်ပြီး တစ်ဆင့် အစဉ်အတိုင်း သင်ရပါတယ်။

ကျွန်ုပ်တို့ရဲ့ ဂဏန်းအတတ်မှာလည်း တစ်ဆင့်ပြီး တစ်ဆင့် အစဉ်အတိုင်း သင်ရပါတယ်။

ကျွန်ုပ်တို့ထံသို့ တပည့်တစ်ယောက် ရောက်လာလျှင် တစ်အလီမှ ဆယ်လီအထိ အစဉ်အတိုင်း အဆင့်ဆင့် သင်ပေး ပါတယ်။ ပြီးမှ တစ်ရာကိုလည်း ရေတွက်ခိုင်းပါတယ်။ တစ်ရာကျော် ကိုလည်း ရေတွက်ခိုင်းပါတယ်။

အရှင်ဂေါတမ၊ အရှင်ဘုရားတို့ရဲ့ သာသနာတော်မှာလည်း

အစမှ စပြီး တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့် ကျင့်ရတဲ့ ကျင့်စဉ် ရှိပါသလား”-လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက “ပုဏ္ဏား၊ ငါဘုရားရဲ့ သာသနာမှာလည်း အစမှ စပြီး အစဉ်အတိုင်း အဆင့်ဆင့် ကျင့်ရတဲ့ ကျင့်စဉ်ရှိတယ်။

ပုဏ္ဏား၊ ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်တဲ့ မြင်းဆရာ တစ်ယောက်ဟာ ကောင်းတဲ့ အာဇာနည် မြင်းတစ်ကောင်ကို ရလျှင် ရှေးဦးစွာ ပါးစပ်၌ ဇက်ခွံ့မှု ကို သင်ပေး(လေ့ကျင့်ပေး) တယ်။ အဲဒီနောက် အဆင့်ဆင့် သင်စရာအတတ်ကို သင်ပေးတယ်။

အဲဒီဥပမာအတိုင်းပဲ လူတစ်ယောက်ဟာ ဘုရားရဲ့ သာသနာမှာ ရဟန်းပြုလာမယ်ဆိုရင် အဲဒီရဟန်းကို -

(၁) သီလကိုစောင့်ထိန်းရန် ဆုံးမတော်မူတယ်။

(၂) အဲဒီနောက် တစ်ဆင့်တက်ပြီး မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းရန် ဆုံးမတော်မူတယ်။

အဲဒီခြောက်ပါးကို မစောင့်စည်းလျှင် လောဘ၊ ဒေါသတွေ ဖြစ်လာတတ်တယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သဘော တရားတို့ကို အာရုံပြုတဲ့အခါ ယောကျ်ားပဲ၊ မိန်းမပဲ၊ ဘယ်ပုံ သဏ္ဌာန်ပဲလို့ မစွဲယူရန် သတိထားရတယ်။ ခြေလက်အင်္ဂါနှင့် ပြုံးဟန် ရယ်ဟန်စတဲ့ အမူအရာ၊ ကောင်းတဲ့ အနေအထား

မကောင်းတဲ့ အနေအထားတို့ကို မစွဲယူရန် သတိထားရတယ်။

(၃) အဲဒီနောက် တဆင့်တက်ပြီး အစာအာဟာရကို သုံးဆောင်တဲ့အခါမှာ အတိုင်းအရှည်ကို သိရန် ဆုံးမတော်မူတယ်။

အစာအာဟာရကို သုံးဆောင်တဲ့အခါမှာ "ငါသည် မြူးထူးပျော်ပါးရန် မသုံးဆောင်ပါ။ မာန်မာနကြီးရန်၊ အသားတိုးရန်၊ အဆင်းလှရန် မသုံးဆောင်ပါ။

ဤခန္ဓာကိုယ် တည်တံ့ရန်သာ သုံးဆောင်ပါ၏။ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန်သာ သုံးဆောင်ပါ၏။ မြတ်သော အကျင့်ကို ကျင့်ကြံအားထုတ်ရန်သာ သုံးဆောင်ပါ၏။

ဤသို့ သုံးဆောင်ခြင်းကြောင့် ဝေဒနာဟောင်းလည်း ကင်းပျောက်ပါစေသတည်း။ ဝေဒနာသစ်လည်း မဖြစ်ပါစေသတည်း။ ငါ့အား မျှတခြင်း၊ ကိုယ်ခန္ဓာအပြစ်ကင်းခြင်း၊ ပေါ့ပါးချမ်းသာစွာ နေထိုင်ရခြင်းတို့ ဖြစ်ပါစေသတည်း"လို့ ဆင်ခြင်ရန် ဆုံးမတော်မူတယ်။

(၄) အဲဒီနောက် တစ်ဆင့်တက်ပြီး နိုးနိုးကြားကြား နေရန် ဆုံးမတော်မူတယ်။ နေ့အခါမှာ စင်္ကြံသွားခြင်းနဲ့ ဖြစ်စေ၊ ထိုင်ခြင်းနဲ့ဖြစ်စေ အကုသိုလ်ကင်းအောင် အားထုတ်ပါ။

ညဥ့်ဦးယံမှာလည်း စင်္ကြံသွားခြင်းနဲ့ ဖြစ်စေ၊ ထိုင်ခြင်းနဲ့ ဖြစ်စေ အကုသိုလ်ကင်းအောင် အားထုတ်ပါ။

သန်းကောင်ယံမှာ လက်ျာနံဘက်စောင်းပြီး လက်ျာခြေပေါ်မှာ လက်ဝဲခြေ စဉ်းငယ်လွန်ကာ တင်ထား၍ သတိနှင့် ဉာဏ်ယှဉ်ပြီး အိပ်ပါ။

အိပ်တဲ့အခါမှာ ဘယ်အချိန် ထမယ်လို့ နှလုံးသွင်းပြီး အိပ်ပါ။

မိုးသောက်ယံမှာ စောစောထပြီး စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် အကုသိုလ်ကင်းအောင် အားထုတ်ပါလို့ ဆုံးမတော်မူတယ်။

(၅) အဲဒီနောက် တစ်ဆင့်တက်ပြီး သတိထားရန် ဆင်ခြင်ရန် ဆုံးမတော်မူတယ်။

ရှေ့တိုးတဲ့အခါ၊ နောက်ဆုတ်တဲ့အခါ၊ ရှေ့တည့်တည့်ကြည့်တဲ့အခါ၊ ဘေးကြည့်တဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ၊ သပိတ်ပွေ့တဲ့အခါ၊ သင်္ကန်းဝတ်ရုံတဲ့အခါ၊ စားသောက်တဲ့အခါ၊ ခဲတဲ့အခါ၊ လျက်တဲ့အစာ၊ ကျင်ကြီးကျင်ငယ်စွန့်တဲ့အခါ၊ သွားတဲ့အခါ၊ ရပ်တဲ့အခါ၊ ထိုင်တဲ့အခါ၊ လျောင်းတဲ့အခါ၊ နိုးတဲ့အခါ၊ ပြောတဲ့အခါ၊ ဆိတ်ဆိတ်နေတဲ့အခါ စသည်ဖြင့် အရာရာမှာ အမြဲတမ်း သတိထားရန် ဆင်ခြင်ရန် ဆုံးမတော်မူတယ်။

အကုသိုလ် မဖြစ်ဘဲ၊ ကုသိုလ်ဖြစ်မှ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်းစသည်ကို ပြုလုပ်ရန် ဆုံးမတော်မူတယ်။

(၆) အဲဒီနောက် တစ်ဆင့်တက်ပြီး ဆိတ်ငြိမ်ရာမှာ နေရန် ဆုံးမတော်မူတယ်။

" ရဟန်း၊ သင်သည် ဆိတ်ငြိမ်ရာ ကျောင်းမှာ နေပါ။ တောမှာ ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ နေပါ။ တောင်မှာ ဖြစ်စေ၊ ချောက်မှာဖြစ်စေ၊ တောင်ခေါင်းမှာဖြစ်စေ၊ သင်ချိုင်းမှာ ဖြစ်စေ၊ တောအုပ်မှာဖြစ်စေ၊ လွင်ပြင်မှာ ဖြစ်စေ၊ ကောက်ရိုးပုံမှာ ဖြစ်စေ

နေပါ”လို့ ဆုံးမတော်မူတယ်။

ပုဏ္ဏား၊ အဲဒီရဟန်းဟာ ငါဘုရားရဲ့ အဆုံးအမအတိုင်း ဆိတ်ငြိမ်တဲ့ နေရာမှာ သီတင်းသုံးနေတယ်။ သူဟာ ဆွမ်းခံပြန်ကြွလာတဲ့ အခါ ဆွမ်းစားပြီးနောက် ကမ္မဋ္ဌာန်း ထိုင်တယ်။ ထိုင်တဲ့အခါ ထက်ဝယ်ဖွဲ့ (တင်ပလ္လင်ခွေ)ပြီး ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ ထားတယ်။ သတိကို ကမ္မဋ္ဌာန်းဘက်မှာ ဦးတည်ထားတယ်။ အဲဒီရဟန်းဟာ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် အထိ ရနိုင်တယ်။

ပုဏ္ဏား၊ ငါဘုရားရဲ့ ဒီအဆုံးအမများဟာ ရဟန္တာ မဖြစ်သေးတဲ့ ရဟန်းများအတွက် (ရဟန္တာ ဖြစ်ရန်) ဖြစ်တယ်။

ရဟန္တာ ရဟန်းများအတွက် မျက်မှောက်ဘဝမှာ ချမ်းသာစွာ နေရကြောင်း ဖြစ်တယ်။ သတိတရား၊ ဆင်ခြင်ဉာဏ်တရားတို့ ဘိုးပွားကြောင်း ဖြစ်တယ်။

အဲဒီအခါမှာ ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားက မြတ်စွာဘုရားအား -

“အရှင်ဂေါတမ၊ အရှင်ဂေါတမက ဒီလိုဆုံးမလိုက်တဲ့အခါ အရှင်ဂေါတမရဲ့ တပည့်အားလုံးဟာ နိဗ္ဗာန်ရောက်ကြပါ သလားဘုရား”လို့ မေးမြန်းလျှောက်ထားတဲ့အခါ -

“ပုဏ္ဏား၊ တချို့ရောက်ပြီး တချို့မရောက်ကြဘူး”လို့ ဖြေကြား တော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ဂဏကမောဂ္ဂလ္လာန် ပုဏ္ဏား၊ -

"အရှင်ဂေါတမ၊ နိဗ္ဗာန်ဟာ တကယ်ရှိတယ်။ နိဗ္ဗာန်ရောက်ကြောင်းကို အရှင်ဂေါတမကလည်း ဟောပြတယ်။ သို့ပါလျက် အရှင်ဂေါတမရဲ့ တပည့်များဟာ ဘာ့ကြောင့် တချို့သာ နိဗ္ဗာန်ရောက်ပြီး တချို့ မရောက်ကြပါသလဲဘုရား" လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "ပုဏ္ဏား၊ ရာဇဂြိုဟ်မြို့သွားတဲ့လမ်းကို သင်ညွှန်ပြနိုင်ပါသလား" လို့ မေးမြန်းတော်မူခဲ့ပါတယ်။

"မှန်ပါ၊ ညွှန်ပြနိုင်ပါတယ်ဘုရား"လို့ လျှောက်ထားတဲ့အခါ

"ပုဏ္ဏား၊ ရာဇဂြိုဟ်မြို့ကို သွားချင်တဲ့ လူတစ်ယောက် သင့်အထံသို့ ရောက်လာတယ်။ သင်ကလည်း ရာဇဂြိုဟ်သွားလမ်းကို ညွှန်ပြတယ်။ ဒါပေမဲ့ အဲဒီလူက သင်ပြတဲ့အတိုင်း မသွားဘဲ နောက်ပြန်လှည့်လာတယ်။ ဒီတော့ ရာဇဂြိုဟ်မြို့ကို မရောက်ဘူး။

ရာဇဂြိုဟ်မြို့ကို သွားချင်တဲ့ ဒုတိယလူတစ်ယောက် သင့်အထံ ရောက်လာတယ်။ သင်ကလည်း ရာဇဂြိုဟ်သွားလမ်းကို ညွှန်ပြတယ်။ ဒီ ဒုတိယလူကတော့ သင်ပြတဲ့အတိုင်း သွားတယ်။ ဒါ့ကြောင့် သူဟာ ရာဇဂြိုဟ်သို့ လွယ်လွယ်ကူကူ ရောက်သွားတယ် ဆိုပါတော့။

ပုဏ္ဏား၊ အဲဒီလူနှစ်ယောက်အနက် ဘာ့ကြောင့် ပထမလူက ရာဇဂြိုဟ်ကို မရောက်ဘဲ ဒုတိယလူက ရောက်သလဲ"လို့ မေးမြန်းတော်မူခဲ့ပါတယ်။

"အရှင်ဂေါတမ၊ ဒီ (ပထမလူမရောက်တဲ့)အရာမှာ ကျွန်ုပ် ဘာမှ မတတ်နိုင်ပါ။ ကျွန်ုပ်ဟာ ခရီးလမ်းညွှန်သူမျှသာ ဖြစ်ပါတယ်" လို့ လျှောက်ထားတဲ့အခါ

"ပုဏ္ဏား၊ တချို့ရဟန်းများ နိဗ္ဗာန်မရောက်တဲ့အရာမှာ ငါဘုရားလည်း ဘာမှ မတတ်နိုင်ပါ။ ငါဘုရားဟာ နိဗ္ဗာန်လမ်းညွှန် သူမျှသာ ဖြစ်တယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားက မြတ်စွာဘုရား အား -

"အရှင်ဂေါတမ၊ တချို့ပုဂ္ဂိုလ်များဟာ ယုံကြည်ခြင်း သဒ္ဓါ တရား မရှိကြဘဲလျက် အသက်မွေးမှုအတွက်သာ ရဟန်းပြုသူများ ဖြစ်ကြတယ်။ သဒ္ဓါတရားဖြင့် ရဟန်းပြုသူများ မဟုတ်ကြ။ စဉ်းလဲကြတယ်။ လှည့်ပတ်ကြတယ်။ လိမ်လည်ကောက်ကျစ် ကြတယ်။ ပျံ့လွင့်ကြတယ်။ မာန်တက်ကြတယ်။ လျှပ်ပေါ် လော်လည်ကြတယ်။ နှုတ်ထွက်ကြမ်းကြတယ်။ ပရမ်းပတာ ပြောကြတယ်။ မျက်စိစတဲ့ ဣန္ဒြေတံခါးကို ပိတ်ဆို့မထားကြ။ အစားအစာ၌ အတိုင်းအရှည်ကို မသိကြ။ နိုးနိုးကြားကြား မနေကြ။ ရဟန်းတရား၌ မငဲ့ကွက်ကြ။ သိက္ခာပုဒ်ကို သိပ်မလေး စားကြ။ လာဘ်များရန်သာ ကျင့်ကြတယ်။ ဘုရား အဆုံးအမကို ပေါ့ပေါ့ဆဆ နာယူကြတယ်။ ဆုတ်ယုတ်ခြင်းသို့ ဦးတည်နေကြ တယ်။ နိဗ္ဗာန်ရရန် ကြောင့်ကြ မစိုက်ကြ။ ပျင်းရိကြတယ်။ လုံ့လ နည်းကြတယ်။ သတိကင်းကြတယ်။ ဆင်ခြင်ဉာဏ်မရှိကြ။

စိတ်လေကြတယ်။ ပညာမဲ့ကြတယ်။ ထိုင်းအကြတယ်။

အရှင်ဂေါတမဟာ အဲဒီလိုပုဂ္ဂိုလ်များနှင့်အတူ နေတော်မမူပါ။

တချို့ အမျိုးကောင်းသားများဟာ သဒ္ဓါတရားဖြင့် ရဟန်းပြုလာသူများ ဖြစ်ကြတယ်။ မစဉ်းလဲကြ၊ မလှည့်ပတ်ကြ၊ မလိမ်လည်မကောက်ကျစ်ကြ၊ မပျံ့လွင့်ကြ၊ မာန်မာန မကြီးကြ၊ မလျှပ်ပေါ် မလော်လည်ကြ၊ နှုတ်ထွက် မကြမ်းကြ၊ ပရမ်းပတာ မပြောဆိုကြ၊ မျက်စိစသော ဣန္ဒြေတံခါးတို့ကို ပိတ်ဆို့ထားကြတယ်။ အစားအစာ၌ အတိုင်းအရှည်ကို သိကြတယ်။ နိုးနိုးကြားကြား နေကြတယ်။ ရဟန်းတရားကို ငဲ့ကွက်ကြတယ်။သိက္ခာပုဒ်ကို အလွန်လေးစားကြတယ်၏။ လာဘ်များရန်သာ မကျင့်ကြ၊ ဘုရားအဆုံးအမကို ပေါ့ပေါ့ဆဆ မနာယူကြ၊ ဆုတ်ယုတ်ကြောင်း (အကုသိုလ်ကို ပြုဖို့ရာ)ကြောင့်ကြမစိုက်ကြ။ နိဗ္ဗာန်သို့ ဦးတည်၍ ကျင့်ကြတယ်။ ဝီရိယရှိကြတယ်။ နိဗ္ဗာန်အတွက် စိတ်ထက်သန်ကြတယ်။ သတိရှိကြတယ်။ ဆင်ခြင်ဉာဏ်ရှိကြတယ်။ တည်ကြည်ကြတယ်။ စိတ်မလေကြ၊ ပညာရှိကြတယ်။ မထိုင်းအကြ။

အရှင်ဂေါတမဟာ အဲဒီလိုပုဂ္ဂိုလ်များနှင့် အတူ နေတော်မူပါတယ်။

အရှင်ဂေါတမ၊ အမြစ်နံ့သာဟူသမျှတို့တွင် စန္ဒကူးနက် အမြတ်ဆုံး ဖြစ်ပါတယ်။

အနှစ်နံ့သာဟူသမျှတို့တွင် စန္ဒကူးနီ အမြတ်ဆုံး ဖြစ်

ပါတယ်။

အပွင့်နဲ့သာဟူသမျှတို့တွင် မုလေးပန်း အမြတ်ဆုံး ဖြစ်ပါတယ်။

ယခု လက်ရှိတရားတို့တွင် အရှင်ဂေါတမ၏ အဆုံးအမ တရားတော် အမြတ်ဆုံး ဖြစ်ပါတယ်ဘုရား။

အရှင်ဂေါတမ၊ အရှင်ဂေါတမရဲ တရားတော်ဟာ အလွန်နှစ်သက်ဖွယ် ကောင်းလှပါပေတယ်။ အရှင်ဂေါတမ၊ အရှင်ဂေါတမရဲ့ တရားတော်ဟာ အလွန်နှစ်သက်ဖွယ် ကောင်းလှပါပေတယ်။

အလွန်ထင်ရှားလှပါပေတယ်။ မှောက်ထားတဲ့အိုးကို လှန်ပြသကဲ့သို့လည်း ဖြစ်ပါတယ်။ ဖုံးထားတဲ့အရာကို ဖွင့်ပြသကဲ့သို့လည်း ဖြစ်ပါတယ်။ မျက်စိလည်နေသူအား လမ်းမှန်ကို ညွှန်ပြသကဲ့သို့လည်း ဖြစ်ပါတယ်။ မျက်စိကောင်းတဲ့သူတွေ အဆင်းကို မြင်ရအောင် အမိုက်မှောင်မှာ ဆီမီးတန်ဆောင်ကို ထွန်းပြသကဲ့သို့လည်း ဖြစ်ပါတယ်။

အရှင်ဂေါတမ၊ အကျွန်ုပ် အရှင်ဂေါတမကိုလည်း ဆည်းကပ်ကိုးကွယ်ပါတယ်။ တရားတော်ကိုလည်း ဆည်းကပ် ကိုးကွယ်ပါတယ်။ သံဃာတော်ကိုလည်း ဆည်းကပ်ကိုးကွယ် ပါတယ်။ အရှင်ဂေါတမက အကျွန်ုပ်ကို ယနေ့မှစ၍ အသက်တမျှ ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ (ဒကာတစ်ယောက်)ဟု သိမှတ်တော်မူပါလို့ လျှောက်ထားခဲ့ပါတယ်။

ဂဏကမောဂ္ဂလ္လာနသုတ် ပြီးပြီ။

# ၈–ဂေါပကမောဂ္ဂလ္လာနသုတ်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးခါစမှာ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတော်မှာ အရှင်အာနန္ဒာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မဂဓတိုင်းရှင် အဇာတသတ်မင်းဟာ ရာဇဂြိုဟ်မြို့တော်ကို ပြုပြင်နေပါတယ်။ အကြောင်းကတော့ စန္ဒပဇ္ဇောတမင်းကို စိုးရိမ်မကင်း ဖြစ်နေလို့ပါပဲ။ တစ်နေ့တော့ အရှင်အာနန္ဒာဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူပါတယ်။ မြို့ထဲဝင်ဖို့ အချိန်စောသေးတဲ့အတွက် အရှင်အာနန္ဒာဟာ ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားရဲ့ အလုပ် လုပ်ရာဌာနသို့ ကြွတော်မူပါတယ်။ ဂေါပကမောဂ္ဂလ္လာန် ပုဏ္ဏားထံ ရောက်တဲ့အခါ ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားက -

"အရှင်ဘုရားအာနန္ဒာ၊ မြတ်စွာဘုရားကဲ့သို့ သဗ္ဗညုတဉာဏ်တော်ကို ရတဲ့ ရဟန်းတစ်ပါးတလေမျှ ရှိပါသလားဘုရား" လို့ မေးမြန်းတဲ့အခါ

"ပုဏ္ဏား၊ မြတ်စွာဘုရားကဲ့သို့ သဗ္ဗညုတဉာဏ်တော်ကို ရတဲ့ ရဟန်းတစ်ပါးတလေမျှ မရှိ။ မြတ်စွာဘုရားသည် လမ်းသစ်ထွင်သူ၊ လမ်းပြသူ ဖြစ်တော်မူတယ်။ လမ်းသိသူ၊ လမ်းကျွမ်းကျင်သူ ဖြစ်တော်မူတယ်။ ယခုတပည့်သာဝကတွေက လမ်းနောက်လိုက်များ ဖြစ်ကြတယ်။ နောက်မှ လမ်းစ တွေ့သူများ ဖြစ်ကြတယ် - " လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အဲဒီအချိန်မှာ မဂဓမင်းရဲ့ အမတ်ကြီးဖြစ်တဲ့ ဝဿကာရ

ပုဏ္ဏားဟာ ရာဇဂြိုဟ်မြို့မှာ အလုပ်အကိုင်တို့ကို လှည့်လည် စစ်ဆေးနေပါတယ်။ အဲဒီ ဝဿကာရအမတ်ဟာ အရှင်အာနန္ဒာ အထံသို့ လာပြီး "အရှင်ဘုရားအာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံတဲ့ အခါမှာ ဒီရဟန်းဟာ သင်တို့ရဲ့ ကိုးကွယ်ရာ ဖြစ်ရစ်လိမ့်မယ်လို့ မြတ်စွာဘုရား ထားတော်မူခဲ့တဲ့ ရဟန်းတစ်ပါးတလေမျှ ရှိပါ သလား ဘုရား။ အဲဒီရဟန်းကို အရှင်ဘုရားတို့ အခု ဆည်းကပ် နေကြပါသလားဘုရား"လို့ လျှောက်ထား မေးမြန်းခဲ့ပါတယ်။

"ပုဏ္ဏား၊ အဲဒီလို ရဟန်းတစ်ပါးမျှ မရှိဘူး"လို့ ဖြေကြား တော်မူတဲ့အခါ ဝဿကာရ ပုဏ္ဏားက -

"အရှင်ဘုရားအာနန္ဒာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော် မူတဲ့အခါ ငါတို့ရဲ့ ကိုးကွယ်ရာ ဖြစ်လိမ့်မယ်"လို့ သံဃာတော်နှင့် မထေရ်ကြီးရဟန်းတော်များက ရွေးချယ်တင်မြှောက်ထားတဲ့ ရဟန်း တော် တစ်ပါးတလေမျှ ရှိပါသလားဘုရား၊ အရှင်ဘုရားတို့ ယခု အဲဒီရဟန်းကို ဆည်းကပ်နေကြပါသလားဘုရား"လို့ လျှောက်ထား တဲ့အခါ မှာလည်း အရှင်အာနန္ဒာက "ပုဏ္ဏား၊ အဲဒီလို ရဟန်းမျိုး လည်း မရှိဘူး"လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားက "အရှင်ဘုရားအာနန္ဒာ၊ ဒါဆိုရင် ကိုးကွယ်ရာ မရှိဘဲ ဘာကြောင့် ညီညွတ်နေကြပါသလဲ ဘုရား"လို့ မေးမြန်းတော်မူတဲ့အခါ

"ပုဏ္ဏား၊ ငါတို့မှာ ကိုးကွယ်ရာမရှိသည် မဟုတ်၊ ငါတို့ရဲ့ ကိုးကွယ်ရာဟာ တရား ဖြစ်တယ်"-လို့ ဖြေကြားတော်မူခဲ့ပါတယ်။

"အရှင်ဘုရားအာနန္ဒာ၊ တရားကို ကိုးကွယ်တယ်ဆိုတာ ဘယ်လိုပါလဲဘုရား" လို့ မေးမြန်းတဲ့အခါ -

"ပုဏ္ဏား၊ မြတ်စွာဘုရား ချမှတ်ထားခဲ့တဲ့ ဝိနည်းစည်းကမ်းတွေရှိတယ်။ အဲဒီ ဝိနည်းစည်းကမ်းများကို နှုတ်တက်(အလွတ်)ရတဲ့ ရဟန်းတစ်ပါးက ဥပုသ်နေ့တိုင်း ရွတ်ပြရတယ်။ ရပ်ကွက် သို့မဟုတ် ရွာပိုင်နက်တစ်ခုအတွင်းမှာ နေကြတဲ့ ရဟန်းအားလုံးဟာ တစ်ပေါင်းတည်း စည်းဝေးပြီးတော့ အဲဒီ စည်းကမ်းချက်များကို နာကြားကြရတယ်။ အဲဒီအခါမှာ ရဟန်းတစ်ပါးပါးမှာ အာပတ်သင့်နေလျှင် (အပြစ်ဖြစ်နေလျှင်)အဲဒီရဟန်းကို ငါတို့ တရားအားလျော်စွာ အာပတ်ဖြေခိုင်းကြ၊ ကုစားခိုင်းကြတယ်။ ဒါဟာ ပုဂ္ဂိုလ်က ငါတို့ကို ကုစားစေခြင်း မဟုတ်၊ တရားက **ကုစားစေခြင်း ဖြစ်တယ်။**

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားက "အရှင်ဘုရားတို့ ယခုရိုသေလေးစား မှီခိုအားထားနေကြရတဲ့ ရဟန်း တစ်ပါးပါး ရှိပါသလားဘုရား"လို့ မေးတဲ့အခါ "အဲဒီလို ရဟန်းလည်း တစ်ပါးတလေမျှ မရှိဘူး"လို့ ဖြေကြားတော်မူခဲ့ပါတယ်။

"အရှင်ဘုရား၊ အဲဒီလို ရဟန်းလည်း တစ်ပါးတစ်လေမျှ မရှိဘူးဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား" လို့ မေးတဲ့အခါ

"ပုဏ္ဏား၊ မြတ်စွာဘုရားက ကြည်ညိုဖွယ်တရား ၁၀-ပါးကို ဟောကြားတော်မူခဲ့တယ်။ အဲဒီ ၁၀-ပါးနှင့် ပြည့်စုံတဲ့ မည်သည့်

ရဟန်းကိုမဆို ငါတို့ ကြည်ညိုလေးစားကြ၊ မြတ်နိုးကြ၊ ပူဇော်ကြတယ်။ သူ့ကို မှီခိုအားထားပြီးတော့ နေကြတယ်။ အဲဒီ ၁၀-ပါး ကတော့ -

(၁) သီလရှိသူ ဖြစ်ရတယ်။

(၂) ဗဟုသုတရှိသူ ဖြစ်ရတယ်။ ဘုရားဟော တရားတွေကို ဆောင်ထားသူ ဖြစ်ရတယ်။

(၃) သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး ရရ သမျှနဲ့ ရောင့်ရဲသူ ဖြစ်ရတယ်။

(၄) ဈာန်လေးပါးကို အလွယ်တကူ ရသူ ဖြစ်ရတယ်။

(၅) ဣဒ္ဓိဝိဓအဘိညာဉ်ရသူ ဖြစ်ရတယ်။ အဲဒီအဘိညာဉ်ရသူဟာ တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်တယ်။ တစ်ပါးတည်း ဖြစ်လိုက် အများဖြစ်လိုက် ဖြစ်အောင်လည်း ဖန်ဆင်းနိုင်တယ်။ အများဖြစ်လိုက် တစ်ပါးတည်း ဖြစ်လိုက် ဖြစ်အောင်လည်း ဖန်ဆင်း နိုင်တယ်။ ကိုယ်ယောင်လည်း ဖျောက်နိုင်တယ်။ ကိုယ်ယောင်လည်းပြနိုင်တယ်။ ကောင်းကင်မှာကဲ့သို့ နံရံတစ်ဘက်၊ တံတိုင်းတစ်ဘက်၊ တောင်တစ်ဘက်သို့ မကပ်မငြိဘဲ သွားနိုင်တယ်။ ရေထဲမှာ ကဲ့သို့ မြေကြီးထဲမှာ ငုပ်ချည် ပေါ်ချည် ပြုနိုင်တယ်။ မြေပေါ် မှာကဲ့သို့ ရေပေါ်မှာ လမ်းလျှောက်နိုင်တယ်။ ငှက်ကဲ့သို့ ကောင်းကင်မှာ တင်ပလ္လင်ခွေပြီး သွားနိုင်တယ်။ ဒီလောက် စွမ်းအင်

ကြီးမားတဲ့ လနေတို့ကို တောင်မှ လက်ဖြင့် သုံးသပ်နိုင်တယ်။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း မိမိဆန္ဒအတိုင်း ဖြစ်စေနိုင်တယ်။

(၆) ဒိဗ္ဗသောတအဘိညာဉ်ရသူ ဖြစ်ရတယ်။ အဲဒီဒိဗ္ဗသောတအဘိညာဉ်ဟာ နတ်တို့ရဲ့ နားနှင့်တူတဲ့ ဉာဏ်တော် ဖြစ်တယ်။ အဲဒီ ဉာဏ်တော်ဖြင့် နတ်ပြည်က အသံကိုလည်း ကြားနိုင်တယ်။ လူ့ပြည်က အသံကိုလည်း ကြားနိုင်တယ်။ ဝေးတဲ့ အသံကိုလည်း ကြားနိုင်တယ်။ နီးတဲ့အသံကိုလည်း ကြားနိုင်တယ်။

(၇) ပရစိတ္တဝိဇာနန အဘိညာဉ်ရသူ ဖြစ်ရတယ်။ အဲဒီအဘိညာဉ်ဖြင့် သူတစ်ပါးရဲ့ စိတ်ကို ကွဲကွဲပြားပြား သိနိုင်တယ်။ တပ်မက်ခြင်း မကင်းတဲ့ စိတ်ကို တပ်မက်ခြင်း မကင်းတဲ့ စိတ်လို့ သိတယ်။ တပ်မက်ခြင်းကင်းတဲ့ စိတ်ကို တပ်မက်ခြင်း ကင်းတဲ့ စိတ်လို့ သိတယ်။ အမျက်ထွက်ခြင်း မကင်းတဲ့ စိတ်ကို အမျက်ထွက်ခြင်း မကင်းတဲ့ စိတ်လို့ သိတယ်။ အမျက်ထွက်ခြင်း ကင်းတဲ့ စိတ်ကို အမျက်ထွက်ခြင်း ကင်းတဲ့ စိတ်လို့ သိတယ်။ တွေဝေခြင်းမကင်းတဲ့ စိတ်ကို တွေဝေခြင်း မကင်းတဲ့ စိတ်လို့ သိတယ်။ တွေဝေခြင်း ကင်းတဲ့စိတ်ကို တွေဝေခြင်း ကင်းတဲ့ စိတ်လို့ သိတယ်။ ကျုံ့သော စိတ်စသည်ကိုလည်း

ကျံု့သော စိတ်စသည်လို့ သိတယ်။

(၈) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ရသူ ဖြစ်ရတယ်။ အဲဒီအဘိညာဉ်ဖြင့် ရှေးရှေးက ဖြစ်ခဲ့ဖူးတဲ့ မိမိရဲ့ ဘဝများစွာကို အောက်မေ့နိုင်တယ်။ တစ်ဘဝမှ ဘဝသိန်းပေါင်းများစွာ၊ ကမ္ဘာပေါင်း များစွာအထိ ပြန်ပြောင်း အောက်မေ့နိုင်တယ်။

(၉) ဒိဗ္ဗစက္ခုအဘိညာဉ်ရသူ ဖြစ်ရတယ်။ အဲဒီ ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုတာ - နတ်တို့ရဲ့ မျက်စိနှင့်တူတဲ့ ဉာဏ်တော်ဖြစ်တယ်။ အဲဒီ ဉာဏ်တော်ဖြင့် သေခါနီး ပုဂ္ဂိုလ်၊ ပဋိသန္ဓေနေပြီးစ ပုဂ္ဂိုလ် တို့ကို သိမြင်နိုင်တယ်။ အဲဒီ ပုဂ္ဂိုလ်တွေထဲမှာ တချို့က ယုတ်ညံ့ တယ်။ တချို့က မြင့်မြတ်တယ်။ တချို့က အဆင်းလှတယ်။ တချို့ အဆင်းမလှဘူး။ တချို့က ကောင်းတဲ့ဘဝမှာ ရောက်နေကြတယ်။ တချို့က မကောင်းတဲ့ဘဝမှာ ရောက်နေကြတယ်- စသည်အားဖြင့် အဲဒီလို ကံအား လျော်စွာ ဖြစ်နေတဲ့ ပုဂ္ဂိုလ်အမျိုးမျိုးကို သိမြင်နိုင် တယ်။

(၁၀) အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ် ဖြစ်ရတယ်။

ပုဏ္ဏား၊ မြတ်စွာဘုရားက ဒီကြည်ညိုဖွယ် တရား ဆယ်ပါးကို ဟောကြားတော်မူခဲ့တယ်။ ဒီကြည်ညိုဖွယ် တရား

ဆယ်ပါးရှိတဲ့ မည်သည့်ရဟန်းကိုမဆို ငါတို့ ကြည်ညိုလေးစား၊ မြတ်နိုး၊ ပူဇော်ကြတယ်။ သူ့ကို မှီခိုအားထားပြီး နေကြတယ်။

အဲဒီလို အရှင်အာနန္ဒာက ရှင်းပြတဲ့အခါ မဂဓတိုင်းရဲ့ အမတ်ကြီးဖြစ်တဲ့ ဝဿကာရပုဏ္ဏားဟာ ဥပနန္ဒဆိုတဲ့ စစ်သူကြီးကို "ကဲ လူကြီးမင်းစစ်သူကြီး၊ ဘယ်လိုထင်ပါသလဲ?။အရှင်သူမြတ်များ ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြတာဟာ ရိုသေ၊ လေးစား၊ မြတ်နိုး၊ပူဇော်ထိုက်သူကို ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြတာ ဟုတ်ပါရဲ့လား"လို့ မေးမြန်းတဲ့အခါ

ဥပနန္ဒက "တကယ့်ကို ဟုတ်ပါတယ်အရှင်။ အရှင်သူမြတ်များဟာ ဒီလိုပုဂ္ဂိုလ်မျိုးကိုမှ မရိုသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ကြလျှင် ဘယ်လိုပုဂ္ဂိုလ်မျိုးကို ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြတော့မှာလဲ" လို့ ဖြေကြားခဲ့ပါတယ်။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားက အရှင်အာနန္ဒာကို "အရှင်ဘုရားအာနန္ဒာ၊ အခု ဘယ်မှာ သီတင်းသုံးပါသလဲဘုရား" လို့ မေးမြန်းတဲ့အခါ "ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးပါတယ်" လို့ ဖြေကြားတော်မူပါတယ်။

"အရှင်ဘုရားအာနန္ဒာ၊ ဝေဠုဝန်ကျောင်းတော်ဟာ မွေ့လျော်ဖွယ် ရှိပါရဲ့လား၊ လူသံသူသံ ဆူညံသံ တိတ်ဆိတ်ငြိမ်သက် ပါရဲ့လား။ လူတို့ရဲ့ ဆိတ်ကွယ်ရာ ဖြစ်ပါရဲ့လားဘုရား၊ တစ်ပါးတည်း သီတင်းသုံးဖို့ရာ သင့်တော်ပါရဲ့လားဘုရား"လို့

မေးမြန်းတဲ့အခါ

"အားလုံးအဆင်ပြေပါတယ်။ အဲဒီလို အဆင်ပြေ တာဟာ သင်တို့ကဲ့သို့ စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေကြောင့် ဖြစ်တယ်"လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားက "အရှင်ဘုရား၊ အဲဒီလို အဆင်ပြေတာဟာ တကယ်ကတော့ ဈာန်ရပြီး ဈာန်ဝင်စားလေ့ ရှိကြတဲ့ အရှင်ကောင်း အရှင်မြတ်တွေကြောင့်သာ ဖြစ်ပါတယ်။ အရှင်ကောင်းအရှင်မြတ်တို့ဟာ ဈာန်ကို ရကြ၊ ဈာန်ဝင်စားနိုင်ကြ တယ်ဘုရား။ အရှင်ဘုရား၊ မြတ်စွာဘုရားဟာ ဈာန်အားလုံးကို ချီးမွမ်းပါသလားဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက "ပုဏ္ဏား၊ မြတ်စွာဘုရား ဟာ ဈာန်အားလုံးကို မချီးမွမ်း၊ ဈာန်ကိုတော့ မချီးမွမ်းသည် မဟုတ်။ ပုဏ္ဏား၊ ဘယ်လိုဈာန်ကို မြတ်စွာဘုရား မချီးမွမ်းသလဲ- ဆိုတော့ "ပုဏ္ဏား၊ စူးစိုက်မှုကို ဈာန်လို့ခေါ်တယ်။ လောကမှာ တချို့က ကာမရာဂ သောင်းကြမ်းတဲ့စိတ်နဲ့ နေတယ်။ အဲဒီ ကာမ ရာဂကို မဖျောက်တတ်ဘူး။ ဒီတော့ ကာမရာဂကို သိမ်းပိုက် ထားပြီး စူးစိုက်ကြံစည်တယ်။ အမျိုးမျိုး စူးစိုက်ကြံစည်တယ်။ တစိမ့်စိမ့် ရှုတယ်။ အဖန်တလဲလဲ ရှုတယ်။ အဲဒီလို ကာမရာဂနဲ့ အဖန် တလဲလဲ စူးစိုက်ရှုမှုဆိုတဲ့ ဈာန်ကိုတော့ မြတ်စွာဘုရား ချီးမွမ်းတော် မမူဘူး။

ထို့အတူပဲ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့နဲ့

အဖန် တလဲလဲ စူးစိုက်ရှုမှုဆိုတဲ့ စျာန်ကိုလည်း မြတ်စွာဘုရား ချီးမွမ်းတော်မမူဘူး။

ဘယ်လိုစျာန်မျိုးကို မြတ်စွာဘုရားချီးမွမ်းတော်မူသလဲဆိုတော့ - ကာမဂုဏ်ကင်းတဲ့ အကုသိုလ်ကင်းတဲ့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို မြတ်စွာဘုရား ချီးမွမ်းတော်မူတယ်။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားက - "အရှင်ဘုရား အာနန္ဒာ၊ မြတ်စွာဘုရားဟာ ချီးမွမ်းသင့်တဲ့ စျာန်ကို ချီးမွမ်းတော်မူပြီး ကဲ့ရဲ့သင့်တဲ့ စျာန်ကို ကဲ့ရဲ့ တော်မူပါပေတယ်ဘုရား"-လို့ လျှောက်ထားပြီး "အရှင်ဘုရား၊ တပည့်တော်တို့ဟာ အလုပ်ကိစ္စ များကြတယ်ဘုရား၊ ပြန်ခွင့်ပြုတော်မူပါအုံး"လို့ လျှောက်ထားကာ ပြန်သွားခဲ့ပါတယ်။

ဂေါပကမောဂ္ဂလ္လာနသုတ် ပြီးပြီ။

❊ ❊ ❊

(၅၁)

## ၉–မဟာပုဏ္ဏမသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဝိသာခါ ရဲ့ ပုဗ္ဗာရုံကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ လပြည့်နေ့ည တစ်ညမှာ မြတ်စွာဘုရားဟာ လွင်တီးပြင် တစ်ခုမှာ သီတင်းသုံးနေတော်မူပါတယ်။ ရဟန်းများစွာက မြတ်စွာဘုရားကို ခြံရံထားကြပါတယ်။ အဲဒီအခါမှာ ရဟန်းတစ်ပါးဟာ သံဃပရိသတ်ထဲမှာ ထိုင်ရာမှ ထလိုက်ပါတယ်။ လက်ဝဲတစ်ဘက် ပုခုံးထက်မှာ သင်္ကန်းကို လက်ကန်တော့တင်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားကို လက်အုပ်ချီပြီး "မြတ်စွာဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော် အကြောင်းအချက် တစ်ခုကို မေးလိုပါတယ် ဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားဟာ "ရဟန်း၊ ကိုယ့်နေရာကိုယ်ထိုင်ပြီး မေးလိုရာကို မေးပါ" လို့ ခွင့်ပြုတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အဲဒီရဟန်းဟာ သူ့နေရာသူ ထိုင်ပြီး "မြတ်စွာဘုရား၊ ရုပ်ဟူသော ဉပါဒါနက္ခန္ဓာ၊ ဝေဒနာဟူသော ဉပါဒါနက္ခန္ဓာ၊ သညာဟူသော ဉပါဒါနက္ခန္ဓာ၊ သင်္ခါရဟူသော ဉပါဒါနက္ခန္ဓာ၊ ဒီငါးပါးကို ဉပါဒါနက္ခန္ဓာ ငါးပါး'လို့ ခေါ်ပါသလားဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

မြတ်စွာဘုရားက "ရဟန်း၊ အဲဒီ ငါးပါးကိုပဲ ဉပါဒါနက္ခန္ဓာ ငါးပါး ခေါ်တယ်"လို့ ဖြေကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ အဖြေကို ကြားရတဲ့အခါ အဲဒီ ရဟန်းဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး မြတ်စွာဘုရားကို ဆက်လက်မေးမြန်းခဲ့ပါတယ်။

"မြတ်စွာဘုရား၊ အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးဟာ ဘာကြောင့် ဖြစ်ပါသလဲဘုရား"လို့ မေးလျှောက်တဲ့အခါ

"တောင့်တမှုကြောင့် ဖြစ်တယ်"လို့ ဖြေကြားတော်မူ ခဲ့ပါတယ်။

"မြတ်စွာဘုရား၊ ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်ပါ သလားဘုရား၊ သို့မဟုတ် ဥပါဒါန်ဟာ ဥပါဒါနက္ခန္ဓာငါးပါး နှင့် ကင်းပြီ ဖြစ်ပါသလားဘုရား"လို့ လျှောက်ထားတဲ့အခါ

"ရဟန်း၊ ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာငါးပါးမဟုတ်။ ဒါပေမဲ့ ဥပါဒါန်ဟာ ဥပါဒါနက္ခန္ဓာ ငါးပါးနှင့် ကင်းပြီးလည်း မဖြစ်။ ဥပါဒါနက္ခန္ဓာငါးပါး အပေါ်မှာ တောင့်တစွဲလမ်းခြင်းဟာ ဥပါဒါန် ဖြစ်တယ်" လို့ ဖြေကြားတော်မူခဲ့ပါတယ်။

"မြတ်စွာဘုရား၊ အဲဒီ တောင့်တစွဲလမ်းမှုဟာ အမျိုးမျိုး ကွဲပြားခြားနားမှု ရှိပါသလားဘုရား"လို့ လျှောက်ထားတဲ့အခါ

"ရဟန်း၊အမျိုးမျိုး ကွဲပြားမှုရှိတယ်။ ကွဲပြားပုံကတော့ နောင်အခါမှာ ဒီလိုဒီလို ရုပ်မျိုးရှိသူ ဖြစ်ပါရစေ။ ဒီလိုဒီလို ဝေဒနာမျိုးရှိသူ ဖြစ်ပါရစေ၊ ဒီလိုဒီလိုသညာမျိုးရှိသူ ဖြစ်ပါရစေ။ ဒီလိုဒီလို သင်္ခါရမျိုးရှိသူ ဖြစ်ပါရစေ၊ ဒီလိုဒီလို ဝိဉာဏ်(သိစိတ်)မျိုး ရှိသူဖြစ်ပါရစေ"လို့ ကွဲပြားတယ်။"

"မြတ်စွာဘုရား၊ ဘာကို ခန္ဓာလို့ ခေါ်ပါသလဲဘုရား?"

"ရဟန်း၊ အတိတ်က ဖြစ်ခဲ့တဲ့ရုပ်၊ အနာဂတ်မှာ ဖြစ်မည့်ရုပ်၊ သခုပစ္စုပ္ပန်မှာ ဖြစ်ဆဲရုပ်၊ မိမိရဲ့ သန္တာန်မှာ ဖြစ်တဲ့ရုပ်၊ အပြင်မှာ ဖြစ်တဲ့ရုပ်၊ ကြမ်းတမ်းတဲ့ရုပ်၊ သိမ်မွေ့တဲ့ရုပ်၊ ညံ့တဲ့ရုပ်၊ မြတ်တဲ့ရုပ်၊ အဝေးမှာ ရှိတဲ့ရုပ်၊ အနီးမှာ ရှိတဲ့ ရုပ်၊ အဲဒီ ရုပ် ၁၁-မျိုးကို ရူပက္ခန္ဓာလို့ ခေါ်တယ်။

အတိတ်မှာ ဖြစ်ခဲ့တဲ့ ဝေဒနာစတဲ့ ဝေဒနာ ၁၁-မျိုး၊ သညာ ၁၁-မျိုး၊ သင်္ခါရ ၁၁-မျိုး၊ ဝိညာဉ် ၁၁-မျိုးတို့ကို ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ အသီးသီးခေါ်တယ်။

"မြတ်စွာဘုရား၊ ခန္ဓာငါးပါးကို သတ်မှတ်ရန်အတွက် အကြောင်းတွေက ဘာတွေပါလဲဘုရား?"

"ရဟန်း၊ ရူပက္ခန္ဓာကို သတ်မှတ်ရန်အကြောင်းက ရေဓာတ်၊ မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်ဆိုတဲ့ မဟာဘုတ်လေးပါး ဖြစ်တယ်။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကို သတ်မှတ်ရန် အကြောင်းက ဖဿ ဖြစ်တယ်။

ဝိညာဏက္ခန္ဓာကို သတ်မှတ်ရန် အကြောင်းက နာမ်ရုပ် ဖြစ်တယ်။"

"မြတ်စွာဘုရား၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသလဲ ဘုရား?"

"ရဟန်း၊ ပုထုဇဉ်ဟာ ခန္ဓာငါးပါးကို အတ္တလို့ အဖန်ဖန်

ရှုမြင်တယ်။ ဤသို့လျှင် သက္ကာယဒိဋ္ဌိဖြစ်တယ်။"

"မြတ်စွာဘုရား၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိကင်းပါသလဲဘုရား?"

"ရဟန်း၊ အရိယာပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးကို အတ္တ-ဟု မရှုမြင် တော့၊ ရဟန်း၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ကင်းတယ်။"

" မြတ်စွာဘုရား ရုပ်ရဲ့ သယာဖွယ်၊ ရုပ်ရဲ့ အပြစ်၊ ရုပ်ရဲ့ ထွက်မြောက်ရာဟာ ဘာပါလဲဘုရား။ ဝေဒနာစတဲ့ ကျန်လေးပါးရဲ့ သာယာဖွယ် အပြစ်နှင့် ထွက်မြောက်ရာတို့ဟာ ဘာတွေပါလဲဘုရား?"

"ရဟန်း ရုပ်ကို အကြောင်းပြုပြီး ဖြစ်တဲ့ ချမ်းသာခြင်း ပျော်ရွှင်ခြင်းဟာ ရုပ်ရဲ့ သာယာဖွယ် ဖြစ်တယ်။ ရုပ်ရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း ဖောက်ပြန် ပြောင်းလွဲခြင်းတို့ဟာ ရုပ်ရဲ့ အပြစ် ဖြစ်တယ်။ ရုပ်၌ တောင့်တစွဲလမ်းမှုကို ပယ်ခြင်းဟာ ရုပ်ရဲ့ ထွက်မြောက်ရာ ဖြစ်တယ်။

ဝေဒနာစတဲ့ ကျန်လေးပါးကို အကြောင်းပြုပြီး ဖြစ်တဲ့ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းဟာ ဝေဒနာစတဲ့ ကျန်လေးပါးရဲ့ သာယာဖွယ် ဖြစ်တယ်။ ဝေဒနာစတဲ့ ကျန်လေးပါးရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန် ပြောင်းလွဲခြင်းတို့ဟာ ဝေဒနာစတဲ့ ကျန်လေးပါးရဲ့ အပြစ် ဖြစ်တယ်။ ဝေဒနာစတဲ့ ကျန်လေးပါးမှာ တောင့်တစွဲလမ်းမှုကို ပယ်ခြင်းဟာ ဝေဒနာစတဲ့ ကျန်လေးပါးရဲ့ ထွက်မြောက်ရာ ဖြစ်တယ်။"

(၅၅)

"မြတ်စွာဘုရား၊ ဘယ်လို သိမှမြင်မှ မာနကင်းပါသလဲ ဘုရား?"

" ရဟန်း ၊ ခန္ဓာငါးပါးကို ငါမဟုတ်။ ငါ့ ဥစ္စာမဟုတ်။ ငါ့အတ္တ မဟုတ်" - လို့ အမှန်အတိုင်း အမြင်မှန်နဲ့ သိမြင်မှ မာန ကင်းတယ်။"

အဲဒီအခါမှာ ရဟန်းတပါးဟာ "ခန္ဓာငါးပါးဟာ အနတ္တတဲ့။ ဒါဆိုရင် အနတ္တဖြစ်တဲ့ ခန္ဓာငါးပါးမှာ တည်ပြီး ပြုထားတဲ့ ကံဟာ အဘယ်မည်သော အတ္တနှင့် ပေါင်းဆုံကြတော့မလဲ" လို့ စဉ်းစား ကြံစည်နေပါတယ်။

အဲဒီ ရဟန်းရဲ့ အကြံအစည်ကို မြတ်စွာဘုရား သိတော်မူ လို့ ရဟန်းတော်တို့အား အခုလိုမိန့်ကြားတော် မူခဲ့ပါတယ်။

"ရဟန်းတို့ ၊ လောကမှာ အသုံးမကျတဲ့ လူအချို့ဟာ တဏှာ ကြီးစိုးတဲ့စိတ်နဲ့ ငါဘုရားရဲ့ အဆုံးအမတော်ကို ကျော်လွန် ထိုက်တယ်လို့ ထင်နေတယ်။ သူဟာ ဘာမှမသိ အသိဉာဏ် ကင်းမဲ့လို့ ဖြစ်တယ်။ ရဟန်းတို့ ၊ (ခန္ဓာငါးပါးရဲ့ အနတ္တ ဖြစ်ပုံကို) သုတ္တန်ပေါင်းများစွာမှာ သင်တို့အား ငါဘုရား ထပ်တလဲလဲ ဟော ကြား ပြီးပြီ။

ရဟန်းတို့၊ ခန္ဓာငါးပါးသည် မမြဲကြ၊ ဆင်းရဲကြတယ်။ ဒါ့ကြောင့် ခန္ဓာငါးပါးကို "ငါ ၊ ငါ့ဥစ္စာ၊ ငါ့အတ္တ"-လို့ မရှုမြင်သင့်။

ခန္ဓာမှန်သမျှကို "ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်" လို့ အမြင်မှန်နဲ့ အမှန်အတိုင်း ရှုမြင်သင့်တယ်။

အဲဒီလို ရှုရင် ခန္ဓာငါးပါးမှာ ငြီးငွေ့လာတယ်။ ငြီးငွေ့ရင် တပ်မက်မှုကင်းတယ်။ တပ်မက်မှုကင်းရင် ကိလေသာမှ လွတ်မြောက်တယ်။ ကိလေသာမှ လွတ်မြောက်တဲ့အခါ "ကိလေသာမှ လွတ်မြောက်ပြီ"လို့ အသိဉာဏ်ဖြစ်တယ်။ "နေရမည့် ပဋိသန္ဓေ ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ (မဂ်ရပြီးပြီ။) ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ဒီထက် တိုးပြီးတော့ ပြုလုပ်စရာ မရှိတော့ပြီလို့ သိတယ်"-လို့ ဟောကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ တရားတော်ကို ရဟန်းများ သဘောကျနှစ်သက်ပြီး သာဓုခေါ်ခဲ့ကြပါတယ်။ ဒီတရားတော် ဟောအပြီးမှာ ရဟန်းတော် ခြောက်ဆယ်တို့ ရဟန္တာ ဖြစ်တော်မူခဲ့ကြပါတယ်။

**မဟာပုဏ္ဏမသုတ် ပြီးပြီ။**

❁ ❁ ❁ ❁ ❁ ❁

# ၁၀–စူဠပုဏ္ဏမသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဝိသာခါရဲ့ ပုဗ္ဗာရုံကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက လပြည့်နေ့ည တစ်ညမှာ မြတ်စွာဘုရားဟာ လွင်တီးပြင်မှာ ထိုင်နေတော်မူပါတယ်။ ရဟန်းပေါင်းများစွာကလည်း မြတ်စွာဘုရားကို ခြံရံပြီး ထိုင်နေကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြတဲ့ ရဟန်းများစွာကို ကြည့်တော်မူပြီး အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"ရဟန်းတို့၊ သူယုတ်မာဟာ သူယုတ်မာကို 'ဒီသူဟာ သူယုတ်မာပဲ'လို့ မသိနိုင်။ သူယုတ်မာဟာ သူတော်ကောင်းကိုလည်း 'ဒီသူဟာ သူတော်ကောင်းပဲ' လို့ မသိနိုင်။

ရဟန်းတို့၊ သူယုတ်မာဟာ သူယုတ်မာ အကျင့်ရှိတယ်။ သူယုတ်မာတို့ကို ဆည်းကပ်တတ်တယ်။ သူယုတ်မာတို့ရဲ့ အကြံအစည်ကို ကြံစည်လေ့ရှိတယ်။ သူယုတ်မာ အတိုင်ပင်ကို တိုင်ပင်လေ့ ရှိတယ်။ သူယုတ်မာပြော ပြောလေ့ရှိတယ်။ သူယုတ်မာ အလုပ်ကို လုပ်ကိုင်လေ့ရှိတယ်။ သူယုတ်မာအယူကို ယူလေ့ရှိတယ်။ သူယုတ်မာတို့ရဲ့ လှူနည်းမျိုးနဲ့ လှူလေ့ရှိတယ်။

(၁) ရဟန်းတို့၊ သူယုတ်မာအကျင့်ရှိပုံကတော့ သူယုတ်မာဟာ ယုံကြည်မှု သဒ္ဓါတရား မရှိဘူး။ အရှက်မရှိဘူး။ အကြောက်မရှိဘူး။ အကြား အမြင် နည်းတယ်။ ပျင်းရိတယ်။

သတိမေ့တယ်။ ပညာမရှိဘူး။

(၂) သူယုတ်မာတို့ကို ဆည်းကပ်ပုံကတော့ -

လောကမှာ သူယုတ်မာများဖြစ်ကြတဲ့ ပရိဗိုဇ်များ၊ ပုဏ္ဏား များ ရှိကြတယ်။ သူတို့ဟာ သဒ္ဓါတရား မရှိကြဘူး။ အရှက် အကြောက် မရှိကြဘူး။ အကြားအမြင် နည်းကြ၊ ပျင်းရိကြတယ်။ သတိမေ့ကြတယ်။ ပညာမရှိကြဘူး။ အဲဒီလို ပရိဗိုဇ်များ၊ ပုဏ္ဏား များကို အဲဒီ သူယုတ်မာဟာ ဆည်းကပ်လေ့ရှိတယ်။

(၃) သူယုတ်မာတို့ရဲ့ အကြံအစည်ကို ကြံစည်ပုံကတော့- သူယုတ်မာဟာ မိမိ ဒုက္ခရောက်ဖို့ရာလည်း ကြံစည်တယ်။ သူတပါး ဒုက္ခရောက်အဲဒီလို ဖို့ရာလည်း ကြံစည်တယ်။ မိမိ သူတပါး နှစ်ဦး သားလုံး ဒုက္ခရောက် ဖို့ရာလည်း ကြံစည်တယ်။

(၄) သူယုတ်မာတို့ရဲ့ အတိုင်ပင်ကို တိုင်ပင်လေ့ရှိပုံကတော့- သူယုတ်မာဟာ မိမိဒုက္ခရောက်ဖို့ရာလည်း တိုင်ပင်တယ်။ သူတပါး ဒုက္ခရောက်ဖို့ ရာလည်း တိုင်ပင်တယ်။ မိမိ သူတပါး နှစ်ဦးသားလုံး ဒုက္ခရောက် ဖို့ရာလည်း တိုင်ပင်တယ်။

(၅) သူယုတ်မာပြော ပြောပုံကတော့- သူယုတ်မာဟာ လိမ်ညာပြောလေ့ရှိတယ်။ ကုန်းတိုက်လေ့ရှိတယ်။ ကြမ်းတမ်းတဲ့ စကားကို ပြောလေ့ရှိတယ်။ အနှစ်မရှိတဲ့ စကားကို ပြောလေ့

ရှိတယ်။

(၆) သူယုတ်မာအလုပ်ကို လုပ်ကိုင်လေ့ရှိပုံကတော့-သူယုတ်မာဟာ သူတစ်ပါး အသက်ကို သတ်လေ့ရှိတယ်။ သူတစ်ပါး ဥစ္စာကို ခိုးလေ့ ရှိတယ်။ သူတပါးသားမယားကို ပြစ်မှားလေ့ရှိတယ်။

(၇) သူယုတ်မာအယူကို ယူလေ့ရှိပုံကတော့- ပေးလှူခြင်းရဲ့ အကျိုး မရှိ၊ ပူဇော်ခြင်းရဲ့ အကျိုး မရှိ၊ ကောင်းမှု မကောင်းမှုတို့ ရဲ့ အကျိုးရင်း အကျိုးဆက် မရှိ၊ ဒီဘဝ မရှိ၊ နောင်ဘဝ မရှိ၊ မိဘကို လုပ်ကျွေးခြင်းရဲ့ အကျိုး မရှိ မွေးစကပင် ၁၅-နှစ် အရွယ်ခန့်ကိုယ် ခန္ဓာ ကြီးမားတဲ့ ပုဂ္ဂိုလ် မရှိ၊ ဒီဘဝ နောင်ဘဝကို သိပြီး ဟောပြကြ၊ ကျင့်ကြံကြတဲ့ ရဟန်းပုဏ္ဏား မရှိ-လို့ သူယုတ်မာဟာ ယူလေ့ရှိတယ်။

(၈) သူယုတ်မာရဲ့ လှူနည်းမျိုးနဲ့ လှူလေ့ရှိပုံကတော့ သူယုတ်မာဟာ မရိုမသေ လှူတတ်တယ်။ ကျွန်အလုပ်သမားစတဲ့ သူတပါးကို လှူခိုင်းတတ်တယ်။ စိတ်မပါဘဲ လှူတတ်တယ်။ စွန့်ပစ်သကဲ့သို့ ပစ်စလက်ခတ် လှူတတ်တယ်။ အကျိုး ရှိလိမ့်မယ်လို့ အယူမရှိဘဲ လှူတတ်တယ်။

အဲဒီအကျင့်ဆိုးတွေ ရှိတဲ့ သူယုတ်မာသေတဲ့အခါ သူယုတ်မာတို့ ရောက်သင့် ရောက်ထိုက်တဲ့ ဘုံဘဝသို့ ရောက်ရ

တယ်။ အဲဒီဘုံဘဝကတော့ - ငရဲ ဘုံဘဝ နှင့် တိရစ္ဆာန်အမျိုးအနွယ် တစ်ခုခုပဲ ဖြစ်တယ်။

ရဟန်းတို့၊ သူတော်ကောင်းဟာ သူတော်ကောင်းကို "ဒီသူဟာ သူတော်ကောင်းပဲ"လို့ သိနိုင်တယ်။ သူတော်ကောင်းဟာ သူယုတ်မာကိုလည်း 'ဒီသူဟာ သူယုတ်မာပဲ'လို့ သိနိုင်တယ်။

ရဟန်းတို့၊ သူတော်ကောင်းဟာ သူတော်ကောင်းတရားရှိတယ်။ သူတော် ကောင်းတို့ကို ဆည်းကပ်လေ့ရှိတယ်။ သူတော်ကောင်း အကြံအစည်ကို ကြံစည် လေ့ရှိတယ်။ သူတော်ကောင်း အတိုင်ပင်ကို တိုင်ပင်လေ့ရှိတယ်။ သူတော်ကောင်း စကားကို ပြောဟောလေ့ရှိတယ်။ သူတော်ကောင်းအလုပ်ကို လုပ်ကိုင်လေ့ရှိတယ်။ သူတော်ကောင်းအယူကို ယူလေ့ရှိတယ်။ သူတော်ကောင်း လှူနည်းနဲ့ လှူလေ့ရှိတယ်။

(၁) သူတော်ကောင်းတရား ရှိပုံကတော့ - သူတော်ကောင်းဟာ ယုံကြည်မှု သဒ္ဓါ တရားရှိတယ်၊ အရှက်အကြောက်ရှိတယ်၊ အကြားအမြင်များတယ်၊ လုံ့လဝီရိယ ရှိတယ်၊ သတိရှိတယ်၊ ပညာရှိတယ်။

(၂) သူတော်ကောင်းတို့ကို ဆည်းကပ်လေ့ရှိပုံကတော့- လောကမှာ သူတော်ကောင်းဖြစ်ကြတဲ့ ရဟန်းပုဏ္ဏားများရှိကြတယ်၊ သူတို့ဟာ သဒ္ဓါတရားရှိကြတယ်၊ အရှက်အကြောက်ရှိကြ

တယ်၊ အကြားအမြင်များကြတယ်၊ လုံ့လဝီရိယရှိကြတယ်၊ သတိရှိကြတယ်၊ ပညာရှိကြတယ်၊ အဲဒီရဟန်း ပုဂ္ဂိုလ်တို့ကို သူတော်ကောင်းဟာ ဆည်းကပ်လေ့ရှိတယ်။

(၃) သူတော်ကောင်းအကြံအစည်ကို ကြံစည်လေ့ရှိပုံကတော့- သူတော်ကောင်းဟာ မိမိ ဒုက္ခရောက်ဖို့ရာမကြံစည်ဘူး၊ သူတပါး ဒုက္ခရောက်ဖို့ ရာ မကြံစည်ဘူး၊ မိမိ သူတပါး နှစ်ဦးသားလုံး ဒုက္ခရောက်ဖို့ရာ မကြံစည်ဘူး။ (မိမိ, သူတပါး, နှစ်ဦးသားလုံး အကျိုးများဖို့ရာသာ ကြံစည်တယ်။)

(၄) သူတော်ကောင်း အတိုင်ပင်ကို တိုင်ပင်လေ့ရှိပုံကတော့- သူတော်ကောင်းဟာ မိမိဒုက္ခရောက်ဖို့ရာ မတိုင်ပင်ဘူး။ သူတပါး ဒုက္ခရောက်ဖို့ရာ မတိုင် ပင်ဘူး။ မိမိ သူတပါး ၂-ဦးသားလုံး ဒုက္ခရောက်ဖို့ရာ မတိုင်ပင်ဘူး။

(၅) သူတော်ကောင်းစကားကို ပြောဟောလေ့ရှိပုံကတော့- သူတော်ကောင်းဟာ လိမ်ညာပြောခြင်းကို ရှောင်ကြဉ်တယ်၊ ကုန်းတိုက်ခြင်းကို ရှောက်ကြဉ် တယ်၊ ကြမ်းတမ်းတဲ့စကားပြောခြင်းကို ရှောင်ကြဉ်တယ်၊ အကျိုး မဲ့စကားပြောခြင်းကို ရှောင်ကြဉ်တယ်။

(၆) သူတော်ကောင်းအလုပ်ကို လုပ်ကိုင်လေ့ရှိပုံကတော့- သူတော်ကောင်းဟာ သူတပါး အသက်ကို သတ်လေ့မရှိဘူး၊

သူတပါး ဥစ္စာကို ခိုးလေ့ မရှိဘူး ၊ သူတပါးသားမယားကို ပြစ်မှား ကျူးလွန်လေ့မရှိဘူး။

(၇) သူတော်ကောင်းအယူကို ယူလေ့ရှိပုံကတော့- ပေးလှူခြင်းရဲ့ အကျိုးရှိတယ်၊ ပူဇော်ခြင်းရဲ့ အကျိုးရှိတယ်၊ ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးရင်း-အကျိုးဆက် ရှိတယ်၊ ဒီဘဝ နောင်ဘဝ ရှိတယ်၊ မိဘကို ပြုစုလုပ်ကျွေးခြင်းရဲ့ အကျိုးရှိတယ်၊ မွေးစကပင် ၁၅-နှစ်အရွယ်ခန့် ကိုယ်ခန္ဓာကြီးမားတဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိတယ်၊ ဒီဘဝ နောင်ဘဝကို သိပြီး ဟောပြောကြ၊ ကျင့်ကြံကြတဲ့ ရဟန်း ပုဏ္ဏားတို့ဆိုတာ ရှိတယ်"လို့ သူတော်ကောင်းဟာ ယူလေ့ရှိတယ်။

(၈) သူတော်ကောင်းလှူနည်းနဲ့ လှူလေ့ရှိပုံကတော့- သူတော်ကောင်းဟာ ရိုရို သေသေ လေးလေးစားစား လှူတယ်၊ ကိုယ်တိုင်လှူတယ်၊ စိတ်ပါ လက်ပါလှူတယ်၊ စွန့်ပစ်သကဲ့သို့ ပစ်စ လက်ခတ် မလှူဘူး၊ အကျိုး ရှိလိမ့်မယ်-ဆိုတဲ့ အယူရှိပြီး လှူတယ်။

အဲဒီ တရားများရှိတဲ့ သူတော်ကောင်း သေဆုံးတဲ့အခါ သူတော်ကောင်းတို့ ရောက်သင့် ရောက်ထိုက်တဲ့ ဘုံဘဝသို့ ရောက်ရတယ်။ အဲဒီ ဘုံဘဝကတော့ - အထက်တန်းစား လူ့ဘဝနှင့် အထက်တန်းစား နတ်ဘဝတို့ ဖြစ်တယ်။

စူဠပုဏ္ဏမသုတ် ပြီးပြီ။

ဒေဝဒဟဝဂ် ပြီးပြီ။

## ၂-အနုပဒဝဂ်

## ၁-အနုပဒသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော် မူခဲ့ပါတယ်။

"ရဟန်းတို့၊ သာရိပုတြာဟာ ပညာရှိသူဖြစ်တယ်။ အထက်တန်းကျတဲ့ ပညာရှိသူ ဖြစ်တယ်။ ပညာကြီးသူဖြစ်တယ်၊ ရွှင်သော ပညာရှိသူ ဖြစ်တယ်၊ လျှင်သော ပညာရှိသူ ဖြစ်တယ်၊ ထက်သော ပညာရှိသူ ဖြစ်တယ်၊ ကိလေသာကို ဖောက်ခွဲနိုင်သော ပညာရှိသူ ဖြစ်တယ်။ ရဟန်းတို့ ၊ သာရိပုတြာဟာ ၁၅-ရက်ကြာအောင် **အသေးစိတ်ဝိပဿနာကို** ရှုမှတ်ပွားများတယ်။ ဘယ်လို ရှုမှတ်ပွားများသလဲဆိုတော့ -

ရဟန်းတို့၊ သာရိပုတြာဟာ ပထမစျာန်ကို ဝင်စားနိုင်သူ ဖြစ်တယ်။ အဲဒီ ပထမစျာန်ထဲမှာပါတဲ့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်၊ ဆန္ဒ၊ အဓိမောက္ခ ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ-ဆိုတဲ့ ၁၆-ပါးကို သာရိပုတြာဟာ **အသေးစိတ်** ခွဲခြားသိနိုင်တယ်၊ အဲဒီတရားတွေဟာ သာရိပုတြာရဲ့ ဉာဏ်မှာ ထင်ထင်ရှားရှား ဖြစ်လာကြ၊ ပေါ်လာကြတယ်။ ထင်ထင်ရှားရှား ချုပ်ပျောက်သွားကြတယ်။ ဒါနဲ့ သာရိပုတြာဟာ အခုလို သိတယ်။ ဒီတရားတွေဟာ ရှေးက မရှိ

ဘဲ ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်-လို့ သိတယ်။ သာရိပုတြာဟာ အဲဒီတရား ၁၆-ပါးအပေါ်မှာ တပ်မက်ခြင်း၊ မုန်းတီးခြင်း၊ မှီတွယ်ခြင်း၊ ကပ်ငြိခြင်း ကင်းတယ်။ ကာမရာဂမှလည်း လွတ်မြောက်တယ်၊ ကိလေသာအားလုံးလည်း ကင်းတယ်။ ကိလေသာကင်းတဲ့ စိတ်နဲ့ နေတယ်။ သာရိပုတြာဟာ လွတ်မြောက်ရာ နောက်ထပ် ရှိသေးတယ်လို့ သိတယ်။ ထွက်မြောက်ရာ နောက်ထပ်ရှိသေးတယ်လို့ သိတယ်။ ထွက်မြောက်ရာ နောက်ထပ်ရှိသေးသည်သာ-လို့ပဲ သာရိပုတြာဟာ ဆုံးဖြတ်ချက်ချတယ်။ အကြောင်းကတော့ အဲဒီ ဝိပဿနာကို ထပ်ခါထပ်ခါ ပွားများထားသောကြောင့် ဖြစ်တယ်။

ထို့အတူပဲ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန် ၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်တို့ကို ဝင်စားနိုင်ပြီး အဲဒီ စျာန်တွေထဲမှာ ပါတဲ့ တရားတွေကိုလည်း အသေးစိတ် ခွဲခြားပြီး သိနိုင်တယ်။

နေဝသညာနာသညာယတနသမာပတ်မှ ထတဲ့အခါ ချုပ်ပျောက်သွားတဲ့ တရားတွေကို ဝိပဿနာ ရှုတယ်။ ဒီတရားတွေဟာ ရှေးက မရှိဘဲ ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်-လို့ ဝိပဿနာရှုတယ်။ ထွက်မြောက်ရာ နောက်ထပ်ရှိသေးတယ်လို့ သိတယ်။

အဲဒီနောက် နိရောဓသမာပတ်ကို ဝင်စားတယ်။ သာရိပုတြာဟာ မဂ်ဉာဏ်နဲ့ သစ္စာလေးပါးကို သိမြင်ပြီးဖြစ်တယ်။

ဒ့ါကြောင့် သူ့မှာ အာသဝေါတရားများ ကုန်ခမ်းပြီး ဖြစ်တယ်။ အဲဒီ နီရောဓ သမာပတ်မှ ထတဲ့အခါ ချုပ်ပျောက်သွားတဲ့ တရားတို့ကို ဝိပဿနာရှုတယ်။ ဒီတရားတွေဟာ ရှေးက မရှိဘဲ ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးတော့ ချုပ်ပျောက်သွားကြတယ်-လို့ ဝိပဿနာရှုတယ်။ သာရိပုတြာဟာ ထွက်မြောက်ရာ နောက်ထပ် မရှိတော့ဘူး-လို့ သိတယ်။ ထွက်မြောက်ရာ နောက်ထပ် ရှိကို မရှိတော့ဘူး လို့ ဆုံးဖြတ်ချက်ချတယ်။ အကြောင်းကတော့ သူဟာ အဲဒီ ဝိပဿနာကို ထပ်ခါထပ်ခါ ပွားများထားသောကြောင့် ဖြစ်တယ်။

ရဟန်းတို့၊ သာရိပုတြာဟာ မြတ်သောသီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်အရာမှာ ကျွမ်းကျင်သူ၊ ပြည့်စုံသူ (ပါရမီ ရှိသူ) ဖြစ်တယ်။

ရဟန်းတို့၊ သာရိပုတြာဟာ မြတ်စွာဘုရားရဲ့ ရင်မှ မွေးဖွား သားမြတ်ရတနာ ဖြစ်တယ်။ (ရင်မှဖြစ်တဲ့တရားကို နာပြီး အရိယာ ဖြစ်သူ-ဟု ဆိုလိုတယ်။) ခံတွင်းတော်မှ မွေးဖွားတဲ့ သားမြတ်ရတနာဖြစ်တယ်။ (ခံတွင်းတော်ဖြင့် ဟောကြားတဲ့ တရားကို နာ၍ အရိယာဖြစ်သူ-ဟု ဆိုလိုတယ်။) တရားကြောင့် အရိယာဖြစ်သူ၊ တရားက ဖန်ဆင်းပေး၍ အရိယာဖြစ်သူ ဖြစ်တယ်။ တရားအမွေခံသူ ဖြစ်တယ်။ အာမိသအမွေခံသူ မဟုတ်ဘူး။

မြတ်စွာဘုရားဟောပြတဲ့ ဓမ္မစကြာတရားတော်ကို သာရိပုတြာက ကောင်းကောင်းကြီး တစ်ဆင့်ဟောပြနိုင်တယ်”-လို့ ဟောပြတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရား ဟောပြတဲ့တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ် ခဲ့ကြပါတယ်။

အနုပဒသုတ် ပြီးပြီ။

* * * * * * * * * * * *

# ၂--ဆဗ္ဗိသောခနေသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့အကယ်၍ ဤသာသနာတော်မှာ ရဟန်းတစ်ပါးပါးက "သူဟာ ရဟန္တာပါ"လို့ ဝန်ခံခဲ့လျှင် လက်လည်းမခံသေး၊ ပယ်လည်း မပယ်သေးဘဲ သူ့အား အခုလို မေးစိစစ်ရမယ်။ "အရှင်ဘုရား၊ မြတ်စွာဘုရား ဟောထားတဲ့ ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ- မြင်အပ်၊ ကြားအပ်၊ တွေ့အပ်၊ သိအပ်တဲ့ အရာဆိုတဲ့ ဝေါဟာရလေးပါး ရှိတယ်။ အဲဒီလေးပါးကို ဘယ်လို သိလို့၊ ဘယ်လို မြင်လို့ အရှင်ဘုရားဟာ ရဟန္တာ ဖြစ်ပါသလဲ" လို့ မေးရမယ်။

အဲဒီအခါမှာ ရဟန္တာ အစစ်အမှန် ဆိုလျှင် အခုလို ဖြေကြား လိမ့်မယ်။

"ငါ့ရှင်၊ ငါဟာ ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ- မြင်အပ်၊ ကြားအပ်၊ တွေ့အပ်၊ သိအပ်သောအရာတို့မှာ မတပ်မက်၊ မကပ်ငြိ၊ မမှီတွယ်ဘဲ နေတယ်။ ဒါ့ကြောင့် ငါဟာ ရဟန္တာ ဖြစ်တယ်။"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောထားတဲ့ ခန္ဓာငါးပါးကို အရှင်ဘုရားဟာ ဘယ်လို သိလို့၊မြင်လို့ ရဟန္တာဖြစ်ပါသလဲဘုရား?"

"ငါ့ရှင်၊ ငါဟာ 'ခန္ဓာငါးပါးသည် ခွန်အားမရှိကြ၊ ပျက်စီး

ဖောက်ပြန်ခြင်း သဘောရှိကြတယ်၊ သက်သာရာမရှိ၊ တရစပ်ဖြစ်ပျက် နေကြတယ်'လို့ သိတယ်။ ဒါ့ကြောင့် ငါ့မှာ ခန္ဓာငါးပါးကို တပ်မက်စွဲလမ်းမှု ကုန်ခမ်း ချုပ်ပျောက်သွားတယ်။ ဒါ့ကြောင့် ငါဟာ ရဟန္တာဖြစ်တယ်။"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားထားတဲ့ တည်ရာဖြစ်တဲ့ ပထဝီဓာတ်၊ ဖွဲ့စည်းတတ်တဲ့ အာပေါဓာတ်၊ ရင့်ကျက်စေတဲ့ တေဇောဓာတ်၊ ထောက်ကန်တတ်တဲ့ ဝါယောဓာတ်၊ တွေ့ထိမရတဲ့ အာကာသဓာတ်၊ သိတတ်တဲ့ ဝိညာဏဓာတ်-လို့ ဓာတ် ၆-ပါး ရှိတယ်။ အဲဒီ ဓာတ် ၆-ပါးကို ဘယ်လို သိလို့၊ မြင်လို့ အရှင်ဘုရားဟာ ရဟန္တာ ဖြစ်ပါသလဲ ဘုရား?"

"ငါ့ရှင်၊ ငါဟာ အဲဒီ ဓာတ် ၆-ပါးကို အတ္တ-ဟူ၍ မယူဆ၊ အဲဒီ ဓာတ် ၆-ပါးကို မှီနေတဲ့ ရုပ်နာမ်တရားကိုလည်း အတ္တဟု မစွဲလမ်း၊ အဲဒီ ဓာတ် ၆-ပါးကို အမှီပြုပြီး ဖြစ်ပေါ်တဲ့ တပ်မက် စွဲလမ်းမှုတို့လည်း ကုန်ခမ်းချုပ်ပျောက်သွားပြီ။ ဒါ့ကြောင့် ငါဟာ ရဟန္တာ ဖြစ်တယ်။"

"အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားထားတဲ့ မျက်စိနှင့် အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့် တွေ့ထိစရာ၊ စိတ်နှင့် သိစရာ - ဆိုတဲ့ ကိုယ်တွင်း အာယတန ၆-ပါး ၊ ကိုယ်ပ အာယတန ၆-ပါးဆိုတာ ရှိတယ်။ အဲဒီ တရားတွေကို ဘယ်လို သိလို့၊ မြင်လို့ အရှင်ဘုရားဟာ ရဟန္တာ ဖြစ်ပါသလဲဘုရား?"

"ငါ့ရှင်၊ မျက်စိ၊ အဆင်း၊ မြင်သိစိတ်၊ မြင်သိစိတ်ဖြင့် သိအပ်သော တရားတွေအပေါ်မှာ တောင့်တခြင်း၊ စွဲလမ်းခြင်း၊ နှစ်သက်ခြင်း ၊ တပ်မက်ခြင်း ကင်းသောကြောင့် ငါဟာ ရဟန္တာ ဖြစ်တယ်။ နားနှင့်အသံ - စသည်မှာလဲ ထို့အတူပဲ ဖြစ်တယ်။"

"အရှင်ဘုရား၊ ကိုယ်တွင်း ကိုယ်ပ အာရုံအားလုံးမှာ ငါပဲ ငါပဲ -လို့ တကဲကဲ ပြုတဲ့ မာန၊ ငါ့ဥစ္စာပဲ ငါ့ဥစ္စာပဲ-လို့ တကဲကဲပြုတဲ့ တဏှာတို့ ကို ဘယ်ပုံ ဘယ်နည်း ပယ်ထားပါသလဲ ဘုရား?"

"ငါ့ရှင်၊ အရင်က ငါဟာ လူဝတ်ကြောင် တစ်ယောက် ဖြစ်ခဲ့တယ်။ အဲဒီအခါက ငါဟာ ပညာမရှိသူ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ငါ့အား မြတ်စွာဘုရားက တရားဟောခဲ့တယ်။ အဲဒီတရားကို နာပြီး မြတ်စွာဘုရားကို ကြည်ညိုခဲ့တယ်။ ဒ့ါကြောင့် ရဟန်းဝတ်ဖို့ စဉ်းစားပြီး ရှိတဲ့ စည်းစိမ်ဥစ္စာ ဆွေမျိုး ညာတကာတို့ကို စွန့်ပြီး ရဟန်းဝတ်ခဲ့တယ်။

ရဟန်းဖြစ်တဲ့အခါ သီလကို လုံခြုံအောင် စောင့်ထိန်းခဲ့တယ်။

မျှတရုံမျှဖြစ်တဲ့ သက်န်းဆွမ်းနဲ့ ရောင့်ရဲ တင်းတိမ်ခဲ့တယ်။

အကုသိုလ် မဖြစ်အောင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်-တို့ကို စောင့်စည်းခဲ့တယ်။

အရာရာမှာ ဆင်ခြင်ဉာဏ်ကို အသုံးပြုပြီး နေထိုင်ခဲ့တယ်။

အဲဒီတရားတွေနဲ့ ပြည့်စုံတော့ ဆိတ်ငြိမ်ရာကို သွားရောက်ပြီး တရားထိုင်ခဲ့တယ်။

အဲဒီအခါမှာ နီဝရဏငါးပါး ကင်းပြီး ဈာန်လေးပါးကို ရခဲ့တယ်။

အဲဒီနောက် အာသဝက္ခယဉာဏ်ကို ရပြီး ရဟန္တာ ဖြစ်ခဲ့တယ်။

ငါ့ရှင်၊ ကိုယ်တွင်း၊ ကိုယ်ပ အာရုံတွေမှာ ငါပဲ ငါပဲ -လို့ တကဲကဲ ပြုတဲ့ မာန၊ ငါ့ဥစ္စာပဲ ငါ့ဥစ္စာပဲ-လို့ တကဲကဲပြုတဲ့ တဏှာတို့ကို အခု ပြောခဲ့တဲ့ နည်းနဲ့ ငါဟာ ပယ်သတ်ခဲ့တယ်။"

ရဟန်းတို့ မေးသမျှကို အဲဒီလို ဖြေကြားခဲ့လို့ရှိလျှင် ရဟန္တာ အစစ်ဖြစ်တယ်။ အဲဒီလို ဖြေကြားတဲ့အတွက် သင်တို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြရမယ်။ သာဓုခေါ်ပြီး အခုလိုလည်း လျှောက်ထားရမယ်။ "အရှင်ဘုရား၊ အရှင်ဘုရားလို သီတင်းသုံးဖော်ကို ဖူးတွေ့ရတာ တပည့်တော်တို့ အလွန်ကံကောင်းကြ၊ အရတော်ကြပါတယ် ဘုရား'လို့ လျှောက်ထားကြရမယ်"-လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

ဆဗ္ဗိသောဓနသုတ် ပြီးပြီ။

※ ※ ※

(၇၁)

## ၃– သမ္ဗုဂ္ဂိသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ဒီတရားကို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ သင်တို့အား သူယုတ်မာတရားနှင့် သူတော်ကောင်းတရားကို ငါဘုရား ဟောကြားမယ်။

သူယုတ်မာတရားဆိုတာ - လောကမှာ သူယုတ်မာ တစ်ယောက်ဟာ မြင့်မြတ်တဲ့ အမျိုးမှ ရဟန်းပြုလာတယ်။ သူဟာ အခုလို စဉ်းစားတယ် "ငါဟာ မြင့်မြတ်တဲ့ အမျိုးမှ ရဟန်းပြုလာသူ ဖြစ်တယ်၊ တခြားရဟန်းတွေဟာ မြင့်မြတ်တဲ့ အမျိုးမှ ရဟန်းပြုလာသူများ မဟုတ်ကြဘူး"လို့ စဉ်းစားတယ်။ သူဟာ အဲဒီ အမျိုးမြတ်ခြင်း ဆိုတဲ့ အကြောင်းကြောင့် မိမိကိုယ်ကို မြှင့်တင်ပြီး သူတပါးကို ရှုတ်ချတယ်။ ရဟန်းတို့ အဲဒါဟာ သူယုတ်မာတရား ဖြစ်တယ်။

သူတော်ကောင်းကတော့ အခုလို စဉ်းစားတယ်။ "အမျိုးမြတ်ခြင်းကြောင့် လောဘဒေါသ မောဟတွေ ကုန်ခမ်းမသွားဘူး။ မြင့်မြတ်တဲ့ အမျိုးမှ ရဟန်းပြုလာသူ မဟုတ်သော်လည်း လောကုတ္တရာ တရားအား လျော်အောင်၊ အရိုအသေပြုထိုက် အောင် ဘုရားဟောတရားနှင့်အညီ ကျင့်နေသူကို ပူဇော်ထိုက်၊ ချီးမွမ်းထိုက်တယ်-"လို့ စဉ်းစားတယ်။ သူဟာ စိတ်ထဲမှာ အကျင့် ကိုသာ

အလေးအနက်ထားပြီး အဲဒီ အမျိုးမြတ်ခြင်းဆိုတဲ့ အကြောင်းကြောင့် မိမိကိုယ်ကိုလည်း မမြှင့်တင်ဘူး။ သူတပါးကိုလည်း မရှုတ်ချဘူး။ ရဟန်းတို့ အဲဒါဟာ သူတော်ကောင်းတရား ဖြစ်တယ်။

ရဟန်းတို့

- ဆွေကြီးမျိုးကြီးမှ ရဟန်းပြုလာတဲ့ သူယုတ်မာ
- ဥစ္စာများစွာရှိတဲ့ အမျိုးမှ ရဟန်းပြုလာတဲ့ သူယုတ်မာ။
- အဖိုးတန်ဥစ္စာများစွာရှိတဲ့ အမျိုးမှ ရဟန်းပြုလာတဲ့ သူယုတ်မာ
- နာမည်ကျော်ကြား အခြွေအရံများတဲ့ သူယုတ်မာ
- လာဘ်လာဘများ ဘုန်းကြီးမားတဲ့ သူယုတ်မာ
- စာပေကျွမ်းကျင် အကြားအမြင်များတဲ့ သူယုတ်မာ
- ဝိနည်းမိုရ်ဖြစ်တဲ့ သူယုတ်မာ
- ဓမ္မကထိက (တရားဟောသူ) ဖြစ်တဲ့ သူယုတ်မာ
- တောမှာသာ နေလေ့ရှိတဲ့ သူယုတ်မာ
- ပံ့သကူ သင်္ကန်းကိုသာ သုံးစွဲလေ့ရှိတဲ့ သူယုတ်မာ
- ဆွမ်းခံသာ စားလေ့ရှိတဲ့ သူယုတ်မာ
- သစ်ပင်ရင်းမှာသာ နေလေ့ရှိတဲ့ သူယုတ်မာ
- သုသာန်မှာသာ နေလေ့ရှိတဲ့ သူယုတ်မာ
- လွင်တီးခေါင် (ကွင်းပြင်)မှာသာ နေလေ့ရှိတဲ့ သူယုတ်မာ
- ထိုင်လေ့သာရှိ (အိပ်လေ့မရှိ)တဲ့ သူယုတ်မာ
- နေရာချပေးထားတဲ့ ကျောင်းမှာသာ နေလေ့ရှိတဲ့

သူယုတ်မာ

အဲဒီသူယုတ်မာများဟာ မိမိတို့မှာ အသီးသီးရှိကြတဲ့ ဂုဏ်ထူးများကြောင့် မိမိကိုယ်ကို မြှင့်တင်ပြီး သူတပါးကို ရှုတ်ချကြတယ်။ဒါဟာ သူယုတ်မာတရား ဖြစ်တယ်။

သူတော်ကောင်းကတော့ အခုလို ဆင်ခြင်တယ်။ "အဲဒီ ဂုဏ်ထူးများကြောင့် ရာဂ၊ ဒေါသ၊ မောဟ မကုန်ခမ်းနိုင်သေးဘူး။ အဲဒီ ဂုဏ်ထူးများ မရှိသော်လည်း လောကုတ္တရာ တရား အားလျော်အောင်၊ အရိုအသေပြုထိုက်အောင် တရားနှင့်အညီ ကျင့်ကြံနေထိုင်သူကို ပူဇော်ထိုက်၊ ချီးမွမ်းထိုက်တယ်"-လို့ စဉ်းစား တယ်။ သူဟာ စိတ်ထဲမှာ အကျင့်ကိုသာ အလေးအနက်ထားပြီး အဲဒီ ဂုဏ်ထူးများကြောင့် မိမိကိုယ်ကိုလည်း မမြှင့်တင်၊ သူတပါးကိုလည်း မရှုတ်ချဘူး။ဒါဟာ သူတော်ကောင်းတရား ဖြစ်တယ်။

ရဟန်းတို့၊ ပထမဈာန်ကို ဝင်စားနိုင်တဲ့ သူယုတ်မာဟာ အခုလို စဉ်းစားတယ်။ "ငါဟာ ပထမဈာန်ကို ဝင်စားနိုင်တယ်။ တခြား ရဟန်းတွေဟာ ပထမဈာန်ကို မဝင်စားနိုင်ဘူး"လို့ စဉ်းစား တယ်။ သူဟာ ပထမဈာန်ကို ဝင်စားနိုင်ခြင်းကြောင့် မိမိကိုယ်ကို မြှင့်တင်ပြီး သူတပါးကို ရှုတ်ချတယ်။ ဒါဟာ သူယုတ်မာတရား ဖြစ်တယ်။

သူတော်ကောင်းကတော့ အခုလို စဉ်းစားတယ်။ "ပထမဈာန် သမာပတ်မှာလည်း ထင်တဲ့အတိုင်းချည်း မဖြစ်ပုံကို မြတ်စွာဘုရား ဟောကြားထားတယ်။ ပထမဈာန်ဟာ ထင်တာနဲ့

တခြား စီလည်း ဖြစ်သွားနိုင်တယ်"-လို့ စဉ်းစားတယ်။

သူဟာ ဒီလို ပြောင်းလွဲ ဖောက်ပြန်တတ်ပုံကို စိတ်ထဲမှာ အလေးအနက်ထားပြီး ပထမစျာန်ကြောင့် မိမိကိုယ်ကိုလည်း မမြှင့်တင်ဘူး။ သူတပါးကိုလည်း မရှုတ်ချဘူး။ ဒါဟာ သူတော်ကောင်းတရား ဖြစ်တယ်။

ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်နှင့် အရူပစျာန်တို့ကို ရကြတဲ့ သူတော်ကောင်းနှင့် သူယုတ်မာတို့ရဲ့ ကွာခြားချက်ကလည်း ထိုနည်းတူပဲ ဖြစ်တယ်။

ရဟန်းတို့ သူတော်ကောင်းဟာ အရူပစျာန်များကို သာလွန်ပြီး နိရောဓသမာပတ်ကို ဝင်စားနိုင်တယ်။ သူဟာ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိတယ်။ ဒါ့ကြောင့် သူ့မှာ အာသဝေါတရားများ ကုန်ခမ်းချုပ်ပျောက်သွားတော့တယ်။ ဒါ့ကြောင့် သူဟာ ဘာကိုမှ အထင်မကြီးတော့ဘူး၊ ဘယ်အရာမှာမှလည်း အထင်မကြီးတော့ဘူး၊ ဘယ်အကြောင်းကြောင့်မျှလည်း အထင်မကြီးတော့ဘူး။ (မာနကင်းပျောက်တဲ့အတွက် မိမိကိုယ်လည်း မမြှင့်တင်ဘူး၊ သူတပါးကိုလည်း မရှုတ်ချဘူး-လို့ ဆိုလိုတယ်။)

မြတ်စွာဘုရားရဲ့ ဒီတရားတော်ကို ရဟန်းများ နှစ်သက်သဘောကျပြီး သာဓုခေါ်ခဲ့ကြပါတယ်။

သပ္ပုရိသသုတ် ပြီးပြီ။

☼ ☼ ☼

# ၄- သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ မှီဝဲထိုက်တဲ့အရာ၊ မမှီဝဲထိုက်တဲ့အရာတို့ကို သင်တို့အား ငါဘုရား ဟောကြားမယ်။

ရဟန်းတို့၊ ကာယကံဟာ မှီဝဲထိုက်တဲ့ ကာယကံ၊ မမှီဝဲထိုက်တဲ့ ကာယကံ-လို့ ၂-မျိုး ရှိတယ်။ ဒါပေမဲ့ အဲဒီနှစ်မျိုးဟာ အပြန်အလှန်ပဲ။

- ဝစီကံ
- မနောကံ
- စိတ်
- သညာ
- အယူ
- အတ္တဘော (ခန္ဓာကိုယ်)ရယူခြင်း-တို့ဟာလည်း မှီဝဲထိုက်၊ မမှီဝဲထိုက်-လို့ ၂-မျိုးစီ ရှိကြတယ်။ ဒါပေမဲ့ အဲဒီ နှစ်မျိုးစီဟာ အပြန်အလှန် ချည်ပဲ ဖြစ်တယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သာရိပုတြာက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟော ကြားတော်မူတဲ့ တရားတော်ရဲ့ အဓိပ္ပါယ်ကို တပည့်တော် အကျယ် အားဖြင့် သိပါတယ်ဘုရား။

မမှီဝဲထိုက်တဲ့ ကာယကံဆိုတာ- အကုသိုလ်တိုးပွား ကြောင်းဖြစ်ပြီး ကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ ကာယကံ ဖြစ်ပါ တယ် ဘုရား။

မှီဝဲထိုက်တဲ့ ကာယကံဆိုတာ အကုသိုလ် ဆုတ်ယုတ် ကြောင်း ဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်းဖြစ်တဲ့ ကာယကံ ဖြစ်ပါ တယ် ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ် ဆုတ်ယုတ် ကြောင်း ဖြစ်တဲ့ ကာယကံဆိုတာ သူတပါးအသက်ကို သတ်ခြင်း၊ သူတပါး ဥစ္စာကို ခိုးခြင်း၊ သူတပါးသားမယားကို ပြစ်မှား ကျူးလွန် ခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

အကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွား ကြောင်းဖြစ်တဲ့ ကာယကံဆိုတာ သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတပါးဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတပါးရဲ့ သားမယား ကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည်တို့ ဖြစ်ပါတယ် ဘုရား။

- မမှီဝဲထိုက်တဲ့ ဝစီကံဆိုတာ အကုသိုလ် တိုးပွားကြောင်း ဖြစ်ပြီး ကုသိုလ် ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ ဝစီကံ ဖြစ်ပါတယ်

ဘုရား။

မှိဝဲထိုက်တဲ့ ဝစီကံဆိုတာ အကုသိုလ် ဆုတ်ယုတ်ကြောင်း ဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်းဖြစ်တဲ့ ဝစီကံ ဖြစ်ပါတယ် ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ် ကြောင်းဖြစ်တဲ့ ဝစီကံဆိုတာ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းတဲ့ စကားကို ပြောခြင်း ၊ အကျိုးမရှိတဲ့စကားကို ပြောခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

အကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွား ကြောင်း ဖြစ်တဲ့ ဝစီကံဆိုတာ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းတဲ့ စကားကို ပြောဆို ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမရှိတဲ့စကားကို ပြောဆိုခြင်းမှ ရှောင် ကြဉ်ခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

မမှိဝဲထိုက်တဲ့ မနောကံဆိုတာ အကုသိုလ်တိုးပွား ကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ မနောကံ ဖြစ်ပါ တယ်ဘုရား။

မှိဝဲထိုက်တဲ့ မနောကံဆိုတာ အကုသိုလ် ဆုတ်ယုတ် ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်း ဖြစ်တဲ့ မနောကံ ဖြစ်ပါတယ် ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ် ကြောင်းဖြစ်တဲ့ မနောကံဆိုတာ- သူတပါးရဲ့ ပစ္စည်းကို မတရား သဖြင့် ရအောင် စူးစိုက်ကြံစည်ခြင်း၊ သူတပါးကို နာကျင်ကိုက်ခဲ

ဆုံးရှုံး နစ်နာ ပျက်စီးစေလိုခြင်း စသည်တို့ ဖြစ်ပါတယ် ဘုရား။

အကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွား ကြောင်းဖြစ်တဲ့ မနောကံဆိုတာ သူတပါးရဲ့ ပစ္စည်းကို မတရား သဖြင့် ရအောင် မကြံစည်ခြင်း ၊ သူတပါးတို့ကို ဆင်းရဲဘေးဘယာ ဝေးကွာ၍ ချမ်းသာစေလိုခြင်း - စသည်တို့ ဖြစ်တယ်ဘုရား။

မမှိုဝဲထိုက်တဲ့ စိတ်ဖြစ်ပုံဆိုတာ အကုသိုလ်တိုးပွားကြောင်း ဖြစ်ပြီး ကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ စိတ်ဖြစ်ပုံ ဖြစ်ပါတယ် ဘုရား။

မှိုဝဲထိုက်တဲ့ စိတ်ဖြစ်ပုံဆိုတာ အကုသိုလ် ဆုတ်ယုတ် ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်း ဖြစ်တဲ့ စိတ်ဖြစ်ပုံ ဖြစ်ပါ တယ်ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ် ကြောင်း ဖြစ်တဲ့ စိတ်ဖြစ်ပုံဆိုတာ သူတပါးပစ္စည်းကို မတရားသဖြင့် ရယူလိုစိတ် ရှိခြင်း၊ သူတပါးကို ပျက်စီးစေလိုစိတ်ရှိခြင်း၊ သူတပါးကို ညှင်းဆဲ လိုစိတ်ရှိခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

အကုသိုလ် ဆုတ်ယုတ်ပြီး ကုသိုလ်တိုးပွားကြောင်းဖြစ် တဲ့ စိတ်ဖြစ်ပုံဆိုတာ သူတပါးပစ္စည်းကို မတရားသဖြင့် ရယူလိုစိတ် ကင်းခြင်း၊ သူ တပါးကို ပျက်စီးစေလိုစိတ်ကင်းခြင်း၊ သူတပါးကို ညှင်းဆဲလိုစိတ် ကင်းခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

မမှိုဝဲထိုက်တဲ့ သညာဖြစ်ပုံဆိုတာ အကုသိုလ် တိုးပွား

ကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်း ဖြစ်တဲ့ သညာ ဖြစ်ပုံ ဖြစ်ပါတယ် ဘုရား။

မှီဝဲထိုက်တဲ့ သညာဖြစ်ပုံဆိုတာ အကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်း ဖြစ်တဲ့ သညာဖြစ်ပုံ ဖြစ်ပါတယ်ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ သညာဖြစ်ပုံဆိုတာ သူတပါးပစ္စည်းကို မတရားသဖြင့် ရယူလိုသော သညာရှိခြင်း၊ သူတပါးကို ပျက်စီးစေလိုသော သညာရှိခြင်း၊ သူတပါးကို ညှဉ်းဆဲလိုသော သညာရှိခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

အကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်းဖြစ်တဲ့ သညာဖြစ်ပုံဆိုတာ သူတပါး ပစ္စည်းကို မတရားသဖြင့် ရယူလိုသော သညာ မရှိခြင်း၊ သူတပါးကို ပျက်စီးစေလိုသော သညာ မရှိခြင်း၊ သူတပါးကို ညှင်းဆဲလိုသော သညာမရှိခြင်း စသည်တို့ ဖြစ်ပါတယ်ဘုရား။

မမှီဝဲထိုက်တဲ့ အယူဆိုတာ အကုသိုလ်တိုးပွားကြောင်း ဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ အယူ ဖြစ်ပါတယ် ဘုရား။

မှီဝဲထိုက်တဲ့ အယူဆိုတာ အကုသိုလ်ဆုတ်ယုတ်ကြောင်း ဖြစ်ပြီး ကုသိုလ် တိုးပွားကြောင်း ဖြစ်တဲ့ အယူ ဖြစ်ပါတယ် ဘုရား။

အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်

ကြောင်းဖြစ်တဲ့ အယူဆိုတာ - ပေးလှူခြင်းရဲ့ အကျိုးမရှိ-လို့ ယူခြင်း၊ ပူဇော်ခြင်းရဲ့အကျိုးမရှိလို့ ယူခြင်း၊ ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးရင်း၊ အကျိုးဆက်မရှိလို့ ယူခြင်း၊ ဒီဘဝ နောင်ဘဝမရှိ-လို့ ယူခြင်း၊ မိဘကို ပြုစုလုပ်ကျွေးခြင်းရဲ့ အကျိုးမရှိ-လို့ ယူခြင်း၊ မွေးဖွားစကပင် ၁၅-နှစ်သားခန့် ကြီးမားသော ခန္ဓာကိုယ် ချက်ချင်း ဖြစ်ပေါ်လာသူ မရှိလို့ ယူခြင်း၊ ဒီဘဝ နောက်ဘဝကို ကိုယ်တိုင် သိ၍ ဟောပြကြ၊ ကျင့်ကြံနေကြသော ရဟန်းပုဏ္ဏားများ မရှိ-လို့ ယူခြင်း စသည် တို့ ဖြစ်ပါတယ်ဘုရား။

အကုသိုလ် ဆုတ်ယုတ်ကြောင်း ဖြစ်ပြီး ကုသိုလ် တိုးပွား ကြောင်းဖြစ်တဲ့ အယူဆိုတာ-ပေးလှူခြင်းရဲ့ အကျိုးရှိတယ်လို့ ယူခြင်း၊ ပူဇော်ခြင်းရဲ့ အကျိုးရှိတယ်လို့ ယူခြင်း၊ ကောင်းမှု မကောင်း မှု တို့ရဲ့ အကျိုးရင်း အကျိုးဆက် ရှိတယ်လို့ ယူခြင်း၊ ဒီဘဝ နောင် ဘဝ ရှိတယ်လို့ ယူခြင်း၊ မိဘကို ပြုစုလုပ်ကျွေးခြင်းရဲ့ အကျိုးရှိ တယ်လို့ ယူခြင်း၊ မွေးဖွားစကပင် ၁၅-နှစ်သားခန့် ကြီးမားတဲ့ ခန္ဓာ ကိုယ် ချက်ချင်းဖြစ်ပေါ်လာသူ ရှိတယ်-လို့ ယူခြင်း၊ ဒီဘဝ နောက် ဘဝကို ကိုယ်တိုင်သိ၍ ဟောပြောကြ၊ ကျင့်ကြံနေကြသော ရဟန်း ပုဏ္ဏားများ ရှိတယ်-လို့ ယူခြင်း-စသည်တို့ ဖြစ်ပါတယ်ဘုရား။

မမှီဝဲထိုက်တဲ့ အတ္တဘော (ခန္ဓာကိုယ်)ကို ရယူခြင်းဆိုတာ- အကုသိုလ်တိုးပွားကြောင်းဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်း ဖြစ် တဲ့ အတ္တဘောကို ရယူခြင်း ဖြစ်ပါတယ်ဘုရား။

မှီဝဲထိုက်တဲ့ အတ္တဘောကို ရယူခြင်း ဆိုတာ အကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်း ဖြစ်တဲ့ အတ္တဘောကို ရယူခြင်း ဖြစ်ပါတယ်ဘုရား။

အကုသိုလ်တိုးပွားကြောင်း ဖြစ်ပြီး ကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ အတ္တဘောကို ရယူခြင်းဆိုတာ- မပြီးဆုံးသေးတဲ့ ဘဝကို ရဖို့ရာ စိတ်ဆင်းရဲခြင်းရှိတဲ့ အတ္တဘော (ခန္ဓာကိုယ်ကို) ရအောင် အားထုတ်ခြင်း ဖြစ်ပါတယ်ဘုရား။

အကုသိုလ် ဆုတ်ယုတ်ကြောင်း ဖြစ်ပြီး ကုသိုလ်တိုးပွားကြောင်းဖြစ်တဲ့ အတ္တဘောကို ရယူခြင်းဆိုတာ ပြီးဆုံးတဲ့ ဘဝကို ရဖို့ရာ စိတ်ဆင်းရဲခြင်းမရှိတဲ့ အတ္တဘောကို ရအောင် အားထုတ်ခြင်း ဖြစ်ပါတယ်ဘုရား။

မြတ်စွာဘုရား၊ မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောပြထားတဲ့ တရားရဲ့ အဓိပ္ပါယ်ကို တပည့်တော် အကျယ်အားဖြင့် အခုလို သိပါတယ်လို့ ဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "သာဓု သာဓု သာရိပုတြာ၊ ငါဘုရား အကျဉ်းအားဖြင့် ဟောပြထားတဲ့ တရားတော်ရဲ့ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ကောင်းစွာ သိပါပေတယ်။

သာရိပုတြာ၊ အဆင်း ၊ အသံ ၊ အနံ့ ၊ အရသာ၊ အတွေ့ အထိ၊ သိစရာ သဘော၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်၊ ပုဂ္ဂိုလ်တို့ဟာလည်း မှီဝဲထိုက်၊ မမှီဝဲထိုက်အားဖြင့် နှစ်မျိုးစီ ရှိကြတယ်-လို့ ဟောပြတော်မူပါတယ်။

အဲဒီအခါမှာ အရှင်သာရိပုတြာက အခုလို လျှောက်ထား ခဲ့ပါတယ်။

"မြတ်စွာဘုရား၊ အကုသိုလ်တိုးပွားကြောင်း ဖြစ်ပြီး ကုသိုလ် ဆုတ်ယုတ်ကြောင်းဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ သိစရာသဘော၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်၊ ပုဂ္ဂိုလ်တို့ကို မမှီဝဲ ထိုက်ပါဘုရား။

အကုသိုလ်ဆုတ်ယုတ်ကြောင်းဖြစ်ပြီး ကုသိုလ် တိုးပွား ကြောင်း ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာသဘော၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်၊ ပုဂ္ဂိုလ်တို့ကို မှီဝဲထိုက်ပါတယ်ဘုရား"။

အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်သာရိပုတြာအား ကောင်းချီးပေးတော်မူပြီး

"သာရိပုတြာ ၊ ငါဘုရား အကျဉ်းအားဖြင့် ဟောထားတဲ့ ဤတရားဒေသနာတော်ရဲ့ အနက် အဓိပ္ပါယ်ကို သိသူ၊ နားလည် သဘောပေါက်သူ မှန်သမျှဟာ ကြာမြင့်စွာ ကြီးပွား ချမ်းသာနိုင် တယ်"လို့ ဟောပြတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သာရိပုတြာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး သာဓုခေါ် ဆိုခဲ့ပါတယ်။

သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် ပြီးပြီ။

❊ ❊ ❊

## ၅-ဗဟုဓာတုကသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတော်တို့အား အခုလို ဟောကြားတော် မူခဲ့ပါတယ်။

ရဟန်းတို့၊ ဥပမာအားဖြင့် ကျူရွက်မိုးအိမ်မှဖြစ်စေ၊ မြက်(သက်ငယ်)မိုးအိမ်မှဖြစ်စေ လွင့်လာတဲ့ မီးဟာ အိမ်ကြီး အိမ်ကောင်းတို့ကို လောင်ကျွမ်းသကဲ့သို့ ဘေးရန် အန္တရာယ် ကြောက်ရွံ့ဖွယ်မှန်သမျှတို့ဟာ လူမိုက်ကြောင့် ဖြစ်ပေါ်လာကြ တယ်။ ပညာရှိကြောင့် ဖြစ်ပေါ်လာကြသည်မဟုတ်။

လူမိုက်ဟာ ဘေးရန် အန္တရာယ် ကြောက်ရွံ့ဖွယ်များတယ်။ ပညာရှိဟာ ဘေးရန် အန္တရာယ်ကြောက်ရွံ့ဖွယ်ကင်းတယ်။

ရဟန်းတို့၊ ဒါ့ကြောင့် သင်တို့ ပညာရှိဖြစ်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြရမယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာနှင့် မြတ်စွာဘုရားတို့ အခုလို အမေးအဖြေ ပြုလုပ်တော်မူခဲ့ကြပါတယ်။

"မြတ်စွာဘုရား၊ ဘယ်လိုရဟန်းကို ပညာရှိရဟန်းလို့ ခေါ် ဆိုထိုက်ပါသလဲ-ဘုရား?"

"အာနန္ဒာ ၊ ဓာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်နှင့် ဌာနာ ဌာန( ဖြစ်နိုင်တဲ့ အကြောင်း၊ မဖြစ်နိုင်တဲ့ အကြောင်း) တို့မှာ

ကျွမ်းကျင်တဲ့ ရဟန်း ကို ပညာရှိရဟန်း-လို့ ခေါ်ဆိုထိုက်တယ်။"

"မြတ်စွာဘုရား၊ ဘယ်လို ရဟန်းဟာ ဓာတ်မှာ ကျွမ်းကျင်တဲ့ ရဟန်း ဖြစ်ပါသလဲ ဘုရား?"

"အာနန္ဒာ၊ စက္ခုဓာတ်စတဲ့ ဓာတ် ၁၈-ပါး ကို သိတဲ့ ရဟန်း

တစ်နည်းအားဖြင့် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်ဆိုတဲ့ ဓာတ်ခြောက်ပါးကို သိတဲ့ ရဟန်း

တစ်နည်းအားဖြင့် သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်-ဆိုတဲ့ ဓာတ်ခြောက်ပါးကို သိတဲ့ ရဟန်း

တစ်နည်းအားဖြင့် ကာမဓာတ်၊ နေက္ခမ္မဓာတ်၊ ဗျာပါဒဓာတ်၊ အဗျာပါဒဓာတ်၊ ဝိဟိံသာဓာတ်၊ အဝိဟိံသာဓာတ်-ဆိုတဲ့ ဓာတ်ခြောက်ပါးကို သိတဲ့ရဟန်း။

တစ်နည်းအားဖြင့် ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်-ဆိုတဲ့ ဓာတ်သုံးပါးကို သိတဲ့ရဟန်း

တစ်နည်းအားဖြင့် သင်္ခတဓာတ်၊ အသင်္ခတဓာတ်ဆိုတဲ့ ဓာတ်နှစ်ပါးကို သိတဲ့ ရဟန်း

အဲဒီလို ရဟန်းဟာ ဓာတ်မှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ်တယ်။"

"မြတ်စွာဘုရား၊ ဘယ်လို ရဟန်းဟာ အာယတနမှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ်ပါသလဲ ဘုရား?

"အာနန္ဒာ၊ စက္ခာယတနစတဲ့ အာယတန ဆယ့်နှစ်ပါးကို သိတဲ့ ရဟန်းဟာ အာယနမှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ်တယ်။"

"မြတ်စွာဘုရား၊ ဘယ်လို ရဟန်းဟာ ပဋိစ္စသမုပ္ပါဒ်မှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ်ပါသလဲ ဘုရား?"

"အာနန္ဒာ ၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်။ ဒီအကြောင်း ချုပ်ခြင်းကြောင့် ဒီအကျိုး ချုပ်တယ်။ မသိမှုကြောင့် ပြု စီရင်မှု ဖြစ်တယ်။ မသိမှု ချုပ်ခြင်းကြောင့် ပြုစီရင်မှု ချုပ်တယ်-စသည်ဖြင့် သိတဲ့ ရဟန်းဟာ ပဋိစ္စသမုပ္ပါဒ်မှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ်တယ်။"

"မြတ်စွာဘုရား၊ ဘယ်လိုရဟန်းဟာ ဖြစ်နိုင်တဲ့ အကြောင်း မဖြစ်နိုင်တဲ့အကြောင်းတို့မှာ ကျွမ်းကျင်တဲ့ ရဟန်း ဖြစ်ပါသလဲ ဘုရား?"

"အာနန္ဒာ၊ သောတာပန် ပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသော သင်္ခါရတရားကို "မြဲတယ်၊ ချမ်းသာတယ်၊ အစိုးရတယ်"လို့ မှတ်ယူတယ်ဆိုတာ မဖြစ်နိုင်ဘူး။ပုထုဇဉ်ပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသော သင်္ခါရတရားကို "မြဲတယ်၊ ချမ်းသာတယ်၊ အစိုးရတယ်"-လို့ မှတ်ယူတယ်ဆိုတာ ဖြစ်နိုင်တယ်။

သောတာပန် ပုဂ္ဂိုလ်ဟာ အမေကိုသတ်တယ်၊ အဖေကို သတ်တယ်၊ ရဟန္တာကို သတ်တယ်၊ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာ ဘုရားမှာ သွေးစိမ်းတည်အောင် ပြုလုပ်တယ်၊ သံဃာကို သင်းခွဲတယ်-ဆိုတာ မဖြစ်နိုင်ဘူး။

ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အမေကိုသတ်တယ်၊ အဖေကို သတ်တယ်၊ ရဟန္တာကို သတ်တယ်၊ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားမှာ သွေးစိမ်းတည်အောင် ပြုလုပ်တယ်၊ သံဃာကို သင်းခွဲတယ်ဆိုတာ ဖြစ်နိုင်တယ်။

လောကမှာ ဘုရားနှစ်ဆူ တစ်ပြိုင်နက် ပွင့်တော်မူကြတယ်ဆိုတာ မဖြစ်နိုင်ဘူး။

လောကမှာ ဘုရား တစ်ဆူတည်းသာ ပွင့်တော်မူတယ်ဆိုတာ ဖြစ်နိုင်တယ်။

လောကမှာ စကြဝတေးမင်းနှစ်ပါး တစ်ပြိုင်နက် ဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

လောကမှာ စကြဝတေးမင်း တစ်ပါးတည်းသာဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အမျိုးသမီး ဘုရားဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

အမျိုးသားသာ ဘုရားဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အမျိုးသမီး စကြဝတေးမင်း ဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

အမျိုးသားသာ စကြဝတေးမင်းဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အမျိုးသမီး သိကြားမင်း ဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

အမျိုးသားသာ သိကြားမင်း ဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အမျိုးသမီး မာရ်နတ်ဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

အမျိုးသားသာ မာရ်နတ်ဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အမျိုးသမီး ဗြဟ္မာဖြစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။
အမျိုးသား ဗြဟ္မာဖြစ်တယ်ဆိုတာ ဖြစ်နိုင်တယ်။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်က ကောင်းကျိုးပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်က ဆိုးကျိုးပေးတယ်ဆိုတာ ဖြစ်နိုင်တယ်။

ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်က ဆိုးကျိုးပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်က ကောင်းကျိုးပေးတယ်ဆိုတာ ဖြစ်နိုင်တယ်။

ကာယဒုစရိုက်ကို ပြုသူ ၊ ဝစီဒုစရိုက်ကိုပြုသူ၊ မနောဒုစရိုက်ကိုပြုသူ သေလျှင် နတ်ပြည်ရောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

ကာယဒုစရိုက်ကို ပြုသူ ၊ ဝစီဒုစရိုက်ကိုပြုသူ၊ မနောဒုစရိုက်ကိုပြုသူ သေလျှင် ငရဲရောက်တယ်ဆိုတာ ဖြစ်နိုင်တယ်။

ကာယသုစရိုက်ကို ပြုသူ ၊ ဝစီသုစရိုက်ကိုပြုသူ၊ မနောသုစရိုက်ကိုပြုသူ သေလျှင် ငရဲရောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

ကာယသုစရိုက်ကို ပြုသူ ၊ ဝစီသုစရိုက်ကိုပြုသူ၊ မနောသုစရိုက်ကိုပြုသူ သေလျှင် နတ်ပြည်ရောက်တယ်ဆိုတာ ဖြစ်နိုင်တယ်။

အဲဒီလို သိတဲ့ ရဟန်းဟာ ဖြစ်နိုင်တဲ့ အကြောင်း၊ မဖြစ်

နိုင်တဲ့ အကြောင်းတို့မှာ ကျွမ်းကျင်တဲ့ ရဟန်းဖြစ် တယ်။

မြတ်စွာဘုရားရဲ့ အဖြေများကို ကြားရတဲ့အခါ အရှင်အာနန္ဒာဟာ "မြတ်စွာဘုရား၊ အံ့ဩဖွယ်ကောင်းလိုက်တာ၊ ထူးခြားလိုက်တာဘုရား။ အခု ဟောကြားခဲ့တဲ့ တရားတော်ရဲ့ နာမည်ဘယ်လိုခေါ်ပါသလဲ ဘုရား"လို့ လျှောက်ထား မေးမြန်းခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက-

"အာနန္ဒာ၊ ဒီတရားတော်ရဲ့ နာမည်ကို

(၁) ဗဟုဓာတုက - ဓာတ်များစွာကို ဟောပြတဲ့ တရားတော်

(၂) စတုပရိဝဋ္ဋ - ဓာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဌာနာဌာန လေးပိုင်းပါတဲ့ တရားတော်

(၃) ဓမ္မာဒါသ - မှန်နှင့်တူတဲ့ တရားတော်

(၄) အမတဒုန္ဒုဘိ - နိဗ္ဗာန်ဝင်ကြောင်း စည်မောင်းသံ တရားတော်

(၅) အနုတ္တရသင်္ဂါမဝိဇယ - အတုမဲ့အောင်ပွဲတရားတော်-လို့ မှတ်ပါ" လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အရှင်အာနန္ဒာဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ်ဆိုခဲ့ပါတယ်။

ဗဟုဓာတုကသုတ် ပြီးပြီ။

(၈၉)

## ၆-ဣသိဂိလိသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့၊ ဣသိ ဂိလိတောင်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

"ရဟန်းတို့၊ဟို---က ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုဋ်တောင်တို့ကို မြင်ကြရဲ့လား?"

"မှန်ပါ မြင်ကြပါတယ်ဘုရား။"

"ရဟန်းတို့၊ အဲဒီ တောင်လေးမျိုးဟာ သူတို့ နာမည်တွေ အပြင် တခြားနာမည်တွေ အသီးအသီး ရှေးအခါက ရှိခဲ့ကြဖူးတယ်။

ရဟန်းတို့၊ ဒီ ဣသိလိလိတောင်ကို တွေ့တယ်မဟုတ်လား?"

"မှန်ပါ တွေ့ပါတယ်ဘုရား။"

"ရဟန်းတို့ ဒီ ဣသိဂိလိတောင်ကိုတော့ ရှေးအခါကလည်း ဣသိဂိလိ-လို့ပဲ ခေါ်ခဲ့ကြတယ်။

ရဟန်းတို့၊ ရှေးက ဖြစ်ခဲ့ဘူးတာ တစ်ခုကတော့ ဒီ ဣသိ ဂိလိတောင်မှာ ပစ္စေကဗုဒ္ဓါ ငါးရာ ကြာမြင့်စွာ သီတင်းသုံးတော် မူခဲ့ကြဖူးတယ်။ ဒီတောင်ထဲသို့ ဝင်သွားနေဆဲဖြစ်တဲ့ ပစ္စေကဗုဒ္ဓါ တို့ကိုသာ တွေ့မြင်ကြရတယ်။ ဒီတောင်ထဲ ဝင်သွားပြီးကြတဲ့ ပစ္စေက ဗုဒ္ဓါတို့ကို မတွေ့မြင်ကြရတော့ဘူး။ ဒါ့ကြောင့် လူတွေက ဒီတောင်

ကို ဣက္ကသိလိလိတောင်၊ ဣက္ကသိဂိလိတောင်လို့ ခေါ်ခဲ့ကြတယ်။ ”
(ဣက္ကသိ-က ရသေ့ ရဟန်းလို့ အဓိပ္ပါယ်ရတယ်။ ဂိလိ-က ဝါးမျို သည်-လို့ အဓိပ္ပါယ်ရတယ်။)

အဲဒီနောက် မြတ်စွာဘုရားက အရိဋ္ဌ-အစရှိတဲ့ ပစ္စေက ဗုဒ္ဓါများစွာတို့ရဲ့ ဘွဲ့တော်တို့ကို ဟောပြတော်မူပြီး ပရိနိဗ္ဗာန်စံပြီး ဖြစ်ကြတဲ့ မရေတွက်နိုင်အောင် များပြားလှတဲ့ ဂုဏ်တော်များ နှင့် ပြည့်စုံတော်မူကြတဲ့ အဲဒီ ပစ္စေက ဗုဒ္ဓါတို့ကို ရှိခိုးပူဇော်ကြရန် မိန့်မှာတော်မူခဲ့ပါတယ်။

ဣက္ကသိဂိလိသုတ် ပြီးပြီ။

☀ ☀ ☀

(၉၁)

# ၇-မဟာစတ္တာရီသကသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ အခြံအရံနှင့် တကွဖြစ်တဲ့ လောကုတ္တရာ မဂ္ဂ သမာဓိကို သင်တို့အား ငါဘုရား ဟောပြမယ်။ ကောင်းမွန်စွာ နာယူကြ၊ နှလုံးသွင်းကြ။

အခြံအရံနှင့် တကွဖြစ်တဲ့ အဲဒီ လောကုတ္တရာ မဂ္ဂသမာဓိ ဆိုတာ-မှန်ကန်တဲ့ အမြင် ၊ မှန်ကန်တဲ့ အကြံ ၊ မှန်ကန်ကောင်း မွန်တဲ့ စကား၊ မှန်ကန်တဲ့အလုပ်၊ မှန်ကန်တဲ့ အသက်မွေးမှု၊ မှန်ကန် တဲ့ ကြိုးစားမှု၊ မှန်ကန်တဲ့ သတိဆိုတဲ့ ဒီခုနစ်ပါး ခြံရံထားတဲ့ စိတ်တည်ကြည်မှု ဖြစ်တယ်။ (အဲဒီ ခုနစ်ပါးဟာ စိတ်တည်ကြည်မှုရဲ့ အခြံအရံတွေ ဖြစ်တယ်။ စိတ်တည်ကြည်မှုရဲ့ အကြောင်းတွေ ဖြစ်တယ်။)

ရဟန်းတို့အဲဒီ ခုနစ်ပါးအနက် မှန်ကန်တဲ့ အမြင်ဟာ ရှေ့ သွားခေါင်းဆောင်ဖြစ်တယ်။ ဘယ်လိုဖြစ်သလဲဆိုတော့-

မှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်းတဲ့အမြင်ကို မှားယွင်း တဲ့ အမြင်လို့ သိတယ်။ မှန်ကန်တဲ့ အမြင်ကို မှန်ကန်တဲ့ အမြင်လို့ သိတယ်။

မှားယွင်းတဲ့အမြင်ဆိုတာ ပေးလှူခြင်းဟာ အကျိုးမရှိ စသည်ဖြင့် မြင်တဲ့ အမြင်ဖြစ်တယ်။*

မှန်ကန်တဲ့အမြင်ကတော့ -

လောကီမှန်ကန်တဲ့ အမြင်နဲ့ လောကုတ္တရာ မှန်ကန်တဲ့ အမြင်လို့ နှစ်မျိုးရှိတယ်။

လောကီမှန်ကန်တဲ့ အမြင်ဆိုတာ ပေးလှူခြင်းဟာ အကျိုးရှိတယ် စသည်ဖြင့် မြင်တဲ့အမြင် ဖြစ်တယ်။ *

လောကုတ္တရာ မှန်ကန်တဲ့ အမြင်ဆိုတာ အရိယာပုဂ္ဂိုလ်ရဲ့ အရိယမဂ်နှင့် အတူတကွဖြစ်တဲ့ ပညာ ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အမြင်နဲ့ မှားယွင်းတဲ့ အမြင်ကို သူရဲ့ သိခြင်းဟာ မှန်ကန်တဲ့ အမြင်ဖြစ်တယ်။

အဲဒီ မှန်ကန်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မှားယွင်းတဲ့ အမြင်ကို ပယ်ဖို့ရာ မှန်ကန်တဲ့အမြင်နှင့် ပြည့်စုံဖို့ရာ ကြိုးစားတယ်။

သူရဲ့ အဲဒီ ကြိုးစားမှုဟာ မှန်တဲ့ ကြိုးစားမှု ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အမြင်ရှိသူဟာ သတိထားပြီး မှားယွင်းတဲ့ အမြင်ကို ပယ်တယ်။ သတိထားပြီး မှန်ကန်တဲ့အမြင်နဲ့ ပြည့်စုံအောင် နေတယ်။

သူရဲ့ အဲဒီသတိဟာ မှန်ကန်တဲ့ သတိ ဖြစ်တယ်။

---

* စူဠပုဏ္ဏမသုတ်မှာ ရှုပါ။

ဒီတော့ မှန်ကန်တဲ့ အမြင်၊မှန်ကန်တဲ့ကြိုးစားမှု၊မှန်ကန်တဲ့ သတိဆိုတဲ့ သုံးပါးဟာ မှန်ကန်တဲ့ အမြင်ကို ခြံရံထားကြတယ်။ (သူတို့ဟာ မှန်ကန်တဲ့ အမြင်ရဲ့ အကြောင်းတရားတွေ ဖြစ်ကြတယ်။)

မှန်ကန်တဲ့အမြင် ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ နောက်တစ်ခုကတော့-

မှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်းတဲ့ အကြံအစည်ကို မှားယွင်းတဲ့ အကြံအစည်လို့ သိတယ်။ မှန်ကန်တဲ့ အကြံအစည်ကို မှန်ကန်တဲ့ အကြံအစည်-လို့ သိတယ်။

မှားယွင်းတဲ့ အကြံအစည်ဆိုတာ- ကာမဂုဏ်အတွက် ကြံစည်ခြင်း၊ ဖျက်ဆီးဖို့ရာ ကြံစည်ခြင်းနှင့် ညှင်းဆဲဖို့ရာ ကြံစည်ခြင်းတို့ ဖြစ်တယ်။

မှန်ကန်တဲ့ အကြံအစည်ဟာ လောကီ မှန်ကန်တဲ့ အကြံအစည်နှင့် လောကုတ္တရာ မှန်ကန်တဲ့ အကြံအစည်-လို့ နှစ်မျိုး ရှိတယ်။

လောကီ မှန်ကန်တဲ့ အကြံအစည်ဆိုတာ ကာမဂုဏ်နှင့် ကာမ တဏှာတို့မှ လွတ်မြောက်ဖို့ရာ ကြံစည်ခြင်း၊ မဖျက်ဆီးဖို့ရာ ကြံစည်ခြင်းနှင့် မညှင်းဆဲဖို့ရာ ကြံစည်ခြင်းတို့ ဖြစ်တယ်။

လောကုတ္တရာမှန်ကန်တဲ့ အကြံအစည်ဆိုတာ-အရိယာပုဂ္ဂိုလ်ရဲ့ အရိယာမဂ်နှင့် အတူတကွဖြစ်တဲ့ ကြံစည်ခြင်း ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အကြံအစည်နှင့် မှားယွင်းတဲ့အကြံအစည်

နှစ်မျိုးကို သူရဲ့ သိခြင်းဟာ မှန်ကန်တဲ့ အမြင် ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့အမြင်ရှိသူဟာ မှားယွင်းတဲ့ အကြံအစည်ကို မကြံစည်ဖို့ရာ မှန်ကန်တဲ့ အကြံအစည်ကို ကြံစည်ဖို့ရာ ကြိုးစားတယ်။

သူရဲ့ အဲဒီ ကြိုးစားမှုဟာ မှန်ကန်တဲ့ ကြိုးစားမှု ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အမြင်ရှိသူဟာ သတိထားပြီး မှားယွင်းတဲ့ အကြံအစည်ကို ပယ်တယ်။ သတိထားပြီး မှန်ကန်တဲ့အကြံအစည်နဲ့ ပြည့်စုံအောင်နေတယ်။

သူရဲ့ အဲဒီသတိဟာ မှန်ကန်တဲ့ သတိဖြစ်တယ်။

ဒီတော့ မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့ ကြိုးစားမှု၊ မှန်ကန်တဲ့ သတိဆိုတဲ့ သုံးပါးဟာ မှန်ကန်တဲ့အကြံအစည်ကို ခြံရံထားကြတယ်။ (သူတို့ဟာ မှန်ကန်တဲ့ အကြံအစည်ရဲ့ အကြောင်းတရားတွေ ဖြစ်ကြတယ်။)

မှန်ကန်တဲ့အမြင် ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ နောက်တစ်ခုကတော့ -

မှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်း ယုတ်မာတဲ့ စကားကို မှားယွင်း ယုတ်မာတဲ့ စကားလို့ သိတယ်။ မှန်ကန်ကောင်းမွန်တဲ့ စကားကို မှန်ကန်ကောင်းမွန်တဲ့ စကားလို့ သိတယ်။

မှားယွင်းယုတ်မာတဲ့ စကားဆိုတာ- လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းတဲ့ စကားကို ပြောခြင်း၊ အကျိုးမဲ့ စကား

ကို ပြောခြင်းတို့ ဖြစ်တယ်။

မှန်ကန်ကောင်းမွန်တဲ့စကားဟာ လောကီ မှန်ကန် ကောင်းမွန်တဲ့ စကားနှင့် လောကုတ္တရာ မှန်ကန်ကောင်းမွန်တဲ့စကားလို့ နှစ်မျိုး ရှိတယ်။

လောကီ မှန်ကန်ကောင်းမွန်တဲ့စကားဆိုတာ-လိမ်ညာ မပြောခြင်း၊ ကုန်းမတိုက်ခြင်း၊ ကြမ်းတမ်းတဲ့စကားကို မပြောခြင်း၊ အကျိုးမဲ့စကားကို မပြောခြင်း-တို့ ဖြစ်တယ်။

လောကုတ္တရာ မှန်ကန်ကောင်းမွန်တဲ့ စကားဆိုတာ-အရိယာ ပုဂ္ဂိုလ်ရဲ့ အရိယမဂ်နှင့် အတူတကွဖြစ်တဲ့ ဝိရတီ (ဝစီ ဒုစရိုက် လေးပါးမှ ရှောင်ကြဉ်မှု) ဖြစ်တယ်။

အဲဒီ မှန်ကန်ကောင်းမွန်တဲ့စကားနှင့် မှားယွင်း ယုတ်မာတဲ့ စကား ၂-မျိုးကို သူရဲ့ သိခြင်းဟာ မှန်ကန်တဲ့ အမြင်ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့အမြင်ရှိသူဟာ မှားယွင်းယုတ်မာတဲ့ စကားကို မပြောဖို့ရာ၊ မှန်ကန်ကောင်းမွန်တဲ့ စကားကို ပြောဖို့ရာ ကြိုးစားတယ်။ သူရဲ့ အဲဒီ ကြိုးစားမှုဟာ မှန်ကန်တဲ့ ကြိုးစားမှု ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အမြင်ရှိသူဟာ သတိထားပြီး မှားယွင်း ယုတ်မာတဲ့စကားကို ပယ်စွန့်တယ်။ သတိထားပြီး မှန်ကန်ကောင်းမွန်တဲ့ စကားနှင့် ပြည့်စုံအောင် နေတယ်။ သူရဲ့ အဲဒီ သတိဟာ မှန်ကန်တဲ့ သတိ ဖြစ်တယ်။

ဒီတော့ မှန်ကန်တဲ့ အမြင်၊ မှန်ကန်တဲ့ အားထုတ်မှုနှင့် မှန်ကန်တဲ့ သတိတို့ဟာ မှန်ကန်ကောင်းမွန်တဲ့ စကားကို ခြံရံထား

ကြတယ်။ (သူတို့ဟာ မှန်ကန်ကောင်းမွန်တဲ့ စကားရဲ့ အကြောင်းတရားများ ဖြစ်ကြတယ်။)

မှန်ကန်တဲ့ အမြင် ရှေ့သွားခေါင်းဆောင် ဖြစ်ပုံ နောက်တစ်ခု ကတော့ -

မှန်ကန်တဲ့အမြင်ရှိသူဟာ မှားယွင်းဆိုးယုတ်တဲ့ အလုပ်ကို မှားယွင်းဆိုးယုတ်တဲ့ အလုပ်လို့ သိတယ်။ မှန်ကန် ကောင်းမွန်တဲ့ အလုပ်ကို မှန်ကန်ကောင်းမွန်တဲ့ အလုပ်လို့ သိတယ်။

မှားယွင်းဆိုးယုတ်တဲ့ အလုပ်ဆိုတာ - သူတပါး အသက်ကို သတ်ခြင်း၊ သူတပါး ဥစ္စာကို ခိုးခြင်းနှင့် သူတပါး သားမယားကို ပြစ်မှားခြင်းတို့ ဖြစ်တယ်။

မှန်ကန်ကောင်းမွန်တဲ့အလုပ်ဟာ လောကီဖြစ်တဲ့ မှန်ကန်ကောင်းမွန်တဲ့ အလုပ်နှင့် လောကုတ္တရာဖြစ်တဲ့ မှန်ကန်ကောင်းမွန်တဲ့အလုပ်-လို့ ၂-မျိုး ရှိတယ်။

လောကီဖြစ်တဲ့ မှန်ကန်ကောင်းမွန်တဲ့ အလုပ်ဆိုတာ- သူတပါး အသက်ကို မသတ်ခြင်း၊ သူတပါးဥစ္စာကို မခိုးခြင်းနှင့် သူတပါး သားမယားကို မပြစ်မှားခြင်းတို့ ဖြစ်တယ်။

လောကုတ္တရာဖြစ်တဲ့ မှန်ကန်ကောင်းမွန်တဲ့ အလုပ်ဆိုတာ- အရိယာပုဂ္ဂိုလ်ရဲ့ အရိယမဂ်နှင့် အတူတကွဖြစ်တဲ့ ဝိရတီ (ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု)ဖြစ်တယ်။

အဲဒီ မှားယွင်းဆိုးယုတ်တဲ့ အလုပ်နှင့် မှန်ကန်ကောင်းမွန်

တဲ့ အလုပ် နှစ်မျိုးကို သူရဲ့ သိခြင်းဟာ သူရဲ့ မှန်ကန်တဲ့ အမြင် ဖြစ်တယ်။ အဲဒီမှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်းဆိုးယုတ်တဲ့အလုပ်ကို မလုပ်ဖို့ရာ၊ မှန်ကန်ကောင်းမွန်တဲ့အလုပ်ကို ပြုလုပ်ဖို့ရာ ကြိုးစားတယ်။ သူရဲ့ အဲဒီ ကြိုးစားမှုဟာ မှန်ကန်တဲ့ ကြိုးစားမှု ဖြစ်တယ်။

အဲဒီမှန်ကန်တဲ့ အမြင်ရှိသူဟာ သတိထားပြီး မှားယွင်းဆိုးယုတ်တဲ့ အလုပ်ကို ပယ်စွန့်တယ်။ သတိထားပြီး မှန်ကန်ကောင်းမွန်တဲ့ အလုပ်နဲ့ ပြည့်စုံအောင် နေတယ်။ သူရဲ့ အဲဒီ သတိဟာ မှန်ကန်တဲ့ သတိဖြစ်တယ်။

ဒီတော့ မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့ ကြိုးစားမှုနှင့် မှန်ကန်တဲ့ သတိတို့ဟာ မှန်ကန်ကောင်းမွန်တဲ့အလုပ်ကို ခြံရံထားကြတယ်။ (သူတို့ဟာ မှန်ကန်ကောင်းမွန်တဲ့ အလုပ်ရဲ့အကြောင်းတရားတွေ ဖြစ်ကြတယ်။)

မှန်ကန်တဲ့အမြင် ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ နောက်တစ်ခု ကတော့ -

မှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်းတဲ့ အသက်မွေး မှုကို မှားယွင်းတဲ့ အသက်မွေးမှုလို့ သိတယ်။ မှန်ကန်တဲ့ အသက် မွေးမှုကို မှန်ကန်တဲ့ အသက်မွေးမှုလို့ သိတယ်။

မှားယွင်းတဲ့ အသက်မွေးမှုဆိုတာ - လာဘ်ရဖို့ရာ အံ့ဩဖွယ်ကို ဖြစ်စေခြင်း၊ မြှောက်ပင့် ပြောဆိုခြင်း၊ အရိပ်အခြေပြုခြင်း၊

အတင်းအကြပ်ပြုခြင်း၊ လာဘ်ဖြင့် လာဘ်ကို ရှာခြင်း (မိမိအား လှူအောင် ပစ္စည်းပေးခြင်း) စသည်တို့ ဖြစ်တယ်။

မှန်ကန်တဲ့ အသက်မွေးမှုဟာ လောကီဖြစ်တဲ့ မှန်ကန် တဲ့ အသက်မွေးမှုနှင့် လောကုတ္တရာဖြစ်တဲ့ မှန်ကန်တဲ့ အသက်မွေးမှု-လို့ နှစ်မျိုးရှိတယ်။

လောကီဖြစ်တဲ့ မှန်ကန်တဲ့ အသက်မွေးမှုဆိုတာ- မှားယွင်းတဲ့ အသက်မွေးမှုကို ရှောင်ကြဉ်ပြီး မှန်ကန်တဲ့ အသက်မွေးမှုကို ပြုလုပ်ခြင်း ဖြစ်တယ်။

လောကုတ္တရာဖြစ်တဲ့ မှန်ကန်တဲ့ အသက်မွေးမှုဆိုတာ အရိယာပုဂ္ဂိုလ်ရဲ့ အရိယမဂ်နှင့် အတူတကွ ဖြစ်တဲ့ ဝိရတီ (မှားယွင်းတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်မှု)ဖြစ်တယ်။

မှားယွင်းတဲ့အသက်မွေးမှုနှင့် မှန်ကန်တဲ့ အသက်မွေးမှုဆိုတဲ့ နှစ်မျိုးကို သိတဲ့သူရဲ့ အဲဒီ အသိဟာ မှန်ကန်တဲ့အမြင်ဖြစ်တယ်။

အဲဒီမှန်ကန်တဲ့အမြင်ရှိသူဟာ မှားယွင်းတဲ့အသက်မွေးမှုကို မပြုလုပ်ဖို့ရာ မှန်ကန်တဲ့ အသက်မွေးမှုကို ပြုလုပ်ဖို့ရာ ကြိုးစားတယ်။သူရဲ့အဲဒီကြိုးစားမှုဟာ မှန်ကန်တဲ့ကြိုးစားမှု ဖြစ်တယ်။

အဲဒီ မှန်ကန်တဲ့ အမြင်ရှိသူဟာ မှားယွင်းတဲ့ အသက်မွေးမှုကို သတိထားပြီး ရှောင်ကြဉ်တယ်။ မှန်ကန်တဲ့ အသက်မွေးမှုနှင့် ပြည့်စုံအောင် သတိထားပြီးနေတယ်။ သူရဲ့ အဲဒီ သတိဟာ မှန်ကန်တဲ့ သတိ ဖြစ်တယ်။

ဒီတော့ မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့ ကြိုးစားမှုနှင့် မှန်ကန်တဲ့ သတိတို့ဟာ မှန်ကန်တဲ့ အသက်မွေးမှုကို ခြံရံထားကြတယ်။ (သူတို့ဟာ မှန်ကန်တဲ့ အသက်မွေးမှုရဲ့ အကြောင်းတရားများ ဖြစ်ကြတယ်။)

မှန်ကန်တဲ့အမြင် ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ နောက်တစ်ခုကတော့-

မှန်ကန်အမြင်ရှိသူမှာ မှန်ကန်တဲ့ အကြံအစည် ဖြစ်နိုင်တယ်။ မှန်ကန်တဲ့ အကြံအစည်ရှိသူမှာ မှန်ကန်တဲ့ ကောင်းမွန်တဲ့ စကား ဖြစ်နိုင်တယ်။ မှန်ကန်ကောင်းမွန်တဲ့ စကားရှိသူမှာ မှန်ကန်ကောင်းမွန်တဲ့ အလုပ်ဖြစ်နိုင်တယ်။ မှန်ကန် ကောင်းမွန်တဲ့ အလုပ်ရှိသူမှာ မှန်ကန်ကောင်းမွန်တဲ့ အသက်မွေးမှု ဖြစ်နိုင်တယ်။ မှန်ကန်ကောင်းမွန်တဲ့ အသက်မွေးမှု ရှိသူမှာ မှန်ကန်တဲ့ ကြိုးစားမှု ဖြစ်နိုင်တယ်။ မှန်ကန်တဲ့ ကြိုးစားမှုရှိသူမှာ မှန်ကန်တဲ့ သတိဖြစ်နိုင်တယ်။ မှန်ကန်တဲ့ သတိရှိသူမှာ မှန်ကန်တဲ့ သမာဓိ (တည်ကြည်မှု)ဖြစ်နိုင် တယ်။ မှန်ကန်တဲ့ သမာဓိရှိသူမှာ မှန်ကန်တဲ့ ဉာဏ် (မဂ်ဉာဏ်)ဖြစ် နိုင်တယ်။ မှန်ကန်တဲ့ ဉာဏ်ရှိသူမှာ မှန်ကန်တဲ့ လွတ်မြောက်မှု (အရဟတ္တဖိုလ်)ဖြစ်နိုင်တယ်။

သေက္ခပုဂ္ဂိုလ်ဟာ အဲဒီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပြီး ရဟန္တာပုဂ္ဂိုလ်ဟာ အဲဒီ အင်္ဂါ ၁၀-ပါးနှင့် ပြည့်စုံတယ်။

မှန်ကန်တဲ့အမြင် ရှေ့သွားခေါင်းဆောင်ဖြစ်ပုံ နောက် တစ်

ခုကတော့-

မှန်ကန်တဲ့အမြင်ရှိသူမှာ မှားယွင်းတဲ့အမြင်ဟာ ဆွေး မြေ့ ပျက်စီးသွားတော့တယ်။ မှားယွင်းတဲ့ အမြင်ကြောင့် ဖြစ်ပေါ် လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။ မှန်ကန်တဲ့ အမြင်ကြောင့် ကုသိုလ်များစွာ တိုးပွားပြည့်စုံလာတော့ တယ်။

မှန်ကန်တဲ့ အကြံအစည်ရှိသူမှာ မှားယွင်းတဲ့ အကြံအစည် ဟာ ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့ အကြံအစည်ကြောင့် ဖြစ်ပေါ်လာကြတဲ့ အကု သိုလ် များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ အကြံအစည်ကြောင့် ကုသိုလ်များစွာ တိုးပွား ပြည့်စုံလာတော့တယ်။

မှန်ကန်ကောင်းမွန်တဲ့ စကားရှိသူမှာ မှားယွင်းယုတ်မာတဲ့ စကားဟာ ပျက်စီးသွားတော့တယ်။

မှားယွင်း ယုတ်မာတဲ့ စကားကြောင့် ဖြစ်ပေါ်လာကြတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်ကောင်းမွန်တဲ့ စကားကြောင့် ကုသိုလ်များစွာ တိုး ပွား ပြည့်စုံလာတော့တယ်။

မှန်ကန်ကောင်းမွန်တဲ့ အလုပ်ရှိသူမှာ မှားယွင်းဆိုးယုတ်

တဲ့ အလုပ်ဟာ ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှားယွင်းဆိုးယုတ်တဲ့အလုပ်ကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှန်ကန်ကောင်းမွန်တဲ့အလုပ်ကြောင့် ကုသိုလ်များစွာ တိုးပွားပြည့်စုံလာတော့တယ်။

မှန်ကန်တဲ့ အသက်မွေးမှုရှိသူမှာ မှားယွင်းတဲ့ အသက်မွေးမှုဟာ ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့ အသက်မွေးမှုကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ အသက်မွေးမှုကြောင့် ကုသိုလ်များစွာ တိုးပွားပြည့်စုံလာတော့တယ်။

မှန်ကန်တဲ့ ကြိုးစားမှုရှိသူမှာ မှားယွင်းတဲ့ ကြိုးစားမှုဟာ ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့ ကြိုးစားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ ကြိုးစားမှုကြောင့် ကုသိုလ်များစွာ တိုးပွား ပြည့်စုံ လာတော့တယ်။

မှန်ကန်တဲ့ သတိရှိသူမှာ မှားယွင်းတဲ့ သတိဟာ ဆွေးမြေ့

ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့ သတိကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ် များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့သတိကြောင့် ကုသိုလ်များစွာ တိုးပွား ပြည့်စုံလာတော့တယ်။

မှန်ကန်တဲ့ တည်ကြည်မှု ရှိသူမှာ မှားယွင်းတဲ့ တည်ကြည်မှုဟာ ဆွေးမြေ့ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့တည်ကြည်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ တည်ကြည်မှုကြောင့် ကုသိုလ်များစွာ တိုးပွားပြည့်စုံလာတော့တယ်။

မှန်ကန်တဲ့ဉာဏ်ရှိသူမှာ မှားယွင်းတဲ့ဉာဏ် (ဖောက်ဖောက် ပြန်ပြန် ကြံစည်ယူဆခြင်း မောဟ)ဟာ ဆွေးမြေ့ပျက်စီး သွားတော့တယ်။

မှားယွင်းတဲ့ ဉာဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ ဉာဏ်ကြောင့် ကုသိုလ်များစွာ တိုးပွား ပြည့်စုံလာတော့တယ်။

မှန်ကန်တဲ့ လွတ်မြောက်မှုရှိသူမှာ မှားယွင်းတဲ့ လွတ်မြောက်မှု (ဝဋ်ဆင်းရဲမှ မလွတ်မြောက်သေးဘဲ လွတ်မြောက်ပြီဟု ယူခြင်း ဒိဋ္ဌိ)ဟာ ဆွေးမြေ့ ပျက်စီးသွားတော့တယ်။

မှားယွင်းတဲ့ လွတ်မြောက်မှု (ဒိဋ္ဌိ)ကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်များစွာလည်း ဆွေးမြေ့ပျက်စီးကြတော့တယ်။

မှန်ကန်တဲ့ လွတ်မြောက်မှုကြောင့် ကုသိုလ်နှင့်တူတဲ့ ကြိယာ များစွာ တိုးပွားပြည့်စုံလာတော့တယ်။

ရဟန်းတို့၊ ကုသိုလ် နှစ်ဆယ်၊ အကုသိုလ်နှစ်ဆယ် ပေါင်း လေးဆယ်ကို ပြတဲ့ တရားဒေသနာတော်ကို ငါဘုရား ဟောကြားတော်မူပြီးပြီ။

အဲဒီ ဒေသနာတော်ကို လောကမှာ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ မည်သူမျှ မကန့်ကွက်နိုင်။

ရဟန်းတို့၊ တစ်စုံတစ်ယောက်သော ရဟန်း ပုဏ္ဏားဟာ ဒီတရားဒေသနာတော်ကို ကဲ့ရဲ့ထိုက်၊ ပစ်ပယ်ထိုက်တယ်-လို့ ထင်မှတ်ခဲ့လျှင် သူဟာ ဒီဘဝမှာပဲ အကြောင်း ၁၀-မျိုးဖြင့် အကဲ့ ရဲ့ ခံရလိမ့်မယ်။

အရှင်ဟာ မှန်ကန်တဲ့ အယူရှိသူကို ကဲ့ရဲ့လျှင် မှားယွင်းတဲ့ အယူရှိတဲ့ ပရိဗိုဇ် ပုဏ္ဏားတို့ကို ပူဇော်ချီးမွမ်းသင့်တယ်။

အရှင်ဟာ မှန်ကန်တဲ့ အကြံအစည်ရှိသူကို ကဲ့ရဲ့လျှင် မှားယွင်းတဲ့ အကြံအစည်ရှိတဲ့ ပရဗိုဇ် ပုဏ္ဏားတို့ကို ပူဇော် ချီးမွမ်း

သင့်တယ်။

မှန်ကန် ကောင်းမွန်တဲ့ စကား စသည်မှာလည်း ထို့အတူပဲ အကဲ့ရဲ့ခံရလိမ့်မယ်။

ရဟန်းတို့၊ ဥက္ကလဇနပုဒ်မှာ နေကြတဲ့ အဟေတုက၊ အကိရိယ၊ နတ္ထိက-ဆိုတဲ့ မှားယွင်းတဲ့ အယူရှိကြတဲ့ ဝဿဘညဆိုသူတို့တောင်မှ ဒီတရားဒေသနာတော်ကို မကဲ့ရဲ့ထိုက်၊ မပစ်ပယ်ထိုက်-လို့ ထင်မှတ်ခဲ့ကြတယ်။ အကြောင်းကတော့ ကဲ့ရဲ့၊ ထိပါး၊ စွပ်စွဲခံရမှာကို ကြောက်လန့်ကြသောကြောင့် ဖြစ်တယ်။

မြတ်စွာဘုရားဟာ ဒီတရားဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ကြပါတယ်။

မဟာစတ္တာရီသကသုတ် ပြီးပြီ။

☼ ☼ ☼

## (၁၀၅)

## ဂ–အာနာပါနသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဝိသာခါ လှူဒါန်းထားတဲ့ ပုဗ္ဗာရုံကျောင်းတော်မှာ တပည့်မထေရ်ကြီးများစွာ နှင့်အတူ သီတင်းသုံးနေတော် မူပါတယ်။ အဲဒီ မထေရ်ကြီးတွေဟာ အလွန်ထင်ရှားကျော်ကြားတဲ့ နာမည်ကျော် မထေရ်ကြီးများ ဖြစ်ကြပါတယ်။ အဲဒီ မထေရ်ကြီးများကတော့ - အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်မဟာကစ္စည်း၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင်မဟာစုန္ဒ၊ အရှင် အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင် အာနန္ဒာ အစရှိတဲ့ မထေရ်ကြီးများ ဖြစ်ပါတယ်။

အဲဒီအခါမှာ မထေရ်ကြီးများက ရဟန်းသစ်များကို အထပ်ထပ် ဆုံးမ သွန်သင်ထားကြပါတယ်။ ဒါ့ကြောင့် အဲဒီ ရဟန်း သစ်များဟာ သီလစသော ရှေးရှေး တရားထက် မွန်မြတ်တဲ့ သမာဓိ ပညာစတဲ့ နောက်နောက် တရားထူးကို တတ်သိနားလည်နေကြ ပါတယ်။

အဲဒီအခါ သီတင်းကျွတ် လပြည့်နေ့ညမှာ မြတ်စွာဘုရား ဟာ လွင်တီးပြင် (ကွင်းပြင်)တစ်ခုမှာ ထိုင်နေတော်မူပါတယ်။ ရဟန်း သံဃာများစွာက မြတ်စွာဘုရားကို ခြံရံထားကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက တိတ်ဆိတ်ငြိမ်သက် နေကြတဲ့ ရဟန်းသံဃာများကို လှည့်ကြည့်တော်မူပြီး ရဟန်းများ

အား အခုလို မိန့်ကြားတော်မူပါတယ်။

"ရဟန်းတို့၊ အခုလို ကျင့်တဲ့အတွက် ငါဘုရား နှစ်သက်သဘောကျတော်မူတယ်။

ရဟန်းတို့၊ ဒါ့ကြောင့် မရောက်သေး၊ မရသေး၊ မျက်မှောက်မပြုရသေးတဲ့ အရဟတ္တဖိုလ်ကို ရောက်ဖို့ ရဖို့ မျက်မှောက်ပြုဖို့ရာ သင်တို့အတိုင်းထက်အလွန် ကြိုးစားကြ။ တန်ဆောင်မုန်းလပြည့်နေ့အထိ ငါဘုရား ဒီသာဝတ္ထိမြို့မှာပဲ စောင့်နေတော်မူမယ်"-လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီ သတင်းကို နယ်က ရဟန်းများ ကြားပြီး မြတ်စွာဘုရားကို ဖူးမြော်ဖို့ရာ သာဝတ္ထိမြို့သို့ ရောက်လာကြပါတယ်။ အဲဒီရဟန်းတွေထဲမှာလည်း မထေရ်ကြီးများက ရဟန်းသစ်များကို အတိုင်းထက် အလွန် ဆုံးမသွန်သင်ထားကြပါတယ်။ ဒါ့ကြောင့် အဲဒီ ရဟန်းသစ်များဟာလည်း ရှေးရှေးတရားထူးထက် မွန်မြတ်ကောင်းမွန်တဲ့ နောက်နောက်တရားထူးကို ရနေကြ၊ သိနေကြပါတယ်။

တန်ဆောင်မုန်းလပြည့်နေ့ ညမှာကျတော့လည်း မြတ်စွာဘုရားဟာ လွင်တီးပြင် (ကွင်းပြင်) တစ်ခုမှာ ထိုင်နေတော်မူပါတယ်။ မြတ်စွာဘုရားကို ရဟန်းသံဃာ များစွာက ခြံရံထားကြပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက တိတ်ဆိတ် ငြိမ်သက်နေကြတဲ့ ရဟန်းသံဃာများကို လှည့်ကြည့်တော်မူပြီး ရဟန်းများအား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ ၊ ဒီပရိသတ်ဟာ အဖျင်း အကာ ကင်းကွာပြီး အနှစ်သာရ အပြည့်အဝ ရှိတယ်။ သန့်ပြန့်စင်ကြယ်တယ်။

ရဟန်းတို့ ဒီပရိသတ်ဟာ ရပ်ဝေးမှ သယ်ဆောင် လှူဒါန်း ပူဇော်တဲ့ လှူ ဖွယ်ကိုပင် အလှူခံထိုက်တဲ့ ပရိသတ်မျိုး ဖြစ်တယ်။

ဧည့်သည်တို့အတွက် စီမံထားတဲ့ ပစ္စည်းကိုပင် အလှူခံ ထိုက်တဲ့ ပရိသတ်မျိုး ဖြစ်တယ်။

မြတ်သောအလှူ (တမလွန်ကို ယုံကြည်၍ လှူအပ်တဲ့ ဝတ္ထုပစ္စည်း)ကိုပင် အလှူခံထိုက်တဲ့ ပရိသတ်မျိုးဖြစ်တယ်။

လက်အုပ်ချီမိုး ရှိခိုးမှုကိုပင် ခံထိုက်တဲ့ ပရိသတ်မျိုး ဖြစ် တယ်။

တစ်လောကလုံးရဲ့ အကောင်းဆုံး ကုသိုလ်လယ်ယာ ဖြစ်တဲ့ ပရိသတ်မျိုး ဖြစ်တယ်။

နည်းနည်းလှူတောင်မှ များများအကျိုးရစေ၍ များများ လှူလျှင် ပို၍ များများ အကျိုးရစေနိုင်တဲ့ ပရိသတ်မျိုး ဖြစ်တယ်။

လူအများ ဖူးတွေ့ ရခဲတဲ့ ပရိသတ်မျိုး ဖြစ်တယ်။

ယူဇနာပေါင်း အရာအထောင်တိုင်အောင် ထမင်းထုပ်ဖြင့် သွားရောက် ဖူးမြော်ထိုက်သော ပရိသတ်မျိုး ဖြစ်တယ်။

ရဟန်းတို့ ဒီ ရဟန်းသံဃာတွေထဲမှာ ရဟန္တာ ရဟန်းများ လည်း ပါကြတယ်။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ရဟန်းများလည်း ပါကြတယ်။

ရဟန်းတို့ ဒီရဟန်းသံဃာတွေထဲမှာ ဗောဓိပက္ခိယတရား

၃၇-ပါး၊ ဗြဟ္မဝိဟာရတရားလေးပါး၊ အသုဘဘာဝနာ၊ အနိစ္စသညာဘာဝနာတို့ကို အသီးအသီး ပွားများအားထုတ်နေတဲ့ ရဟန်းများလည်း ပါကြတယ်။

ရဟန်းတို့၊ ဒီရဟန်းသံဃာတွေထဲမှာ အာနာပါနဿတိဘာဝနာကို အားထုတ်နေကြတဲ့ ရဟန်းများလည်း ပါကြတယ်။

ရဟန်းတို့၊ အာနာပါနဿတိဟာ အထပ်ထပ် ပွားများလျှင် အကျိုး အာနိသင် များတယ်။

အာနာပါနဿတိကို အထပ်ထပ် ပွားများလျှင် သတိပဋ္ဌာန်လေးပါးကို ပြည့်စုံစေနိုင်တယ်။ (ပွားများပြီး ဖြစ်နိုင်တယ်။)

သတိပဋ္ဌာန်လေးပါးကို အထပ်ထပ် ပွားများလျှင် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေနိုင်တယ်။ (ပွားများပြီး ဖြစ်နိုင်တယ်။)

ဗောဇ္ဈင် ခုနစ်ပါးကို အထပ်ထပ် ပွားများလျှင် ဖိုလ်တရားနှင့် နိဗ္ဗာန်ကို ပြည့်စုံစေနိုင်တယ်။(ကိုယ်တွေ့ ရနိုင် ရောက်နိုင်တယ်။)

ရဟန်းတို့၊ အာနာပါနဿတိကို အထပ်ထပ် ဘယ်လို ပွားများရင် အကျိုး အာနိသင် များသလဲဆိုတော့-

ရဟန်းတို့၊ ဒီသာသနာတော်မှာ သာသနာ့ ဝန်ထမ်း ရဟန်းတစ်ပါးဟာ တောသို့ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်တဲ့ တစ်နေရာရာသို့ သွားရောက်ပြီး တင်ပလ္လင် ခွေကာ ကမ္မဋ္ဌာန်းထိုင်တယ်။ အဲဒီ အခါမှာ အထက်ပိုင်း ကိုယ်ခန္ဓာ ကို ဖြောင့်ဖြောင့် မတ်မတ် ထားတယ်။ သတိကို ကမ္မဋ္ဌာန်း မှာ ဦးတည် ထားတယ်။

အဲဒီရဟန်းဟာ သတိထားလျက်သာ ဝင်လေ ကို ရှူတယ်။

သတိထားလျက်သာ ထွက်လေ ရှိုက်တယ်။

- ရှည်ရှည် ရှူလျှင် ရှည်ရှည် ရှူတယ်လို့ သိတယ်။

- ရှည်ရှည် ရှိုက်လျှင် ရှည်ရှည် ရှိုက်တယ်လို့သိတယ်။

- တိုတို ရှူလျှင် တိုတို ရှူတယ်လို့ သိတယ်။

- တိုတို ရှိုက်လျှင် တိုတို ရှိုက်တယ်လို့ သိတယ်။

- ဝင်လေ တစ်ခုလုံး၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှူအံ့လို့ အားထုတ်တယ်။

- ထွက်လေ တစ်ခုလုံး၏ အစ၊ အလယ်၊ အဆုံး သုံးပါး လုံးကို ပီပြင် ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့ -လို့ အားထုတ်တယ်။

- ကြမ်းတမ်းတဲ့ ဝင်လေကို ငြိမ်းလျက် ရှူအံ့-လို့ အားထုတ်တယ်။

- ကြမ်းတမ်းတဲ့ ထွက်လေကို ငြိမ်းလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

- ပီတိကို ပီပြင်ထင်ရှားကွဲပြားစွာ သိလျက် ရှူအံ့-လို့ အားထုတ်တယ်။

- ပီတိကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

- ချမ်းသာမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက်ရှူအံ့-လို့ အားထုတ်တယ်။

- ချမ်းသာမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့-

လို့ အားထုတ်တယ်။

- ခံစားမှု မှတ်သားမှုကို ပီပြင်ထင်ရှားကွဲပြားစွာ သိလျက် ရှူအဲ့-လို့ အားထုတ်တယ်။

- ခံစားမှု မှတ်သားမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အဲ့-လို့ အားထုတ်တယ်။

- ကြမ်းတမ်းတဲ့ ခံစားမှုမှတ်သားမှုကို ငြိမ်းလျက် ရှူအဲ့-လို့ အားထုတ်တယ်။

- ကြမ်းတမ်းတဲ့ ခံစားမှု မှတ်သားမှုကို ငြိမ်းလျက် ရှိုက်အဲ့-လို့ အားထုတ် တယ်။

- စိတ်ကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှူအဲ့-လို့ အားထုတ်တယ်။

- စိတ်ကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အဲ့လို့ အားထုတ်တယ်။

- စိတ်ကို အလွန် ဝမ်းမြောက်စေလျက် ရှူအဲ့လို့ အားထုတ်တယ်။

- စိတ်ကို အလွန် ဝမ်းမြောက်စေလျက် ရှိုက်အဲ့လို့ အားထုတ်တယ်။

- စိတ်ကို မလျော့လွန်း မတင်းလွန်းအောင် ကောင်းစွာ အာရုံမှာ ထားလျက် ရှူအဲ့-လို့ အားထုတ်တယ်။

- စိတ်ကို မလျော့လွန်း မတင်းလွန်းအောင် ကောင်းစွာ အာရုံမှာ ထားလျက် ရှိုက်အဲ့-လို့ အားထုတ်တယ်။

- စိတ်ကို အတားအဆီး အကုသိုလ်တရားတို့မှ လွတ်မြောက်စေလျက် ရှူအံ့-လို့ အားထုတ်တယ်။

- စိတ်ကို အတားအဆီး အကုသိုလ်တရားတို့မှ လွတ်မြောက်စေလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

- ခန္ဓာတို့၏ မမြဲပုံကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

- ခန္ဓာတို့၏ မမြဲပုံကို အဖန်ဖန် ရှုလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

- သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

- သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်ဖန် ရှုလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

- သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

- သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန်ရှုလျက် ရှိုက်အံ့-လို့ အားထုတ် တယ်။

- သင်္ခါရတို့၏ (သူတို့ကိုယ်သူတို့) စွန့်ခြင်းကို အဖန်ဖန် ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

- သင်္ခါရတို့၏ (သူတို့ကို သူတို့) စွန့်ခြင်းကို အဖန်ဖန်ရှုလျက် ရှိုက်အံ့ အားထုတ်တယ်။

ရဟန်းတို့၊ အဲဒီလို ပွားများထားတဲ့ အာနာပါနဿတိဟာ

အကျိုးအာနိသင် များပြားတယ်။

ရဟန်းတို့၊ အာနာပါနဿတိကို အထပ်ထပ် ဘယ်လို ပွားများလျှင် သတိပဋ္ဌာန်လေးပါးကို ပွားများပြီးဖြစ်သလဲ-ဆိုတော့

ရဟန်းတို့၊ တစ်ခါတစ်ရံမှာ ယောဂီရဟန်းဟာ ရှည်ရှည် ရှူလျှင် ရှည်ရှည် ရှူတယ်-လို့ သိတယ်။

ရှည်ရှည် ရှိုက်လျှင် ရှည်ရှည်ရှိုက်တယ်လို့ သိတယ်။

တိုတိုရှူလျှင် တိုတိုရှူတယ်လို့ သိတယ်။

တိုတိုရှိုက်လျှင် တိုတို ရှိုက်တယ်လို့ သိတယ်။

ဝင်လေ တစ်ခုလုံး၏ အစ အလယ် အဆုံး သုံးပါးလုံးကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှူအံ့-လို့အားထုတ်တယ်။

ထွက်လေတစ်ခုလုံး၏ အစ အလယ် အဆုံး သုံးပါးလုံးကို ပီပြင် ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ဝင်လေကို ငြိမ်းလျက် ရှူအံ့-လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ထွက်လေကို ငြိမ်းလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ရဟန်းတို့၊ အဲဒီလို သိနေ၊ အားထုတ်နေတဲ့အချိန်မှာ အဲဒီ ရဟန်းဟာ ကိုယ်ကို အဖန်ဖန် ရှုပြီး နေသူဖြစ်တယ်။ (ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသူဖြစ်တယ်။) အကြောင်းကတော့ - ဝင်လေ ထွက်လေ ဆိုတာ ကိုယ်ရဲ့ အစိတ် အပိုင်း ကိုယ်တစ်ခုဖြစ်လို့ပဲ။ အဲဒီအချိန်မှာ အဲဒီရဟန်းဟာ သတိ၊ ဝီရိယ၊

ဉာဏ်ယှဉ်ပြီး လောကအပေါ်မှာ တပ်မက်မှု၊ မကျေနပ် မှုတို့ကို ပယ်ဖျောက်ထား တယ်။(၁)

- ရဟန်းတို့ တစ်ခါတစ်ရံမှာ ယောဂီရဟန်းဟာ ပီတိကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှုအံ့-လို့ အားထုတ်တယ်။

ပီတိကို ပီပြင် ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့လို့ အားထုတ် တယ်။

ချမ်းသာမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှုအံ့လို့ အားထုတ် တယ်။

ချမ်းသာမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့လို့ အားထုတ် တယ်။

ခံစားမှု မှတ်သားမှုကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှုအံ့လို့ အား ထုတ်တယ်။

ခံစားမှု မှတ်သားမှုကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ခံစားမှု မှတ်သားမှုကို ငြိမ်းလျက် ရှုအံ့-လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ခံစားမှု မှတ်သားမှုကို ငြိမ်းလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ရဟန်းတို့၊ အဲဒီလို အားထုတ်နေတဲ့ အချိန်မှာ အဲဒီ ရဟန်းဟာ ဝေဒနာကို အဖန်ဖန်ရှုပြီး နေသူဖြစ်တယ်။ (ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ကို ပွားများနေသူ ဖြစ်တယ်။) အကြောင်း ကတော့ -

ဝင်လေထွက်လေတို့ကို နှလုံးသွင်းခြင်းဟာ ဝေဒနာထဲက ဝေဒနာ တစ်ပါး ဖြစ်လို့ပဲ ။ အဲဒီအချိန်မှာ အဲဒီ ရဟန်းဟာ သတိ ဝီရိယ ဉာဏ်ယှဉ်ပြီး လောကအပေါ်မှာ တပ်မက်မှု မကျေနပ်မှု တို့ကို ပယ်ဖျောက်ထားတယ်။(၂)

ရဟန်းတို့၊ တစ်ခါတစ်ရံမှာ ယောဂီ ရဟန်းဟာ စိတ်ကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှူအံ့-လို့ အားထုတ်တယ်။

စိတ်ကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့လို့ အားထုတ်တယ်။

စိတ်ကို အလွန် ဝမ်းမြောက်စေလျက် ရှူအံ့လို့ အားထုတ်တယ်။

စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ရှိုက်အံ့လို့ အားထုတ်တယ်။

စိတ်ကို မလျော့လွန်း မတင်းလွန်းအောင် ကောင်းစွာ အာရုံမှာ ထားလျက် ရှူအံ့လို့ အားထုတ်တယ်။

စိတ်ကို မလျော့လွန်း မတင်းလွန်းအောင် ကောင်းစွာ အာရုံမှာ ထားလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

စိတ်ကို အတားအဆီး အကုသိုလ်တရားတို့မှ လွတ်မြောက်စေလျက် ရှူအံ့လို့ အားထုတ်တယ်။

စိတ်ကို အတားအဆီး အကုသိုလ်တရားတို့မှ လွတ်မြောက်စေလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ရဟန်းတို့၊ အဲဒီလို အားထုတ်နေတဲ့ အချိန်မှာ အဲဒီ

ရဟန်းဟာ စိတ်ကို အဖန်ဖန် ရှုပြီး နေသူဖြစ်တယ်။ (စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသူ ဖြစ်တယ်။) အကြောင်းကတော့- သတိလစ်နေသူ၊ မသိနိုင်သောသူမှာ အာနာပါနဿတိ မရှိနိုင်သောကြောင့် ဖြစ်တယ်။ အဲဒီ အချိန်မှာ အဲဒီ ရဟန်းဟာ သတိ၊ ဝီရိယ၊ ဉာဏ်ယှဉ်ပြီး လောကအပေါ်မှာ တပ်မက်မှု မကျေနပ်မှုတို့ကို ပယ်ဖျောက် ထားတယ်။(၃)

ရဟန်းတို့၊ တစ်ခါတစ်ရံမှာ ယောဂီ ရဟန်းဟာ ခန္ဓာတို့၏ မမြဲပုံကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

ခန္ဓာတို့၏ မမြဲပုံကို အဖန်ဖန်ရှုလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

သင်္ခါရတို့၏ ပျက်ခြင်းကို အဖန်ဖန် ရှုလျက် ရှိုက်အံ့လို့ အားထုတ်တယ်။

သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန်ရှုလျက် ရှူအံ့-လို့ အားထုတ်တယ်။

သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန် ရှုလျက် ရှိုက်အံ့-လို့ အားထုတ်တယ်။

ရဟန်းတို့ အဲဒီလို အားထုတ်နေတဲ့အချိန်မှာ အဲဒီ ရဟန်းဟာ တရား သဘောကို အဖန်ဖန် ရှုပြီး နေသူ ဖြစ်တယ်။ (ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသူ ဖြစ်တယ်။) အကြောင်း

ကတော့-အဲဒီအချိန်မှာ အဲဒီ ရဟန်းဟာ သတိ၊ ဝီရိယ၊ဉာဏ်ယှဉ်ပြီး လောကအပေါ်မှာ တပ်မက်မှု မကျေနပ်မှုတို့ကို ပယ်ဖျောက်ထား တယ်။ အဲဒီလို ပယ်ဖျောက်ထားပုံကို ဉာဏ်ပညာဖြင့် သိမြင်ပြီး ကောင်းစွာ လျစ်လျူရှုထားတယ်။ အဲဒီလို တပ်မက်မှု၊ မကျေနပ်မှု တို့ကို သိခြင်းဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန် တစ်မျိုး ဖြစ်လို့ပဲ။(၄)

ရဟန်းတို့၊ အာနာပါနသတိကို အဲဒီလို အထပ်ထပ် ပွားများရင် သတိပဋ္ဌာန်လေးပါးကို ပွားများပြီး ဖြစ်တယ်။

ရဟန်းတို့၊ သတိပဋ္ဌာန်လေးပါးကို ထပ်ခါထပ်ခါ ဘယ်လို ပွားများလျှင် ဗောဇ္ဈင်ခုနစ်ပါးကိုလည်း ပွားများပြီးဖြစ်သလဲ ဆိုလျှင်-

ကာယာနုပဿနာပွားများတဲ့အချိန်မှာ သတိဟာ စွဲစွဲမြဲ မြဲ တည်လာတော့တယ်။

အဲဒီအခါမှာ သတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများ ပြီး ဖြစ်တော့တယ်။ (၁)

အဲဒီလို သတိရှိပြီး နေတဲ့အခါမှာ ရုပ်နာမ်တရားကို ဝိပဿနာပညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် စူးစမ်းဆင်ခြင် တော့တယ်။

အဲဒီအခါမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများ ပြီး ပွားများပြီး ဖြစ်တော့တယ်။ (၂)

အဲဒီလို စူးစမ်းဆင်ခြင်တဲ့အခါမှာ ဝီရိယကိုလည်း စိုက် ထုတ်ပြီး ဖြစ်တယ်။

အဲဒီအခါမှာ ဝီရိယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများပြီး ဖြစ်တော့တယ်။(၃)

အဲဒီလို ဝီရိယ စိုက်ထုတ်ပြီးတဲ့အခါမှာ ကိလေသာကင်းတဲ့ ပီတိ ဖြစ်ပေါ်လာတယ်။

အဲဒီအခါမှာ ပီတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများပြီး ဖြစ်တော့တယ်။(၄)

ပီတိဖြစ်တဲ့ သူရဲ့ ကိုယ်နှင့် စိတ်ဟာ ငြိမ်းအေးလာတော့တယ်။

အဲဒီအခါမှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများပြီး ဖြစ်တော့တယ်။(၅)

ကိုယ်ငြိမ်းအေးပြီး စိမ်ချမ်းသာသူရဲ့ စိတ်ဟာ တည်ကြည်လာတော့တယ်။

အဲဒီအခါမှာ သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများပြီး ဖြစ်တော့တယ်။(၆)

အဲဒီအခါမှာ ယောဂီပုဂ္ဂိုလ်ဟာ တည်ကြည်တဲ့ စိတ်ကို လျစ်လျူရှုထားတယ်။

အဲဒီအခါမှာ ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ပွားများပြီး ဖြစ်တော့တယ်။(၇)

ကျန်တဲ့ သတိပဋ္ဌာန် (၃)ပါးကို ပွားများလျှင်လည်း ထို့

အတူပဲ ဗောဇ္ဈင် (၇)ပါးကို ပွားများပြီးဖြစ်တော့တယ်။

ရဟန်းတို့၊ ဗောဇ္ဈင် ခုနစ်ပါးကို ဘယ်လို ထပ်ခါ ထပ်ခါ ပွားများလျှင် ဖိုလ်တရားနှင့် နိဗ္ဗာန်ကို ပြည့်စုံစေနိုင်သလဲ (ရနိုင်၊ ရောက်နိုင်သလဲ) ဆိုတော့ -

သင်္ခတတရားများ ဆိတ်သုဉ်းရာ၊ ပျက်ရာ၊ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၍ ကိလေသာကို စွန့်ခြင်းအားဖြင့် ရင့်ကျက်တဲ့ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလျှင် ဖိုလ်တရားနှင့် နိဗ္ဗာန်တရားကို ပြည့်စုံစေနိုင်၊ ရနိုင်၊ ရောက်နိုင်တယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ရဟန်းများဟာ နှစ်သက်သဘောကျပြီး သာဓု ခေါ်ဆိုကြပါတယ်။

## မှတ်ချက်

ဒီသုတ်မှာ ဝိဇ္ဇာ ဝိမုတ္တိ-၌ ဝိဇ္ဇာအရ မဂ်ကို ယူပြီး ဝိမုတ္တိအရ ဖိုလ်နှင့် နိဗ္ဗာန်ကို ယူလျှင်လည်း သင့်ဖွယ်ရှိပါတယ်။ ဗောဇ္ဈင်အရ လောကီ ဗောဇ္ဈင်ကို ယူပုံက ပိုပြီး သင့်ပါတယ်။ ဗဟုလီကတာကို ထောက်သင့်ပါတယ်။

အာနာပါနသတိသုတ် ပြီးပြီ။

❋ ❋ ❋

# ၉– ကာယဂတာသတိသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါက ရဟန်းများစွာ ဆွမ်းခံပြန်လာကြတဲ့အခါ ဓမ္မာရုံမှာ ထိုင်နေကြ ၊ စုဝေးနေကြပါတယ်။ (သံဃာစုပြီး နေကြပါတယ်။) အဲဒီအခါမှာ အဲဒီ ရဟန်းတွေဟာ အခုလို ပြောကြားနေကြပါတယ်။

"ငါ့ရှင်တို့ ၊ အံ့သြဖွယ်ကောင်းလိုက်တာ ၊ ထူးခြားလိုက်တာ၊ ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများလျှင် အလွန့်အလွန် အကျိုးများကြောင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟောကြားထားတော်မူတယ်"လို့ ပြောကြားနေကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားဟာ ညနေပိုင်း တစ်ပါးတည်း သီတင်းသုံးရာမှ ထတော်မူပြီး ဓမ္မာရုံသို့ ကြွတော်မူလာပါတယ်။ ဓမ္မာရုံရောက်တော့ အသင့်ခင်းထားတဲ့ နေရာမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်း တို့၊ သင်တို့ ဘယ်လိုစကားကို ပြောနေကြသလဲ"လို့ မေးတော်မူ လို့ ရဟန်းများက အမှန်အတိုင်း လျှောက်ထားခဲ့ကြပါတယ်။

ရဟန်းတို့၊ ကာယဂတာသတိကို ထပ်ခါထပ်ခါ ဘယ်လိုပွားများရင် အကျိုး အာနိသင် များသလဲ ဆိုတော့-

ရဟန်းတစ်ပါးဟာ ဆိတ်ငြိမ်ရာသို့ သွားရောက်ပြီး အာနာ

ပါနသသတိကမ္မဋ္ဌာန်းကို အားထုတ်တယ်။

- ရှည်ရှည် ရှူရှိုက်လျှင် ရှည်ရှည် ရှူရှိုက်တယ်-လို့ သိတယ်။
- တိုတို ရှူရှိုက်လျှင် တိုတို ရှူရှိုက်တယ်-လို့ သိတယ်။
- ဝင်လေ ထွက်လေရဲ့ အစ အလယ် အဆုံး သုံးပါးလုံးကို ကွဲကွဲပြားပြား သိပြီးတော့ ရှူအံ့၊ ရှိုက်အံ့-လို့ အားထုတ်တယ်။
- ကြမ်းတမ်းတဲ့ ဝင်လေထွက်လေကို ငြိမ်း၍ ရှူအံ့၊ ရှိုက်အံ့ -လို့ အားထုတ်တယ်။

အဲဒီလို အားထုတ်တဲ့ ရဟန်းမှာ ကာမဂုဏ်နှင့် စပ်တဲ့ အကြံ အစည်များ ကင်းပျောက်သွားတယ်။ အဲဒီ အကြံအစည်များ ကင်းခြင်းကြောင့် စိတ်ဟာ မိမိ သန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ငြိမ်သက် တည်ကြည်လာတော့တယ်။

ရဟန်းတို့၊ ဒါဟာ ကာယဂတာသတိကို ပွားများပုံ တစ်မျိုးဖြစ်တယ်။

ရဟန်းတို့၊ ကာယဂတာသတိပွားများပုံ နောက်တစ်မျိုးကတော့ - ယောဂီရဟန်းဟာ သွားလျှင် သွားတယ်လို့သိတယ်၊ ရပ်လျှင် ရပ်တယ်လို့သိတယ်။ ထိုင်လျှင် ထိုင်တယ်-လို့ သိတယ်။ လျောင်းလျှင် လျောင်းတယ်-လို့ သိတယ်။ သူရဲ့ ကိုယ်ကို ထားတိုင်း ထားတိုင်းသော အနေအထားအတိုင်း သိတယ်။

အဲဒီလို အသိကပ်ပြီး အားထုတ်တဲ့ ရဟန်းမှာလည်း

ကာမဂုဏ်နှင့်စပ်တဲ့ အကြံအစည်များ ကင်းပျောက်ပြီး သူရဲ့ စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာတည်၍ ငြိမ်သက်တည်ကြည် လာတော့တယ်။

ရဟန်းတို့၊ ဒါဟာလည်း ကာယဂတာသတိကို ပွားများပုံ တစ်မျိုးဖြစ်တယ်။

ရဟန်းတို့၊ ကာယဂတာသတိပွားများပုံနောက်တစ်မျိုးက တော့- ယောဂီရဟန်းဟာ ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာတို့မှာ ဆင်ခြင်စဉ်းစားပြီးမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။ (အကုသိုလ် ဖြစ် စရာ မရှိမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။)

တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ ကြည့်လေ့ရှိတယ်။

ကွေးရာဆန့်ရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ ကွေးလေ့၊ ဆန့်လေ့ရှိတယ်။

သပိတ်သင်္ကန်းကို သုံးစွဲဝတ်ရုံရာမှာလည်း ဆင်ခြင် စဉ်းစား ပြီးမှ သုံးစွဲ ဝတ်ရုံလေ့ရှိတယ်။

စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့မှာလည်း ဆင်ခြင် စဉ်းစားပြီးမှ စား၊ သောက်၊ ခဲ၊ လျက်လေ့ရှိတယ်။

ကျင်ကြီး ကျင်ငယ် စွန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စွန့်လေ့ရှိတယ်။

သွားရာ၊ ရပ်ရာ၊ ထိုင်ရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ

သွား၊ ရပ်၊ ထိုင်လေ့ရှိတယ်။

အိပ်တဲ့အခါ နိုးတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ အိပ်လေ့၊ နိုးလေ့ ရှိတယ်။

စကားပြောတဲ့အခါ၊ ဆိတ်ဆိတ်နေတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စကားပြောလေ့၊ ဆိတ်ဆိတ်နေလေ့ရှိတယ်။

အဲဒီလို ဆင်ခြင်စဉ်းစားပြီးအားထုတ်တဲ့ ရဟန်းမှာလည်း ကာမဂုဏ်နှင့် စပ်တဲ့ အကြံအစည်များ ကင်းပျောက်ပြီး သူ့ရဲ့ စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာတည်တော့တယ်။ ငြိမ်သက်တည်ကြည်လာတော့တယ်။

ရဟန်းတို့၊ ကာယဂတာသတိပွားများပုံ နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကောက်ကြီးစပါး၊ ကောက်လတ်စပါး ၊ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန် စသည်တို့ဖြင့် ပြည့်နေသော နှစ်ဘက်ဝပါရှိတဲ့ အိတ်တစ်လုံး ရှိတယ်ဆိုပါတော့။ အဲဒီ အိတ်ကို မျက်စိမြင်တဲ့ လူတစ်ယောက်ဟာ ဖြေပြီး "ဒါတွေဟာ ကောက်ကြီးစပါးတွေပဲ။ ဒါတွေဟာ ကောက်လတ်စပါးတွေပဲ။ ဒါတွေ ဒါတွေဟာ ပဲနောက်၊ မတ်ပဲ။ နှမ်း၊ ဆန်တွေပဲ . . . စသည်အားဖြင့် ဆင်ခြင်သကဲ့သို့

ရဟန်းတို့၊ ထို့အတူပဲ မစင်မကြယ် ရွံစဖွယ် အမျိုးမျိုးဖြင့် ပြည့်၍ ခြေဆုံး ခေါင်းဆုံး အရေဖုံးထားတဲ့ ဒီခန္ဓာကိုယ်ကို ယောဂီရဟန်းဟာ ရှုကြည့်ဆင်ခြင်တယ်။

"ဤငါ၏ ခန္ဓာကိုယ်မှာ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း (ဦးနှောက်) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် တို့သာ ရှိကြပါတကား"လို့ ရှုကြည့် ဆင်ခြင်တယ်။

အဲဒီလို ဆင်ခြင် အားထုတ်တဲ့ ရဟန်းမှာလည်း ကာမဂုဏ်နှင့်စပ်တဲ့ အကြံအစည်များ ကင်းပျောက်သွားတယ်။ အဲဒီ အကြံအစည်များ ကင်းခြင်းကြောင့် စိတ်ဟာ မိမိ သန္တာန်မှာပဲ ကောင်းစွာတည်တော့တယ်။ ငြိမ်သက် တည်ကြည်လာတော့တယ်။

ရဟန်းတို့၊ ကာယဂတာသတိပွားများပုံ နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ နွားသတ်သမားတစ်ယောက်ဟာ နွားကို သတ်ပြီး လမ်းဆုံ လမ်းမ လမ်းလေးခွမှာ တစ်ပုံစီ တစ်ပုံစီ ပုံ၍ ထိုင်နေသကဲ့သို့

ထို့အတူပဲ ယောဂီရဟန်းဟာ ထားမြဲတိုင်း ဖြစ်တည်မြဲတိုင်းဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို "ဒီခန္ဓာကိုယ်မှာ

ပထဝီဓာတ် - ခက်မာခြင်းသဘော

အာပေါဓာတ် - ဖွဲ့စည်းခြင်းသဘော

တေဇောဓာတ် - အေးခြင်း၊ ပူခြင်း သဘော

ဝါယောဓာတ် - တွန်းကန်ခြင်းသဘော တို့သာ ရှိကြပါတကားလို့ ဓာတ်ခွဲပြီး ရှုကြည့်ဆင်ခြင်တယ်။

အဲဒီလို ရှုဆင်ခြင်ပြီး အားထုတ်တဲ့ ရဟန်းမှာလည်း ကာမဂုဏ်နှင့် စပ်တဲ့ အကြံအစည်များ ကင်းပျောက်သွားတယ်။ အဲဒီ အကြံအစည်များ ကင်းခြင်းကြောင့် စိတ်ဟာ မိမိ သန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ငြိမ်သက် တည်ကြည်လာတော့တယ်။

ရဟန်းတို့၊ ကာယဂတာသတိပွားများပုံ နောက်တစ်မျိုးကတော့ - သေပြီး တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာ၍ သင်းချိုင်းမှာ စွန့်ပစ်ထားအပ်တဲ့ ပုပ်ပွ ညှိမဲ ပြည်ယိုရွှဲနေတဲ့ အလောင်း ကောင်ကဲ့သို့ ယောဂီရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ "ငါရဲ့ ခန္ဓာကိုယ်ဟာလည်း ဒီအလောင်းကောင်ကဲ့သို့ သဘောရှိပါတကား ။ ဒီအလောင်းကောင်ကဲ့သို့သော သဘောကို မကျော်လွန်နိုင်ပါတကား" လို့ ရှုဆင်ခြင်တယ်။

အဲဒီလို ရှုဆင်ခြင်ပြီး အားထုတ်တဲ့ ရဟန်းမှာလည်း ကာမဂုဏ်နှင့် စပ်တဲ့ အကြံ အစည်များ ကင်းပျောက်သွားတယ်။ အဲဒီ အကြံအစည်များ ကင်းခြင်းကြောင့် စိတ်ဟာ မိမိ သန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ငြိမ်သက် တည်ကြည်လာတော့တယ်။

သင်္ချိုင်းမှာ စွန့်ပစ်ထား၍ ကျီး၊ လင်းတ၊ ခွေး စသည်တို့ ခဲစားထားအပ်တဲ့ အလောင်းကောင်

သင်္ချိုင်းမှာ စွန့်ပစ်ထားတဲ့ သွေးသားမပျက် အကြောယှက်၍ အရိုးဆက်လျက် ရှိသေးတဲ့ အလောင်းကောင်

အသားမရှိတော့ဘဲ သွေးပေပွလျက် အကြောယှက်၍ အရိုးကွင်းဆက်လျက်ရှိသေးတဲ့ အလောင်းကောင်

သွေးသားကင်းလျက် အကြောယှက်၍ အရိုးဆက်လျက် ရှိသေးတဲ့ အလောင်းကောင်

လက်ရိုးတခြား၊ ခြေရိုးတခြား၊ ခေါင်းရိုးတခြား၊ နံရိုးတခြား စသည်အားဖြင့် အရိုးများ အစိတ်အစိတ် ဖြစ်သွားတဲ့ အလောင်းကောင်

ခရုသင်း အဆင်းကဲ့သို့ ဖြူဖွေးတဲ့ အရိုးအဖြစ်သို့ရောက်သွားတဲ့ အလောင်းကောင်

နှစ်လွန်ပြီး ကြာ၍ အရိုးဆွေး အဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

ပုပ်ပွ၍ အရိုးမှုန့်အဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

အဲဒီ အလောင်းကောင် အသီးသီးကဲ့သို့ ယောဂီရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ "ငါရဲ့ ဒီခန္ဓာကိုယ်ဟာလည်း ဒီ အလောင်းကောင်ကဲ့သို့ သဘောရှိပါတကား၊ ဒီအလောင်းကောင် ကဲ့သို့သော သဘောကို မကျော်လွန်နိုင်ပါတကား"လို့ ရှုဆင်ခြင် တယ်။

အဲဒီလို ရှုဆင်ခြင်ပြီး အားထုတ်တဲ့ ရဟန်းမှာလည်း ကာမဂုဏ်နှင့် စပ်တဲ့ အကြံ အစည်များ ကင်းပျောက်သွားတယ်။ အဲဒီ အကြံအစည်များ ကင်းခြင်းကြောင့် စိတ်ဟာ မိမိ သန္တာန်မှာပဲ

ကောင်းစွာ တည်တော့တယ်။ ငြိမ်သက် တည်ကြည်လာတော့တယ်။

ရဟန်းတို့ ဒါတွေဟာလည်း ကာယဂတိသတိကို ပွားများပုံများ ဖြစ်တယ်။

ပထမစျာန်ကို ရတဲ့ရဟန်း၊ ဒုတိယစျာန်ကိုရတဲ့ရဟန်း၊ တတိယစျာန်ကို ရတဲ့ရဟန်း၊ စတုတ္ထစျာန်ကို ရတဲ့ ရဟန်းတို့မှာလည်း ကာမဂုဏ်နှင့်စပ်တဲ့ အကြံအစည်များ ကင်းပျောက်ပြီး သူတို့ရဲ့ စိတ်ဟာ မိမိရဲ့ သန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ငြိမ်သက်တည်ကြည်လာတော့တယ်။

ရဟန်းတို့၊ ဒါတွေဟာလည်း ကာယဂတာသတိကို ပွားများပုံများ ဖြစ်တယ်။

ရဟန်းတို့၊ သမုဒ္ဒရာသို့ စီးဆင်းလာကြတဲ့ မြစ်ငယ်ရေမှန်သမျှဟာ သမုဒ္ဒရာရေထဲမှာ အကျုံးဝင်သကဲ့သို့ အဘိညာဉ် (၆)ပါးဟူသော အကျိုးကိုပေးကြတဲ့ ကုသိုလ်မှန်သမျှဟာ ကြိမ်ဖန်များစွာ ပွားများထားတဲ့ ကာယဂတာသတိထဲမှာ အကျုံးဝင်ကြတယ်။

ရဟန်းတို့၊ ဥပမာအားဖြင့် လူတစ်ယောက်ဟာ ကြီးလေးတဲ့ ကျောက်တုံးကြီးကို ရွှံ့စိုထဲမှာပစ်ချလိုက်လျှင် အဲဒီ ကျောက်တုံးကြီးဟာ အဲဒီ ရွှံ့စိုထဲမှာ မြုပ်ဝင်ပေါက်ကို ရသကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများမထားတဲ့သူမှာ ကိလေသာဟာ သက်ဝင်ပေါက်ကို ရတယ်။ မှီတွယ်စရာ

ကို ရတယ်။

ရဟန်းတို့၊ ဥပမာ နောက်တစ်မျိုးကတော့ ခြောက်သွေ့၍ အစေးမရှိတဲ့ ထင်းကို မီးရှို့လျှင် လောင်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများမထားသူဟာ ကိလေသာမီး အလောင်ခံရနိုင်တယ်။

ရဟန်းတို့၊ ဥပမာ နောက်တစ်မျိုးကတော့ ကရွတ်ခွေ ပေါ်မှာ တည်ထားတဲ့ အတွင်းမှာ ဘာမှမရှိတဲ့ ဟောင်းလောင်းဖြစ်တဲ့ အိုးလွတ်ဟာ ရေထည့်လိုသူ ရေထည့်စရာ ဖြစ်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများမထားသူဟာ ကိလေသာရေ ထည့်စရာ ဖြစ်တယ်။

ရဟန်းတို့ ဥပမာအားဖြင့် အနှစ်အပြည့်ပါတဲ့ တံခါးပျဉ် တံခါးသား (တံခါးလုပ်တဲ့ပျဉ် တံခါးလုပ်တဲ့ အသား)မှာ ပေါ့ပါးတဲ့ ချည်လုံးကို ပစ်ချလျှင် အဲဒီ ချည်လုံးဟာ အဲဒီ တံခါးပျဉ် တံခါးသားမှာ မြုပ်ဝင်ပေါက်ကို မရနိုင်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများထားတဲ့သူမှာ ကိလေသာဟာ သက်ဝင်ပေါက်ကို မရနိုင်။ မှီတွယ်စရာကို မရနိုင်။

ရဟန်းတို့၊ ဥပမာ နောက်တစ်မျိုးကတော့ ထင်းစိုကို မီးရှို့လျှင် မလောင်သကဲ့သို့ ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများ ထားသူကို ကိလေသာမီး မလောင်နိုင်။

ရဟန်းတို့၊ ဥပမာ နောက်တစ်မျိုးကတော့ ကျီးသောက်လို့

ရလောက်အောင် နှုတ်ခမ်းနှင့်အညီ ရေပြည့်နေတဲ့ အိုးကို ကရွတ်ခွေပေါ်မှာ တည်ထားရင် အဲဒီအိုးထဲကို ရေထည့်လိုသူ ထည့်လို့ မရနိုင်တော့သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများ ထားသူ မှာ ကိလေသာရေထည့်လို့ မရနိုင်။

ရဟန်းတို့၊ ဥပမာအားဖြင့် ကျီးသောက်ရလောက်အောင် နှုတ်ခမ်းနှင့်အညီ ရေပြည့်နေတဲ့ ရေအိုးကို ကရွတ်ခွေပေါ်မှာ တည်ထားတယ်ဆိုပါတော့။ အဲဒီအိုးကို အားကောင်းတဲ့ လူတစ်ယောက်ဟာ တစ်ဘက်ဘက်သို့ ဆွဲငှဲ့လိုက်လျှင် ရေဟာ စီးဆင်းကျလာနိုင်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများထားသူဟာ အဘိညာဉ်ရရှိထားလျှင် အဘိညာဉ်ဖြင့် စီစဉ်ရမည့် ဆင်တူ/ဆင်ကွဲ ရုပ်ပွားဖန်ဆင်းခြင်း စသည်ကို စီစဉ်ဖို့ရာ စိတ်ညွတ်လိုက်သည်နှင့် တပြိုင်နက် ဆင်တူ/ဆင်ကွဲ ရုပ်ပွားစသည်ဟာ မျက်ဝါး ထင်ထင် စီစဉ် ဖန်ဆင်းပြီးသား ဖြစ်နိုင်တယ်။

ရဟန်းတို့၊ ဥပမာ နောက်တစ်မျိုးကတော့ ကျီးသောက်လို့ ရအောင် နှုတ်ခမ်းနှင့်အညီ ရေပြည့်နေတဲ့ လေးထောင့် ရေကန်တစ်လုံးရှိတယ်၊ အဲဒီ ရေကန်ကြီးကို ပေါင်ခတ်ထားတယ်ဆိုပါတော့။ အားကောင်းတဲ့ လူတစ်ယောက်ဟာ အဲဒီရေကန်ရဲ့ တစ်ဘက်ဘက်က ပေါင်ကို ဖြိုဖျက်လိုက်တဲ့အခါ ရေဟာ စီးထွက်လာနိုင်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများထားသူဟာ အဘိညာဉ်ရရှိထားလျှင် အဘိညာဉ်ဖြင့် စီစဉ်ရမည့် ဆင်တူ/ဆင်ကွဲ ရုပ်ပွားဖန်ဆင်းခြင်း စသည်ကို စီစဉ်ဖို့ရာ စိတ်ညွတ်လိုက်သည်နှင့် တပြိုင်နက် ဆင်တူ/ဆင်ကွဲ ရုပ်ပွားစသည်ဟာ မျက်ဝါးထင်ထင် စီစဉ် ဖန်ဆင်းပြီးသား ဖြစ်နိုင်တယ်။

ရဟန်းတို့ ဥပမာ နောက်တစ်မျိုးကတော့ အာဇာနည်မြင်းရထားကို ရထားထိန်းဟာ အလိုရှိရာသို့ အလိုရှိသလို မောင်းနှင်သကဲ့သို့

ကာယဂတာသတိကို ကြိမ်ဖန်များစွာ ပွားများထားသူဟာ အဘိညာဉ် ရရှိထားလျှင် အဘိညာဉ်ဖြင့် စီစဉ်ရမည့် ဆင်တူ/ဆင်ကွဲ ရုပ်ပွား ဖန်ဆင်းခြင်းစသည်ကို စီစဉ်ဖို့ရာ စိတ်ညွတ်လိုက်သည်နှင့် တပြိုင်နက် ဆင်တူ/ဆင်ကွဲ ရုပ်ပွားစသည်ဟာ မျက်ဝါးထင်ထင် စီစဉ် ဖန်ဆင်းပြီးသား ဖြစ်နိုင်တယ်။

ရဟန်းတို့ ကာယဂတာသတိကို ကြေညက်အောင် ထုံမွမ်းပွားများပြီးလျှင် အကျိုး ၁၀-မျိုးကို ရနိုင်တယ်။ အဲဒီ ၁၀-မျိုးကတော့-

(၁) မပျော်ပိုက်ခြင်းကို လွှမ်းမိုးနိုင်တယ်။

(၂) ကြောက်လန့်ခြင်းကို လွှမ်းမိုးနိုင်တယ်။

(၃) အေးခြင်း၊ ပူခြင်း၊ အစာဆာခြင်း၊ ရေဆာခြင်း၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေကင်း-တို့၏ အတွေ့အထိ တို့ကို သည်းခံနိုင်တယ်။ ကြမ်းတမ်းတဲ့စကားတို့ကိုလည်း

သည်းခံနိုင်တယ်။ သေရလောက်အောင် ပြင်းထန်တဲ့ ကိုယ်ဆင်းရဲတို့ကိုလည်း သည်းခံနိုင်တယ်။

(၄) စျာန်လေးပါးကို လွယ်လွယ်ကူကူ ရနိုင်တယ်။

(၅) ဣဒ္ဓိဝိဓအဘိညာဉ်ကို ရနိုင်တယ်။

(၆) ဒိဗ္ဗသောတအဘိညာဉ်ကို ရနိုင်တယ်။

(၇) ပရစိတ္တဝိဇာနန အဘိညာဉ်ကို ရနိုင်တယ်။

(၈) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရနိုင်တယ်။

(၉) ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရနိုင်တယ်။

(၁၀) အာသဝက္ခယဉာဏ်ကို ရနိုင်တယ်။

မြတ်စွာဘုရားဟာ ကာယဂတာသတိ ပွားများခြင်းရဲ့ ဒီ အကျိုး ၁၀-ပါးကို ပြတော်မူပြီး တရားတော်ကို နိဂုံးချုပ်တော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းတော်များဟာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ခဲ့ကြပါတယ်။

**ကာယဂတာသတိသုတ် ပြီးပြီ။**

❊ ❊ ❊

## ၁၀–သင်္ခါရုပပတ္တိသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ဒီ သင်္ခါရုပပတ္တိသုတ်(ပြုလုပ်၊ အားထုတ်၊ ပွားများ

အပ်တဲ့ သဒ္ဓါစတဲ့ သခ်ီရကြောင့် ပဋိသန္ဓေတည်နေပုံ)ကို ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ ဒီ သာသနာတော်မှာ ရဟန်းတစ်ပါးဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ-တို့နှင့် ပြည့်စုံတယ်။ သူဟာ "ငါ ပျံလွန်တော်မူတဲ့အခါမှာ ချမ်းသာတဲ့ မင်းမျိုးမှာ ဖြစ်ပါရစေ"လို့လည်း ဆုတောင်းတယ်။ သူဟာချမ်းသာတဲ့ မင်းမျိုးမှာ ဖြစ်လိုတဲ့ စိတ်ကို ထားတယ်။ အဲဒီစိတ်ကို ဆောက်တည်တယ်။ အဲဒီ စိတ်ကို ပွားများတယ်။ အဲဒီရဟန်းရဲ့ ဆုတောင်းနှင့်တကွ အဲဒီလို ထပ်ကာထပ်ကာ ပွားများ ထုံမွမ်းထားတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ဟာ ချမ်းသာတဲ့ မင်းမျိုးသို့ ရောက်ကြောင်းများ ဖြစ်ကြတယ်။

ရဟန်းတို့၊ ဒါဟာ ချမ်းသာတဲ့ မင်းမျိုးဖြစ်ရန် လမ်းစဉ် ကျင့်စဉ်ဖြစ်တယ်။

ရဟန်းတို့၊ ထို့အတူပဲ ဆုတောင်းခြင်းနှင့်တကွ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ဟာ ချမ်းသာတဲ့ ပုဏ္ဏားမျိုး၊ ချမ်းသာတဲ့ သူကြွယ်မျိုးတို့သို့ ရောက်ကြောင်းလည်း ဖြစ်ကြတယ်။

စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်တို့သို့ ရောက်ကြောင်းလည်း ဖြစ်ကြတယ်။

လောကဓာတ်တစ်ထောင်နှင့် အဲဒီလောကဓာတ်တစ်ထောင်အတွင်းမှာ ရှိကြတဲ့ သတ္တဝါများကို ဖြန့်ကြက်၍ နှလုံးသွင်း ဆင်ခြင်နိုင်တဲ့ သဟဿဗြဟ္မာဖြစ်ကြောင်းလည်း

ဖြစ်တယ်။

လောကဓာတ် နှစ်ထောင်၊ လောကဓာတ် သုံးထောင်၊ လောကဓာတ် လေးထောင်၊ လောကဓာတ် ငါးထောင်၊ လောကဓာတ် တစ်သောင်း၊ လောကဓာတ် တစ်သိန်းဆိုတဲ့ လောကဓာတ် အသီးသီးနှင့် အဲဒီ လောကဓာတ်များ အတွင်းမှာ ရှိကြတဲ့ သတ္တဝါအားလုံးကို ဖြန့်ကြက်၍ နှလုံးသွင်း ဆင်ခြင်နိုင်တဲ့ ပြဟ္မာများ ဖြစ်ကြောင်းလည်း ဖြစ်တယ်။

အာဘာပြဟ္မာ၊ ပရိတ္တာဘာပြဟ္မာ၊ အပ္ပမာဏာဘာပြဟ္မာ၊ အာဘဿရာ ပြဟ္မာများ ဖြစ်ကြောင်းလည်း ဖြစ်တယ်။

ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာ ပြဟ္မာများ ဖြစ်ကြောင်းလည်း ဖြစ်တယ်။

ဝေဟပ္ဖိုလ်၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ ၊ သုဒဿီ၊ အကနိဋ္ဌပြဟ္မာများ ဖြစ်ကြောင်းလည်း ဖြစ်တယ်။

အရူပ လေးဘုံသို့ ရောက်ကြောင်းလည်း ဖြစ်တယ်။

ရဟန်းတို့၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တို့နှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဒီဘဝမှာပဲ ရဟန္တာဖြစ်လိုက ဖြစ်နိုင်တယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး သာဓု ခေါ်ခဲ့ကြပါတယ်။

သင်္ခါရုပပတ္တိသုတ် ပြီးပြီ။

နှစ်ခုမြောက် အနုပဒဝဂ် ပြီးပြီ။

(၁၃၃)

# ၃–သုညတဝဂ်

## ၁– စူဠသုညတသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဝိသာခါ လှူဒါန်းထားတဲ့ ပုဗ္ဗာရုံကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်တော်မူပြီး အခုလို လျှောက်ထားခဲ့ပါတယ်။ "မြတ်စွာဘုရား၊ သက္ကတိုင်း ၊ သာကီဝင်မင်းတို့ရဲ့ နဂရကဆိုတဲ့ နိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်အခါက "အာနန္ဒာ၊ ယခုအခါ ငါဘုရားဟာ ကင်းဆိတ်သောနေခြင်းဖြင့် များစွာနေတယ်"လို့ မြတ်စွာဘုရားထံမှ ကြားနာမှတ်သားခဲ့ရဖူးပါတယ်ဘုရား။ မြတ်စွာဘုရား၊ တပည့်တော်ရဲ့ အဲဒီ ကြားနာ မှတ်သားမှုဟာ ကောင်းသော ကြားနာ မှတ်သားမှု ဖြစ်ပါရဲ့လားဘုရား?"

"အာနန္ဒာ၊ သင်ရဲ့ မှတ်သားမှုဟာ တကယ်ကောင်းတဲ့ ကြား နာမှတ်သားမှုဖြစ်တယ်။ အာနန္ဒာ၊ ငါဘုရားဟာ ရှေးကလည်း ကင်းဆိတ်သော နေခြင်းဖြင့် များစွာ နေခဲ့တယ်။ အခုလည်း နေဆဲဖြစ်တယ်။

အာနန္ဒာ၊ ဥပမာအားဖြင့် ဒီ ပုဗ္ဗာရုံကျောင်းတော်ဟာ ဆင်၊ နွား၊ မြင်း၊ မြည်း၊ ရွှေ ငွေ၊ မိန်းမ၊ ယောကျ်ားတို့မှ ကင်းဆိတ်၍ ရဟန်းသံဃာကို အကြောင်းပြုပြီး ဖြစ်ပေါ်တဲ့ မဆိတ်ငြိမ်မှု တစ်ခုသာ ရှိသကဲ့သို့

အာနန္ဒာ၊ ထို့အတူပဲ ရဟန်းတစ်ပါးဟာ ရွာဆိုတဲ့ သညာ၊

လူများဆိုတဲ့ သညာတို့ကို နှလုံးမသွင်းဘဲ တောဆိုတဲ့ သညာကို စွဲ၍ တောဆိုတဲ့ သညာတစ်ခုတည်းကိုသာ နှလုံးသွင်းတယ်။ သူရဲ့ စိတ်ဟာ တောဆိုတဲ့ သညာမှာသာ ကောင်းကောင်း သက်ဝင် နစ်မြုပ်နေတယ်။

အဲဒီရဟန်းဟာ "ရွာဆိုတဲ့ သညာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ ပူလောင်မှု (မငြိမ်းအေးမှု)တို့သည် ဒီတော ဆိုတဲ့ သညာရှိသူမှာ မရှိကြပါတကား။ လူများဆိုတဲ့သညာကို အကြောင်း ပြုပြီး ဖြစ်ပေါ်လာကြတဲ့ ပူလောင်မှု (မငြိမ်းအေးမှု)တို့သည် ဒီတော ဆိုတဲ့သညာ ရှိသူမှာ မရှိကြပါတကား။ တောဆိုတဲ့ သညာကို အကြောင်းပြုပြီး ဖြစ်လာတဲ့ တစ်ခုတည်းသော ပူလောင်မှုသာ ရှိပါ တကား"လို့ သိတယ်။

"ရွာဆိုတဲ့ သညာ၊ လူဆိုတဲ့ သညာတို့မှ ဒီ သညာဟာ ကင်းဆိတ်တယ်"-လို့ သိတယ်။ "တောဆိုတဲ့ သညာကို အကြောင်း ပြုပြီး ဖြစ်ပေါ်တဲ့ တစ်ခုတည်းသော မကင်းဆိတ်မှုသာ ရှိတယ်"လို့ လည်း သိတယ်။

အကျဉ်းချုပ်ကတော့-တောမှာ မရှိတဲ့အရာမှ တောဟာ ကင်းဆိတ်တယ်-လို့ ရှုမြင်တယ်။ တောမှာ ကျန်ရှိတဲ့အရာလေး ကိုတော့ "ဒီ သိမ်မွေ့ငြိမ်သက်တဲ့ အရာလေးတော့ ရှိတယ်"လို့ သိတယ်။

အာနန္ဒာ၊ ဒီနည်းအားဖြင့် အဲဒီရဟန်းရဲ့ ကင်းဆိတ်စွာ နေခြင်းဟာ မဖောက်မပြန် မှန်ကန်စင်ကြယ်တဲ့ ကင်းဆိတ်စွာ နေခြင်း ဖြစ်တယ်။

အာနန္ဒာ၊ကင်းဆိတ်စွာ နေပုံ နောက်တစ်မျိုးကတော့-လူ ဆိုတဲ့ သညာ၊ တောဆိုတဲ့ သညာတို့ကို နှလုံးမသွင်းဘဲ မြေဆိုတဲ့ သညာ ကိုသာ စွဲ၍ မြေသညာတစ်ခုတည်းကိုသာ နှလုံးသွင်းတယ်။

အဲဒီရဟန်းရဲ့စိတ်ဟာ မြေဆိုတဲ့ သညာမှာသာ ကောင်း ကောင်း သက်ဝင်နစ်မြုပ်နေတယ်။

အာနန္ဒာ၊ ဥပမာအားဖြင့် ငုတ်တစ်ရာဖြင့် ကောင်းစွာ ဖြန့် ကြက်ထားအပ်တဲ့ နွားလားဥသဘအရေဟာ အတွန့်အလိပ်ကင်း သကဲ့သို့

အဲဒီ ရဟန်းဟာ မြေရဲ့ အနိမ့်အမြင့်၊ မြစ်ကွေ့မြစ်ကောက် ဆူးငြောင့် ခလုတ်၊ တောင်မြင့် တောင်ကုန်းစတဲ့ မညီညွတ်ပုံ မှန် သမျှကို နှလုံးမသွင်းဘဲ မြေဆိုတဲ့ သညာကို စွဲပြီး အဲဒီသညာတစ် ခုတည်းကိုသာ နှလုံးသွင်းတယ်။ အဲဒီ ရဟန်းရဲ့ စိတ်ဟာ မြေဆို တဲ့ သညာမှာသာ ကောင်းစွာ နစ်မြုပ်နေတယ်။

အဲဒီရဟန်းဟာ "လူများဆိုတဲ့သညာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပူလောင်မှု (မငြိမ်းအေးမှု)များ ဒီမြေ-သညာ ရှိသူ အား မရှိကြပါတကား၊ တောသညာကို အကြောင်းပြုပြီး ဖြစ်ပေါ် လာကြတဲ့ ပူလောင်မှု (မငြိမ်းအေးမှု)များ ဒီမြေသညာရှိ သူမှာ မရှိ ကြပါတကား။ မြေသညာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပူ လောင်မှု (မငြိမ်းအေးမှု) တစ်မျိုးတည်းသာ ရှိပါတကား"-လို့ သိတယ်။

မြေသညာဟာ လူများဆိုတဲ့သညာမှ ကင်းဆိတ်တယ်-လို့ လည်း သိတယ်။ တောသညာမှ ကင်းဆိတ်တယ်-လို့လည်း သိ

တယ်။ မြေသညာကို အကြောင်းပြုပြီး ဖြစ်တဲ့ မကင်းဆိတ်မှု တစ်ခုသာ ရှိတယ်-လို့လည်း သိတယ်။

အကျဉ်းချုပ်အားဖြင့်တော့ မြေသဘောမှာ မရှိတဲ့ အရာမှ မြေသဘောဟာ ကင်းဆိတ်တယ်လို့ ရှုမြင်တယ်။

မြေသဘောမှာ ကျန်ရှိတဲ့ အရာလေးကိုလည်း "သိမ်မွေ့ ငြိမ်သက်တဲ့ ဒီအရာလေးတော့ ရှိတယ်"လို့ သိတယ်။

အာနန္ဒာ၊ ဒီနည်းအားဖြင့် အဲဒီရဟန်းရဲ့ ကင်းဆိတ်စွာ နေခြင်းဟာ မဖောက်မပြန် မှန်ကန်စင်ကြယ်တဲ့ ကင်းဆိတ်စွာ နေခြင်း ဖြစ်တယ်။"

အဲဒီနောက် မြတ်စွာဘုရားဟာ အရူပသညာလေးပါး၊ ဝိပဿနာနှင့် မဂ်ဖိုလ်တို့၏ အဆင့်ဆင့် ပို၍ပို၍ ကင်းဆိတ်မှုရှိပုံတို့ကို ဟောပြတော်မူပါတယ်။

နောက်ဆုံးမှာတော့ အခုလို ဟောပြ၍ နိဂုံးချုပ်တော်မူခဲ့ပါတယ်။

"အာနန္ဒာ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးမှာ သန့်ရှင်းစင်ကြယ်၍ အတုမရှိ အမြတ်ဆုံးဖြစ်တဲ့ ကင်းဆိတ်မှုနှင့် ပြည့်စုံပြီး နေတော်မူကြတဲ့ ရဟန္တာမှန်သမျှဟာ ဒီကင်းဆိတ်မှုမျိုးနှင့်သာ နေခဲ့ကြတယ်။ နေကြဆဲလည်းဖြစ်တယ်။ နောင်လည်း နေကြလိမ့်မယ်။ အာနန္ဒာ၊ ဒါ့ကြောင့် သင်တို့ ဒီကင်းဆိတ် မှုမျိုးနှင့် နေနိုင်အောင် ကြိုးစားကြရမယ်။"

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ပါတယ်။

စူဠသုညတသုတ် ပြီးပြီ။

# ၂-မဟာသုညတသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သက္ကတိုင်း၊ ကပိလဝတ္ထုမြို့၊ နိဂြောဓာရုံကျောင်းတိုက်မှာ သီတင်းသုံး နေတော်မူပါတယ်။

တစ်ခုသော နံနက်ခင်းမှာ မြတ်စွာဘုရားဟာ ကပိလဝတ်မြို့သို့ ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံပြန်ကြွတော်မူလာတဲ့အခါ နေ့ခင်း သီတင်းသုံးတော်မူရန် ခံမကဆိုတဲ့ သာကီဝင်မင်း လှူထားတဲ့ ကျောင်းသို့ ကြွတော်မူပါတယ်။ အဲဒီအချိန်က ခံမက သာကီဝင်မင်း လှူထားတဲ့ ကျောင်းမှာ နေရာများစွာကို ခင်းကျင်း ပြင်ဆင်ထားကြပါတယ်။ မြတ်စွာဘုရားဟာ အဲဒီနေရာများစွာကို မြင်တော်မူပြီး "ဒီကျောင်းမှာ ရဟန်းများစွာ နေကြလိမ့်မယ်"လို့ ဆုံးဖြတ်တော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာဟာ ရဟန်းများစွာနှင့်အတူ ဃဋာဆိုတဲ့ သာကီဝင်မင်း လှူဒါန်းထားတဲ့ ကျောင်းမှာ သင်္ကန်း ချုပ်နေပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ညနေပိုင်း တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူလာပြီး ဃဋာသာကီဝင်မင်းရဲ့ ကျောင်းသို့ ကြွရောက်တော်မူပါတယ်။ ဃဋာကျောင်းရောက်တော့ အဆင်သင့် ခင်းထားတဲ့ နေရာ တစ်ခုမှာ ထိုင်နေတော်မူပြီး အရှင်အာနန္ဒာအား အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"အာနန္ဒာ၊ ကာဠဓမကကျောင်းမှာ ရဟန်းများစွာ နေကြသလား?"

"မှန်ပါ၊ နေကြပါတယ်ဘုရား။ အခု အချိန်ဟာ သက်န်းချုပ်တဲ့အချိန်ဖြစ်လို့ပါ။"

အာနန္ဒာ၊ အပေါင်း အသင်းမက်တဲ့ ရဟန်းဟာ မတင့်တယ်ဘူး။ အာနန္ဒာ ကာမဂုဏ်မှ လွတ်မြောက်မှု သုခ၊ ကင်းဆိတ် မှုသုခ၊ ငြိမ်းချမ်းမှုသုခ၊ မဂ်သိမှုသုခတို့ကို အပေါင်းအသင်းမက်တဲ့ ရဟန်းဟာ လွယ်လွယ်ကူကူ ရနိုင်စရာ အကြောင်း မရှိဘူး။

အာနန္ဒာ၊ အဲဒီသုခများကို အများနှင့် ကင်းပြီး တစ်ပါးတည်းနေတဲ့ ရဟန်းသာ လွယ်လွယ်ကူကူ ရနိုင်စရာအကြောင်းရှိတယ်။

အာနန္ဒာ၊အပေါင်းအသင်းမက်တဲ့ ရဟန်းဟာ ဈာန် မဂ်ဖိုလ်ကို ရနိုင်စရာ အကြောင်းမရှိဘူး။

အများနှင့်ကင်းပြီး တစ်ပါးတည်းနေတဲ့ ရဟန်းသာ ဈာန် မဂ်ဖိုလ်ကို ရနိုင်စရာအကြောင်းရှိတယ်။

အာနန္ဒာ၊ ခန္ဓာကိုယ်ကို တပ်မက်သူဟာ ခန္ဓာကိုယ်နှင့် ကွေကွင်းရတဲ့အခါမှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ နှင့် ကြုံရတယ်။ ခန္ဓာကိုယ်ဟာ တပ်မက်သူရဲ့ ကိုယ်စိတ်ဆင်းရဲကြောင်း ဖြစ်တယ်။ တပ်မက်သူရဲ့ ကိုယ်စိတ်ဆင်းရဲကြောင်း မဟုတ်တဲ့ ခန္ဓာကိုယ်ကို ငါဘုရား မြင်တော်မမူဘူး။

အာနန္ဒာ၊ ငါဘုရားဟာ ကင်းဆိတ်စွာ နေလေ့ရှိတယ်။ (သုညတဖလသမာပတ်ဖြင့် နေတော်မူတယ်။) အဲဒီလိုနေတဲ့

ငါဘုရားကို ရဟန်း၊ ရဟန်းမ၊ဒကာ၊ ဒကာမများ ချဉ်းကပ်လာကြတဲ့ အခါ ငါဘုရားဟာ နိဗ္ဗာန်သို့ ညွတ်သောစိတ်ဖြင့် သူတို့ကို ပြန်လွှတ် တော်မူလေ့ရှိတယ်။

အာနန္ဒာ၊ သင်တို့လည်း အဲဒီလို နေချင်ကြရင် သမထ ဝိပဿနာဖြင့် နေကြရမယ်။

သမထဝိပဿနာဖြင့် နေတဲ့ ရဟန်းဟာ လမ်းလျှောက်ချင် လျှင် လောဘဒေါသမဖြစ်အောင် လမ်းလျှောက်မယ်လို့ နှလုံး သွင်းတယ်။

ရပ်ချင်လျှင် လောဘဒေါသမဖြစ်အောင် ရပ်မယ်လို့ နှလုံး သွင်းတယ်။

ထိုင်ချင်လျှင် လောဘဒေါသမဖြစ်အောင် ထိုင်မယ်လို့ နှလုံးသွင်းတယ်။

လျောင်းချင်လျှင် လောဘဒေါသ မဖြစ်အောင် လျောင်း မယ်-လို့ နှလုံးသွင်းတယ်။

ဒါ သူရဲ့ ကြိယာပုတ် လေးပါးမှာ အသိဉာဏ်ယှဉ်ပုံ ဖြစ်တယ်။

အဲဒီရဟန်းဟာ စကားပြောချင်လျှင် လောကစကား၊ ရပ် စကား၊ ရွာစကား-စတဲ့ အကျိုးမဲ့ စကားကို မပြောဘဲ အလိုနည်း ခြင်း၊ ရောင့်ရဲခြင်း၊ သီလ၊ သမာဓိ၊ ပညာ-စသည်နှင့် ဆက်စပ်တဲ့ အကျိုးရှိတဲ့ စကားကိုသာ ပြောမယ်လို့ နှလုံးသွင်းတယ်။

ကြံစည်ချင်လျှင် ကာမဂုဏ်အကြံ၊ ဖျက်ဆီးရန်အကြံ၊ ညှဉ်းဆဲရန် အကြံဆိုတဲ့ အကျိုးမဲ့ အကြံအစည်များကို မကြံစည်ဘဲ ကာမဂုဏ်မှ ထွက်မြောက်ရန် အကြံ၊ မဖျက်ဆီးရန်အကြံ၊ မညှဉ်းဆဲရန် အကြံတို့ကို ကြံစည်မယ်-လို့ နှလုံးသွင်းဟယ်။

အာနန္ဒာ၊ အဲဒီရဟန်းဟာ တပ်မက်ဖွယ် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ ကာမဂုဏ် ငါးပါးမှာ သူရဲ့ လိုချင် တပ်မက်မှု ရှိလျှင် ရှိတယ်။ ကင်းလျှင် ကင်းတယ်-လို့ သိတယ်။

အာနန္ဒာ၊ အဲဒီ ရဟန်းဟာ ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်ကို ရှု၍ နေတယ်။ အဲဒီလိုနေတဲ့ ရဟန်းမှာ ခန္ဓာငါးပါးမှာ မှတ်ထင်နေတဲ့ ငါ-ဆိုတဲ့ မာန ကင်းပျောက်သွားတယ်။ အဲဒီ ရဟန်းဟာ အဲဒီလို မာနကင်းတယ်-လို့လည်း သိတယ်။

ဒါတွေဟာလည်း သူရဲ့ စကားစသည်မှာ အသိဉာဏ်ယှဉ်ပုံများ ဖြစ်တယ်။

အာနန္ဒာ၊ ဒီ သမထ ဝိပဿနာ မဂ်ဖိုလ်တရားတွေဟာ ကုသိုလ်စစ်စစ်များ ဖြစ်ကြတယ်။ ကုသိုလ်မှလာတဲ့ တရားများ ဖြစ်ကြတယ်။ သန့်ရှင်းစင်ကြယ်တဲ့ တရားများ ဖြစ်ကြတယ်။ မာရ်ယုတ် လက်လှမ်းမမီတဲ့ တရားများ ဖြစ်ကြတယ်။

အဲဒီနောက် မြတ်စွာဘုရားက "အာနန္ဒာ ၊ တပည့်တစ်ပါးဟာ နှင်ထုတ်ခံရတောင်မှ ဆရာတစ်ပါးရဲ့ နောက်သို့ လိုက်သင့်တဲ့ အကြောင်းက ဘာလဲ"-လို့ မေးမြန်းတော်မူပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ တပည့်တော်တို့မှာ မြတ်စွာဘုရားသာလျှင် အားကိုးရာ ရှိကြပါတယ်ဘုရား။ မြတ်စွာဘုရားသာ ဟောပြတော်မူပါဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို ဟောကြားတော်မူခဲ့ပါတယ်။

အာနန္ဒာ၊ (သင်တို့ဟာ) ငါဘုရားရဲ့နောက်သို့ သုတ္တန် စသည်ကြောင့် မလိုက်သင့်ဘူး၊ ဘာကြောင့်လဲ-ဆိုတော့ အာနန္ဒာ၊ သင်ဟာ ငါဘုရားရဲ့ တရားများစွာကို ကြားနာမှတ်သား လေ့လာပွားများထားသည်မှာ ကြာလှပြီဖြစ်လို့ ဖြစ်တယ်။

အာနန္ဒာ၊ ကိလေသာ ခေါင်းပါးကြောင်း နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ စကား ဆယ်မျိုးရှိတယ်။

အဲဒီ ဆယ်မျိုးကတော့ -

(၁) အပ္ပိစ္ဆကထာ - အလိုနည်းမှုနှင့်စပ်တဲ့စကား
(၂) သန္တုဋ္ဌိကထာ - ရောင့်ရဲမှုနှင့် စပ်တဲ့စကား
(၃) ပဝိဝေကကထာ - ကင်းဆိတ်မှုနှင့် စပ်တဲ့စကား
(၄) အသံသဂ္ဂကထာ - မရောနှောမှုနှင့်စပ်တဲ့စကား
(၅) ဝီရိယာရမ္ဘကထာ-လုံ့လဝီရိယနှင့်စပ်တဲ့စကား
(၆) သီလကထာ-သီလနှင့်စပ်တဲ့စကား
(၇) သမာဓိကထာ-သမာဓိနှင့်စပ်တဲ့စကား

(၈) ပညာကထာ-ပညာနှင့်စပ်တဲ့စကား
(၉) ဝိမုတ္တိကထာ-နိဗ္ဗာန်နှင့်စပ်တဲ့စကား
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်တဲ့စကား

အာနန္ဒာ၊ သင်တို့ နှင်ထုတ်ခံရတောင်မှ အဲဒီ စကားဆယ်မျိုးကြောင့် ငါဘုရားရဲ့ နောက်သို့ လိုက်သင့်တယ်။

အာနန္ဒာ၊ တစ်ပါးတည်း ဆိတ်ငြိမ်ရာမှာ နေတဲ့ အခါ တစ်ခါတစ်ရံ ဆရာမှာ အန္တရာယ်ဖြစ်တတ်တယ်။ တစ်ခါတစ်ရံ တပည့်မှာ အန္တရာယ်ဖြစ်တတ်တယ်။ တစ်ခါတစ်ရံ မြတ်သော အကျင့်ကို ကျင့်သူမှာ အန္တရာယ်ဖြစ်တတ်တယ်။

အာနန္ဒာ၊ ဆရာမှာ အန္တရာယ်ဖြစ်ပုံကတော့ - လောကမှာ တချို့ဆရာဟာ ဆိတ်ငြိမ်တဲ့ကျောင်း၊ ဆိတ်ငြိမ်တဲ့ နေရာမှာနေတယ်။ အဲဒီ ဆရာ့နောက်သို့ နယ်သူနယ်သား ပုဏ္ဏားသူကြွယ်များ လိုက်လာကြတယ်။

ဒါနဲ့ အဲဒီ ဆရာဟာ မိန်းမော တွေဝေသွားတယ်။ တပ်မက်သွားတယ်။ လာဘ်လာဘများဖို့ရာဘက်သို့ လည်သွားတယ်။

အာနန္ဒာ၊ အဲဒါဟာ ဆရာမှာ အန္တရာယ်ဖြစ်ပုံပဲ။ အဲဒီ ဆရာကို (ဆရာရဲ့ ဂုဏ်ကို) အကုသိုလ်များက သတ်ဖြတ်ကြတော့တယ်။ အဲဒီအကုသိုလ်များက ညစ်နွမ်းစေတတ်ကြတယ်။ နောင်ဘဝကို ဖြစ်စေတတ်ကြတယ်။ ပူလောင်စေတတ်ကြတယ်။

ဆိုးကျိုးကို ပေးတတ်ကြတယ်။ နောင်အခါ ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို ဖြစ်စေတတ်ကြတယ်။

အာနန္ဒာ၊ တပည့်မှာ အန္တရာယ်ဖြစ်ပုံကတော့-အဲဒီဆရာရဲ့ တပည့်ဟာ ဆရာရဲ့ ဆိတ်ငြိမ်စွာ ကျင့်ပုံကို အတုလိုက်ကျင့်သုံးလိုသည့်အတွက် ဆိတ်ငြိမ်ရာသို့ သွားရောက် နေထိုင်တယ်။

သူရဲ့နောက်သို့ နယ်သူနယ်သား ပုဏ္ဏားသူကြွယ်များ လိုက်လာကြတယ်။

ဒါနဲ့ သူဟာ မိန်းမောတွေဝေသွားတယ်။ တပ်မက်သွားတယ်။ လာဘ်လာဘများဖို့ရာဘက်သို့ လည်သွားတယ်။

အာနန္ဒာ၊ အဲဒါဟာ တပည့်မှာ အန္တရာယ်ဖြစ်ပုံပဲ။ အဲဒီတပည့်ရဲ့ ဂုဏ်ကို အကုသိုလ်များက သတ်ဖြတ်ကြတော့တယ်။

အာနန္ဒာ၊ မြတ်သောအကျင့်ကို ကျင့်သူမှာ အန္တရာယ်ဖြစ်ပုံကတော့ - လောကမှာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား ပွင့်တော်မူတယ်။ မြတ်စွာဘုရားဟာ ဆိတ်ငြိမ်ရာကျောင်း၊ ဆိတ်ငြိမ်ရာ နေရာမှာ သီတင်းသုံးနေတော်မူတယ်။

မြတ်စွာဘုရားရဲ့ နောက်သို့ နယ်သူ နယ်သား ပုဏ္ဏားသူကြွယ်များ လိုက်လာကြတယ်။

သို့သော် မြတ်စွာဘုရားဟာ မိန်းမောတွေဝေခြင်းသို့ ရောက်တော်မမူဘူး။ တပ်မက်တော် မမူဘူး။ လာဘ်လာဘများဖို့ရာဘက်သို့လည်သွားတော်မမူဘူး။

အဲဒီ မြတ်စွာဘုရားရဲ့ တပည့်ဟာ မြတ်စွာဘုရားရဲ့ ဆိတ်ငြိမ်စွာ ကျင့်ပုံကို အတုလိုက် ကျင့်လိုသည့် အတွက် ဆိတ်ငြိမ်ရာ ကျောင်း၊ ဆိတ်ငြိမ်ရာ နေရာမှာ နေထိုင်တယ်။

သူ့ရဲ့ နောက်သို့ နယ်သူနယ်သား ပုဏ္ဏား သူကြွယ်များဟာ လိုက်လာကြတယ်။

ဒါနဲ့ သူဟာ မိန်းမော တွေဝေသွားတယ်။ တပ်မက်သွားတယ်။ လာဘ်များဖို့ရာဘက်သို့ လည်သွားတယ်။

အာနန္ဒာ၊ အဲဒါဟာ မြတ်သောအကျင့်ကို ကျင့်သူမှာ အန္တရာယ် ဖြစ်ပုံပဲ။ အဲဒီ မြတ်သော အကျင့်ကို ကျင့်သူရဲ့ ဂုဏ်ကို အကုသိုလ်များက သတ်ဖြတ်ကြတော့တယ်။

အာနန္ဒာ၊ အဲဒီ အန္တရာယ် သုံးမျိုးအနက် မြတ်သောအကျင့်ကို ကျင့်သူရဲ့ အန္တရာယ်ဟာ ဆိုးကျိုး၊ ခါးစပ်တဲ့ အကျိုး အများဆုံး ဖြစ်တယ်။ အပါယ်ငရဲသို့ ကျရောက်ကြောင်းလည်း ဖြစ်တယ်။

အာနန္ဒာ၊ ဒါ့ကြောင့် သင်တို့ဟာ ငါဘုရားအပေါ်မှာ မိတ်ဆွေလို ကျင့်ကြ။ ရန်သူလို မကျင့်ကြနှင့်။ အဲဒီ မိတ်ဆွေလို ကျင့်သုံးမှုဟာ သင်တို့အတွက် ကြာရှည်စွာ ကြီးပွားချမ်းသာကြောင်း ဖြစ်လိမ့်မယ်။

အာနန္ဒာ၊ တပည့် တစ်ယောက်ရဲ့ ဆရာတစ်ပါးအပေါ် ရန်သူလို့ ကျင့်၍ မိတ်ဆွေလို မကျင့်ပုံဆိုတာ -

အာနန္ဒာ၊ ဆရာဟာ တပည့်တို့ကို သနားသည့်အတွက် တပည့်တို့ရဲ့ အကျိုးကို လိုလားသည့်အတွက် တပည့်တို့အား

တရား ဟောပြတယ်။ ဒီအကျင့်ဟာ သင်တို့မှာ အကျိုးများကြောင်း ဖြစ်တယ်။ ဒီအကျင့်ဟာ သင်တို့မှာ ချမ်းသာကြောင်း ဖြစ်တယ်"လို့ ဟောညွှန်ပြတယ်။

ဒါပေမဲ့ အဲဒီ ဆရာရဲ့ စကားကို တပည့်တွေက နားမထောင်ကြဘူး။ ဆရာ့အဆုံးအမကို သွေဖည်ပြီး ကျင့်သုံးကြတယ်။

အာနန္ဒာ၊ အဲဒါဟာ တပည့်တစ်ယောက်ရဲ့ ဆရာတစ်ပါးအပေါ်မှာ ရန်သူလို ကျင့်၍ မိတ်ဆွေလို မကျင့်ပုံပဲ။

အာနန္ဒာ၊ တပည့်တစ်ယောက်ရဲ့ ဆရာတစ်ပါးအပေါ်မှာ မိတ်ဆွေလိုကျင့်၍ ရန်သူလို မကျင့်ပုံကတော့-

ဆရာဟာ တပည့်တို့ကို သနားသည့်အတွက် တပည့် တို့ရဲ့ အကျိုးကို လိုလားသည့်အတွက် တပည့်တို့အား တရားဟောတယ်။ "ဒီအကျင့်ဟာ သင်တို့မှာ အကျိုးများကြောင်း ဖြစ်တယ်။ ဒီအကျင့်ဟာ သင်တို့မှာ ချမ်းသာကြောင်းဖြစ်တယ်"လို့ ဟောညွှန်ပြတယ်။ အဲဒီဆရာရဲ့ စကားကို တပည့်များဟာ နားထောင်ကြတယ်။ ဆရာ့ အဆုံးအမအတိုင်း ကျင့်ကြတယ်။

အာနန္ဒာ၊ အဲဒါဟာ တပည့်တစ်ယောက်ရဲ့ ဆရာတစ်ပါးအပေါ်မှာ မိတ်ဆွေလို ကျင့်၍ ရန်သူလို မကျင့်ပုံဖြစ်တယ်။

အာနန္ဒာ၊ အိုးထိန်းသည်ဟာ အိုးအစိမ်း အိုးအထန့်ကို ကြောင့်ကြစိုက်သကဲ့သို့ (မကွဲ မပဲ့အောင် သတိထားကိုင်တွယ်သကဲ့သို့) ငါဘုရားဟာ သင်တို့အပေါ်မှာ ညှာတာ၍ ပြုကျင့်လိမ့်မည် မဟုတ်။

(၁၄၆)

လောကီလောကုတ္တရာ ဂုဏ်ဆိုတဲ့ အနှစ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ကျန်ရစ်လိမ့်မယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အရှင် အာနန္ဒာလည်း ဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး သာဓု ခေါ်ခဲ့ပါတယ်။

မဟာသုညတသုတ် ပြီးပြီ။

❊ ❊ ❊

## (၁၄၇)

# ၃-အစ္ဆရိယအဗ္ဘုတသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ ဆွမ်းခံပြန်ကြွလာကြတဲ့ ရဟန်းများစွာဟာ ဓမ္မာရုံသို့ ကြွရောက်ကြပြီး အခုလို ပြောကြားနေကြပါတယ်။

"ငါ့ရှင်တို့၊ မြတ်စွာဘုရားရဲ့ တန်ခိုးအာနုဘော်ကြီးပုံကတော့ အံ့ဩဖွယ်ကောင်းလိုက်တာ။ မြတ်စွာဘုရားဟာ ရှေးရှေးက ပရိနိဗ္ဗာန်စံပြီးကြတဲ့ ဘုရားတွေကိုတောင်မှ သိတော်မူနိုင်ပါပေတယ်။ အဲဒီ ရှေးဘုရားတို့ရဲ့ အမျိုးအနွယ်စသည်ကို အစုံ သိတော်မူပါပေတယ်"-လို့ ပြောကြားနေကြပါတယ်။

အဲဒီလို ပြောကြားကြတဲ့အခါ အရှင်အာနန္ဒာက အဲဒီ ရဟန်းတို့အား အခုလို လျှောက်ထားခဲ့ပါတယ်။ "အရှင်ဘုရားတို့၊ မြတ်စွာဘုရားရှင်တို့ဟာ အံ့ဩဖွယ်လည်းကောင်းတော်မူကြတယ်။ အံ့ဩဖွယ် သဘောများနှင့်လည်း ပြည့်စုံတော်မူကြတယ်။ ထူးလည်း ထူးခြားတော်မူကြတယ်။ ထူးခြားတဲ့ သဘောများနှင့်လည်းပြည့်စုံတော်မူကြတယ်"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီ အခါမှာ မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး အကြောင်းစုံကို သိတော်မူရလို့ အရှင်အာနန္ဒာအား-

"အာနန္ဒာ၊ မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ဖြစ်တဲ့ ထူးခြားတဲ့ သဘောများကို ဟောပြလိုက်ပါ"လို့ မိန့်ကြားတော်မူပါတယ်။

ဒါနဲ့ အရှင်အာနန္ဒာက အခုလို လျှောက်ထားခဲ့ပါတယ်။ မြတ်စွာဘုရား မြတ်စွာဘုရား အထံတော်မှ တပည့်တော် အခုလို မှတ်သား ကြားနာခဲ့ရဖူးပါတယ်ဘုရား။

(၁) ဘုရားအလောင်းတော်ဟာ သတိနှင့် အသိဉာဏ်လျက် တုသိတာနတ်ပြည်မှာ ပဋိသန္ဓေနေခဲ့ပါတယ်ဘုရား။

(၂) ဘုရားအလောင်းတော်ဟာ သတိနှင့် အသိဉာဏ်လျက် တုသိတာနတ်ပြည်မှာ တည်ရှိခဲ့ပါတယ်ဘုရား။

(၃) ဘုရားအလောင်းတော်ဟာ တုသိတာနတ်ပြည်မှာ တုသိတာနက်သက် ကုန်သည်အထိ တည်ရှိခဲ့ပါတယ်ဘုရား။

(၄) ဘုရားအလောင်းတော်ဟာ တုသိတာနတ်ပြည်မှ သတိနှင့် အသိဉာဏ်လျက် စုတေခဲ့ပြီး မယ်တော် ဝမ်းတိုက်သို့ သက်ဝင်ခဲ့ပါတယ်ဘုရား။

(၅) ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော့်ဝမ်းတိုက်သို့ သက်ဝင်တဲ့အခါ တစ်လောကလုံးကို ကြီးမားကျယ်ပြန့် မွန်မြတ်တဲ့ အလင်းရောင်ကြီးဟာ ဖုံးလွှမ်းသွားပါတယ်ဘုရား။ အဲဒီ အလင်းရောင်ဟာ နတ်တွေရဲ့ ကိုယ်ရောင် ကိုယ်ဝါထက် သာပါတယ်ဘုရား။ အပိတ်အပင် အတားအဆီး မရှိတဲ့ အမှောင်အတိဖြစ်နေတဲ့ လောကန္တရိတ် ငရဲဆိုတာ ရှိပါတယ်ဘုရား။ အရှိန်အဝါ အလွန်ကြီးမားတဲ့ လနေတို့ရဲ့ အရောင်များ မရောက်တဲ့နေရာများလည်း ရှိကြပါတယ်ဘုရား။ အဲဒီ ငရဲ၊ အဲဒီ အရပ်တွေမှာလည်း အလင်းရောင်ကြီးဟာ ထွန်းလင်း

တောက်ပပါတယ်ဘုရား။ အဲဒီငရဲ အဲဒီအရပ်တွေမှာ ရှိကြတဲ့ သတ္တဝါတွေဟာ အဲဒီ အရောင်ဖြင့် "ဒီမှာ ဖြစ်ကြတဲ့ တခြား သတ္တဝါတွေလည်း ရှိကြသေးသကိုး"လို့ အချင်းချင်း သိကြရပါတယ် ဘုရား။ ဒီ တစ်သောင်းသော လောကဓာတ်ကြီးလည်း ထက် အောက်ဖီလာ ယိမ်းထိုး လှုပ်ခါခဲ့ပါတယ်ဘုရား။

(၆) ဘုရားအလောင်းတော် မယ်တော်ဝမ်းတိုက်သို့ သက် ရောက်ပြီးတဲ့အခါမှာ "ဘုရား အလောင်းတော်ကို ဖြစ်စေ၊ ဘုရား အလောင်းရဲ့ မယ်တော်ကို ဖြစ်စေ လူ၊ ဘီလူးစတဲ့ တစ်စုံတစ် ယောက်မျှ မညှဉ်းဆဲနိုင်ရန် နတ်သားလေးယောက် လာရောက်ပြီး အရပ်လေးမျက်နှာမှ စောင့်ရှောက်ကြပါတယ်ဘုရား။

(၇) ဘုရားအလောင်းတော် မယ်တော် ဝမ်းတိုက်သို့ သက်ရောက်ပြီးတဲ့အခါ ဘုရားအလောင်းရဲ့ မယ်တော်ဟာ ပကတိ သဘောအားဖြင့် (အလိုလို) ငါးပါးသီလနှင့် ပြည့်စုံသူ ဖြစ်ပါတယ် ဘုရား။ (သူတပါး အထံမှ မခံယူရဘဲ မိမိဘာသာ ဆောက်တည် ၍ ငါးပါးသီလနှင့် ပြည့်စုံသူ ဖြစ်ပါတယ်ဘုရား။)

(၈) ဘုရားအလောင်းတော် မယ်တော့် ဝမ်းတိုက်သို့ သက် ရောက်ပြီးတဲ့အခါ ဘုရားအလောင်းတော်ရဲ့ မယ်တော်ဟာ အမျိုး သားတို့အပေါ်မှာ ကာမဂုဏ်စိတ်ကင်းပါတယ်ဘုရား။ မည်သည့် အမျိုးသားမျှလည်း ဘုရားအလောင်းတော်ရဲ့ မယ်တော်ကို တပ် မက်တဲ့ စိတ်ဖြင့် မပြစ်မှားနိုင်ပါဘုရား။

(၉) ဘုရားအလောင်းတော် မယ်တော့်ဝမ်းတိုက်သို့ သက်ရောက်ပြီးတဲ့အခါမှာ ဘုရားအလောင်းတော်ရဲ့ မယ်တော်မှာ နှစ်သက်ဖွယ် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ ကာမဂုဏ်အာရုံငါးပါးနှင့် ပြည့်စုံပါတယ်ဘုရား။

(၁၀) ဘုရားအလောင်းတော် မယ်တော့်ဝမ်းတိုက်သို့ သက်ရောက်ပြီးတဲ့အခါ ဘုရားအလောင်းတော်ရဲ့ မယ်တော်မှာ အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံပါတယ်ဘုရား။ ဥပမာအားဖြင့် ဝေဠုရိယကြောင်မျက်ရွဲရတနာရဲ့ အတွင်းမှာ သီထားတဲ့ကြိုးကို မြင်ရသကဲ့သို့ ဝမ်းဗိုက်အတွင်းမှာရှိတဲ့ အင်္ဂါကြီးငယ်နှင့် ပြည့်စုံတဲ့ ဘုရားအလောင်းတော်ကို ဘုရားအလောင်းတော်ရဲ့ မယ်တော် ဟာ တွေ့မြင်နေရပါတယ်ဘုရား။

(၁၁) ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်မှာ ဘုရားအလောင်းတော်ရဲ့ မယ်တော်ဟာ နတ်ရွာစံ၍ တုသိတာနတ်ပြည်မှာ ဖြစ်ပါတယ်ဘုရား။

(၁၂) တခြားအမျိုးသမီးများဟာ ကိုယ်ဝန်ကို ဝမ်းဖြင့် ကိုးလ ဖြစ်စေ၊ ဆယ်လဖြစ်စေ လွယ်၍ မွေးဖွားကြပါတယ်ဘုရား။ ဘုရားအလောင်းတော်ရဲ့ မယ်တော်ကတော့ ဘုရားအလောင်းတော်ကို ဆယ်လတိတိသာ လွယ်၍ မွေးဖွားပါတယ်ဘုရား။

(၁၃) တခြား အမျိုးသမီးများဟာ ထိုင်လျက်ဖြစ်စေ လျောင်းလျက်ဖြစ်စေ မွေးဖွားကြပါတယ်ဘုရား။ ဘုရားအလောင်းတော်ရဲ့ မယ်တော်ကတော့ ရပ်လျက်သာ ဘုရားအလောင်းတော်

ကို မွေးဖွားပါတယ်ဘုရား။

(၁၄) မယ်တော့်ဝမ်းတိုက်မှ ဘုရားအလောင်းတော် ဖွားမြင်တဲ့အခါ နတ်တို့က ရှေးဦးစွာ ခံယူ၍ လူတို့က နောက်မှ ခံယူကြပါတယ်ဘုရား။

(၁၅) မယ်တော့် ဝမ်းတိုက်မှ ဘုရားအလောင်းတော် ဖွားမြင်တဲ့အခါ ဘုရားအလောင်းတော် မြေသို့မရောက်ခင်မှာပင် နတ်မင်းကြီးလေးပါးက ဘုရားအလောင်းတော်ကို ခံယူ၍ မယ်တော်၏ ရှေ့မှာ ထားကြပါတယ်ဘုရား။ "မိဖုရားကြီး၊ ဝမ်းမြောက်တော်မူပါ။ မိဖုရားကြီးရဲ့ တန်ခိုးကြီးသော သားတော် ဖွားမြင်လာပါ ပြီ"လို့လည်း ပြောကြားကြပါတယ်ဘုရား။

(၁၆) ဥပမာအားဖြင့် ပတ္တမြားရတနာကို ကာသိတိုင်းဖြစ် အဝတ်ပေါ်မှာ ချထားလျှင် ပတ္တမြားရတနာသည် ကာသိတိုင်းဖြစ် အဝတ်ကို မညစ်ပေစေပါ ဘုရား။ ကာသိတိုင်းဖြစ် အဝတ်သည်လည်း ပတ္တမြားရတနာကို မညစ်ပေစေပါ ဘုရား။ အကြောင်းမှာ နှစ်မျိုးလုံး သန့်ရှင်း စင်ကြယ်နေသောကြောင့် ဖြစ်ပါတယ် ဘုရား။

ထို့အတူ ဘုရားအလောင်းတော် မယ်တော့် ဝမ်းတိုက်မှ ဖွားမြင်လာတဲ့အခါ ရေ၊ သလိပ်၊ သွေးစတဲ့ အညစ်အကြေးများ မပေ မပွဘဲ သန့်ရှင်းစင်ကြယ်စွာသာ ဖွားမြင်လာပါတယ်ဘုရား။

(၁၇) မယ်တော့်ဝမ်းတိုက်မှ ဘုရားအလောင်းတော် ဖွားမြင်တဲ့အခါ အေးတဲ့ ရေအယဉ်နှင့် ပူတဲ့ ရေအယဉ်ဆိုတဲ့ ရေအယဉ် နှစ်မျိုး ကောင်းကင်မှ စီးကျလာပါတယ်ဘုရား။

(၁၈) ဘုရားအလောင်းတော်ဟာ ဖွားလျှင် ဖွားချင်း ညီညွတ်သော ခြေတို့ဖြင့် မြေပေါ်မှာ ရပ်တည်ကာ မြောက်အရပ်သို့ ခုနစ်လှမ်း ကြွသွားခဲ့ပါတယ်ဘုရား။ နတ်များက ထီးဖြူများဖြင့် ဆောင်းပေးထားကြပါတယ်ဘုရား။ အဲဒီအခါမှာ ဘုရားအလောင်းတော်ဟာ အရပ်မျက်နှာအားလုံးကို ကြည့်ရှုခဲ့ပါတယ်ဘုရား။ "လောကမှာ ငါဟာ ထိပ်ဆုံးက ဖြစ်တယ်။ လောကမှာ ငါဟာ အကြီးဆုံး ဖြစ်တယ်။ လောကမှာ ငါဟာ အမြတ်ဆုံးဖြစ်တယ်။ ဒါဟာ ငါရဲ့ နောက်ဆုံးဘဝ ဖြစ်တယ်။ ယခု နောက်ထပ် ဘဝသစ် မရှိတော့ဘူး"လို့ ရဲရင့်တဲ့ စကားကို ကြုံးဝါး ပြောဆိုခဲ့ပါတယ်ဘုရား။

(၁၉) မယ်တော့်ဝမ်းတိုက်မှ ဘုရားအလောင်းတော် ဖွားမြင်တဲ့အခါ လူနတ်ဗြဟ္မာ တစ်လောကလုံးကို ကြီးမား ကျယ်ပြန့် မွန်မြတ်တဲ့ အလင်းရောင်ကြီးက ဖုံးလွှမ်းသွားခဲ့ပါတယ်ဘုရား။ အဲဒီ အလင်းရောင်ဟာ နတ်တွေရဲ့ ကိုယ်ရောင်ကိုယ်ဝါထက် သာပါတယ် ဘုရား။ ဒီ တစ်သောင်းသော လောကဓာတ်ကြီးဟာလည်း ထက်အောက်ဖီလာ ယိမ်းထိုး လှုပ်ခါခဲ့ပါတယ်ဘုရား။

ဒါတွေဟာ မြတ်စွာဘုရားအထံတော်မှ တပည့်တော် ကြားနာ မှတ်သားခဲ့ရတဲ့ မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ဖြစ်တဲ့ ထူးခြားတဲ့ သဘောများ ဖြစ်ပါတယ်ဘုရား။

(၂၀) အာနန္ဒာ၊ သို့ဖြစ်လျှင် မြတ်စွာဘုရားရဲ့ ဒီအံ့ဖွယ်ဖြစ်တဲ့ ထူးခြားတဲ့ သဘောကိုလည်း နာယူမှတ်သား ဆောင်ထားဦးလော့။

အာနန္ဒာ၊ မြတ်စွာဘုရားရဲ့ ဉာဏ်တော်မှာ ဝေဒနာတို့ဟာ ထင်ရှားစွာ ဖြစ်ကြတယ်။ ထင်ရှားစွာ ပေါ်လာကြတယ်။ ထင်ရှားစွာ ချုပ်သွားကြတယ်။ (မြတ်စွာဘုရားဟာ ဝေဒနာတို့ရဲ့ ဖြစ်ပုံ၊ ပေါ်လာပုံ၊ ချုပ်ပုံတို့ကို ထင်ရှားစွာ သိတော်မူတယ်။)သညာ စသည်ကိုလည်း ထို့အတူပဲ သိတော်မူတယ်။

ဒါဟာလည်း မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ဖြစ်တဲ့ ထူးခြားတဲ့ သဘောဖြစ်တယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အစ္ဆရိယအဗ္ဘုတသုတ် ပြီးပြီ။

❊ ❊ ❊

(၁၅၄)

## ၄–ဗာကုလသုတ်

အခါတစ်ပါးမှာ အရှင်ဗာကုလဟာ ရာဇဂြိုဟ်မြို့၊ ရှဉ့်နက်တို့အား အစာကျွေး၍ မွေးမြူရာဖြစ်တဲ့ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ အရှင်ဗာကုလရဲ့ လူ့ဘဝက သူငယ်ချင်းဟောင်းဖြစ်တဲ့ အစေလကဿပဟာ အရှင်ဗာကုလအထံသို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထားပါတယ်။

"အရှင်ဗာကုလ၊ အရှင်ဘုရား ရဟန်းပြုသည်မှာ ဘယ်လောက် ကြာပြီလဲ ဘုရား?"

"ငါ့ရှင်၊ငါ ရဟန်းပြုသည်မှာ နှစ်ပေါင်း ရှစ်ဆယ်ကြာပြီ။"

"အရှင်ဗာကုလ၊ နှစ်ပေါင်း ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန် မှီဝဲဖူးပါသလဲ ဘုရား?"

ငါ့ရှင် ကဿပ၊ ငါ့ကို အဲဒီလို မမေးထိုက်ဘူး။ "နှစ်ပေါင်း ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် ကာမသညာ ဖြစ်ဖူးသလဲ"လို့သာ မေးထိုက်တယ်။

(၁) ငါ့ရှင် ကဿပ၊ <u>ရဟန်းဝါ ရှစ်ဆယ်အတွင်း</u> ငါ့မှာ ကာမဂုဏ်နှင့် စပ်တဲ့သညာတစ်ခါမျှ မဖြစ်ဖူးဘူး။

(၂) ဖျက်ဆီးမှုနှင့်စပ်တဲ့သညာ တစ်ခါမျှ မဖြစ်ဖူးဘူး။

(၃) ညှဉ်းဆဲမှုနှင့် စပ်တဲ့သညာ တစ်ခါမျှ မဖြစ်ဖူးဘူး။

(၄) ကာမဂုဏ်နှင့် စပ်တဲ့အကြံအစည် တစ်ခါမျှ မဖြစ်ဖူးဘူး။

(၅) ဖျက်ဆီးမှုနှင့် စပ်တဲ့အကြံအစည် တစ်ခါမျှ မဖြစ်ဖူး ဘူး။

(၆) ညှင်းဆဲမှုနှင့် စပ်တဲ့ အကြံအစည် တစ်ခါမျှ မဖြစ်ဖူး ဘူး။

(၇) ဒါယကာတို့ လှူတဲ့ သင်္ကန်းကို တစ်ခါမျှ မသာယာဖူး ဘူး။

(၈) သင်္ကန်းကို ဓားဖြင့် တစ်ခါမျှ မဖြတ်ဖူးဘူး။

(၉) သင်္ကန်းကို အပ်ဖြင့် တစ်ခါမျှ မချုပ်ဖူးဘူး။

(၁၀) သင်္ကန်းကို ဆိုးရည်ဖြင့် တစ်ခါမျှ မဆိုးဖူးဘူး။

(၁၁) ကထိန်သင်္ကန်းကို တစ်ခါမျှ မချုပ်ဖူးဘူး။

(၁၂) သီတင်းသုံးဖော်တို့ သင်္ကန်းကို ချုပ်ရာ၌ တစ်ခါမျှ မစီမံဖူးဘူး။

(၁၃) ပင့်ဖိတ်ဆွမ်းကို တစ်ခါမျှ မသာယာဖူးဘူး။

(၁၄) "တစ်စုံတစ်ယောက်သည် ငါ့ကို ပင့်ဖိတ်မူ ကောင်း လေစွ"ဆိုတဲ့ စိတ် ငါ့မှာ တစ်ခါမျှ မဖြစ်ဖူးဘူး။

(၁၅) ရွာတွင်းမှာ တစ်ခါမျှ မထိုင်ဖူးဘူး။

(၁၆) ရွာတွင်းမှာ တစ်ခါမျှ မစားဖူးဘူး။

(၁၇) မာတုဂါမကို မိန်းမ-ဟူသော အမှတ်ဖြင့် တစ်ခါမျှ မကြည့်ဖူးဘူး။

(၁၈) မာတုဂါမအား အယုတ်ဆုံးအားဖြင့် လေးပါဒရှိတဲ့ ဂါထာကိုတောင် မဟောပြဖူးဘူး။

(၁၉) ရဟန်းမတို့ရဲ့ ကျောင်းသို့ တစ်ခါမျှ မသွားဖူးဘူး။
(၂၀) ရဟန်းမအား တစ်ခါမျှ တရားမဟောဖူးဘူး။
(၂၁) သိက္ခမာန်အား တစ်ခါမျှ တရားမဟောဖူးဘူး။
(၂၂) သာမဏေမအား တစ်ခါမျှ တရားမဟောဖူးဘူး။
(၂၃) ဘယ်သူ့ကိုမျှ ရှင်ပြုမပေးဖူးဘူး။
(၂၄) ဘယ်သူ့ကိုမျှ ရဟန်းပြု မပေးဖူးဘူး။
(၂၅) ဘယ်သူ့ကိုမျှ နိဿယည်း မပေးဖူးဘူး။
(၂၆) ကိုယ်ရင်ကို အလုပ်အကျွေး မခိုင်းဖူးဘူး။
(၂၇) ရေချိုးအိမ်၊ ရေချိုးခန်းမှာ တစ်ခါမျှ ရေမချိုးဖူးဘူး။
(၂၈) (ဆပ်ပြာကဲ့သို့) ရေချိုး ကသယ်မှုန့်ဖြင့် တစ်ခါမျှ ရေမချိုးဖူးဘူး။
(၂၉) သီတင်းသုံးဖော်တို့အား ငါ့ခန္ဓာကိုယ်ကို တစ်ခါမျှ မနင်းခိုင်း၊ မနှိပ်ခိုင်းဖူးဘူး။
(၃၀) နွားနို့တစ်ပေါက်ညှစ် ကာလမျှပင် အနာရောဂါ မဖြစ်ဖူးဘူး။
(၃၁) ဆေးဆိုလျှင် ဖန်းခါးသီးပိုင်းကိုပင် မသုံးဆောင်ဖူးဘူး။
(၃၂) တကဲပျဉ်ကိုပင် မမှီဖူးဘူး။
(၃၃) တစ်ခါမျှ မလျောင်းဖူးဘူး။
(၃၄) ရွာဦးကျောင်းမှာ တစ်ခါမျှ ဝါမဆိုဖူးဘူး။
(၃၅) ငါ့ရှင် ကဿပ၊ ငါဟာ ရဟန်းဖြစ်ပြီး ခုနစ်ရက်မျှသာ ကိလေသာရှိတဲ့ ပုထုဇဉ်ဘဝနဲ့ တိုင်းပြည်ရဲ့ ဆွမ်းကို

စားခဲ့ဖူးတယ်။ ရှစ်ရက်မြောက်မှာ ရဟန္တာဖြစ်ခဲ့တယ်။

အဲဒီလို အရှင်ဗာကုလက အမိန့်ရှိတဲ့အခါ အစေလကဿပက "အရှင်ဗာကုလ၊ အရှင်ဘုရား အမိန့်ရှိတဲ့ အရှင်ဘုရားရဲ့ အံ့ဖွယ်များကို တပည့်တော် သေချာ မှတ်သားထားပါ့မယ်"လို့ ပြန်လည် လျှောက်ထားခဲ့ပါတယ်။

အဲဒီနောက် အစေလကဿပဟာ ဒီ သာသနာတော်မှာ ရဟန်းပြုပြီး ရဟန္တာတစ်ပါး ဖြစ်ခဲ့ပါတယ်။

(၃၆) နောင်အခါမှာ အရှင်ဗာကုလဟာ သံကောက်သော့ကို ယူပြီး တစ်ကျောင်းပြီး တစ်ကျောင်းသွား၍ "အရှင်ဘုရားတို့၊ လာကြပါဘုရား။ အရှင်ဘုရားတို့၊ လာကြပါဘုရား။ ဒီနေ့ တပည့်တော် ပရိနိဗ္ဗာန် စံပါတော့မယ်ဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။ အဲဒီလို လျှောက်ထားခဲ့တာဟာလည်း အရှင်ဗာကုလရဲ့ အံ့ဖွယ် တစ်ပါး ဖြစ်ပါတယ်။

(၃၇) အရှင်ဗာကုလဟာ ရဟန်းသံဃာများရဲ့အလယ်မှာ ထိုင်လျက်သာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။ အဲဒါဟာလည်း အရှင်ဗာကုလရဲ့ အံ့ဖွယ် တစ်ပါး ဖြစ်ပါတယ်။

ဗာကုလသုတ် ပြီးပြီ။

❊ ❊ ❊

# ၅-ဒန္တဘူမိသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့၊ ရှဉ့်နက်တို့အား အစာကျွေး၍ မွေးမြူရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ အစိရဝတသာမဏေဟာ ကမ္ဘဋ္ဌာန်းကျောင်းတစ်ဆောင်မှာ သီတင်းသုံးနေပါတယ်။

အဲဒီအခါမှာ ဗိမ္ဗိသာရမင်းရဲ့ သားတော် ဇယသေနမင်းသားဟာ အညောင်းပြေ လမ်းလျှောက်လာရင်း အစိရဝတသာမဏေထံ ရောက်လာပါတယ်။ နှုတ်ဆက်စကားများ ပြောကြားပြီးကြတဲ့အခါမှာ ဇယသေနမင်းသားဟာ အစိရဝတသာမဏေကို အခုလို လျှောက်ထားပါတယ်။

"အရှင်ဘုရား၊ 'ဒီသာသနာတော်မှာ ကြိုးစားအားထုတ်သူဟာ စျာန်ရနိုင်တယ်'လို့ ကြားဖူးပါတယ်။ အဲဒါ ဖြစ်နိုင်ပါသလားဘုရား?"

"မင်းသား၊ အဲဒါ ဖြစ်နိုင်တယ်။"

"အရှင်ဘုရား၊ အရှင်ဘုရား ကြားနာမှတ်သား သင်ယူထားဖူးသည့်အတိုင်း တပည့်တော်အား တရား ဟောပြပါဘုရား။"

"မင်းသား၊ ငါဟောလျှင် သင် နားလည်မှာ မဟုတ်ဘူး။ ဒီတော့ ငါ့မှာ မောရုံ ပင်ပန်းရုံသာ ရှိမယ်။ ဒါ့ကြောင့် ငါ သင့်ကို တရားမဟောနိုင်ဘူး။"

"အရှင်ဘုရား၊ ဟောသာ ဟောပါ၊ တပည့်တော် နားလည်နိုင်လောက်ပါတယ်။"

"မင်းသား၊ ငါဟောတဲ့အခါ သင်နားလည်ရင်တော့ ကောင်းတယ်။ အကယ်၍ နားမလည်ရင်လည်း နားမလည်တဲ့အတိုင်း နေပါ။ ငါ့ကို ရှေ့ဆက်မမေးပါနဲ့။"

"အရှင်ဘုရား၊ ကောင်းပါပြီ။ မမေးပါဘူး"။

ဒါနဲ့ အစိရဝတသာမဏေဟာ မိမိ ကြားနာသင်ယူခဲ့ဖူးသည့်အတိုင်း ဇယသေနမင်းသားအား တရားဟောပြခဲ့ပါတယ်။

အဲဒီလို ဟောပြတဲ့အခါ ဇယသေနမင်းသားဟာ "ကြိုးစားအားထုတ်ရင် ဈာန်ရတယ် ဆိုတာ မဖြစ်နိုင်ဘူး ဘုရား"လို့ လျှောက်ထားပြီး ပြန်သွားခဲ့ပါတယ်။

အဲဒီအခါမှာ အစိရဝတသာမဏေဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး ဇယသေနမင်းသားနဲ့ ပြောခဲ့ကြတဲ့ အကြောင်းစုံကို လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"သာမဏေ၊ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကြောင့်သာ သိထိုက်၊ မြင်ထိုက်၊ ရောက်ထိုက်၊ မျက်မှောက်ပြုထိုက်တဲ့ ဈာန်တရားကို ဇယသေနမင်းသားဟာ အဘယ်မှာ ရနိုင်ပါ့မလဲ?

ကာမဂုဏ် အလယ်မှာ နေပြီး ကာမဂုဏ်ကို ခံစားနေတဲ့ ဇယသေနမင်းသားဟာ ဈာန်ကို ရနိုင်စရာ အကြောင်းမရှိဘူး။

သာမဏေ၊ ဥပမာအားဖြင့် ဆုံးမထား သွန်သင် ညွှန်ပြထားအပ်တဲ့ ဆင်နှစ်ကောင်ဟာ ယဉ်ကျေးနေကြတယ်။

ဆုံးမ မထားအပ်၊ သွန်သင် ညွှန်ပြမထားအပ်တဲ့ ဆင်နှစ်ကောင်ဟာ မယဉ်ကျေးကြဘူးဆိုပါတော့။ ဆုံးမထား၊ သွန်သင် ညွှန်ပြထားလို့ ယဉ်ကျေးနေကြတဲ့ ဆင်နှစ်ကောင်ဟာ ယဉ်ကျေးကြလို့သာ ယဉ်ကျေးသော ဆင်တို့သာ ပြုလုပ်ထိုက်တဲ့ ဂုဏ်ရှိတဲ့ အလုပ်ကို ရကုန်ရာသည် မဟုတ် လော? ယဉ်ကျေးတဲ့ ဆင်တို့ရဲ့ အဆင့်သို့ ရောက်ကုန်ရာသည် မဟုတ်လော?"

"မှန်ပါ၊ ရောက်ကုန်ရာပါသည်ဘုရား။"

"သာမဏေ၊ ဆုံးမ မထား သွန်သင် ညွှန်ပြမထားအပ်လို့ မယဉ်ကျေးကြတဲ့ ဆင်နှစ်ကောင်ဟာ မယဉ်ကျေးကြပါဘဲလျက် ယဉ်ကျေးသော ဆင်တို့သာ ပြုသင့်တဲ့ ဂုဏ်ရှိသော အလုပ်ကို ရကုန်ရာသလော? ယဉ်ကျေးသော ဆင်တို့ရဲ့ အဆင့်သို့ ရောက်နိုင်ကြသလော?"

"အရှင်ဘုရား၊ မရောက်နိုင်ကြပါ။"

"သာမဏေ၊ ထို့အတူပဲ ကာမဂုဏ်မှ ထွက်မြောက်သူသာ ဈာန်ကို ရနိုင်တယ်။ ကာမဂုဏ် အလယ်မှာ နေပြီး ကာမဂုဏ်ကို ခံစားနေတဲ့ ဇယသေနမင်းသားဟာ ဈာန်ကို မရနိုင်ဘူး။

သာမဏေ၊ ဥပမာအားဖြင့် ရွာရဲ့အနီးမှာ တောင်ကြီး

တစ်လုံးရှိတယ်-ဆိုပါတော့။ သူငယ်ချင်းနှစ်ယောက်ဟာ အဲဒီ ရွာထဲမှ ထွက်လာကြပြီး လက်ချင်းယှက်ကာ အဲဒီတောင်ကြီး နားသို့ သွားကြတယ်။ တောင်ကြီးနားရောက်တော့ သူငယ်ချင်း တစ်ယောက်ဟာ တောင်ခြေမှာ နေရစ်တယ်။ ကျန် တစ်ယောက် က တောင်ပေါ်သို့ တက်သွားတယ်။ တောင်ခြေက သူငယ်ချင်းက တောင်ပေါ်က သူငယ်ချင်းကို "သူငယ်ချင်းရေ၊ မင်း ဘာကို မြင်ရ သလဲ"လို့ လှမ်းအော်မေးတယ်။ ဒီတော့ တောင်ပေါ်က သူငယ် ချင်းက "သူငယ်ချင်းရေ၊ ငါတော့ ကြည်နူးစရာကောင်းတဲ့ ခြံတွေ၊ တောတွေ၊ မြေပြင်တွေ၊ ရေကန်တွေကို မြင်ရတယ်ဟေး" လို့ လှမ်းအော်ပြီး ဖြေတယ်။

ဒီတော့ တောင်အောက်က သူငယ်ချင်းက "သူငယ်ချင်း၊ မင်း တောင်ပေါ်ရောက်တာနဲ့ ကြည်နူးဖွယ်ကောင်းတဲ့ ခြံတွေ တောတွေ၊ မြေပြင်တွေ၊ ရေကန်တွေကို မြင်ရတယ်ဆိုတာ မဖြစ် နိုင်ဘူး"လို့ ပြောတယ်။

ဒါနဲ့ တောင်ပေါ်က သူငယ်ချင်းဟာ တောင်ခြေကို ဆင်း လာပြီး တောင်အောက်က သူငယ်ချင်းကို လက်ဆွဲပြီး တောင်ပေါ် ခေါ်သွားတယ်။ တောင်ပေါ်ရောက်ကြတော့ ခဏနားကြပြီး "ကဲ သူငယ်ချင်း မင်း ဘာတွေ မြင်ရသလဲ"လို့ မေးတယ်။ အဲဒီအခါ ကျမှ ဒုတိယလိုက်လာတဲ့ သူငယ်ချင်းက "အေး၊ ကြည်နူးဖွယ် ကောင်းတဲ့ ခြံတွေ ၊ တောတွေ ၊ မြေပြင်တွေ၊ ရေကန်တွေကို မြင် ရတာပဲ"လို့ ဖြေတယ်။

အဲဒီအခါမှာ ပထမ သူငယ်ချင်းက ပြောတယ် "မဖြစ်နိုင်ဘူး"လို့ မင်းပြောတဲ့ စကားကို (သူ တောင်ပေါ် မရောက်သေးလို့ ပြောတာပဲလို့) အခုမှ ငါသဘောပေါက်တော့တယ်"

ဒုတိယ သူငယ်ချင်းက ပြောတယ် - "ရှုခင်းတွေကို မြင်ရတယ်လို့ မင်းပြောတာကိုလည်း (သူ တောင်ပေါ်ရောက်ပြီးလို့ ပြောတာပဲလို့) အခုမှ ငါလည်း သဘောပေါက်တော့တယ်။ သူငယ်ချင်း၊ ဒီတောင်ကြီးနှင့် ကွယ်နေလို့ မြင်သင့်တာကို ငါ မမြင်ရတာပဲ။"

"သာမဏေ၊ အဲဒီ တောင်ကြီးထက် ပိုကြီးတဲ့ အဝိဇ္ဇာတုံးကြီးဟာ ဇယသေနမင်းသားကို ဖုံးကွယ်ထားတယ်။ ဒါ့ကြောင့် သူဟာ ဈာန်ကို ရနိုင်စရာ အကြောင်းမရှိဘူး။

သာမဏေ၊ ဇယသေန မင်းသားအတွက် ဒီ ဥပမာနှစ်ခု သင့်ဉာဏ်မှာ ထင်လာလျှင် (ထင်လာသည့်အတိုင်းဟောပြလျှင်) ဇယသေနမင်းသားဟာ သင့်ကို အဖန်ဖန် အံ့ဩဖွယ်ကောင်းလောက်အောင် ကြည်ညိုစရာရှိတယ်။ ကြည်ညိုပြီး ကြည်ညိုတဲ့ အမူအရာကို ပြစရာရှိတယ်။"

"မြတ်စွာဘုရား၊ ရှေးက မကြား ဖူးတဲ့ အဖန်ဖန် အံ့ဩစရာကောင်းတဲ့ ဒီဥပမာ နှစ်ခု ဇယသေနမင်းသားအတွက် မြတ်စွာဘုရား ဉာဏ်တော်မှာ ထင်လာသကဲ့သို့ တပည့်တော့်ဉာဏ်မှာ ဘယ်လိုလုပ် ထင်လာနိုင်မှာလဲ ဘုရား။"

" သာမဏော၊ ဥပမာအားဖြင့် မင်းဟာ ဆင်ဖမ်းသမား ကို "အမောင်ဆင်ဖမ်းသမား လာလော့။ မင်းစီး ဆင်ကို စီး၍ ဆင်ရှိတဲ့ တောသို့ သွားလော့။ တောဆင်ရိုင်းကို တွေ့တဲ့အခါ မင်းစီးဆင်ရဲ့ လည်ပင်းမှာ ယှဉ်ကပ်ပြီး ချည်ခဲ့လော"လို့ စေခိုင်းတယ်။ ဆင်ဖမ်းသမားကလည်း "ကောင်းပါပြီ အရှင်မင်းကြီး"လို့ ဝန်ခံပြီး တောသို့ သွားတယ်။ တောဆင်ရိုင်းကို တွေ့တဲ့အခါမှာ မင်း စီးဆင်ရဲ့ လည်ပင်းမှာ ချည်တယ်။ မင်းစီးဆင်ဟာ တောဆင်ရိုင်းကို တောမှ လွင်ပြင် ကွင်းပြင်သို့ ထုတ်ဆောင်လာတယ်။

ဒီတော့ ဆင်ရိုင်းဟာ ကွင်းပြင်သို့ ရောက်လာတယ်။ ဒါပေမဲ့ တောဆင်ရိုင်းဆိုတာ တောကိုပဲ မက်မောတတ်တယ်။ ဒ့ါကြောင့် ဆင်ဖမ်းသမားဟာ အဲဒီ အကြောင်းကို ပြောကြားလိုတဲ့အတွက် မင်းအား "အရှင်မင်းကြီး၊ လွင်ပြင်သို့ တောဆင်ရိုင်း ရောက်ပါပြီ"လို့ သံတော်ဦးတင်ခဲ့တယ်။

အဲဒီအခါမှာ မင်းက ဆင်ဆရာအား "အမောင် ဆင်ဆရာ၊ လာလော့။ ဒီဆင်ရိုင်းရဲ့ တောမှာ ဖြစ်တဲ့ အလေ့အကျင့်၊ အကြံအစည်၊ အပူအပင်၊ အပင်အပန်း၊ အပူအလောင် တို့ကို ဖျောက်ဖျက်ရန်၊ ရွာထဲမြို့ထဲမှာ ပျော်မွေ့စေရန်၊ လူတွေနှစ်သက်သဘောကျတဲ့ အလေ့အကျင့်တို့ကို သင်ပြပေးရန် ဒီ တောဆင်ရိုင်းကို ဆုံးမလော့"လို့ စေခိုင်းခဲ့တယ်။

ဆင်ဆရာဟာ "ကောင်းပါပြီ အရှင်မင်းကြီးလို့ ဝန်ခံပြီး တိုင်ကြီးကို မြေမှာ စိုက်၍ တောဆင်ရိုင်းရဲ့ လည်ပင်းနှင့် ကပ်ချည်ခဲ့

တယ်။ ဆင်ဆရာဟာ တောဆင်ရိုင်းကို သိမ်မွေ့ ယဉ်ကျေးချိုသာတဲ့ စကားများကို ပြောပြတယ်။ ဒါကြောင့် တောဆင်ရိုင်းဟာ နားထောင်လာတယ်၊ နားစိုက်လာတယ်။ သိဖို့ရာ စိတ်စိုက်လာတယ်။ အဲဒီအခါမှာ ဆင်ဆရာဟာ တောဆင်ရိုင်းကို တစ်ဆင့်တက်ပြီး မြက် အစာရေစာတို့ကို တိုက်ကျွေးတယ်။

ဆင်ဆရာရဲ့ အစာရေစာကို ဆင်ရိုင်း ခံယူတဲ့အခါ ဆင်ဆရာက "အခု ဒီဆင်ရိုင်းဟာ အသက်ရှင်တော့မယ်"လို့ ဆုံးဖြတ်တယ်။ ဒါနဲ့ ဆင်ဆရာက "သားမောင်၊ ယူယူ၊ သား မောင် ချချ"လို့ တစ်ဆင့်တက်ပြီး အတတ်ပညာကို သင်ပေးတယ်။ ဆင် ဆရာ သင်ပေးတဲ့ ယူနည်း၊ချနည်းကို ဆင်ရိုင်း လိုက်နာလာတဲ့ အခါ ဆင်ဆရာက "သားမောင်၊ ရှေ့တိုးလော့၊ သားမောင်၊ နောက်ဆုတ်လော့"လို့ တစ်ဆင့်တက်၍ သင်ပေးတယ်။ အဲဒီနည်း ကို ဆင်းရိုင်း တတ်လာတဲ့အခါ ဆင်ဆရာက"သားမောင် ထလော့၊ သားမောင် ထိုင်လော့"လို့ တစ်ဆင့်တက်၍ သင်ပေးတယ်။ အဲဒီနည်းကို ဆင်ရိုင်း တတ်လာတဲ့အခါ ဆင်ဆရာက တစ်ဆင့် တက်၍ မတုန်မလှုပ်နေနည်း-လို့ခေါ်တဲ့ အတတ်ပညာကို သင်ပေးတယ်။ ဆင်ရိုင်းရဲ့ နှာမောင်းမှာ ပျဉ်ချပ်ကြီးကို ကပ်ချည်ထားတယ်။ ချွန်းကိုင်ထားတဲ့ လူတစ်ယောက်ဟာ ဆင်ရိုင်းရဲ့ လည်ပင်း ပေါ်မှာ ထိုင်ထားတယ်။ ဆင်ရိုင်းရဲ့ ပတ်ပတ်လည်မှာ ချွန်းကိုင် ထားတဲ့ လူများ ဝိုင်းရံထား ကြတယ်။ ဆင်ဆရာဟာ ချွန်းရှည်ကို ကိုင်ပြီး ဆင်ရိုင်းရဲ့ ရှေ့မှာ ရပ်နေတယ်။ ဆင်ရိုင်းက မတုန်မလှုပ် နေနည်း အတတ်

ပညာကို သင်ယူနေတဲ့အချိန်မှာ ရှေ့ခြေကိုလည်း မလှုပ်၊ နောက်ခြေကိုလည်း မလှုပ်၊ ရှေ့ပိုင်းကိုယ်ကိုလည်း မလှုပ်၊ နောက်ပိုင်းကိုယ်ကိုလည်း မလှုပ်၊ ဦးခေါင်းကိုလည်း မလှုပ်၊ နားရွက်ကိုလည်း မလှုပ်၊ နှာမောင်း ကိုလည်း မလှုပ်။ အဲဒီဆင်ရိုင်းဟာ လှံဖြင့် ထိုးခြင်း သံလျှက်ဖြင့် ခုတ်ခြင်း၊ မြားမှန်ခြင်း၊ သလွဲတံ (အတောင်တပ်သော မြား)မှန်ခြင်း၊ စည်ကြီးသံ၊ ထက်စည်သံ၊ ပလွေသံ၊ နှဲသံ၊ ခရုသင်းသံ၊ စည်ပုတ် သံ၊ ပွဲတင်သံ တို့ကို သည်းခံနိုင်တော့တယ်။ ကောက်ကျစ်စဉ်းလဲမှု အားလုံး ဟူသော အပြစ်မှ ကင်းခြင်း၊ စောင်းမြောင်းချုပ်ချယ် မှုမှကင်းခြင်းကြောင့် မင်းနှင့်သာ ထိုက်တန်တော့တယ်။ မင်းရဲ့ အသုံးအဆောင်သာ ဖြစ်တော့တယ်။ မင်းရဲ့ အင်္ဂါအစိတ်အပိုင်းလို့သာ ခေါ်ထိုက်တော့တယ်။

သာမဏေ၊ အဲဒီ ဥပမာအတိုင်းပဲ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား လောကမှာ ပွင့်တော်မူလာတယ်။ အဲဒီ မြတ်စွာဘုရားဟာ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောပြတော်မူတယ်။ အမျိုးကောင်းသားတစ်ယောက်ဟာ အဲဒီ တရားတော်ကို ကြားနာရပြီး မြတ်စွာဘုရားကို ကြည်ညိုလာတယ်။ ဒါနဲ့ သူဟာ နောင်အခါကျတော့ ပစ္စည်းဥစ္စာနှင့် ဆွေမျိုး အသိုက်အဝန်းကို စွန့်ပြီး မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းပြုတယ်။ ဒါဟာ အရိယာရဲ့ တပည့် (အဲဒီ အမျိုးကောင်းသား) လွင်ပြင်သို့ ရောက်လာတာပဲ။ ဒါပေမဲ့ လူတွေ နတ်တွေဆိုတာ ကာမဂုဏ်ကို မက်မောကြတယ်။ ဒါ့ကြောင့် သူ့ကို မြတ်စွာဘုရားက အဆင့်

တက်၍ ဆုံးမတော်မူတယ်။ "ရဟန်း၊ သင်ဟာ သီလကို အသေးအမွှားကစပြီး လုံခြုံအောင် စောင့်ထိန်းပါ"လို့ ဆုံးမတော်မူတယ်။

အရိယာ၏ တပည့်ဖြစ်တဲ့ အဲဒီရဟန်း သီလရှိတဲ့အခါ မြတ်စွာဘုရားက "လောဘ၊ ဒေါသ- စသည် မဖြစ်အောင် မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်-ဆိုတဲ့ ဣန္ဒြေ ခြောက်ပါးကို စောင့်စည်းပါ" စသည်ဖြင့် အဆင့်ဆင့် တက်၍ ဆုံးမတော်မူတယ်။

အရိယာ၏ တပည့်ဖြစ်တဲ့ အဲဒီရဟန်းဟာ သတိ ပဋ္ဌာန်တရား လေးပါးကို ပွားများနေတယ်။

သာမဏေ၊ ဥပမာအားဖြင့် တော အလေ့အကျင့်တို့ကို ဖျောက်ဖျက်ရန် စသည်အတွက် ဆင်ဆရာဟာ တိုင်ကြီးကို မြေမှာ စိုက်၍ ဆင်ရိုင်းရဲ့ လည်ပင်းနှင့် ကပ်ချည်သကဲ့သို့

ထို့အတူပဲ ကာမဂုဏ်ကို မှီတဲ့ အလေ့အကျင့် အကြံ အစည်၊ အပူအပင်၊ အပင်အပန်း၊ အပူအလောင် တို့ကို ဖျောက်ဖျက်ဖို့ရာ၊ မဂ္ဂင်ရှစ်ပါးကို ရဖို့ရာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာ အရိယာတပည့် ရဟန်းရဲ့ စိတ်မှာ သတိပဋ္ဌာန်လေးပါးကို ဖွဲ့ချည်ထားအပ်တယ်။

အရိယာရဲ့ တပည့်ဖြစ်တဲ့ အဲဒီ ရဟန်းကို မြတ်စွာဘုရားက တစ်ဆင့်တက်၍ ဆုံးမတော်မူတယ်။ " ရဟန်း ၊ လာလော့ ၊ သတိပဋ္ဌာန်တရား လေးပါးကိုလည်း ပွားများလော့။ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ အကြံအစည်တို့ကိုလည်း မကြံစည်နှင့်" လို့ ဆုံးမတော်မူတယ်။

အရိယာရဲ့ တပည့်ဖြစ်တဲ့ အဲဒီရဟန်းဟာ မြတ်စွာဘုရားရဲ့ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးတဲ့အခါ ဈာန်လေးပါး၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကို ရပြီး ရဟန္တာ ဖြစ်တော့တယ်။

အဲဒီ ရဟန္တာရဟန်းဟာ အေးခြင်း၊ ပူခြင်း၊ အစာဆာခြင်း၊ ရေဆာခြင်း၊ မှတ် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း အတွေ့တို့ကို သည်းခံနိုင်တယ်။ မကောင်းသဖြင့် ပြောဆိုအပ်တဲ့ ကြမ်းတမ်းတဲ့ စကားတို့ကိုလည်း သည်းခံနိုင်တယ်။ သေလုမျှောပါး ခံစားရတဲ့ နာကျင်ကိုက်ခဲ ဆင်းရဲပြင်းထန်တဲ့ ကိုယ်ဆင်းရဲမှုတို့ကိုလည်း သည်းခံနိုင်တယ်။ ရာဂ၊ ဒေါသ၊ မောဟ အားလုံးကို ပယ်ပြီးတော့တယ်။ စောင်းမြောင်းချုပ်ချယ်မှု အကုသိုလ်လည်း ကင်းတော့တယ်။ အဝေးမှ ပစ္စည်းကိုပင် ယူဆောင်၍ ပူဇော် လျှုဒါန်းထိုက်ခြင်းစတဲ့ သံဃာ့ဂုဏ်တော်တို့နှင့် ပြည့်စုံတော့တယ်။

သာမဏော၊ မင်းရဲ့ ဆင်ကြီးဟာ မယဉ်ကျေးသေးဘဲ (ရိုင်းလျက်ပင်) သေသွားလျှင် မင်းရဲ့ ဆင်ကြီး အရိုင်းသေ သေတယ်-လို့ ခေါ်တယ်။ မင်းရဲ့ ဆင်လတ် မယဉ်ကျေးသေးဘဲ (ရိုင်းလျက်ပင်) သေသွားလျှင် မင်းရဲ့ ဆင်လတ် အရိုင်းသေ သေတယ်လို့ပဲ ခေါ်တယ်။ မင်းရဲ့ ဆင်ငယ် မယဉ်ကျေးသေးတဲ့ (ရိုင်းလျက်ပင်) သေသွားလျှင် မင်းရဲ့ ဆင်ငယ် အရိုင်းသေ သေတယ်လို့ပဲ ခေါ်တယ်။

သာမဏော၊ ထို့အတူပဲ မထေရ်ကြီးရဟန်း ရဟန္တာ မဖြစ်

သေးဘဲ သေလျှင် မထေရ်ကြီးရဟန်း အရိုင်းသေ သေတယ်လို့ ခေါ်တယ်။ ရဟန်းလတ် ရဟန္တာ မဖြစ်သေးဘဲ သေလျှင် ရဟန်းလတ် အရိုင်းသေ သေတယ်လို့ပဲခေါ်တယ်။ ရဟန်းငယ် ရဟန္တာ မဖြစ်သေးဘဲ သေလျှင် ရဟန်းငယ် အရိုင်းသေ သေတယ်လို့ပဲ ခေါ်တယ်။

မင်းရဲ့ဆင်ကြီး ယဉ်ကျေးပြီးမှ သေလျှင် မင်းရဲ့ ဆင်ကြီး အယဉ်သေ သေတယ်လို့ ခေါ်တယ်။ မင်းရဲ့ ဆင်လတ် ယဉ်ကျေးပြီးမှ သေလျှင် မင်းရဲ့ ဆင်လတ် အယဉ်သေ သေတယ်လို့ပဲ ခေါ်တယ်။ မင်းရဲ့ ဆင်ငယ် ယဉ်ကျေးပြီးမှ သေလျှင် မင်းရဲ့ ဆင်ငယ် အယဉ် သေ သေတယ်လို့ပဲ ခေါ်တယ်။

သာမဏေ၊ ထို့အတူပဲ မထေရ်ကြီးရဟန်း ရဟန္တာဖြစ်ပြီးမှ သေလျှင် မထေရ်ကြီး ရဟန်း အယဉ်သေ သေတယ်-လို့ ခေါ်တယ်။ ရဟန်းလတ် ရဟန္တာဖြစ်ပြီးမှ သေလျှင် ရဟန်းလတ် အယဉ်သေ သေတယ်လို့ပဲ ခေါ်တယ်။ ရဟန်းငယ် ရဟန္တာဖြစ်ပြီးမှ သေလျှင် ရဟန်းငယ် အယဉ်သေ သေတယ်လို့ပဲ ခေါ်တယ်။"

မြတ်စွာဘုရားဟာ အဲဒီလို ဟောပြကော်မူပြီး တရားတော်ကို နိဂုံးချုပ်တော်မူခဲ့ပါတယ်။

အစိရဝတသာမဏေလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ်ခဲ့ပါတယ်။

ဒန္တဘူမိသုတ် ပြီးပြီ။

# ၆- ဘူမိဇသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့၊ ရှဥ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါ တစ်ခုသော နံနက်ခင်းမှာ အရှင်ဘူမိဇဟာ ဇယသေနမင်းသားရဲ့ နေအိမ်သို့ ကြွရောက်ပါတယ်။ ဇယသေနမင်းသားနှင့် အရှင် ဘူမိဇ-တို့ နှုတ်ဆက်စကားများ ပြောကြားပြီးတဲ့အခါ ဇယသေနမင်းသားက အခုလို လျှောက်ထားပါတယ်။

"အရှင်ဘူမိဇ၊ တောင့်တခြင်းကိုပြု၍ မြတ်သောအကျင့်ကို ကျင့်ကြသော်လည်း အကျိုးကို မရထိုက်။ တောင့်တခြင်းကို မပြုဘဲ မြတ်သောအကျင့်ကို ကျင့်ကြသော်လည်း အကျိုးကို မရထိုက်။ ရံခါ တောင့်တ၍ ရံခါ မတောင့်တဘဲ မြတ်သောအကျင့် ကို ကျင့်ကြသော်လည်း အကျိုးမရထိုက်။ တောင့်တခြင်းကို မပြုဘဲဖြစ်စေ မပြုသည် မဟုတ်ဘဲဖြစ်စေ မြတ်သောအကျင့်ကို ကျင့်ကြသော်လည်း အကျိုးကို မရထိုက်-လို့ ပြောလေ့၊ ယူလေ့ ရှိကြတဲ့ တချို့ ရဟန်းပုဏ္ဏားများ ရှိကြပါတယ်။ ဒီနေရာ (ဒီပြဿနာ)မှာ အရှင်ဘူမိဇရဲ့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားက ဘယ်လို အယူရှိပြီး ဘယ်လို ဟောကြားပါသလဲဘုရား"

"မင်းသား၊ မြတ်စွာဘုရားရဲ့ မျက်မှောက်တော်မှ အဲဒီလို စကားမျိုးကို ကြားလည်း မကြားခဲ့ဖူးဘူး၊ နာလည်း မနာယူခဲ့ဖူးဘူး။

တကယ်လို့ မြတ်စွာဘုရား ဖြေကြားတော်မူခဲ့လျှင်လည်း ဒီလိုသာ ဖြေကြားတော်မူစရာ အကြောင်း ရှိတယ်။

"တောင့်တခြင်းကို ပြု၍ဖြစ်စေ၊ မပြုဘဲဖြစ်စေ၊ ရှံခါပြု၍ ရှံခါ မပြုဘဲဖြစ်စေ၊ ပြုသည်လည်းမဟုတ် မပြုသည်လည်း မဟုတ်ဘဲ ဖြစ်စေ၊ မသင့်သောအကြောင်းအားဖြင့် (နည်းမှန်လမ်းမှန် မဟုတ်သောအားဖြင့်) မြတ်သောအကျင့်တုကို ကျင့်ကြသော်လည်း အကျိုးကို မရထိုက်။ သင့်သောအကြောင်းအားဖြင့် (နည်းမှန်း လမ်းမှန်အားဖြင့်) မြတ်သောအကျင့်စစ်ကို ကျင့်ကြလျှင် အကျိုးကို ရထိုက်တယ်"လို့သာ ဖြေကြားတော်မူစရာအကြောင်းရှိတယ်။

"အရှင်ဘူမိဇ၊ အရှင်ဘူမိဇရဲ့ ဆရာ မြတ်စွာဘုရားဟာ ဒီလို ယူလေ့၊ ဒီလို ဟောလေ့ ရှိရိုး မှန်လျှင် အရှင်ဘူမိဇ ရဲ့ ဆရာ မြတ်စွာဘုရားဟာ ရဟန်းပုဏ္ဏားများစွာအားလုံးရဲ့ ဦးခေါင်းကို တည့်တည့်ရိုက်ခတ်၍ ရပ်တည်နေသကဲ့သို့ ဖြစ်ပါတယ်ဘုရား" လို့ ဇယသေနမင်းသားဟာ လျှောက်ထားပြီးနောက် အရှင်ဘူမိဇ အား မိမိရဲ့ ပွဲတော်အုပ်ဆွမ်းကို ဆက်ကပ်ခဲ့ပါတယ်။

အဲဒီနောက် အရှင်ဘူမိဇဟာ ဆွမ်းခံရာမှ ပြန်ကြွလာပြီး မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ခဲ့ပါတယ်။ မြတ်စွာဘုရား အထံတော်သို့ ရောက်တဲ့အခါ ဇယသေနမင်းသားနှင့်ပြောခဲ့သမျှ အားလုံးကို လျှောက်ထားပြီး အခုလို မေးမြန်းခဲ့ပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော် အဲဒီလို ဖြေကြားခဲ့တာဟာ

မြတ်စွာဘုရားရဲ့ တရားဒေသနာတော်နှင့် ကိုက်ညီပါရဲ့လား ဘုရား။ မြတ်စွာဘုရားရဲ့ ဆန္ဒတော်နှင့် ကိုက်ညီပါရဲ့လား ဘုရား?"

"ဘူမိဇ ၊ သင် အဲဒီလို ဖြေကြားခဲ့တာဟာ ငါဘုရားရဲ့ တရားဒေသနာတော်နှင့် ကိုက်ညီပါတယ်။ ငါဘုရားရဲ့ ဆန္ဒတော်နှင့် ကိုက်ညီ ပါတယ်။

ဘူမိဇ ဥပမာအားဖြင့် တောင့်တမှုကို ပြု၍ဖြစ်စေ၊ မပြုဘဲဖြစ်စေ၊ ရံခါပြု၍ ရံခါမပြုဘဲ ဖြစ်စေ၊ ပြုသည်လည်းမဟုတ် မပြုသည်လည်း မဟုတ်ဘဲဖြစ်စေ

(၁) ဆီကိုလိုချင်သူဟာ သဲကို ဆုံထဲမှာ ထည့်၍ ရေဖြန်းပြီး ကြိတ်လို့ကတော့ ဆီကို မရနိုင်။

(၂) နွားနို့ကို လိုချင်သူဟာ နွားမရဲ့ ဦးချိုကို ဆွဲညှစ်လို့ကတော့ နွားနို့ကို မရနိုင်။

(၃) ဆီဦးကို လိုချင်သူဟာ ရေကို အိုးထဲမှာ လောင်းထည့်ပြီး ယောက်မဖြင့် မွှေလို့ကတော့ ဆီဦးကို မရနိုင်။

(၄) မီးကို လိုချင်သူဟာ ထင်းစိုကို မီးရှို့လို့ကတော့ မီးကို မရနိုင်။

ဘူမိဇ ၊ အဲဒီ ဥပမာများအတိုင်းပဲ မှားတဲ့အမြင်၊ အကြံ၊ စကား၊ အလုပ်၊ အသက်မွေးမှု၊ အားထုတ်မှု၊ သတိ၊ သမာဓိ - ရှိကြတဲ့ ရဟန်း ၊ ပုဏ္ဏားတို့ဟာ တောင့်တမှုကို ပြု၍ဖြစ်စေ၊ မပြုကြဘဲ ဖြစ်စေ၊ ရံခါပြု၍ ရံခါ မပြုကြဘဲဖြစ်စေ၊ ပြုကြသည်လည်း

မဟုတ်၊ မပြုကြသည်လည်းမဟုတ်ကြဘဲဖြစ်စေ မြတ်သောအကျင့်တိုကို ကျင့်ကြလို့တော့ ကောင်းကျိုးကို မရနိုင်။

ဘူမိဇ ၊ ဥပမာအားဖြင့် တောင့်တမှုကို ပြု၍ဖြစ်စေ၊ မပြုဘဲဖြစ်စေ ၊ ရံခါပြု၍ ရံခါ မပြုဘဲ ဖြစ်စေ၊ ပြုသည်လည်းမဟုတ် မပြုသည်လည်း မဟုတ်ဘဲဖြစ်စေ

(၁) ဆီကိုလိုချင်သူဟာ ဆုံထဲမှာ နှမ်းကိုထည့်၍ ရေဖြန်းကြိတ်မှ ဆီကို ရနိုင်တယ်။
(၂) နွားနို့ကို လိုချင်သူဟာ နွားမရဲ့ နို့တံကို ဆွဲညှစ်မှ နွားနို့ကို ရနိုင်တယ်။
(၃) ဆီဦးကို လိုချင်သူဟာ နို့ဓမ်းကို အိုးထဲမှာထည့်၍ ယောက်မဖြင့် မွှေမှ ဆီဦးကို ရနိုင်တယ်။
(၄) မီးကို လိုချင်သူဟာ ထင်းခြောက်ကို မီးရှို့မှ မီးကို ရနိုင်တယ်။

ဘူမိဇ ၊ အဲဒီ ဥပမာများအတိုင်းပဲ မှန်ကန်တဲ့အမြင်၊ အကြံ၊ အပြော၊ အလုပ်၊ အသက်မွေးမှု၊ အားထုတ်မှု၊ သတိ၊ သမာဓိ - ရှိကြတဲ့ ရဟန်း ၊ ပုဏ္ဏားတို့ဟာ တောင့်တမှုကို ပြုကြ၍ဖြစ်စေ၊ မပြုကြဘဲ ဖြစ်စေ၊ ရံခါပြုကြ၍ ရံခါ မပြုကြဘဲဖြစ်စေ၊ ပြုကြသည်လည်းမဟုတ်၊ မပြုကြသည်လည်း မဟုတ်ဘဲ ဖြစ်စေ မြတ်သော အကျင့်စစ်ကို ကျင့်ကြလျှင် ကောင်းတဲ့အကျိုးကို ရနိုင်တယ်။

ဘူမိဇ ၊ ဇယသေနမင်းသားအတွက် ဒီ ဥပမာလေးမျိုး

အကယ်၍ သင့်ဉာဏ်မှာ ထင်လာခဲ့လျှင် ဇယသေနမင်းသားသည် သင့်အား အဖန်ဖန် အံ့ဩဖွယ်ကောင်းလောက်အောင် ကြည်ညိုနိုင်စရာရှိတယ်။ ကြည်ညိုပြီး ကြည်ညိုတဲ့ အမှုအရာကိုလည်း သင့်အား ပြစရာ ရှိတယ်။"

"မြတ်စွာဘုရား၊ အဖန်ဖန် အံ့ဩစရာကောင်းတဲ့ ရှေးက မကြားဖူးတဲ့ ဒီ ဥပမာ လေးမျိုး ဇယသေန မင်းသားအတွက် မြတ်စွာဘုရားဉာဏ်တော်မှာ ထင်လာသကဲ့သို့ တပည့်တော့်ဉာဏ်မှာ အဘယ်မှာ ထင်လာနိုင်ပါမလဲဘုရား။"

မြတ်စွာဘုရားဟာ ဒီတရားတော်ကို ဟောကြားခဲ့ပါတယ်။ အရှင်ဘူမိဇက မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ်ခဲ့ပါတယ်။

ဘူမိဇသုတ် ပြီးပြီ။

❊ ❊ ❊

# ၇- အနုရုဒ္ဓသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ ပဉ္စကင်္ဂလက်သမားကြီးဟာ ယောကျ်ားတစ်ယောက်ကို အခုလို စေခိုင်းပါတယ်။ "အမောင် ယောကျ်ား၊လာလော့၊ သင်သည် အရှင် အနုရုဒ္ဓါအထံသို့ သွားလော့။'အရှင်ဘုရား၊ ပဉ္စကင်္ဂလက်သမားကြီး သည် ဦးခေါင်းဖြင့် အရှင် အနုရုဒ္ဓါရဲ့ ခြေတော်တို့ကို ရှိခိုးလိုက်ပါ တယ်' လို့ ငါ့ရဲ့ စကားကို လျှောက်ထား၍ ဦးခေါင်းဖြင့် အရှင် အနုရုဒ္ဓါရဲ့ ခြေတော်တို့ကို ရှိခိုးလော့။ အရှင်ဘုရား မနက်ဖြန် ပဉ္စကင် လက်သမားကြီးရဲ့ အိမ်သို့ အရှင်ဘုရားအပါအဝင် လေးပါး ဆွမ်းစားကြွပါတဲ့ ဘုရား-လို့လည်း လျှောက်ထားလော့။ အရှင် ဘုရား အရှင်ဘုရားကို စောစောကြွစေလိုတဲ့အကြောင်းလည်း ရှိ ပါသတဲ့ဘုရား။ အရှင်ဘုရား ပဉ္စကင်္ဂလက်သမားကြီးကတော့ မင်းမှု ကိစ္စများဖြင့် အလုပ်များနေပါသတဲ့ဘုရား-လို့လည်း လျှောက်ထား လော့။"

"ကောင်းပါပြီ အရှင်" လို့ အဲဒီ ယောကျ်ားဟာ ပဉ္စကင် လက်သမားကြီးအား ဝန်ခံပြီး အရှင် အနုရုဒ္ဓါထံ သွားပင့်ပါတယ်။ အရှင် အနုရုဒ္ဓါလည်း ဆိတ်ဆိတ်နေလျက် လက်ခံတော်မူပါတယ်။

နောက်တစ်နေ့ အရှင် အနုရုဒ္ဓါဟာ ပဉ္စကင် လက်သမား

ကြီးအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါတယ်။ အရှင် အနုရုဒ္ဓါ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ ပဥ္စကင်္ဂလက်သမားကြီးက အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဘုရား၊ ဒီ သာသနာတော်က မထေရ်ကြီး ရဟန်းများဟာ တပည့်တော်ထံ လာပြီး 'သူကြွယ်၊ အပ္ပမာဏစေတောဝိမုတ္တိ- (အပိုင်းအခြား အကန့် အသတ်မရှိတဲ့ စိတ်ဖြင့် နှလုံးသွင်းခြင်း) ကို ပွားများ လော့'လို့ တိုက်တွန်းကြပါတယ်ဘုရား။ တချို့ မထေရ်ကြီးများက တော့ 'သူကြွယ်၊ မဟဂ္ဂတစေတောဝိမုတ္တိ - (မြတ်၏-ဟုစိတ်ဖြင့် နှလုံးသွင်းခြင်း)ကို ပွားများလော'လို့ တိုက်တွန်းကြပါတယ်ဘုရား။ အရှင် ဘုရား၊ အပ္ပမာဏ စေတောဝိမုတ္တိ နှင့် မဟဂ္ဂတစေတောဝိမုတ္တိ တို့ဟာ အနက် အဓိပ္ပါယ်လည်း ကွဲပြား၊ ဝေါဟာရလည်း ကွဲပြား ကြပါသလား ဘုရား။ သို့မဟုတ် အနက် အဓိပ္ပါယ်တူပြီး ဝေါဟာ ရမျှသာ ကွဲပြားပါသလား ဘုရား?"

"ပုဏ္ဏား၊ ထိုသို့ဖြစ်လျှင် ဒီပုစ္ဆာမှ သင်ရဲ့ မလွဲတဲ့ အဖြေဖြစ် လာအောင် ဒီပုစ္ဆာကို သင်ပဲဖြေကြည့်စမ်းပါ။"

"အရှင်ဘုရား၊ 'အပ္ပမာဏ စေတောဝိမုတ္တိနှင့် မဟဂ္ဂတစေတော ဝိမုတ္တိတို့ဟာ ဝေါဟာရမျှသာ ကွဲပြားပြီး အနက်အဓိပ္ပါယ် တူတယ်'လို့ တပည့်တော် ယူဆပါတယ်ဘုရား။"

"သူကြွယ်၊ အဲဒီ နှစ်မျိုးဟာ အနက်အဓိပ္ပါယ်လည်း ကွဲပြား တယ်၊ ဝေါဟာရလည်း ကွဲပြားတယ်။ အဲဒီလို ကွဲပြားပုံကို အခု ပြောပြမည့် နည်းဖြင့် သိနိုင်တယ်။

အပ္ပမာဏစေတောဝိမုတ္တိဆိုတာ ဘာလဲ-ဆိုတော့ ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ မေတ္တာစိတ်ဖြင့် အရပ်ဆယ်မျက်နှာကို တစ်မျက်နှာပြီး တစ်မျက်နှာ ဖြန့်ကြက်၍ နေတယ်။ တစ်လောကလုံးကို မိမိနှင့် တန်းတူထားပြီး ကျယ်ပြန့်တဲ့ မြင့်မြတ်တဲ့ အပိုင်းအခြား အကန့်အသတ်မရှိတဲ့ ရန်မမူတတ်တဲ့ ဒေါသကင်းတဲ့ မေတ္တာစိတ်ဖြင့် ဖြန့်ကြက်၍ နေတယ်။

ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်တို့ဖြင့်လည်း ထို့အတူ ဖြန့်ကြက်၍ နေတယ်။

သူကြွယ်၊ ဒါဟာ အပ္ပမာဏစေတောဝိမုတ္တိ ဖြစ်တယ်။

မဟဂ္ဂတစေတောဝိမုတ္တိဆိုတာကတော့-သူကြွယ်၊ ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ သစ်တစ်ပင်အောက်မျှလောက်သောအရပ်ကို "မြတ်၏" (မြတ်သောနေရာ ဖြစ်၏၊ အဋ္ဌကထာအလို မဟဂ္ဂုတ်စျာန်ဖြစ်ရာ ဖြစ်၏)လို့ ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။

ထို့အတူ

- သစ်နှစ်ပင်၊ သုံးပင်မျှ လောက်သောအရပ်
- ဂါမခေတ် (မြို့နယ်) တစ်ခုမျှလောက်သောအရပ်
- ဂါမခေတ် (မြို့နယ်) နှစ်ခု/သုံးခုမျှလောက်သောအရပ်
- တိုင်းပြည်ကြီး တစ်ခုမျှလောက်သောအရပ်
- တိုင်းပြည်ကြီး နှစ်ခု သုံးခုမျှလောက်သောအရပ်

- သမုဒ္ဒြာ အဆုံးအပိုင်းအခြားရှိသော မြေပြင် တစ်ခုလုံး မှုလောက်သော အရပ်

အဲဒီ အသီးသီးသော အရပ်တို့ကို "မြတ်၏"လို့ ဖြန့်ကြက်ပြီး နှလုံးသွင်း၍နေတယ်။

သူကြွယ်၊ ဒါတွေ အသီးသီးဟာလည်း မဟဂ္ဂတစေတောဝိမုတ္တိများ ဖြစ်ကြတယ်။ သူကြွယ် ဒီနည်းအားဖြင့် အပ္ပမာဏစေတောဝိမုတ္တိနှင့် မဟဂ္ဂတစေတောဝိမုတ္တိတို့ဟာ ဝေါဟာရအားဖြင့်ရော အနက်အဓိပ္ပါယ်အားဖြင့်ပါ ကွဲပြားကြတယ်။

သူကြွယ်၊ ဘဝသို့ ရောက်ကြောင်းဟာ လေးမျိုးရှိတယ်။ အဲဒီလေးမျိုးဆိုတာကတော့-

- သူကြွယ်၊ လောကမှာ တချို့သူဟာ "သေးငယ်သော အရောင်"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။ သူ သေတဲ့အခါကျတော့ သေးငယ်သော အရောင်ရှိတဲ့ ဗြဟ္မာ မျိုးမှာ ဖြစ်တယ်။

-တချို့သူဟာ "အတိုင်းမရှိ ကြီးမားတဲ့ အရောင်"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။ သူသေတဲ့အခါကျတော့ အတိုင်းမရှိ ကြီးမားတဲ့ အရောင်ရှိတဲ့ ဗြဟ္မာမျိုးမှာ ဖြစ်တယ်။

တချို့သူဟာ "ညစ်နွမ်းတဲ့ အရောင်"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။ သူသေတဲ့အခါကျတော့ ညစ်နွမ်းတဲ့ အရောင်ရှိတဲ့ ဗြဟ္မာမျိုးမှာ ဖြစ်တယ်။

တချို့သူဟာ "သန့်ရှင်းတဲ့ အရောင်"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍နေတယ်။ သူသေတဲ့အခါကျတော့ သန့်ရှင်းတဲ့ အရောင်ရှိတဲ့ ပြဟ္မာမျိုးမှာ ဖြစ်တယ်။

- သူကြွယ်၊ ဥပမာအားဖြင့် များစွာသော ဆီမီးတို့ကို အိမ်တစ်လုံးထဲမှာ သွင်းထားလျှင် အဲဒီ မီးတွေရဲ့ မီးတောက်မီးလျှံများထူးခြားပုံကတော့ ပေါ်လွင်တယ်။ အရောင်များ ထူးခြားပုံကတော့ မပေါ်လွင်တော့ဘူး။ (အရောင်များ ရောသွားတယ်။)

သူကြွယ်၊ ထို့အတူပဲ နတ်ပြဟ္မာတွေ တစ်ပေါင်းတည်း စုဝေး နေကြတဲ့အခါမှာ သူတို့ရဲ့ ကိုယ်အဆင်း (ရုပ်အသွင်)များ ထူးခြားပုံဟာ ပေါ်လွင်တယ်။ အရောင်များ ထူးခြားမှုဟာ မပေါ်လွင်တော့ဘူး။

- သူကြွယ်၊ ဥပမာအားဖြင့် များစွာသော ဆီမီးတို့ကို အဲဒီအိမ်ထဲမှ ထုတ်ယူသွားတဲ့အခါမှာ အဲဒီ ဆီမီးတွေရဲ့ မီးတောက်မီးလျှံများ ထူးခြားမှုလည်း ပေါ်လွင်တယ်။ အရောင်များ ထူးခြားမှုလည်း ပေါ်လွင်တယ်။

- သူကြွယ်၊ ထို့အတူပဲ နတ်ပြဟ္မာများ အဲဒီ စုဝေးရာမှ အသီး အသီး ခွဲသွားကြတဲ့အခါ သူတို့ရဲ့ ကိုယ်အဆင်း (ရုပ်အသွင်) ထူးခြားမှုလည်း ပေါ်လွင်တယ်။ အရောင်ထူးခြားမှုလည်း ပေါ်လွင်တယ်။

- သူကြွယ်၊ ဥပမာအားဖြင့် ထမ်းဆိုင်းဖြင့်ဖြစ်စေ၊ တောင်းဖြင့် ဖြစ်စေ သယ်ဆောင်သွားခြင်းခံကြရတဲ့ ယင်ကောင် များမှာ

"ငါတို့ရဲ့ ဒီထမ်းဆိုင်း၊ သို့မဟုတ် ဒီတောင်းဟာ မြဲတယ်" ဆိုတဲ့ အယူအဆကားမရှိ။ တကယ်တော့ အဲဒီ ယင်ကောင်များဟာ ရောက်ရှိသက်ဝင် မှီတွယ် နေထိုင်ကြရတဲ့ နေရာမှာပဲ ပျော်မွေ့ ကြရသကဲ့သို့

သူကြွယ်၊ ထို့အတူပဲ အဲဒီ နတ်ပြဟ္မာတို့မှာလည်း 'ငါတို့ရဲ့ ဒီနေရာဟာ မြဲတယ်'လို့ကား အယူအဆ မရှိ။ တကယ်တော့ အဲဒီ နတ်ပြဟ္မာများဟာ သူတို့ ရောက်ရှိ သက်ဝင် နေထိုင်ကြရတဲ့ နေရာများမှာပဲ ပျော်မွေ့ကြတယ်။"

အဲဒီအခါမှာ ကစ္စည်းအနွယ်ဝင် အရှင် သဘိယက အရှင် အနုရုဒ္ဓါကို အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဘုရား အနုရုဒ္ဓါ၊ ကိုယ်ရောင်ကိုယ်ဝါတောက်ပကြ တဲ့ နတ်ပြဟ္မာအားလုံးဟာ သေးငယ်တဲ့ အရောင် ရှိသူချည်သာ ဖြစ်ကြပါသလား? သို့မဟုတ် တချို့ နတ်ပြဟ္မာများဟာ အတိုင်းမရှိ ကြီးမားတဲ့ အရောင်ရှိသူများ ဖြစ်ကြပါသလားဘုရား?"

"ငါ့ရှင်သဘိယ၊ ဘဝဖြစ်ခြင်းရဲ့ အကြောင်းတရားကြောင့် ဒီ နတ်ပြဟ္မာတွေထဲက တချို့နတ်ပြဟ္မာတွေဟာ သေးငယ်တဲ့ အရောင်ရှိကြတယ်။ တချို့ နတ်ပြဟ္မာတွေကတော့ အတိုင်းမရှိ ကြီးမားတဲ့ အရောင်ရှိကြတယ်။"

"အရှင်ဘုရား အနုရုဒ္ဓါ၊ အဲဒီ ဘဝဖြစ်ခြင်းရဲ့ အကြောင်းက ဘာပါလဲဘုရား?"

"ငါ့ရှင် သဘိယ၊ ဒါဆိုလျှင် သင့်ကိုပင် ပြန်မေးအုံးမယ်။

သင် ကြိုက်သလို ဖြေပါ။ ရဟန်းတစ်ပါးဟာ သစ်တစ်ပင်အောက် မျှလောက်သော အရပ်ကို "မြတ်၏" ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။ တခြားရဟန်းတစ်ပါးကတော့ သစ်နှစ်ပင် သုံးပင် အောက်မျှလောက်သောအရပ်ကို "မြတ်၏"ဟု- ဖြန့်ကြက်ပြီး နှလုံးသွင်း၍ နေတယ်။

အဲဒီ စိတ္တဘာဝနာ (စိတ်ကို ပွားများခြင်း) နှစ်မျိုးအနက် ဘယ်စိတ္တဘာဝနာဟာ ပို၍မြတ်ပါသလဲ?"

"အရှင်ဘုရား၊ သစ်နှစ်ပင်၊ သုံးပင်အောက်မျှလောက်သော အရပ်ကို "မြတ်၏"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း၍နေတဲ့ ရဟန်းရဲ့ စိတ္တဘာဝနာက ပို၍ မြတ်ပါတယ်ဘုရား။"

အဲဒီနောက် အရှင် အနုရုဒ္ဓါက

- သစ်နှစ်ပင်၊ သုံးပင်မျှလောက်သော အရပ်ကို 'မြတ်၏' ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း ပွားများတဲ့ စိတ္တဘာဝနာနှင့်
- ဂါမခေတ် တစ်ခု
- ဂါမခေတ် နှစ်ခု၊ သုံးခု
- တိုင်းပြည်ကြီး တစ်ခု
- တိုင်းပြည်ကြီး နှစ်ခု၊ သုံးခု
- သမုဒ္ဒရာ အဆုံးအပိုင်းအခြားရှိတဲ့ မြေပြင်မျှလောက်ရှိတဲ့ အရပ်တို့ကို "မြတ်၏"ဟု ဖြန့်ကြက်ပြီး နှလုံးသွင်း ပွားများကြတဲ့ စိတ္တဘာဝနာတို့ကို အစဉ်အတိုင်း ယှဉ်ပြပြီး ဘယ်စိတ္တဘာဝနာက မြတ်သလဲ-လို့ မေးမြန်းတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သဘိယက ကြီးတဲ့ ကြီးတဲ့ နောက် နောက် ဘာဝနာက မြတ်တယ်-လို့ ဖြေကြားခဲ့ပါတယ်။

အဲဒီအခါမှာ အရှင် အနုရုဒ္ဓါက "သတိယ၊ အဲဒါတွေဟာ သေးငယ်တဲ့ အရောင်ရှိတဲ့ နတ်ပြဟ္မာဖြစ်ကြောင်းများနှင့် ကြီးမား တဲ့ အရောင်ရှိတဲ့ နတ်ပြဟ္မာ ဖြစ်ကြောင်းများ ဖြစ်တယ်"-လို့ မိန့် ကြားတော် မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သဘိယက အခုလို ဆက်လက် လျှောက်ထားပါတယ်။

"ကောင်းပြီ အရှင်ဘုရား အနုရုဒ္ဓါ။ အဲဒီလို ကိုယ်ရောင် ကိုယ်ဝါ တောက်ပတဲ့ နတ်ပြဟ္မာ အားလုံးဟာ ညစ်နွမ်းတဲ့ အရောင် ရှိသူချည်သာ ဖြစ်ပါသလား? သို့မဟုတ် တချို့ နတ်ပြဟ္မာများ ဟာ သန့်ရှင်း စင်ကြယ်တဲ့ အရောင်ရှိသူများ ဖြစ်ကြပါသလား ဘုရား။"

"ငါ့ရှင် သဘိယ၊ ဘဝဖြစ်ခြင်းရဲ့ အကြောင်းတရားများ ကြောင့် တချို့နတ်ပြဟ္မာများဟာ ညစ်နွမ်းတဲ့ အရောင်ရှိကြတယ်။ တချို့နတ်များကတော့ သန့်ရှင်းစင်ကြယ်တဲ့ အရောင်ရှိကြတယ်။"

"အရှင်ဘုရား အနုရုဒ္ဓါ၊ ဘဝဖြစ်ခြင်းရဲ့ အဲဒီအကြောင်း တရားများဟာ ဘာတွေပါလဲဘုရား?"

"ငါ့ရှင် သဘိယ၊ ဒါဆိုလျှင် သင့်ကို ငါ·ဥပမာပြောပြမယ်။ လောကမှာ တချို့ ပညာရှိများဟာ ဥပမာနဲ့မှ ဆိုလိုရင်း အဓိပ္ပါယ် ကို နားလည်ကြတယ်။

ငါ့ရှင် သဘိယ၊ ဥပမာအားဖြင့် တောက်နေတဲ့ ဆီမီးတစ်ခုမှာ ဆီကလည်း မစင်ကြယ်၊ မီးစာကလည်း မစင်ကြယ်ခဲ့လျှင် အဲဒီ ဆီမီးဟာ ငြိမ်းလုငြိမ်းခင် အလွန်မှေးမှိန်စွာသာ တောက်သကဲ့သို့

"ညစ်နွမ်းတဲ့အရောင်"လို့ ဖြန့်ကြက်ပြီး နှလုံးသွင်း၍နေတဲ့ တချို့ ရဟန်းမှာ ကိုယ်လေးလံမှုလည်း မငြိမ်းအေး၊ ထိုင်းမှိုင်းမှုလည်းမကင်း၊ ပျံလွင့်မှု နောင်တရမှုတို့လည်း မကင်း။ ဒါ့ကြောင့် အဲဒီ ရဟန်းဟာ ကွယ်လုကွယ်ခင် အလွန်လေးလံစွာ စျာန်ဝင်စားတယ်။ အဲဒီ ရဟန်း ပျံတော်မူတဲ့အခါကျတော့ ညစ်နွမ်းတဲ့ အရောင်ရှိတဲ့ နတ်ပြဟ္မာမျိုးမှာ ဖြစ်တယ်။

အဲဒီ ဥပမာရဲ့ ဆန့်ကျင်ဘက် ဥပမာအားဖြင့် တောက်နေတဲ့ ဆီမီးတစ်ခုမှာ ဆီကလည်း သန့်ရှင်း စင်ကြယ်တယ်။ မီးစာကလည်း သန့်ရှင်းစင်ကြယ်တယ်-ဆိုလျှင် အဲဒီ ဆီမီးဟာ ငြိမ်းလုငြိမ်းခင် မဟုတ်၊ မှေးမှေးမှိန်မှိန် မဟုတ်ဘဲ တောက်သကဲ့သို့

"သန့်ရှင်းတဲ့ အရောင်"လို့ ဖြန့်ကြက်ပြီး နှလုံးသွင်းနေတဲ့ ရဟန်းမှာ ကိုယ်လေးလံမှုလည်း ငြိမ်းအေးတယ်။ ထိုင်းမှိုင်းမှုလည်း ကင်းတယ်၊ ပျံ့လွင့်မှု နောင်တရမှုလည်း ကင်းတယ်။ ဒါ့ကြောင့် အဲဒီ ရဟန်းဟာ ကွယ်လုကွယ်ခင် မဟုတ်၊ လေးလေးလံလံ မဟုတ်ဘဲ စျာန်ဝင်စားတယ်။ ဒါ့ကြောင့် အဲဒီရဟန်း ပျံတော်မူတဲ့အခါ စင်ကြယ် သန့်ရှင်းသော အရောင်ရှိတဲ့ နတ်ပြဟ္မာမျိုးမှာ ဖြစ်တယ်။

သဘိယ၊ အဲဒါဟာ ညစ်နွမ်းတဲ့ အရောင်ရှိတဲ့ နတ်ပြဟ္မာဖြစ်ကြောင်းနှင့် စင်ကြယ်တဲ့ အရောင်ရှိတဲ့ နတ်ပြဟ္မာဖြစ်ကြောင်း

ဖြစ်တယ်"-လို့ ဖြေကြားတော်မူပါတယ်။

အဲဒီအခါမှာ အရှင် သဘိယက "ကောင်းလေစွ အရှင် အနုရုဒ္ဓါ၊ အရှင် အနုရုဒ္ဓါသည် 'ဒီလို ငါ ကြားဖူးတယ်'လို့ ဖြစ်စေ၊ 'ဒီလို ဖြစ်ထိုက်တယ်'လို့ ဖြစ်စေ မဖြေကြားပါ။ 'အဲဒီနတ်ဗြဟ္မာတွေဟာ ဒီလို ဖြစ်ကြတယ်။ အဲဒီ နတ်တွေဟာ ဒီ အကြောင်းကြောင့် ဖြစ်ကြတယ်' လို့သာ အတိအကျ ဖြေကြားတော်မူပါတယ်။ ဒါ့ကြောင့် 'အရှင် အနုရုဒ္ဓါဟာ အဲဒီ နတ်ဗြဟ္မာတွေနှင့် အတူတကယ် နေထိုင်ဖူး၊ ပြောဖူး၊ ဆွေးနွေးဖူးတယ်'လို့ တပည့်တော် ယူဆပါတယ်ဘုရား"- လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ အရှင် အရုဒ္ဓါက - "ငါ့ရှင် သဘိယ၊ ဒီစကားကို သင် မချွတ်ဧကန် စောင်းချိတ်ထိပါး၍ ပြောတာပဲ။

ဒါပေမဲ့ သင့်အား ငါ ဖြေကြားလိုက်မယ်။ 'ငါ့ရှင် သဘိယ၊ ငါဟာ အဲဒီ နတ်တို့နှင့်အတူ အချိန်ကြာမြင့်စွာ နေဖူး၊ ပြောဖူး ၊ ဆွေးနွေးဖူးတယ်"-လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သဘိယက ပဥ္စကင်္ဂလက်သမားကြီးအား "လက်သမားကြီး၊ သင်လည်း အဲဒီ ပြဿနာမှာ ယုံမှားခြင်းကင်း၍ ငါတို့လည်း တရားနာခွင့်ရခဲ့တယ်။ သင့်မှာ အရတော်လိုက်တာ ကံကောင်းလိုက်တာ"လို့ ပြောကြားတော်မူခဲ့ပါတယ်။

အနုရုဒ္ဓသုတ် ပြီးပြီ။

※ ※ ※

(၁၈၄)

# ၈–ဥပက္ကိလေသသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက ကောသမ္ဗီမြို့မှာ ရဟန်းများဟာ ငြင်းကြ ခုံကြပြီး ခိုက်ရန်ဖြစ်နေကြတယ်။ အချင်းချင်း အပြန်အလှန် နှုတ်လှံထိုးပြီးနေကြတယ်။ (သံဃာများ သင်းကွဲနေကြတယ်)။

အဲဒီအခါမှာ ရဟန်းတစ်ပါးက မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထား ခဲ့ပါတယ်။

"မြတ်စွာဘုရား၊ ကောသမ္ဗီမြို့မှာ ရဟန်းများဟာ ငြင်းကြ ခုံကြပြီး ခိုက်ရန် ဖြစ်နေကြပါတယ်ဘုရား။ အချင်းချင်း အပြန်အလှန် နှုတ်လှံထိုးပြီး နေကြပါတယ်ဘုရား။ တောင်းပန်ပါတယ် မြတ်စွာဘုရား။ အဲဒီ ရဟန်း တွေအထံသို့ သနားသောအားဖြင့် ကြွတော်မူပါ ဘုရား။"

အဲဒီအခါမှာ မြတ်စွာဘုရားဟာ အဲဒီရဟန်းတွေအထံသို့ ကြွတော်မူပြီး "ရဟန်းတို့၊ မငြင်းကြ ၊ မခုံကြ၊ ခိုက်ရန် မပြုကြနှင့်။ အချင်းချင်း အပြန်အလှန် နှုတ်လှံမထိုးကြနှင့်"လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီအခါမှာ ရဟန်းတစ်ပါးက "တရားပိုင်ရှင် မြတ်စွာဘုရား ၊ ဆိုင်းငံ့တော်မူပါ။ ကြောင့်ကြမဲ့ သီတင်းသုံးတော်မူပါ။ ချမ်းချမ်းသာသာ သီတင်းသုံးတော်မူပါဘုရား။ တပည့်တော်တို့

ကိုယ့်အပြစ်နဲ့ကိုယ် ထင်ရှားကြပါလိမ့်မယ်ဘုရား"-လို့ လျှောက်ထားခဲ့ပါတယ်။

မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင် တားမြစ်တော်မူ၍ အဲဒီရဟန်းကလည်း သုံးကြိမ်တိုင်အောင် လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါ တစ်ခုသော နံနက်ခင်းမှာ မြတ်စွာဘုရားဟာ ကောသမ္ဗီ-မြို့ထဲသို့ ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံပြန်ကြွလာတော်မူတဲ့အခါ အိပ်ရာနေရာကို သိမ်းဆည်းတော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူပြီး သံဃာ့အလယ်မှာ ရပ်လျက် ဒီ ဂါထာများကို ဟောကြားတော်မူပါတယ်။

* ဆူညံနေတဲ့ လူစုကြီးဟာ ငါ လူမိုက်လို့ ဘယ်သူမှ မထင်။ သံဃာကွဲပြားတဲ့အခါ ငါ့ကြောင့် ကွဲတယ်'လို့ ထင်ဖို့ရာ အလွန်ပင် ခက်လှတယ်။

* သတိကင်းသူတို့ဟာ ပညာရှိ ဟန်ဆောင်ကြတယ်။ အငြင်းအခုံစကားမှာ ကျက်စားနေကြတယ်။ ပါးစပ်ကို ဟလိုသမျှ အထိဟ၍ (အော်လိုသမျှအထိ) အော်ပြောနေကြတယ်။ (ပါးစပ်ကို ဖြဲနိုင်သမျှဖြဲ၍ အော်ပြောနေကြတယ်။) အဲဒီလို ပြောကြတဲ့အတွက် အရှက်ကင်းမဲ့ရာ ရောက်ကြပုံကိုတော့ မသိကြဘူး။

* သူဟာ ငါ့ကို ဆဲရေးခဲ့တယ်၊ ညှဉ်းဆဲခဲ့တယ်၊ အနိုင်ယူခဲ့တယ်၊ ငါ့ဥစ္စာကို ယူသွားခဲ့တယ် စသည်ဖြင့် ရန်ငြိုး မဖွဲ့မှ သူတို့မှာ ရန် ငြိမ်းအေးနိုင်တယ်။

- ရန်တုံ့မူသဖြင့် ရန်တို့သည် ဘယ်တော့မှ မငြိမ်းအေး၊

ရန်တို့ မမူမှသာ ရန်တို့သည် ငြိမ်းအေးကြတယ်။ ဒါဟာ ဓမ္မတာ ဖြစ်တယ်။

*ပညာမရှိတဲ့ ခိုက်ရန်ပြုနေကြသူ ရဟန်းမိုက်များဟာ ငါတို့ သေကြရအုံးမယ် ဆိုတဲ့ ဒီအကြောင်းအရာကို မသိကြ။ ပညာရှိ တို့ကား ငါတို့ သေကြရအုံးမယ်ဆိုတဲ့ အဲဒီအကြောင်းအရာကို သိကြတယ်။ အဲဒီလို သိတဲ့အတွက်ကြောင့် ခိုက်ရန်များ ငြိမ်းအေး ကြတယ်။

* အရိုးကိုဖြတ်၊ အသက်ကို သတ်၊ နွားမြင်း ဥစ္စာတို့ကိုယူ၊ တိုင်းပြည်ကို လု၍ ရန်ပြုကြသူတို့နှင့် ရန်အပြုခံရသူတို့တောင်မှ မဟာမိတ် အဖြစ် ပေါင်းသင်းခဲ့ကြဖူးသေးတယ်။ အဲဒီလို မဟုတ် ကြတဲ့ သင်တို့ဟာ ဘာ့ကြောင့် မပေါင်းသင်းနိုင်ရမှာလဲ?

* ပညာရှိသူတော်ကောင်း အပေါင်းအသင်းကို ရလျှင် သူနဲ့ ပေါင်းသင်းနေထိုင်ကျင့်ကြံသင့်တယ်။ အဲဒီ အပေါင်းအသင်း ကြောင့် အတွင်းရန်၊ အပြင်ရန်တို့ကို ကျော်လွှားနိုင်တယ်။ သတိ အမြဲရှိလျက် ဝမ်းမြောက်ဝမ်းသာ နေရနိုင်တယ်။

* ပညာရှိ သူတော်ကောင်း အပေါင်းအသင်းကို မရလျှင် တော့ တစ်ယောက်တည်းပဲ နေထိုင်ကျင့်ကြံသင့်တယ်။ ဥပမာအား ဖြင့် မင်းသည် တိုင်းနိုင်ငံကို စွန့်ခွာ၍ တစ်ပါးတည်း နေထိုင် ကျင့်ကြံ သကဲ့သို့ တစ်ပါးတည်း တစ်ယောက်တည်း နေထိုင်ကျင့်ကြံသင့် တယ်။ မာတင်္ဂဆင်ကြီးဟာ တောထဲမှာ တစ်ကောင်တည်း လှည့် လည်သကဲ့သို့ တစ်ပါးတည်း တစ်ယောက်တည်း နေထိုင် ကျင့်ကြံ

သင့်တယ်။

* တစ်ဦးတည်း နေထိုင်ကျင့်ကြံရတာက မြတ်တယ်။ လူမိုက် နှင့် ပေါင်းသင်းရတာက မမြတ်ဘူး။ မာတင်္ဂဆင်ကြီးသည် အကုသိုလ် မပြုဘဲ ကြောင့်ကြမဲ့စွာ တောမှာ တစ်ကောင်တည်း နေသကဲ့သို့ အကုသိုလ်မပြုဘဲ ကြောင့်ကြမဲ့စွာ တစ်ဦးတည်း နေထိုင်ကျင့်ကြံသင့်တယ်"

ဒီ ဂါထာများကို ဟောကြားပြီးတဲ့အခါမှာ မြတ်စွာဘုရား ဟာ ဗာလကလောဏကာရရွာသို့ ကြွရောက်တော်မူပါတယ်။ အဲဒီ ရွာမှာ အရှင်ဘဂုနှင့် တွေ့တော်မူပြီး ပါစီနဝံသ တောသို့ ကြွတော် မူပါတယ်။

အဲဒီအခါက ပါစီနဝံသတောမှာ အရှင် အနုရုဒ္ဓါ၊ အရှင် နန္ဒိယ နှင့် အရှင် ကိမိလ-တို့ သီတင်းသုံးနေတော်မူကြပါတယ်။ အဝေးမှ ကြွလာတော်မူတဲ့ မြတ်စွာဘုရားကို တောစောင့်ဒကာ မြင်တဲ့အခါ 'ရဟန်းကြီး ၊ ဒီတောထဲကို မဝင်ပါနှင့်၊ ဒီတောထဲမှာ အမျိုးကောင်းသား သုံးယောက် ကိုယ်ပိုင်အကျိုးစီးပွားကို လိုလား စွာ (တရားအားထုတ်)နေကြပါတယ်။ သူတို့အား မနှောင့်ယှက်ပါ နှင့်"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီစကားကို အရှင် အနုရုဒ္ဓါ ကြားတဲ့အခါ "ဒကာ တော စောင့်၊ မြတ်စွာဘုရားကို မတားမြစ်ပါနှင့်။ ငါတို့ရဲ့ ဆရာ မြတ်စွာ ဘုရားကို မတားမြစ်ပါနှင့်။ ငါတို့ရဲ့ ဆရာ မြတ်စွာဘုရား ကြွတော် မူလာတာ ဖြစ်တယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် အရှင်အနုရုဒ္ဓါဟာ အရှင်နန္ဒိယ နှင့် အရှင်ကိမိလတို့အထံသို့ သွားပြီး "အရှင်ဘုရားတို့ ကြွကြ ကြွကြ။ တပည့်တော်တို့ရဲ့ ဆရာ မြတ်စွာဘုရား ကြွရောက်တော်မူလာတယ်"လို့ အကြောင်းကြားခဲ့ပါတယ်။

အဲဒီနောက် သူတို့ သုံးပါးအနက် တစ်ပါးက မြတ်စွာဘုရားရဲ့ သပိတ်သင်္ကန်းကို လှမ်းယူပါတယ်။ တစ်ပါးက နေရာခင်းပါတယ်။ တစ်ပါးက ခြေဆေးရေ ဆက်ကပ်ပါတယ်။ မြတ်စွာဘုရားဟာ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီး ခြေဆေးတော်မူပါတယ်။ အရှင်မြတ်သုံးပါးလည်း မြတ်စွာဘုရားကို ရှိခိုးကြပြီး သင့်တော်ရာမှာ ထိုင်နေတော်မူကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မေးမြန်းတော်မူခဲ့ပါတယ်။ "အနုရုဒ္ဓါတို့ ကျန်းမာကြရဲ့လား၊ မျှတကြရဲ့လား၊ ဆွမ်းကွမ်းအတွက်ကော မပင်မပန်း ရှိကြရဲ့လား?"

"မြတ်စွာဘုရား၊ တပည့်တော်များ ကျန်းမာကြ၊ မျှတကြပါတယ်ဘုရား။ ဆွမ်းကွမ်းအတွက်လည်း မပင်ပန်းကြပါ ဘုရား"

"အနုရုဒ္ဓါတို့ သင်တို့ ညီညီညွတ်ညွတ် ရွှင်ရွှင်ပျပျ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ကြရဲ့လား? နို့နှင့်ရေ ရောထားသလို တစ်သားတည်း ဖြစ်ကြရဲ့လား? မေတ္တာမျက်လုံးများဖြင့် ပြုံးပြုံးရွှင်ရွှင် အချင်းချင်း ကြည့်ရှုကြလျက် နေထိုင်ကြရဲ့လား?"

"မှန်ပါ နေထိုင်ကြကြောင်းပါဘုရား။"

"ကဲ နေထိုင်ကြပုံကို လျှောက်စမ်းပါအုံး အနုရုဒ္ဓါတို့ ။"

"မြတ်စွာဘုရား၊ ဒီလို သီတင်းသုံးဖော်များနှင့် နေရတာ

ငါ့မှာ ကံကောင်း လေစွ၊ အရတော်လေစွ”လို့ တပည့်တော် စဉ်းစား ပါတယ် ဘုရား။ မြတ်စွာဘုရား၊ ဒီအရှင်မြတ်နှစ်ပါး အပေါ်မှာ ကာယကံမေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာ တို့ကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ထားပါတယ်ဘုရား ။‘မိမိ စိတ်အလိုကို လျှော့ချထားပြီး ဒီအရှင်နှစ်ပါးရဲ့ စိတ်ဆန္ဒ အတိုင်း လိုက်လျှောရရင် ကောင်း မှာပဲ’လို့ စဉ်းစားပြီး ဒီအရှင် နှစ်ပါးရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လျှော ပါတယ်ဘုရား။ မြတ်စွာ ဘုရား တပည့်တော်တို့ဟာ ကိုယ်ခန္ဓာ ကွဲပြားကြပေမဲ့ စိတ်ကတော့ ကစ်သားတည်းလို ထင်ရပါတယ် ဘုရား။

အရှင်နန္ဒိယ နှင့် အရှင်ကိမိလတို့ကလည်း အရှင်အနုရုဒ္ဓါ အတိုင်းပင် လျှောက်ထားခဲ့ကြပါတယ်။

“အနုရုဒ္ဓါတို့၊ ကောင်းပေစွ ကောင်းပေစွ။ အနုရုဒ္ဓါတို့ ၊ မပေါ့ မဆ ကြိုးကြိုးစားစားကော အားထုတ်ကြရဲ့လား?”

“မှန်ပါ အားထုတ်ကြပါတယ်ဘုရား။”

“အနုရုဒ္ဓါတို့၊ ဘယ်လိုများ အားထုတ်ကြသလဲ?”

“မြတ်စွာဘုရား၊ တပည့်တော်တို့ သုံးပါးအနက် ရှေးဦးစွာ ဆွမ်းခံပြန်ကြွလာသူဟာ နေရာ ခင်းထားပါတယ်ဘုရား။ သောက် ရေ သုံးရေ တည်ထားပါတယ်ဘုရား။ ဆွမ်းကြွင်းထည့်တဲ့ ခွက်ကို တည်ထားပါတယ်ဘုရား။

နောက်မှ ဆွမ်းခံပြန်လာတဲ့သူဟာ ဆွမ်းကျန်ရှိလျှင် စားလို က စား၍ မစားလိုက စိမ်းစိုတဲ့ မြက်သစ်ပင်မရှိတဲ့နေရာမှာ စွန့်

ပါတယ်ဘုရား။ဒါမှမဟုတ် ပိုးမွှားမရှိတဲ့ ရေထဲမှာ မျှောပါတယ် ဘုရား။ သူဟာ နေရာထိုင်ခင်းများကို သိမ်းပါတယ် ဘုရား။ သောက်ရေသုံးရေတို့ကို သိမ်းပါတယ် ဘုရား။ ဆွမ်းကြွင်းထည့်တဲ့ခွက်ကို ဆေးကြောပြီး သိမ်းပါတယ်ဘုရား။ ဆွမ်းစားကျောင်းကို တံမြက်လှည်းပါတယ် ဘုရား။

သောက်ရေအိုး ၊ သုံးရေအိုး၊ သန့်သက်ရေအိုးတို့မှာ ရေကုန်နေတာကို တွေ့လျှင် တွေ့တဲ့သူက ထည့်ပါတယ်ဘုရား။ အကယ်၍ မ(မ)နိုင် မမြှောက်နိုင်လျှင် အဖော်ကို လက်ယပ်ခေါ်ပြီး လက်ချင်းယှက်ကာ မ-မြှောက်၍ ထည့်ပါတယ်ဘုရား။ အဲဒီလို အခက်အခဲများကြောင့်ပင် တပည့်တော်တို့ စကားမပြောဖြစ်ကြပါ။ ဒါပေမဲ့ ငါးရက် တစ်ကြိမ်တော့ ညလုံးပေါက် တရားဆွေးနွေးပြီး စည်းဝေးကြပါတယ်ဘုရား။

တပည့်တော်တို့ဟာ အခုလျှောက်ထားခဲ့သလို မမေ့မလျော့ ကြိုးစားအားထုတ်နေကြပါတယ်ဘုရား။"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ။

အနုရုဒ္ဓါတို့၊ အခုလို မမေ့မလျော့ မပေါ့မဆကြိုးစား အားထုတ်နေကြတော့ တရားထူးကိုကော ရကြရဲ့လား?"

"မြတ်စွာဘုရား၊ ဒီမှာ တပည့်တော်တို့ မမေ့မလျော့ မပေါ့မဆ ကြိုးစားအားထုတ်ကြတဲ့အခါ အလင်းရောင်ကိုလည်း သိမှတ်ကြရပါတယ်ဘုရား။ မြင်စရာများကိုလည်း မြင်ကြရပါတယ်ဘုရား။

မြတ်စွာဘုရား၊ ဒါပေမဲ့ တပည့်တော်တို့ရဲ့ အဲဒီ အရောင်နှင့် မြင်စရာများကို မြင်ရခြင်းဟာ မကြာခင်မှာပဲ ကွယ်ပျောက်ခဲ့ရပါတယ်ဘုရား။ ကွယ်ပျောက်ခြင်းရဲ့ အကြောင်းကိုကား တပည့်တော်များ မသိကြပါဘုရား။"

"အနုရုဒ္ဓါတို့ အဲဒီ ကွယ်ပျောက်ကြောင်းကို သင်တို့သိသင့်တယ်။ အနုရုဒ္ဓါတို့ငါဘုရားလည်း ဘုရားမဖြစ်မီ ဘုရားအလောင်းသာဖြစ်စဉ်က အလင်းရောင်ကိုလည်း သိမှတ်ဖူးတယ်။ မြင်စရာများကိုလည်း မြင်ခဲ့ဖူးတယ်။ အဲဒီ ၂-မျိုးလုံးဟာ မကြာခင်မှာပဲ ကွယ်ပျောက်သွားခဲ့တယ်။ ဒါနဲ့ ကွယ်ပျောက်ကြောင်းကို စဉ်းစားတဲ့အခါမှာ

(၁) ယုံမှားခြင်း

(၂) နှလုံးမသွင်းခြင်း

(၃) ထိုင်းမှိုင်းခြင်း

(၄) တစ်ကိုယ်လုံး တုန်လှုပ်ခြင်း

(၅) ပီတိလွန်ကဲခြင်း (ဝမ်းသာလုံးဆို့ခြင်း)

(၆) ကိုယ်လေးလံခြင်း

(၇) ဝီရိယလွန်ကဲခြင်း

(၈) ဝီရိယလျော့လွန်းခြင်း (ဆုတ်နစ်ခြင်း)

(၉) တောင့်တခြင်း

(၁၀) အာရုံအမျိုးမျိုးကို မှတ်သားခြင်း

(၁၁) အာရုံတစ်ခုတည်း အလွန်အကဲ စူးစိုက် ရှုခြင်း -

ဆိုတဲ့ အကြောင်းများကို တွေ့ရတယ်။

အဲဒီ ၁၁-မျိုး တစ်မျိုးမျိုးဖြစ်လျှင်ပင် သမာဓိ လျှောတယ်။ သမာဓိလျှောလျှင် အလင်းရောင်ကို သိမှတ်မှု၊ မြင်စရာများကို မြင်မှုလည်း ကွယ်ပျောက်တယ်။ ဒါ့ကြောင့် ဒီ ၁၁-မျိုး တစ်မျိုးမှ ငါ့မှာ နောင်မဖြစ်အောင် ကြိုးစားမယ်-လို့ ဆုံးဖြတ်တယ်။

ဒီ ၁၁-မျိုးဟာ စိတ်ရဲ့ အညစ်အကြေးတွေပဲ-လို့ သိပြီး အဲဒီ ၁၁-မျိုးကို ပယ်ခဲ့တယ်။

အနုရုဒ္ဓါတို့၊ ငါဟာ မမေ့မလျော့ မပေါ့မဆ ကြိုးစား အားထုတ်ခဲ့တဲ့အခါ တစ်ညလုံး၊ တစ်နေ့လုံး၊ တစ်ရက်လုံး ရံခါ အလင်းရောင်တို့ကိုသာ သိမှတ်တယ်။ မြင်စရာတို့ကို မမြင်ရဘူး။ ရံခါ မြင်စရာတို့ကိုသာ မြင်တယ်၊ အလင်းရောင်ကို မသိမှတ်ဘူး။ ဒါနဲ့ အဲဒါ ဘာကြောင့်လဲလို့ စဉ်းစားတဲ့အခါ "(ဒိဗ္ဗစက္ခု၏ အာရုံဖြစ်တဲ့) မြင်စရာကို နှလုံးမသွင်းဘဲ ကသိုဏ်းပရိကံ အလင်းရောင်ကိုသာ နှလုံးသွင်းတဲ့အခါ တစ်ညလုံး တစ်နေ့လုံး တစ်ရက်လုံး အလင်းရောင် တို့ကိုသာ သိမှတ်ပြီး မြင်စရာတို့ကို မမြင်ဘူး။ ပရိကံ အလင်းရောင်ကို နှလုံးမသွင်းဘဲ (ဒိဗ္ဗစက္ခု၏ အာရုံဖြစ်တဲ့) မြင်စရာကိုသာ နှလုံးသွင်းတဲ့အခါ တစ်ညလုံး၊ တစ်နေ့လုံး၊ တစ်ရက်လုံး မြင်စရာ တို့ကိုသာ မြင်ပြီး အလင်းရောင်ကို မသိမှတ်ဘူး"-လို့ ဆုံးဖြတ်ချက် ချခဲ့တယ်။

အနုရုဒ္ဓါတို့ ၊ ငါဟာ မမေ့မလျော့ မပေါ့မဆ ဆက်လက် ကြိုးစားအားထုတ်တဲ့အခါ တစ်ညလုံး၊ တစ်နေ့လုံး၊ တစ်ရက်လုံး

ရှံခါ သေးငယ်တဲ့ အလင်းရောင်ကို သိမှတ်ရပြီး သေးငယ်တဲ့ မြင်စရာကို မြင်ရတယ်။ ရံခါ အတိုင်းမရှိ ကြီးမားတဲ့ အလင်းရောင်ကို သိမှတ်ရပြီး အတိုင်းမရှိ ကြီးမားတဲ့ မြင်စရာကို မြင်ရတယ်။ အဲဒါ ဘာကြောင့်လဲလို့ ဆက်လက် စဉ်းစားတဲ့အခါ "သေးငယ်တဲ့ သမာဓိ ဖြစ်တဲ့အခါ သေးငယ်တဲ့ ဒိဗ္ဗစက္ခု (နတ်မျက်စိ နှင့်တူတဲ့ ဉာဏ်) ဖြစ်တယ်။ သေးငယ်တဲ့ ဒိဗ္ဗစက္ခုဖြင့် တစ်ညလုံး၊ တစ်နေ့လုံး၊ တစ်ရက်လုံး သေးငယ်တဲ့ အလင်းရောင်ကို သိမှတ်ရတယ်။ သေးငယ်တဲ့ မြင်စရာကို မြင်ရတယ်။ အတိုင်းမရှိ ကြီးမားတဲ့ သမာဓိဖြစ်တဲ့ အခါမှာ အတိုင်းမရှိ ကြီးမားတဲ့ ဒိဗ္ဗစက္ခုဖြစ်တယ်။ အတိုင်းမရှိ ကြီးမားတဲ့ ဒိဗ္ဗစက္ခုဖြင့် တစ်နေ့လုံး၊ တစ်ညလုံး၊ တစ်ရက်လုံး အတိုင်းမရှိ ကြီးမားတဲ့ အလင်းရောင်ကို သိမှတ်ရတယ်။ အတိုင်းမရှိ ကြီးမားတဲ့ အဆင်းတို့ကို မြင်ရတယ်"လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

အနုရုဒ္ဓါတို့၊ ငါဟာ စိတ်ရဲ့ ညစ်နွမ်းကြောင်း ၁၁-ပါးကို စိတ်ရဲ့ ညစ်နွမ်းကြောင်းလို့ သိ၍ ပယ်ပြီးတဲ့အခါ "ငါဟာ စိတ်ရဲ့ ညစ်နွမ်းကြောင်းများကို ပယ်ပြီးပြီ။ ကဲ ယခု သမာဓိသုံးမျိုးကို ပွားများတော့အံ့"လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီလို ဆုံးဖြတ်ပြီး

(၁) ကြံစည်မှုလည်းပါ သုံးသပ်မှုလည်းပါတဲ့ သမာဓိ
ကြံစည်မှုမပါဘဲ သုံးသပ်မှုသာပါတဲ့ သမာဓိ
ကြံစည်မှုရော သုံးသပ်မှုပါ မပါတဲ့ သမာဓိ

(၂) နှစ်သက်မှုပါတဲ့ သမာဓိ

(၁၉၄)

နှစ်သက်မှုမပါတဲ့ သမာဓိ

(၃) သာယာမှုပါတဲ့ သမာဓိ

လျစ်လျူရှုမှုပါတဲ့ သမာဓိ-တို့ကို ပွားများခဲ့တယ်။

အဲဒီ သမာဓိများကို ပွားများပြီးတဲ့အခါ တရားအားလုံးကို သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော် ဖြစ်ပေါ်ခဲ့တယ်။ ကိလေသာတွေ မဖျက်ဆီးနိုင်တဲ့ အရဟတ္တဖိုလ်လည်း ဖြစ်ပေါ်ခဲ့တယ်။ ငါရဲ့ ဒီဘဝဟာ နောက်ဆုံးဘဝ ဖြစ်တယ်။ အခု ငါ့မှာ နောက်ထပ်ဖြစ် စရာ ဘဝ မရှိတော့။

မြတ်စွာဘုရားဟာ ဒီတရားဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

အရှင်အနုရုဒ္ဓါတို့ သုံးပါးလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ်ခဲ့ကြပါတယ်။

ဥပက္ကိလေသသုတ် ပြီးပြီ။

* * *

# ၉- ဗာလပဏ္ဍိတသုတ်

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ လူမိုက်လက္ခဏာ (လူမိုက်လို့ သိနိုင်စရာ အကြောင်း)သုံးမျိုး ရှိတယ်။ အဲဒီ သုံးမျိုးဆိုတာကတော့- ရဟန်း တို့၊ လောကမှာ လူမိုက်ဟာ မကောင်းတဲ့ အကြံကို ကြံစည်လေ့ရှိ တယ်။ မကောင်းကဲ့စကားကို ပြောဆိုလေ့ရှိတယ်။ မကောင်းတဲ့ အလုပ်ကို ပြုလုပ်လေ့ရှိတယ်။ လူမိုက်မှာ အဲဒီသုံးမျိုး မရှိခဲ့လျှင် "ဒီလူဟာ လူမိုက်ပဲ၊ လူကောင်းမဟုတ်"လို့ ပညာရှိများ အဘယ့် ကြောင့် သိနိုင်ကြမလဲ? လူမိုက်မှာ အဲဒီသုံးမျိုး ရှိသောကြောင့်သာ "ဒီလူဟာ လူမိုက်ပဲ၊ လူကောင်းမဟုတ်"ဟု ပညာရှိများ သိနိုင် ကြတယ်။

ရဟန်းတို့၊အဲဒီ လူမိုက်ဟာ မျက်မှောက်ဘဝမှာပဲ စိတ်ဆင်း ရဲမှု စိတ်မချမ်းသာမှု သုံးမျိုးကို ခံစားရတယ်။ အဲဒီ သုံးမျိုးဆိုတာက-

လူမိုက်ဟာ အစည်းအဝေးတစ်ခုမှာ ဖြစ်စေ၊ လမ်းမပေါ်မှာ ဖြစ်စေ၊ လမ်းဆုံမှာဖြစ်စေ ရောက်နေတယ်။ အဲဒီ အစည်းအဝေး စသည်မှာ တခြားလူများဟာ ပါဏာတိပါတစသည်ရဲ့ ဆိုးကျိုးများ ကို ပြောဆိုနေကြတယ်။ အဲဒီအခါမှာ ပါဏာတိပါတ စတဲ့ အပြစ် များကို ပြုထားတဲ့ လူမိုက်ဟာ "ဒီလူများဟာ ပါဏာတိပါတစသည်

ရဲ့ ဆိုးကျိုးများကို ပြောဆိုနေကြတယ်။ ငါ့မှာလည်း အဲဒီ ပါဏာတိပါတစတဲ့ အပြစ်တွေ ရှိနေကြတယ်”လို့ အမှတ်ရပြီး စိုးရိမ်ပူပန်ရတယ်။

ရဟန်းတို့၊ လူမိုက်ဟာ မျက်မှောက်ဘဝမှာပဲ ဒီ ပထမဦးဆုံးသော စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှုကို ခံစားရတယ်။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့-အာဏာပိုင် မင်းတို့က မကောင်းမှု ပြုလေ့ရှိတဲ့ ခိုးသူကို ဖမ်း၍ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုနေကြပုံကို လူမိုက်ဟာ တွေ့မြင်ရတယ်။

ရဟန်းတို့အဲဒီအခါမှာ လူမိုက်ဟာ“မကောင်းမှုများကြောင့် မင်းများဟာ ခိုးသူကို ဖမ်းပြီး ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုနေကြတယ်။ အဲဒီ မကောင်းမှုမျိုးတွေ ငါ့မှာ တကယ်ရှိနေကြတယ်။ ငါ့ကိုလည်း အာဏာပိုင်မင်းများက ဖမ်းပြီး ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုနိုင်စရာရှိတယ်”လို့ တွေးတောပြီး စိုးရိမ်ပူပန်ရတယ်။

ရဟန်းတို့၊ လူမိုက်ဟာ မျက်မှောက်ဘဝမှာပဲ နှစ်ခုမြောက်ဖြစ်တဲ့ ဒီ စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှုကို ခံစားရတယ်။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ - ဥပမာ အားဖြင့် ကြီးမားသော တောင်ထွတ်ကြီးတွေရဲ့ အရိပ်များဟာ ညနေချမ်းအခါ မြေပေါ်မှာ လွှမ်းမိုး ဖြန့်ကြက်ထင်လာကြသကဲ့သို့

ရဟန်းတို့၊ ထို့အတူပဲ လူမိုက်ဟာ သေခါမန်းမီ ရှေးအခါ

က ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်များကို ပြုထားခဲ့တယ်။ သူရဲ့ အဲဒီ ဒုစရိုက်များဟာ သူသေခါနီး ညောင်စောင်းပေါ်မှာ ဖြစ်စေ၊ အင်းပျဉ်ပေါ်မှာ ဖြစ်စေ၊ မြေပေါ်မှာ ဖြစ်စေ လဲလျောင်းနေတဲ့အခါ သူ့ကို (အဲဒီလူမိုက်ကို) လွှမ်းမိုး ဖိစီးလာတော့တယ်။ အဲဒီအခါမှာ လူမိုက်ဟာ "ငါဟာ ကောင်းမှုကို မပြုဘဲ မကောင်းမှုကို ပြုမိလေစွ။ ကောင်းမှု မပြုခဲ့ဘဲ မကောင်းမှုသာ ပြုခဲ့သူတိုင်း တမလွန်ဘဝမှာ လားရောက်ရမည့် ဘုံဘဝကို ငါရောက်ရတော့မယ်" လို့ တွေးတောခဲ့တယ်။ အဲဒီလူမိုက်ဟာ စိုးရိမ်ရ၊ ပင်ပန်းရ၊ ငိုကြွေးရတော့တယ်။ ရင်ဘတ်စည်တီး အော်ဟစ်မြည်တမ်းရတော့တယ်။ တွေဝေမိန်းမောသွားတော့တယ်။

ရဟန်းတို့၊ လူမိုက်ဟာ မျက်မှောက်ဘဝမှာပဲ တတိယမြောက် ဒီ စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှုကို ခံစားရတယ်။

ရဟန်းတို့၊ အဲဒီ လူမိုက်ဟာ အဲဒီ မကောင်းမှုများကြောင့် သေတဲ့အခါမှာ ငရဲသို့ ကျရောက်ရတယ်။ ရဟန်းတို့ "တကယ် အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်တဲ့အရာ"လို့ အမှန်အတိုင်း ပြောလိုက ငရဲကိုသာလျှင် အဲဒီလို ပြောသင့်တယ်။ ရဟန်းတို့၊ ငရဲတို့ရဲ့ ဆင်းရဲပုံကို ဥပမာပြရန်ပင် မလွယ်ကူ။

အဲဒီလို ဟောကြားတော်မူတဲ့အခါမှာ ရဟန်းတစ်ပါးက "မြတ်စွာဘုရား၊ ဥပမာကို ပြတော်မူနိုင် ပါသလား ဘုရား" လို့ လျှောက်ထားတဲ့အခါ "ပြတော်မူနိုင်တယ် ရဟန်း"လို့ မိန့်ကြားတော်မူပြီး အခုလို ဥပမာပြတော်မူခဲ့ပါတယ်- "ရဟန်း၊ ဥပမာအားဖြင့်

မကောင်းမှုပြုလေ့ရှိတဲ့ ခိုးသူကို ဖမ်းပြီး မင်းကြီးအား အပ်ကြတယ်။ "အရှင်မင်းကြီး၊ ဒီလူဟာ ခိုးသူဖြစ်ပါတယ်။ ဒီခိုးသူအား ပေးလိုတဲ့ ဒဏ်ကို ပေးတော်မူပါ"-လို့လည်း သံတော်ဦးတင်ကြတယ်။ အဲဒီ အခါမှာ မင်းကြီးက "အမောင်တို့၊ သွားကြကုန်လော့၊ ဒီခိုးသူကို နံနက် လှံချက်တစ်ရာ၊ နေ့လယ် လှံချက်တစ်ရာ၊ ညနေ လှံချက် တစ်ရာ အားလုံး လှံချက် သုံးရာ ထိုးသတ်ကြကုန်လော့"လို့ အမိန့် တော် မှတ်လိုက်တယ်။ အဲဒီအခါမှာ မင်းကြီးရဲ့ အမိန့်တော်အတိုင်း ခိုးသူကို လှံဖြင့် အချက်သုံးရာ ထိုးသတ်ကြတယ်။

ရဟန်းတို့ အဲဒါကို ဘယ်လို ထင်ကြသလဲ? လှံဖြင့် အချက် သုံးရာ အထိုးခံရခြင်းကြောင့် အဲဒီ လူမိုက်ဟာ နာကျင်ကိုက်ခဲ ဆင်းရဲမှုဒဏ် ခံရရာသလော?"

"မြတ်စွာဘုရား၊ လှံဖြင့် တစ်ချက်မျှ အထိုးခံရခြင်းကြောင့် ပင် အဲဒီလူမိုက်ဟာ နာကျင်ကိုက်ခဲ ဆင်းရဲ မှုဒဏ် ခံစားရလှပါပြီ ဘုရား။ လှံချက် သုံးရာ အထိုးခံရလျှင်တော့ လျှောက်ထားဖွယ်ပင် မရှိတော့ပါဘုရား။"

အဲဒီအခါမှာ မြတ်စွာဘုရားက တစ်လက်ဆုပ်စာမျှသာရှိ တဲ့ ကျောက်ခဲလေးကို ကိုင်တော်မူ၍ ရဟန်းတွေအား အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"ရဟန်းတို့၊ ဒါကို ဘယ်လို ထင်ကြသလဲ? ငါဘုရား ကိုင်ထားတဲ့ ဒီကျောက်ခဲလေးနှင့် ဟိမဝန္တာတောင်မင်း၊ ဘယ်ဟာ

က ပိုပြီးကြီးသလဲ?"

"မြတ်စွာဘုရား၊ ဟိမဝန္တာတောင်မင်းကို ထောက်ဆလျှင် မြတ်စွာဘုရား ကိုင်တော်မူထားတဲ့ ကျောက်ခဲလေးဟာ အသေးအမွှားလေးသာ ဖြစ်ပါတယ်ဘုရား။ မပြောပလောက် မနှိုင်းယှဉ်လောက်ပါဘုရား။"

"ရဟန်းတို့၊ ထို့အတူပဲ လုံအချက်သုံးရာ အထိုးခံရခြင်းကြောင့် ခံစားရတဲ့ နာကျင်ကိုက်ခဲ ဆင်းရဲမှုဒဏ်ဟာ ငရဲမှာဖြစ်တဲ့ နာကျင်ကိုက်ခဲ ဆင်းရဲမှုဒဏ်ကို ထောက်ဆလျှင် အသေးအမွှားလေးသာ ဖြစ်တယ်။ မပြောပလောက် မနှိုင်းယှဉ်လောက်ဘူး။

ရဟန်းတို့၊ ငရဲသားအား ငရဲထိန်းတို့က ငါးချက်စိုက် ညှင်းဆဲမှုကို ပြုကြတယ်။ (ရဲရဲတောက်လောင်နေတဲ့ သံပြားကြီးပေါ်မှာ ပက်လက်လန်နေတဲ့ ငရဲသားရဲ့) လက်နှစ်ဘက်၊ ခြေနှစ်ဘက်နှင့် ရင်ဝ-တို့မှာ ရဲရဲနီအောင် ပူလောင်နေတဲ့ သံငုတ်များကို စိုက်နှက်ကြတယ်။ အဲဒီ ငရဲမှာ ငရဲသားဟာ ဆင်းရဲ ပြင်းထန် ကြမ်းတမ်း ပူလောင်တဲ့ ဝေဒနာများကို ခံစားရတယ်။ ဒါပေမဲ့ မကောင်းမှု မကုန်သမျှ သူဟာ မသေဘူး။

ရဟန်းတို့၊ ငရဲသားကို ငရဲထိန်းတို့က အိပ်လှဲခိုင်းပြီး ဓားမတို့ဖြင့် ရွှေကြတယ်။ ဆောက်ထိုး မိုးမျှော် ကိုင်ပြီး ပဲခွပ်တို့ဖြင့် ရွှေကြတယ်။ ယာဉ်ရထားမှာ ကပြီး (တပ်ပြီး) အနီးအလျှံ တစ်ပြောင်ပြောင် တောက်လောင်နေတဲ့ မြေပေါ်မှာ အသွားအပြန် ပြေးခိုင်းကြတယ်။ အခိုးအလျှံ တပြောင်ပြောင် တောက်လောင်နေတဲ့ မီးကျီးတောင်

ပေါ်သို့ တက်ခိုင်း၊ဆင်းခိုင်းကြတယ်။ စောက်ထိုး မိုးမျှော် ကိုင်ပြီး ပွက်ပွက်ဆူနေတဲ့ သံရေပူအိုးထဲမှာ ထည့်ကြတယ်။ တပွက်ပွက် ပွက်ထနေတဲ့ ရေနွေးထဲမှာ အကျိုခံရတယ်။ ရေနွေးပွက်ထဲ အကျို ခံရတဲ့အခါ (ရေနွေး ပွက်ထဲ မျောသွားတဲ့အခါ) ရံခါ အထက်ပေါ် လာတယ်။ ရံခါ အောက်မြုပ်သွားတယ်။ ရံခါ ဘေးကပ်သွားတယ်။ ဒါပေမဲ့ မကောင်းမှု မကုန်သမျှ အဲဒီ ငရဲသားဟာ မသေဘူး။

ရဟန်းတို့ အဲဒီ ငရဲသားကို ငရဲထိန်းတို့က ငရဲကြီးမှာ ပစ်ချ ကြတယ်။

ရဟန်းတို့၊ အဲဒီ ငရဲကြီးဟာ -

**"လေးထောင့်ဖြစ်တယ်။ အရပ်လေးမျက်နှာမှာ တံခါး လေးပေါက်ပါတယ်။ အကွက်ကျအောင် တိုင်းတာ ဝေဖန် ထားတယ်"**

အဲဒီ ငရဲကြီးရဲ့ အောက်အပြင်ဟာ သံပြင် ဖြစ်တယ်။ အလျှံ တပြောင်ပြောင် မီးတောက်လောင်နေတယ်။ အဲဒီ မီးတောက်ဟာ ထက်ဝန်းကျင် ယူဇနာတစ်ရာ ဖြန့်ပြီး အမြဲတည်နေတယ်။

ရဟန်းတို့၊ ငရဲဒုက္ခကို ငါဘုရား နည်းအမျိုးမျိုးနဲ့ ဟော တောင်မှ ကုန်အောင် ဟောကြားရန် မလွယ်ကူ။

ရဟန်းတို့ လူမိုက်ဟာ ဒီဘဝမှာ အရသာကို ငန်းငန်းတက် မက်မောပြီး မကောင်းမှုတို့ကို ပြုတဲ့အတွက် သေတဲ့အခါ မြက် စားတဲ့ တိရစ္ဆာန်မျိုးမှာ ဖြစ်ရတတ်တယ်။

မစင်စားတဲ့ တိရစ္ဆာန်မျိုးမှာလည်း ဖြစ်ရတတ်တယ်။

အမိုက်တိုက်မှာပေါက်ဖွား၊ အမိုက်တိုက်မှာကြီးပြင်း၊ အမိုက်တိုက်မှာ သေဆုံးရတဲ့ ပိုးရွ၊ နှံ၊ တီ စတဲ့ တိရစ္ဆာန်မျိုးမှာလည်း ဖြစ်ရတတ်တယ်။

ရေမှာပေါက်ဖွား ၊ ရေမှာကြီးပြင်း၊ ရေမှာသေဆုံးရတဲ့ တိရစ္ဆာန်မျိုးမှာလည်း ဖြစ်ရတတ်တယ်။

မစင်ကြယ်တဲ့ အရာဝတ္ထု (အသိုးအပုပ်) ထဲမှာ ပေါက်ဖွား၊ ကြီးပြင်း၊ သေဆုံးရတဲ့ တိရစ္ဆာန်မျိုးမှာလည်း ဖြစ်ရတတ်တယ်။

ရဟန်းတို့၊ တိရစ္ဆာန်ဆင်းရဲကို ငါဘုရား နည်းအမျိုးမျိုးနဲ့ ဟောတောင်မှ ကုန်အောင် ဟောကြားရန် မလွယ်ကူ။

ရဟန်းတို့၊ ဥပမာအားဖြင့် လူတစ်ယောက်ဟာ အပေါက် တစ်ပေါက်သာပါတဲ့ ထမ်းပိုးတုံးကို မဟာသမုဒ္ဒရာထဲသို့ ပစ်ချလိုက်တယ် ဆိုပါတော့။ အဲဒီ ထမ်းပိုးတုံးကို အရှေ့လေက အနောက်အရပ်သို့ လွင့်ဆောင့်သွားတယ်။ အနောက်လေက အရှေ့အရပ်သို့ လွှင့်ဆောင်သွားတယ်။ မြောက်လေက တောင်အရပ်သို့ လွှင့်ဆောင်သွားတယ်။ တောင်လေက မြောက်အရပ်သို့ လွှင့်ဆောင်သွားတယ်။ အဲဒီ သမုဒ္ဒရာထဲမှာ လိပ်ကန်းကြီး တစ်ကောင်ရှိတယ်။ အဲဒီ လိပ်ကန်းကြီးဟာ အနှစ်တစ်ရာတစ်ရာ ကြာမှ တစ်ကြိမ်သာ ပေါ်တယ်။

ရဟန်းတို့၊ အဲဒါကို ဘယ်လိုထင်ကြသလဲ? အဲဒီ လိပ်ကန်းကြီး အဲဒီ ထမ်းပိုးပေါက်မှာ သူ့ရဲ့ လည်ကို စွပ်မိရာသလော?”

"မစွပ်မိနိုင်ပါဘုရား။ အလွန်ကြာမြင့်ရင်တော့ တစ်ခါတစ်ရံ လောက်သာ စွပ်မိနိုင်ပါတယ်ဘုရား။"

"ရဟန်းတို့၊ အဲဒီလိပ်ကမ်းဟာ အဲဒီထမ်းပိုးပေါက်မှာ လျှင်မြန်စွာ စွပ်မိမယ်ဆိုလျှင် စွပ်မိနိုင်သေးတယ်။

ရဟန်းတို့၊ တစ်ကြိမ် အပါယ်ကျသွားတဲ့ လူမိုက် လူ့အဖြစ်ကို ရဖို့ရာ သမုဒ္ဒရာထဲက လိပ်ကမ်း ထမ်းပိုးပေါက်ထဲသို့ လည်စွပ်မိဖို့ရာထက် ပို၍ ခက်တယ်-လို့ ငါဘုရားဟောကြားတော်မူတယ်။

ရဟန်းတို့၊ အဲဒါ ဘာ့ကြောင့်လဲဆိုတော့- အပါယ်ဘုံ မှာ တရားကျင့်ခြင်း၊ ကုသိုလ်ပြုခြင်းဆိုတာ မရှိဘဲ အချင်းချင်း စားခြင်း၊ ကြီးနိုင်ငယ်ညှင်း အနိုင်ကျင့်စားခြင်းတို့သာ ချာလည်လည်နေကြသောကြောင့် ဖြစ်တယ်။

ရဟန်းတို့၊ အဲဒီလူမိုက်ဟာ အလွန်ကြာမြင့်မှ တစ်ခါတစ်ရံ လူဖြစ်လာတဲ့အခါ အောက်တန်းကျတဲ့ အမျိုး၊ ဆင်းရဲမွဲတေတဲ့ အမျိုးမှာ ဖြစ်ရတတ်တယ်။ ကိုယ်လက်အင်္ဂါ မပြည့်စုံသူ ဖြစ်ရတတ်တယ်။ သူဟာ အဲဒီ လူ့ဘဝမှာ မကောင်းမှုပြုပြီး သေတဲ့အခါ ငရဲမှာ ထပ်ကျနိုင်ပြန်တယ်။

ရဟန်းတို့၊ ဥပမာအားဖြင့် အလောင်းကစားကြူးသူ တစ်ယောက်ဟာ ပထမဆုံး ရှုံးခြင်းဖြင့်ပင် သားမယား ပစ္စည်းဥစ္စာ တို့ကို ဆုံးရှုံးနိုင်တယ်။ ထို့ထက်အလွန် အချုပ်အနှောင် ထောင်သော်လည်း ကျနိုင်တယ်။ ရဟန်းတို့ အဲ့ဒီရှုံးခြင်းဟာ အသေးအမွှားသာ ဖြစ်တယ်။ အဲဒီထက် ကြီးမားတဲ့ ဆုံးရှုံးမှုကတော့ လူမိုက်တစ်

ယောက် မကောင်းမှုပြုလို့ ငရဲကျခြင်း ဖြစ်တယ်။

ရဟန်းတို့၊ အဲဒီငရဲဟာ အကြွင်းမဲ့ ဒုက္ခပြည့်ဝတဲ့ လူမိုက်ရဲ့ ဘုံဘဝဖြစ်တယ်။

ရဟန်းတို့၊ ပညာရှိရဲ့ ပညာရှိလက္ခဏာ (ပညာရှိလို့ သိနိုင်စရာအကြောင်း)ဟာ သုံးမျိုးရှိတယ်။ အဲဒီ သုံးမျိုးကတော့ - ရဟန်းတို့၊ လောကမှာ ပညာရှိဟာ ကောင်းတဲ့ အကြံအစည်ကို ကြံစည်လေ့ရှိတယ်။ ကောင်းတဲ့ စကားကိုလည်း ပြောဆိုလေ့ရှိတယ်။ ကောင်းတဲ့ အလုပ်ကိုလည်း ပြုလုပ်လေ့ရှိတယ်။ ပညာရှိမှာ အဲဒီ သုံးမျိုး မရှိခဲ့လျှင် "ဒီလူဟာ ပညာရှိပဲ သူတော်ကောင်းပဲ"လို့ ပညာရှိများ အဘယ့်ကြောင့် သိနိုင်ကြမလဲ? ပညာရှိမှာ အဲဒီ သုံးမျိုး ရှိသောကြောင့်သာ "ဒီလူဟာ ပညာရှိပဲ သူတော်ကောင်းပဲ"လို့ ပညာရှိများ သိနိုင်ကြတယ်။

ရဟန်းတို့၊ အဲဒီ ပညာရှိဟာ မျက်မှောက်ဘဝမှာပဲ စိတ်ချမ်းသာမှု ဝမ်းမြောက်မှု သုံးမျိုးကို ခံစားရတယ်။ အဲဒီ သုံးမျိုးဆိုတာကတော့-

ပညာရှိဟာ အစည်းအဝေးတစ်ခုမှာဖြစ်စေ၊ လမ်းမပေါ်မှာဖြစ်စေ၊ လမ်းဆုံမှာဖြစ်စေ ရောက်နေတယ်။ အဲဒီ အစည်းအဝေးစသည်မှာ တခြားလူများဟာ ပါဏာတိပါတစသည်ကို ရှောင်ကြဉ်ခြင်းရဲ့ ကောင်းကျိုးများကို ပြောကြားနေကြတယ်။ အဲဒီအခါမှာ ပါဏာတိပါတ စသည်ကို ရှောင်ကြဉ်ထားတဲ့ ပညာရှိဟာ "ဒီလူ

များဟာ ပါဏာတိပါတ စသည်ကို ရှောင်ကြဉ်ခြင်းရဲ့ ကောင်းကျိုးများကို ပြောကြားနေကြတယ်။ ငါ့မှာလည်း အဲဒီ ပါဏာတိပါတ စသည်ကို ရှောင်ကြဉ်မှု ကုသိုလ်တွေ ရှိနေကြတယ်"-လို့ အမှတ်ရပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။

ရဟန်းတို့၊ ပညာရှိဟာ မျက်မှောက်ဘဝမှာပဲ ပထမဆုံးသော ဒီစိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှုကို ခံစားရတယ်။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ - အာဏာပိုင်မင်းများ မကောင်းမှုပြုလေ့ရှိတဲ့ ခိုးသူကို ဖမ်း၍ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုး ပြုနေကြတာကို ပညာရှိဟာ တွေ့မြင်ရတယ်။ အဲဒီအခါမှာ ပညာရှိဟာ"ဒီလို ညှဉ်းပန်း နှိပ်စက်မှုများ အပြုခံရကြောင်း မကောင်းမှုများ ငါ့မှာ မရှိ" လို့ တွေးတောပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်။

ရဟန်းတို့၊ ပညာရှိဟာ မျက်မှောက်ဘဝမှာပဲ ဒီ ဒုတိယစိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှုကိုလည်း ခံစားရတယ်။

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ ဥပမာအားဖြင့် ကြီးမားသော တောင်ထွတ်ကြီးတွေရဲ့ အရိပ်များဟာ ညနေချမ်းအခါ မြေပေါ်မှာ လွှမ်းမိုး ဖြန့်ကြက် ထင်လာကြသကဲ့သို့

ရဟန်းတို့ ထို့အတူပဲ ပညာရှိဟာ သေခါမနီးမီ ရှေးအခါက ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်များကို ပြုထားခဲ့တယ်။ သူရဲ့ အဲဒီ သုစရိုက်များဟာ သူသေခါနီး ညောင်စေါင်း

ပေါ်မှာဖြစ်စေ၊ အင်းပျဉ်ပေါ်မှာဖြစ်စေ၊ မြေပေါ်မှာဖြစ်စေ လဲလျောင်းနေတဲ့အခါ သူ့မှာ (အဲဒီပညာရှိမှာ) ထင်လာ၊ မြင်လာ၊ ပေါ်လာကြတော့တယ်။ အဲဒီအခါမှာ အဲဒီပညာရှိဟာ "ငါဟာ မကောင်းမှုကို မပြုဘဲ ကောင်းမှုကိုသာ ပြုထားခဲ့တယ်။ မကောင်းမှု မပြုဘဲ ကောင်းမှုပြုသူတိုင်း ရောက်ရမည့် ဘုံဘဝသို့ တမလွန်ဘဝမှာ ငါရောက်ရတော့မယ်"လို့ တွေးတော ဆင်ခြင်တယ်။ စိုးရိမ်မှု၊ ပင်ပန်းမှု၊ ငိုကြွေးမှု ကင်းတယ်။ ရင်ဘတ်စည်တီး အော်ဟစ်မြည်တမ်းမှု ကင်းတယ်။ တွေဝေ မိန်းမောခြင်း ကင်းတယ်။

ရဟန်းတို့၊ ပညာရှိဟာ မျက်မှောက်ဘဝမှာပဲ ဒီ တတိယ စိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှုကိုလည်း ခံစားရတယ်။

ရဟန်းတို့၊ အဲဒီပညာရှိဟာ အဲဒီကောင်းမှုများကြောင့် သေတဲ့အခါမှာ နတ်ပြည်သို့ ရောက်ရတယ်။ ရဟန်းတို့ "တကယ် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်တဲ့အရာ" လို့ အမှန်အတိုင်း ပြောလိုက နတ်ပြည်ကိုသာလျှင် အဲဒီလို ပြောသင့်တယ်။ ရဟန်းတို့၊ နတ်ပြည်ချမ်းသာကို ဥပမာပြရန်ပင် မလွယ်ကူ။

အဲဒီလို ဟောကြားတော်မူတဲ့အခါမှာ ရဟန်းတစ်ပါးက "မြတ်စွာဘုရား၊ ဥပမာကို ပြတော်မူနိုင်ပါသလား ဘုရား" လို့ လျှောက်ထားတဲ့အခါ "ပြတော်မူနိုင်တယ် ရဟန်း" လို့ မိန့်ကြားတော်မူပြီး အခုလို ဥပမာပြတော်မူခဲ့ပါတယ်။ ရဟန်းတို့၊ ဥပမာအားဖြင့် စကြဝတေးမင်းမှာ ရတနာ ခုနစ်ပါး၊ ပြည့်စုံခြင်းလေးပါး

ရှိတော်မူတယ်။ ဘယ်လို ရှိသလဲ - ဆိုတော့ -

ရဟန်းတို့၊ လောကမှာ မင်းတစ်ပါးဟာ လပြည့် ဥပုသ်နေ့ တစ်နေ့မှာ ခေါင်းဆေးမင်္ဂလာပြုတယ်။ ဥပုသ် ဆောက်တည်တယ်။ စံတော်အိမ်အထက်ထပ်မှာ တက်ရောက်နေထိုင်တယ်။ အဲဒီ အချိန်မှာ အဲဒီမင်းရှေ့မှာ စကြာရတနာဖြစ်ပေါ်လာတယ်။ အဲဒီ စကြာရတနာဟာ နတ်တန်ခိုးမျိုး နှင့် ပြည့်စုံတယ်။ အကန့် ဒေါက်ဆန် တစ်ထောင် ပါရှိတယ်။ အကွပ်တကူ ပါရှိတယ်။ ပုံတောင်း (ပဒေါင်း ချက်မ) ပါရှိတယ်။ စကြာရတနာမှာ လိုအပ်တဲ့ အင်္ဂါအစိတ်အပိုင်း အားလုံး ပါရှိတယ်။ မင်းဟာ အဲဒီ စကြာ ရတနာ ကို တွေ့မြင်တဲ့အခါ "ဒီလို စကြာရတနာကို ရရှိတဲ့ မင်းဟာ စကြဝတေးမင်းလို့ ငါ ကြားဖူးတယ်။ ငါဟာ စကြဝတေးမင်း ဖြစ်လေရော့ သလား"လို့ စဉ်းစားခဲ့တယ်။

အဲဒီလို စဉ်းစားပြီး အဲဒီမင်းဟာ နေရာမှ ထကာ လက်ဝဲ လက်ဖြင့် ရွှေကရားကို ကိုင်ပြီး လက်ယာလက်ဖြင့် (ရေကို ယူကာ) "အရှင်စကြာရတနာသည် လည်ပါစေသတည်း၊ အရှင်စကြာ ရတနာသည် လည်ပါစေသတည်း"လို့ ဆို၍ စကြာရတနာကို ပက် ဖျန်းတယ်။ ရဟန်းတို့၊ အဲဒီအခါမှာ စကြာရတနာဟာ လည်ပြီး အရှေ့အရပ်သို့ တက်သွားတယ်။ အဲဒီအခါမှာ စကြဝတေးမင်းဟာ စစ်တပ်လေးတပ်နှင့်အတူ လိုက်ပါသွားတယ်။ စကြာရတနာ ရပ် တဲ့နေရာမှာ စကြဝတေးမင်းဟာ စစ်တပ် လေးတပ်နှင့်အတူ စခန်း ချ နေထိုင်တယ်။ ရဟန်းတို့၊အဲဒီအခါမှာ အရှေ့အရပ်က ထီးပြိုင်

မင်းများဟာ စကြဝတေးမင်းထံသို့ လာကြပြီး "မင်္ဂလာပါ အရှင်မင်းကြီး၊ ကြွတော်မူပါ။ ဒါ အရှင်မင်းကြီးရဲ့ တိုင်းနိုင်ငံပါပဲ။ ဩဝါဒစကား မြွက်ကြားတော်မူပါ အရှင်မင်းကြီး"လို့ သံတော်ဦးတင်ကြတယ်။ အဲဒီအခါမှာ စကြဝတေးမင်းက ငါးပါးသီလကို စောင့်ထိန်းကြရန်နှင့် ကောက်ခံမြဲ အခွန်အတုတ်ကို ကောက်ခံစားသုံးကြရန် ဩဝါဒ ပေးခဲ့တယ်။ ရဟန်းတို့ အဲဒီအခါမှာ အရှေ့အရပ်က ထီးပြိုင်မင်းများဟာ စကြဝတေးမင်းရဲ့ ဩဇာခံမင်းများ ဖြစ်ခဲ့ကြတယ်။

ရဟန်းတို့၊ အဲဒီ စကြာရတနာဟာ အရှေ့သမုဒ္ဒာသို့ ဆင်းသက်ပြီး တစ်ဖန် ပြန်တက်ကာ တောင်အရပ်သို့ လည်သွားခဲ့တယ်။ ဒီလိုနဲ့ တောင်သမုဒ္ဒာသို့ ဆင်းသက်ပြီး တစ်ဖန် ပြန်တက်ကာ အနောက်အရပ်သို့ လည်သွားခဲ့တယ်။ အနောက် သမုဒ္ဒာသို့ ဆင်းသက်ပြီး တစ်ဖန် ပြန်တက်ကာ မြောက်အရပ်သို့ လည်သွားခဲ့တယ်။ အဲဒီ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်က ထီးပြိုင်မင်းများဟာလည်း စကြဝတေးမင်းရဲ့ လက်အောက်ခံမင်းများသာ ဖြစ်သွားခဲ့တယ်။

ရဟန်းတို့၊ အဲဒီအခါမှာ စကြာရတနာဟာ သမုဒ္ဒာဖြင့် ကာရံထားတဲ့ မြေကြီးကို အောင်မြင်ပြီး၍ စကြဝတေးမင်းရဲ့ နေပြည်တော်သို့သာ ပြန်လာခဲ့တယ်။ စကြဝတေးမင်းရဲ့ နန်းတော်တံခါးပေါက်မှာ ရပ်တည်ခဲ့တယ်။ ဝင်ရိုးတပ်ထားသကဲ့သို့ ငြိမ်သက်စွာ တည်နေခဲ့တယ်။ အဲဒီ စကြာရတနာကြောင့် စကြဝတေး

မင်း ရဲ့ နန်းတော်ဟာ အလွန်တင့်တယ်လှပခဲ့တယ်။ (၁)

ရဟန်းတို့၊ နောက်တစ်မျိုးကတော့- စကြဝတေးမင်းမှာ ဆင်ရတနာ ဖြစ်ပေါ်လာတယ်။ အဲဒီဆင်ရတနာဟာ တစ်ကိုယ်လုံး ဖြူဖွေးနေတယ်။ အဲဒီ ဆင်ရတနာရဲ့ နှာမောင်း ၊ အမြီး၊ အင်္ဂါဇာတ်၊ ခြေနှစ်ချောင်း လက်နှစ်ချောင်းဆိုတဲ့ အင်္ဂါခုနစ်ပါးဟာ မြေမှာ ထိနေတယ်။ တန်ခိုးရှိတယ်။ ကောင်းကင်မှာ ပျံနိုင်တယ်။ ဥပေါ သထ-လို့ ခေါ်တဲ့ ဆင်မင်းမျိုး ဖြစ်တယ်။ အဲဒီ ဆင်ရတနာကို တွေ့မြင်ရတဲ့အခါ စကြဝတေးမင်းရဲ့ စိတ်ဟာ ကြည်နူးလာတယ်၊ "ဒီဆင်ရတနာဟာ ယဉ်ကျေးပြီးသား ဖြစ်လျှင် ကောင်းမှာပဲ"လို့ လည်း စဉ်းစားမိတယ်။ ရဟန်းတို့၊ ကြာမြင့်စွာ ဆုံးမထားအပ်ပြီး သော ကောင်းမြတ်သော ဆင်အာဇာနည်ကဲ့သို့ အဲဒီ ဆင်ရတနာ ဟာ ဆုံးမအပ်ပြီး ယဉ်ကျေးပြီး ဖြစ်တယ်။ ရဟန်းတို့၊ ရှေးက ဖြစ်ဖူး တာ တစ်ခုကတော့ - စကြဝတေးမင်းဟာ အဲဒီ ဆင်ရတနာကို စမ်းကြည့်လိုသည့်အတွက် နံနက်အခါမှာ တက်စီးပြီး သမုဒ္ဒရာနှင့် ဝိုင်းကာထားတဲ့ မြေပြင်တစ်ခုလုံးကို ပတ်လှည့်ခဲ့တယ်။ ဌာနေ နေပြည်တော်သို့ ပြန်လာခဲ့ပြီး နံနက်ပွဲတော်စာ သုံးဆောင်ခဲ့တယ်။(၂)

ရဟန်းတို့ နောက်တစ်မျိုးကတော့-စကြဝတေး မင်းမှာ မြင်း ရတနာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီ မြင်းရတနာဟာ တစ်ကိုယ်လုံး ဖြူဖွေးနေတယ်။ သူ့ရဲ့ ဦးခေါင်းဟာ မည်းနက်နေတယ်။ ထိပ်ဆံ

(ဦးစွန်းဖုတ်၊ ဗိုလ်ကေ) ဟာ ဖြူဆံမြက်နှင့် တူတယ်။ တန်ခိုး ရှိတယ်။ ကောင်းကင်သို့ ပျံသွားနိုင်တယ်။ ဝလာဟက-လို့ ခေါ်တဲ့ မြင်းမင်းမျိုးဖြစ်တယ်။ စကြဝတေးမင်းဟာ အဲဒီ မြင်းရတနာ ကိုလည်း ဆင်ရတနာကဲ့သို့ စမ်းကြည့်ခဲ့တယ်။ (၃)

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ စကြဝတေးမင်းမှာ ပတ္တမြားရတနာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီ ပတ္တမြားရတနာကို ကြောင်မျက်ရွဲလို့လည်း ခေါ်တယ်၊ တောက်ပတယ်၊ အမျိုးအစား ကောင်းတယ်၊ ရှစ်မြှောင့်ရှိတယ်၊ ကောင်းစွာ ပြုပြင် စီမံထားတယ်။ အဲဒီ ပတ္တမြားရဲ့ အရောင်ဟာ ထက်ဝန်းကျင် တစ်ယူဇနာအထိ ပြန့်နှံ့တယ်။ရဟန်းတို့ ရှေးက ဖြစ်ဖူးတာတစ်ခုကတော့-စကြဝတေး မင်းဟာ အဲဒီ ပတ္တမြားရတနာကို စမ်းသပ်လိုတဲ့အတွက် စစ်တပ် လေးတပ် ခင်းကျင်း၍ ပတ္တမြားရတနာကို အလံတံခွန်ဖျား လောက်မှာ တင်ပြီး အလွန်မှောင်မိုက်တဲ့ ညဉ့်အခါမှာ ခရီး ထွက်တော်မူခဲ့တယ်။ ရဟန်းတို့၊ အဲဒီအခါမှာ ပတ်ဝန်းကျင်မှ ရွာသူရွာသားတို့ဟာ နေ့လို့ ထင်မှတ်ခဲ့ကြတယ်။ အဲဒီ ပတ္တမြား အရောင်ဖြင့် လုပ်ငန်း လုပ်ကိုင်ခဲ့ကြတယ်။ (၄)

ရဟန်းတို့၊ နောက်တစ်မျိုးကတော့- စကြဝတေးမင်းမှာ မိဖုရားရတနာဖြစ်ပေါ်လာတယ်။ အဲဒီ မိဖုရား ရတနာဟာ လူမက နတ်တမျှ လှပချောမောတယ်၊ မရှည်လွန်း မပုလွန်း ၊ မပိန်လွန်း မဝလွန်း၊ မမည်းလွန်း မဖြူလွန်းသူ ဖြစ်တယ်။ အဲဒီ မိဖုရားရတနာ

ရဲ့ ကိုယ်အတွေ့ဟာ လဲအစ ဝါအစကဲ့သို့ နူးညံ့တယ်။ အဲဒီ မိဖုရား ရတနာရဲ့ ကိုယ်ဟာ အေးတဲ့ရာသီမှာ နွေးတယ်။ နွေးတဲ့ရာသီမှာ အေးတယ်။ အဲဒီ မိဖုရားရတနာဟာ မင်းရဲ့ အလျင် အိပ်ရာထ၍ နောက်မှ အိပ်လေ့ရှိတယ်။ ဘာလုပ်ပေးရအုံးမလဲ (ဘာလိုသေးလဲ) လို့ မေးလေ့ရှိတယ်။ မြတ်နိုးဖွယ် ကျင့်လေ့ရှိတယ်။ ချစ်စရာ ကောင်းတဲ့ စကားလေးတွေကို ပြောလေ့ရှိတယ်။ ရဟန်းတို့၊ အဲဒီ မိဖုရား ရတနာဟာ စကြဝတေးမင်းကို စိတ်ဖြင့်ပင် မလွန်ကျူး မဖောက် ပြန်။ ကိုယ်ဖြင့်ကား အဘယ်မှာ လွန်ကျူး ဖောက်ပြန်ပါတော့ မလဲ? (၅)

ရဟန်းတို့၊ နောက်တစ်မျိုးကတော့-စကြဝတေးမင်းမှာ သူဌေးရတနာ ဖြစ်ပေါ်လာတယ်။ အဲဒီ သူဌေးရတနာမှာ နတ်မျက်စိနဲ့တူတဲ့ မျက်စိပါတယ်။ အဲဒီ နတ်မျက်စိဟာ ကံကြောင့် ဖြစ်ပေါ်လာတယ်။ အဲဒီ မျက်စိဖြင့် ပိုင်ရှင်ရှိ ပိုင်ရှင်မဲ့ ရွှေအိုးများကို မြင်နိုင်တယ်။ သူဟာ စကြဝတေးမင်းအထံသို့ ချဉ်းကပ်ပြီး "အရှင်မင်းကြီး၊ ကြောင့်ကြမဲ့ နေတော်မူပါ၊ အရှင်မင်းကြီးရဲ့ ဥစ္စာအတွက် ပြုလုပ်စရာကို ကျွန်ုပ် ပြုလုပ်ပါ့မယ်"လို့ သံတော်ဦး တင်ခဲ့တယ်။ ရဟန်းတို့၊ ရှေးက ဖြစ်ဖူးတာ တစ်ခုကတော့ - စကြဝတေးမင်းဟာ အဲဒီ သူဌေးရတနာကို စမ်းသပ်လိုတဲ့အတွက် လှေကိုစီးလျက် ဂင်္ဂါမြစ်လယ် ရေစီးကြောင်းသို့ သွားရောက်ကာ "သူဌေး၊ ရွှေငွေရတနာကို ငါ အလိုရှိတယ်" လို့ သူဌေးရတနာအား ပြောကြားခဲ့တယ်။ "မင်းမြတ်၊ ဒါဆိုလျှင် လှေကို ကမ်းတစ်ဘက်

ဘက်သို့ ကပ်တော်မူပါ"-လို့ သံတော်ဦးတင်တဲ့အခါ "သူဌေး၊ ဒီ နေရာမှာပဲ ရွှေငွေကို ငါ လိုချင်တယ်"-လို့ ပြောကြားခဲ့တယ်။ ရဟန်း တို့၊ အဲဒီအခါမှာ သူဌေးရတနာဟာ လက်နှစ်ဘက်ဖြင့် ရေထဲမှာ နှစ်မြှုပ်စမ်းသပ်၍ ရွှေငွေအပြည့်ပါတဲ့ အိုးကို ထုတ်ဆောင်ကာ "မင်းမြတ်၊ ဒါဆိုလျှင် တော်လောက်ပါပြီလား? ဒါဆိုလျှင် ဆောင် ရွက်ရာ ရောက်ပါပြီလား? ဒါဆိုလျှင် ပူဇော်ရာရောက်ပါပြီလား" လို့ လျှောက်ထားခဲ့တယ်။ စကြဝတေးမင်းဟာ "သူဌေး၊ ဒါဆိုလျှင် တော်လောက်ပါပြီ၊ ဆောင်ရွက်ရာ ရောက်ပါပြီ၊ ပူဇော်ရာ ရောက် ပါပြီ"လို့ ပြောကြားခဲ့တယ်။ (၆)

ရဟန်းတို့၊ နောက်တစ်မျိုးကတော့ စကြဝတေးမင်းမှာ သားကြီးရတနာ ဖြစ်ပေါ်လာတယ်။ အဲဒီ သားကြီးရတနာဟာ ပညာရှိတယ်။ စကြဝတေးမင်းအား ခစားခွင့်ပြုထိုက်သူကို ခစားခွင့် ပြုတတ်တယ်။ ပယ်ရှားသင့်သူကို ပယ်ရှားတတ်တယ်။ (ကင်းကွာ စေသင့် သူကို ကင်းကွာစေတတ်တယ်။) လက်ရှိရာထူးအတိုင်း ထားသင့်သူကို လက်ရှိရာထူးအတိုင်း ထားတတ်တယ်။ အဲဒီ သားကြီး ရတနာဟာ စကြဝတေး မင်းထံသို့ ချဉ်းကပ်ပြီး "အရှင် မင်းကြီး၊ ကြောင့်ကြမဲ့ နေတော်မူပါ။ အကျွန်ုပ် စီမံခန့်ခွဲပါ့မယ်" - လို့ လျှောက်ထားခဲ့တယ်။ (၇)

ရဟန်းတို့၊ စကြဝတေးမင်းမှာ ဒီ ရတနာ ခုနစ်ပါးရှိတယ်။

ရဟန်းတို့၊ ပြည့်စုံခြင်းလေးပါးဆိုတာက -

စကြဝတေးမင်း ဟာ

(၁) အဆင်းလှတယ်။

(၂) အသက်ရှည်တယ်။

(၃) အနာရောဂါကင်းတယ်။

(၄) ပုဏ္ဏားသူကြွယ်တို့ရဲ့ ချစ်မြတ်နိုးမှုကို ခံရတယ်။ ဖခင်ဟာ သားသမီးတို့ရဲ့ ချစ်မြတ်နိုးမှုကို ခံရသကဲ့သို့ ဖြစ်တယ်။ စကြဝတေး မင်းကလည်း ပုဏ္ဏားသူကြွယ်တို့ကို ချစ်ခင်မြတ်နိုးတယ်။ ဖခင်ဟာ သားသမီးတို့ကို ချစ်ခင်မြတ်နိုးသကဲ့သို့ ဖြစ်တယ်။ ရဟန်းတို့၊ ရှေးက ဖြစ်ဖူးတာ တစ်ခုကတော့ - စကြဝတေးမင်းဟာ စစ်တပ်လေးတပ်နှင့် အတူ ဥယျာဉ်တော်သို့ ထွက်တော်မူတယ်။ အဲဒီအခါမှာ ပုဏ္ဏားသူကြွယ်များက စကြဝတေးမင်းထံသို့ ချဉ်းကပ်ပြီး "အရှင်မင်းကြီး၊ အရှင်မင်းကြီးကို အကျွန်ုပ်တို့ ကြာမြင့်စွာ ဖူးမြင်နိုင်ရန် အရှင်မင်းကြီး ဖြည်းဖြည်းကြွတော်မူပါ" လို့ လျှောက်ထားခဲ့ကြတယ်။ စကြဝတေးမင်းကလည်း " အမောင်ရထားထိန်း၊ ငါ့ကို ပုဏ္ဏား သူကြွယ်တို့ ကြာမြင့်စွာ ဖူးမြင်နိုင်ရန် ရထားကို ဖြည်းဖြည်း မောင်းနှင်ပါ"လို့ စေခိုင်းတော်မူခဲ့တယ်။

ရဟန်းတို့၊ စကြဝတေးမင်းမှာ ဒီပြည့်စုံခြင်းလေးပါးလည်း ရှိတယ်။

ရဟန်းတို့၊ အဲဒါကို ဘယ်လိုထင်ကြသလဲ? အဲဒီရတနာ ခုနစ်ပါး၊ ပြည့်စုံခြင်းလေးပါး ရှိခြင်းကြောင့် စကြဝတေးမင်းဟာ

ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာသလော" ?

"မြတ်စွာဘုရား၊ ရတနာ တစ်ပါးပါး ရှိလျှင်ပင် စကြဝတေးမင်းဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လောက်ပါပြီ။ ရတနာခုနစ်ပါး၊ ပြည့်စုံခြင်းလေးပါး အားလုံးသာရှိလျှင်တော့ လျှောက် ထားဖွယ် မရှိတော့ပါဘုရား။"

အဲဒီအခါမှာ မြတ်စွာဘုရားက လက်တစ်ဆုတ် စာမျှသာ ရှိတဲ့ ကျောက်ခဲလေးကို ကိုင်တော်မူ၍ ရဟန်းတွေအား အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"ရဟန်းတို့၊ ဒါကို ဘယ်လိုထင်ကြသလဲ? ငါဘုရားကိုင် ထားတဲ့ ဒီကျောက်ခဲလေးနှင့် ဟိမဝန္တာတောင် မင်း၊ ဘယ်ဟာက ပိုပြီး ကြီးသလဲ?"

"မြတ်စွာဘုရား၊ ဟိမဝန္တာတောင်မင်းကို ထောက်ဆလျှင် မြတ်စွာဘုရား ကိုင်တော်မူထားတဲ့ ကျောက်ခဲလေးဟာ အသေးအမွှားလေးသာ ဖြစ်ပါတယ် ဘုရား။ မပြောပလောက်၊ မနှိုင်းယှဉ် လောက်ပါဘုရား။"

"ရဟန်းတို့ တို့အတူပဲ ရတနာ ခုနစ်ပါး ၊ ပြည့်စုံခြင်းလေးပါး ရှိလို့ စကြဝတေးမင်း ခံစားရတဲ့ ချမ်းသာဟာ နတ်ချမ်းသာကို ထောက်ဆလျှင် အသေးအမွှားလေးသာ ဖြစ်တယ်။ မပြောပလောက်၊ မနှိုင်းယှဉ်လောက်ဘူး။

ရဟန်းတို့ အဲဒီ ပညာရှိဟာ အလွန်ကြာမြင့်မှ တစ်ခါတစ်ရံသာ လူဖြစ်လာလျှင်လည်း အဆင့်မြင့်တဲ့အမျိုး၊ ချမ်းသာကြွယ်ဝတဲ့

အမျိုးမှာ ဖြစ်ရတယ်။ အဆင်းလှတယ်။ကိုယ်လက်အင်္ဂါနှင့် ပြည့်စုံတယ်။ ကောင်းမှုကို ပြုပြီး ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ပြန်ရောက်ရတယ်။

ရဟန်းတို့ ဥပမာအားဖြင့် လောင်းကစားကျွေးသူဟာ ပထမ အကြိမ် နိုင်ရုံဖြင့်ပင် စည်းစိမ်ဥစ္စာများစွာကို ရနိုင်တယ်။

ဒါပေမဲ့ ပညာရှိတစ်ယောက် ကောင်းမှုပြု၍ ကွယ်လွန်တဲ့ အခါ နတ်ပြည်ရောက်ခြင်းဆိုတဲ့ အောင်နိုင်ခြင်းကသာ အဲဒီ လောင်းကစားနိုင်၍ စည်းစိမ်ဥစ္စာ ရခြင်းထက် သာလွန်မြင့်မြတ်တယ်။

ရဟန်းတို့၊ အဲဒီ နတ်ပြည်ဟာ အကြွင်းမဲ့ သုခ ပြည့်ဝတဲ့ ပညာရှိရဲ့ ဘုံဘဝ ဖြစ်တယ်။"

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ ပါတယ်။

ရဟန်းတို့လည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ကြပြီး သာဓုခေါ် ခဲ့ကြပါတယ်။

ဗာလပဏ္ဍိတသုတ် ပြီးပြီ။

**********

## ၁၀- ဒေဝဒူတသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့ ၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြား တော်မူခဲ့ပါ တယ်။

ရဟန်းတို့ ၊ ဥပမာအားဖြင့် တံခါးပေါက်ချင်း မျက်နှာချင်း ဆိုင်နေတဲ့ အိမ်နှစ်လုံး ရှိတယ်ဆိုပါတော့။ အဲဒီအိမ်နှစ်လုံးရဲ့ အလယ်မှာ ရပ်နေတဲ့ လူတစ်ယောက်ဟာ အိမ်တွေထဲသို့ ဝင်ထွက် သွားလာ လှည့်လည်လှုပ်ရှားနေကြတဲ့ လူတွေကို တွေ့မြင်ရသကဲ့ သို့ ငါဘုရားဟာ ကောင်းမှုကြောင့် လူ့ဘုံ၊ နတ်ဘုံ တို့သို့ ရောက်နေ ကြသူတို့နှင့် မကောင်းမှုကြောင့် ပြိတ္တာ၊ တိရစ္ဆာန်၊ ငရဲဘုံတို့သို့ ရောက်နေကြသူတို့ကို ဒိဗ္ဗစက္ခုဉာဏ်တော် ဖြင့် မြင်ရတော်မူတယ်။

ရဟန်းတို့၊ ငရဲထိန်းတို့ဟာ ငရဲကျလာသူရဲ့ လက်မောင်း တစ်ဘက်စီကို ကိုင်၍ ယမမင်းကြီးအား ပြကြတယ်။ " အရှင် ယမမင်း၊ ဒီလူ ဒီပုဂ္ဂိုလ်ဟာ မိဘကိုလည်း မပြုစု မလုပ်ကျွေးပါ။ ရဟန်းပုဏ္ဏားတို့ကိုလည်း မရိုသေပါ။ အသက်သိက္ခာ ဂုဏ်ဝါ ကြီးမားသူတို့ကိုလည်း မလေးစားပါ။ ဒါ့ကြောင့် ဒီပုဂ္ဂိုလ်အား ဒဏ်ထားတော်မူပါ"လို့ လျှောက်ထားကြတယ်။

အဲဒီအခါမှာ ယမမင်းကြီးက အခုလို မေးမြန်းစီစစ်တယ်။

"အမောင်ယောကျ်ား၊ လူ့ပြည်မှာ နတ်တမန် ငါးပါးကို မတွေ့မြင်ခဲ့ဖူးဘူးလား?"

"အရှင်မင်းကြီး၊ မတွေ့မြင်ခဲ့ဖူးပါ။"

"အမောင်ယောကျ်ား၊ လူ့ပြည်မှာ (၁) ကလေးသူငယ်၊ (၂) သူအို၊ (၃) သူနာ၊ (၄) အကျဉ်းသမား၊ (၅) သူသေ -တို့ကို မတွေ့မြင်ခဲ့ဖူးဘူးလား?"

"အရှင်မင်းကြီး၊ တွေ့မြင်ခဲ့ဖူးပါတယ်။"

အမောင်ယောကျ်ား၊ အဲဒီလို တွေ့မြင်တဲ့အခါ "ဒီကလေးကဲ့သို့ ငါလည်း ပဋိသန္ဓေ နေရအုံးမယ်။ ဒီသူအိုကြီးကဲ့သို့ အိုရအုံးမယ်။ ဒီသူနာကြီးကဲ့သို့ နာရအုံးမယ်။ မကောင်းမှုပြုသူများဟာ ဒီအကျဉ်းသမားကဲ့သို့ ဒီဘဝမှာပင် အမျိုးမျိုး ညှင်းဆဲခံရနိုင်တယ်။ နောင်ဘဝမှာ ပြောစရာပင် မရှိတော့။ ဒီ သူသေကြီးကဲ့သို့ သေရအုံးမယ်။ ဒါကြောင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောင်းမှုကို ပြုမယ်လို့ မစဉ်းစားခဲ့ဖူးဘူးလား။"

"အရှင်မင်းကြီး၊မစဉ်းစားခဲ့ဖူးပါ။ မေ့လျော့နေခဲ့မိပါတယ်။"

"အမောင်ယောကျ်ား၊ သင်ဟာ မေ့လျော့ခဲ့သည့်အတွက် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောင်းမှုကို မပြုခဲ့။ အမောင်ယောကျ်ား၊ သင်မေ့လျော့ခဲ့သည်နှင့် လျော်ညီအောင် သင့်အား အပြစ်ပေးကြလိမ့်မယ်။ သင်ရဲ့အဲဒီ မကောင်းမှုကို အမေ၊ အဖေ၊ အစ်ကို၊ အစ်မ၊ ဆွေမျိုး သားချင်း၊ ရဟန်း၊ ပုဏ္ဏား၊ နတ်ဗြဟ္မာများက ပြုခဲ့ကြသည်

မဟုတ်။ သင်ကိုယ်တိုင်သာ ပြုခဲ့တယ်။ ဒါ့ကြောင့် သင်ကိုယ်တိုင်သာ အဲဒီမကောင်းမှုရဲ့ အကျိုးကို ခံစားရမယ် ” လို့ ယမမင်းကြီးက ဆုံးဖြတ်ချက် ချခဲ့တယ်။

ရဟန်းတို့၊ ယမမင်းကြီးဟာ အဲဒီငရဲကျလာသူအား နတ်တမန် ငါးပါးအကြောင်းကို မေးမြန်း စိစစ်ပြီးတဲ့အခါ ဘာမှ မပြောတော့ဘဲ ဆိတ်ဆိတ် နေခဲ့တယ်။

ရဟန်းတို့၊ အဲဒီအခါမှာ ငရဲကျလာသူကို ငရဲထိန်းများက ငါးချက်စိုက် ညှဉ်းဆဲမှုစသော ညှဉ်းဆဲမှု အမျိုးမျိုးကို ပြု၍ ငရဲကြီးမှာ ပစ်ချခဲ့ကြတယ်။

(မှတ်ချက် ။ ။ ညှဉ်းဆဲမှုအမျိုးမျိုးနှင့် ငရဲကြီးရဲ့ အနေအထားမှာ ဗာလပဏ္ဍိတသုတ်က အတိုင်းပင်။)

ရဟန်းတို့၊ အဲဒီငရဲကြီးရဲ့ အရှေ့ဘက်နံရံမှ ထတောက်တဲ့ မီးတောက်ဟာ အနောက်ဘက်နံရံကို ထိရိုက်တယ်။ အနောက်ဘက်နံရံမှ ထတော်တဲ့ မီးတောက်ဟာ အရှေ့ဘက်နံရံကို ထိရိုက်တယ်။ မြောက်ဘက်နံရံမှ ထတောက်တဲ့ မီးတောက်ဟာ တောင်ဘက်နံရံကို ထိရိုက်တယ်။ တောင်ဘက်နံရံမှ ထတောက်တဲ့ မီးတောက်ဟာ မြောက်ဘက်နံရံကို ထိရိုက်တယ်။ အောက်အပြင်မှ ထတောက်တဲ့ မီးတောက်ဟာ အထက်အမိုးကို ထိရိုက်တယ်။ အထက်အမိုး မှ တောက်လာတဲ့ မီးတောက်ဟာ အောက်အပြင်ကို

ထိရိုက်တယ်။ အဲဒီငရဲကြီးမှာ ငရဲသားဟာ ပြင်းထန်၊ ကြမ်းတမ်း၊ ပူလောင်တဲ့ ဝေဒနာတွေကို ခံစားရရှာတယ်။ မကောင်းမှု မကုန်သမျှ သူဟာ မသေဆုံးဘူး။

ရဟန်းတို့၊ အဲဒီ ငရဲကြီးရဲ့ အရှေ့တံခါးပွင့်တဲ့အခါဆိုတာ ရှိတယ်။ ဒါပေမဲ့ အလွန်ကြာမြင့်မှ တစ်ခါတစ်ရံသာ ပွင့်တယ်။ အဲဒီအခါမှာ ငရဲသားဟာ လျှင်မြန်တဲ့ အဟုန်ဖြင့် ပြေးတယ်။ အဲဒီလို ပြေးတဲ့အခါ အရေထူ၊ အရေပါး၊ အသား၊ အကြောတို့ကို မီးဟုန်းဟုန်းတောက်လောင်တော့တယ်။ အရိုးတွေမှ မီးခိုးများ အူထွက်လာတော့တယ်။ (မီးတွေလောင်၊ မီးခိုးတွေ အူနေတဲ့ အတွက်) ခြေကြွသော်လည်း ပကတိအတိုင်း မကြွသကဲ့သို့သာ ဖြစ်တယ်။ အဲဒီ ငရဲသား တံခါးနားသို့ ရောက်တဲ့အခါမှာ တံခါးဟာ ပိတ်သွားခဲ့တယ်။ မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီအထဲမှာ ဒုက္ခကြီးစွာ ခံရတယ်။ အနောက်ဘက် တံခါး၊ မြောက်ဘက်တံခါး၊ တောင်ဘက်တံခါးများ ပွင့်တဲ့အခါလည်း ထို့အတူပဲ ဖြစ်တယ်။

တစ်ဖန်ပြန်၍ အရှေ့ဘက်တံခါးပွင့်တဲ့အခါ ရှိတယ်။ ဒါပေမဲ့ အလွန်ကြာမြင့်မှ တစ်ခါတစ်ရံသာ ပွင့်တယ်။ အဲဒီအခါမှာ ငရဲသားဟာ လျှင်မြန်တဲ့ အဟုန်ဖြင့် ပြေးသွားတယ်။ အဲဒီလို ပြေးသွားတဲ့အခါ အရေပါး၊ အရေထူ၊ အသား၊ အကြောတို့ကို မီးဟုန်းဟုန်း တောက်လောင်တော့တယ်။ အရိုးများမှ မီးခိုးများ ထွက်လာကြတော့တယ်။ ခြေမြှောက်ကြွတဲ့ အခါမှာ ပကတိအတိုင်း

မပြောက်ကြွသကဲ့သို့သာ ဖြစ်တယ်။ငရဲသားဟာ အဲဒီ တံခါး ပေါက်မှ ထွက်သွားတယ်။

ရဟန်းတို့၊ အဲဒီငရဲကြီးရဲ့ အခြားမဲ့မှာ ကြီးမားတဲ့ မစင် ဘင်ပုပ် ငရဲ တစ်မျိုး ဆက်စပ်လျက် တည်ရှိတယ်။ ငရဲသားဟာ အဲဒီငရဲမှာ ကျရောက်သွားတယ်။ ရဟန်းတို့၊ အဲဒီငရဲမှာ အပ် နှုတ်သီးပါတဲ့ ပိုးကောင်ကြီးများ ရှိကြတယ်။ အဲဒီပိုးကောင် ကြီးများက ငရဲသားရဲ့ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို (နှုတ်သီးကြီးများဖြင့်) ထိုးဖောက်ဖြတ်ကြတယ်။ ရိုးတွင်း ချဉ်ဆီကို စားကြတယ်။ မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။ (၁)

ရဟန်းတို့ အဲဒီ မစင်ဘင်ပုပ်ငရဲရဲ့ အခြားမဲ့မှာ ကြီးမားတဲ့ ပြာပူငရဲ တစ်မျိုး ဆက်စပ်လျက် တည်ရှိတယ်။ငရဲသားဟာ အဲဒီ ပြာပူငရဲမှာ ကျရောက်သွားတယ်။ မကောင်းမှုမကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။(၂)

ရဟန်းတို့၊ အဲဒီပြာပူ ငရဲရဲ့ အခြားမဲ့မှာ ကြီးမားတဲ့ လက်ပံတောငရဲ တစ်မျိုး တစ်ဆက်တည်း ရှိတယ်။ အထက် တစ်ယူဇနာ မြင့်တယ်။ ဆယ့်ခြောက်သစ်ရှည်တဲ့ ဆူးများ ပါရှိ တယ်။ တစ်တောလုံး မီးဟုန်းဟုန်း တောက်လောင်နေတယ်။ အဲဒီ လက်ပံပင်များပေါ်သို့ တက်ခိုင်း၊ ဆင်းခိုင်းကြတယ်။ မကောင်းမှု

မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီ ငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။(၃)

ရဟန်းတို့ အဲဒီပြာပူငရဲရဲ့ အခြားမဲ့မှာ ကြီးမားတဲ့ ငရဲတစ်ခု တစ်ဆက်တည်း ရှိတယ်။ အဲဒီငရဲဟာ သန်လျက်တောငရဲ ဖြစ်တယ်။ အဲဒီ ငရဲမှာ သန်လျက်ရွက်အသွားရှိတဲ့ သစ်ပင်များ ရှိကြတယ်။ ငရဲသားဟာ အဲဒီတောထဲသို့ ဝင်သွားရတယ်။ လေတိုက်ခတ်လို့ အဲဒီတောမှ သန်လျက်အရွက်များ ကြွေကျကြတဲ့ အခါ ငရဲသားရဲ့ လက်ကိုလည်း ဖြတ်ကြတယ်။ ခြေကိုလည်း ဖြတ်ကြတယ်။ လက်ခြေကိုလည်း ဖြတ်ကြတယ်။ နားရွက်ကိုလည်း ဖြတ်ကြတယ်။ နှာခေါင်းကိုလည်း ဖြတ်ကြတယ်။ နား၊နှာခေါင်း ကိုလည်း ဖြတ်ကြတယ်။ ဒါပေမဲ့ မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။ (၄)

ရဟန်းတို့အဲဒီသန်လျက်တောငရဲရဲ့ အခြားမဲ့မှာ ကြီးမားတဲ့ ကြိမ်ပိုက်ချောင်းခေါ်တဲ့ ကြေးနီမြစ်ငရဲရှိတယ်။ ငရဲသားဟာ အဲဒီ မြစ်ထဲမှာ ကျသွားတယ်။ ငရဲသားဟာ အဲဒီ မြစ်မှာ ရေစုန်သို့လည်း မျောသွားတယ်။ ရေဆန်သို့လည်း မျောသွားတယ်။ (လွှန်းထိုးသကဲ့သို့ ဖြစ်စရာရှိတယ်။) မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။

ရဟန်းတို့၊ အဲဒီငရဲသားကို ငရဲထိန်းတို့က သံမျှားချိတ်ကြီးဖြင့် ဆည်တင်၍ကုန်းပေါ်မှာ တင်ထားကြတယ်။ "အမောင်

ယောက်ျား၊ ဘာကိုအလိုရှိသလဲ"လို့လည်း မေးကြတယ်။ အဲဒီအခါမှာ ငရဲသားက " အကျွန်ုပ် ဆာလောင်မွတ်သိပ်နေ ပါတယ်"-လို့ ဖြေကြားတယ်။ ရဟန်းတို့၊ အဲဒီအခါမှာ ငရဲထိန်းများက ငရဲသားရဲ့ ပါးစပ်ကို အလျှံ တပြောင် ပြောင် တောက်လောင်နေတဲ့ သံချွန်းကြီးဖြင့် ဖြဲဟ၍ အဲဒီ ပါးစပ်ထဲသို့ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံတွေခဲကို ထည့်ကြတယ်။ အဲဒီ သံတွေခဲဟာ ငရဲသားရဲ့ နှုတ်ခမ်း၊ ပါးစပ်၊ လည်ချောင်း၊ ရင်ဘတ် တို့ကို လောင်ပြီး အူမ၊အူသိမ်တို့ကို တိုက်ဆွဲကာ အောက်ပိုင်းမှ ထွက်သွားခဲ့တယ်။ မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာ ဒုက္ခကြီးစွာ ခံစားရတယ်။

ရဟန်းတို့၊ အဲဒီ ငရဲသားကို ငရဲထိန်းတို့က "အမောင်ယောက်ျား၊ ဘာကို အလိုရှိပါသလဲ"လို့ မေးကြတယ်။ အဲဒီအခါမှာ ငရဲသားက "အကျွန်ုပ် ရေဆာလှပါတယ်"လို့ ဖြေကြားတယ်။ ရဟန်းတို့၊အဲဒီအခါမှာ ငရဲထိန်းများက ငရဲသားရဲ့ ပါးစပ်ကို အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ သံချွန်းကြီးဖြင့် ဖြဲဟ၍ အဲဒီ ပါးစပ်ထဲသို့ ပွက်ပွက်ဆူနေတဲ့ ကြေးနီရည်များကို လောင်းထည့်ကြတယ်။ အဲဒီကြေးနီရည်က ငရဲသားရဲ့ နှုတ်ခမ်း၊ ပါးစပ်၊ လည်ချောင်း၊ ရင်ဘတ်တို့ကို လောင်ပြီး အူမ၊ အူသိမ်တို့ကို တိုက်ဆွဲကာ အောက်ပိုင်းမှ ထွက်သွားခဲ့တယ်။ မကောင်းမှု မကုန်သေးသမျှ ငရဲသားဟာ မသေဘဲ အဲဒီငရဲမှာပဲ ဒုက္ခကြီးစွာ ခံစားရတယ်။ ရဟန်းတို့၊ အဲဒီ ငရဲသားကို ငရဲထိန်းတို့က ငရဲကြီး

(အဝိစိငရဲ) ထဲသို့ တစ်ဖန် ပစ်ချကြပြန်တယ်။

ရဟန်းတို့၊ ရှေးအခါက ဖြစ်ဖူးတာ တစ်ခုကတော့ “မကောင်းမှု အကုသိုလ် ပြုကြသူများဟာ ဤကဲ့သို့သော ညှဉ်းဆဲမှု အမျိုးမျိုး အပြုခံကြရတယ်။ ငါလည်း လူ့ဘဝကိုရ၊ ဘုရားလည်း လောကမှာ ပွင့်၊ ငါလည်း အဲဒီဘုရားကို ဆည်းကပ်၊ အဲဒီဘုရား ကလည်း ငါ့အား တရားဟော၊ ငါကလည်း အဲဒီ ဘုရားရဲ့ တရား တော်ကို သိရပါမူ အလွန်ကောင်းမှာပဲ” လို့ ယမမင်းကြီးဟာ စဉ်းစားခဲ့တယ်။

ရဟန်းတို့၊ ဒီအကြောင်းအရာကို တခြားရဟန်း ပုဏ္ဏားတို့ အထံမှ ကြားဖူးပြီး ဟောပြသည့်မဟုတ်။

ငါဘုရား ကိုယ်တိုင် တကယ်သိပြီး၊ မြင်ပြီး၊ ထင်ရှားစွာ သိမြင်ပြီးတဲ့ အကြောင်းအရာကိုသာ ငါဘုရား ဟောတော်မူတယ်။”

အဲဒီလို ဟောကြားတော်မူပြီး ဒီဂါထာများကိုလည်း ဆက်လက် ဟောကြားတော်မူခဲ့ပါတယ်။

- နတ်တမန်တွေက တိုက်တွန်းပါလျက် လူသားတွေက မေ့လျော့နေကြတယ်။ ဒါ့ကြောင့် အဲဒီလူများဟာ အပါယ်ဘုံသို့ ရောက်ကြပြီး ကြာမြင့်စွာ ပူဆွေးသောက ရောက်ကြရတယ်။
- လောကမှာ နတ်တမန်တို့က တိုက်တွန်းနှိုးဆော်တဲ့အခါ သူတော်သူမြတ်တို့ဟာ သူတော်ကောင်း တရားကို တစ်ခါ

တစ်ရံမျှ မမေ့ကြ။

- ပဋိသန္ဓေနေကြောင်း၊ သေကြောင်း ဖြစ်တဲ့ အစွဲအလမ်းကို ဘေးအန္တရာယ်ဟု ရှုမြင်ကြတယ်။ ဒါ့ကြောင့် ပဋိသန္ဓေနေခြင်း၊ သေခြင်း ကုန်ရာ နိဗ္ဗာန်သို့ သက်ဝင်ကြ၊ ဆိုက်ရောက်ကြတယ်။
- အဲဒီ သူတော်သူမြတ်များဟာ ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ကြ၍ ချမ်းသာကြတယ်။ မျက်မှောက်ဘဝမှာပဲ ကိလေသာ အပူဝေး၍ ငြိမ်းအေးကြတယ်။ ဘေးရန်အားလုံး ဒုက္ခအားလုံးကို လွန်မြောက်ကြတယ်။

ဒေဝဒူတသုတ် ပြီးပြီ။

※ ※ ※

## ပါဠိနာမည်များ ရှင်းလင်းချက်

- ပိဋကတ် သည် ပိဋကတ္တယ-ဟူသော ပါဠိမှ ဆင်းသက်လာသည်။ ပိဋကတ္တယ-၏ အဓိပ္ပါယ်မှာ ပိဋက သုံးပုံ ဖြစ်သည်။ (ပိဋက-ပိဋကကျမ်းစာ၊ တယ-သုံးပုံ။) ပိဋက၏မူရင်း အဓိပ္ပါယ်မှာ တောင်း ဖြစ်သည်။ တောင်းသည် ပစ္စည်းများကို ပေါင်းစု ထည့်ထားရာ ဖြစ်၏။ ထို့အတူ ကျမ်းစာများသည် ဘုရားဟော တရားတော် များကို ပေါင်းစု ထည့်ထားရာ ဖြစ်၏။ တောင်းနှင့် တူကြ၏။ သို့ဖြစ်၍ ၎င်းကျမ်းစာများကို ပိဋက-ဟု ခေါ်သည်။
- သုတ္တန် - သည် သုတ္တန္တမှ ဆင်းသက်လာသည်။ သုတ် သည် သုတ္တမှ ဆင်းသက်လာသည်။ သုတ္တန္တနှင့် သုတ္တ - မှာ အဓိပ္ပါယ်အားဖြင့် တူကြ၏။ သုတ္တ၏ အဓိပ္ပါယ်မှာ ပန်းသီကြိုးဖြစ်သည်။ ပန်းသီကြိုးဖြင့် ပန်းများ လွင့်ပျောက် မသွားအောင် သီကုံးထားသကဲ့သို့ ကျမ်းစာများ သို့မဟုတ် စာပိုဒ်များဖြင့် ဘုရားဟော တရားတော်များ ပျောက် ပျက် မသွားအောင် သီကုံးထားသည်။ ကျမ်းစာများ သို့မဟုတ် စာပိုဒ်များသည် ပန်းသီကြိုးနှင့် တူကြ၏။ သို့ဖြစ်၍ ၎င်းတို့ ကို သုတ်ဟု ခေါ်သည်။
- ဥပရိပဏ္ဏာသ - သည် ဥပရိ-ဟူသော ပုဒ်နှင့် ပဏ္ဏာသ - ဟူသော ပုဒ်တို့ကို ပေါင်းထားသည်။ ဥပရိ - သည် အထက်

တန်းဟု အမိပ္ပါယ်ရ၍ ပဏ္ဏာသ - သည် ငါးဆယ် - ဟု အမိပ္ပါယ်ရသည်။ အထက်တန်း သုတ်ငါးဆယ် - ဟု ဆိုလို၏။ သို့သော် တကယ်စင်စစ်မှာ ဤပါဠိတော်၌ သုတ်ပေါင်း ၅၂-ခု ပါရှိသည်။ သို့ဖြစ်လင့်ကစား ခေါ်ဝေါ်မှတ်သား၍ လွယ်ကူစေရန် ဥပရိပဏ္ဏာသ - အထက်တန်း သုတ်ငါးဆယ် ဟူ၍သာ သတ်မှတ် ခေါ်ဝေါ်တော်မူခဲ့ကြသည်။

- ဝဂ် - သည် ဝဂ္ဂမှ ဆင်းသက်လာ၏။ အုပ်စု-ဟု အမိပ္ပါယ်ရသည်။ ဒေဝဒဟဝဂ် - ဆိုသည်မှာ ဒေဝဒဟသုတ်အုပ်စု-ဟု ဆိုလိုသည်။ ဒေဝဒဟသုတ်သည် ဆယ်အိမ်ခေါင်းနှင့် ပမာတူသည်။

| | |
|---|---|
| ၁။ ဒေဝဒဟသုတ် | - ဒေဝဒဟနိဂုံးမှာ ဟောတော်မူ အပ်သော သုတ် |
| ၂။ ပဉ္စတ္တယသုတ် | - ငါးပါးလည်းဖြစ် သုံးပါးလည်းဖြစ်သော အယူဝါဒကို ပြသောသုတ်။ (ထိုသို့ ဖြစ်ပုံကို မြန်မာပြန်ကြီးမှာ ရှု) |
| ၃။ ကိန္တိသုတ် | - အဘယ်သို့ (ထင်သလဲ)ဟု မေး၍ ဟောတော်မူအပ်သော သုတ်။ |
| ၄။ သာမဂါမသုတ် | - သာမရွာမှာ ဟောတော်မူအပ်သော သုတ်။ |
| ၅။ သုနက္ခတ္တသုတ် | - လိစ္ဆဝီမင်းသားသုနက္ခတ္တကို အကြောင်းပြု၍ ဟောတော်မူအပ် |

သော သုတ်။

၆။ **အာနေဉ္ဇသပ္ပါယသုတ်** - အာနေဉ္ဇမည်သော စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာနဉ္စာယတနစျာန်တို့နှင့် လျော်သော အကျင့်ကို ပြသော သုတ်။

၇။ **ဂဏကမောဂ္ဂလ္လာနသုတ်** - ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူအပ်သောသုတ်။

၈။ **ဂေါပကမောဂ္ဂလ္လာနသုတ်** - ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူအပ်သော သုတ်။

၉။ **မဟာပုဏ္ဏမသုတ်** - လပြည့်နေ့ည တစ်ညမှာ ဟောအပ်သော သုတ်ကြီး။

၁၀။ **စူဠပုဏ္ဏမသုတ်** - လပြည့်နေ့ည တစ်ညမှာ ဟောအပ်သော သုတ်ငယ်။

၁၁။ **အနုပဒသုတ်** - အသေးစိတ် (ဝိပဿနာ)ကို ပြသော သုတ်။

၁၂။ **ဆဗ္ဗိသောဓနသုတ်** - ရဟန္တာ ဟုတ်/ မဟုတ် ဝေါဟာရ၊ ခန္ဓာ၊ ဓာတ်၊ အာယတန၊ သကာယ၊ ပရကာယ ဟူသော ၆-ဌာနတို့၌ မေးမြန်း စိစစ်ပုံကိုပြသောသုတ်။

၁၃။ သမ္ပသာဒနီယသုတ် - သူတော်ကောင်း ဟုတ်/မဟုတ် ခွဲခြားပြသော သုတ်။

၁၄။ သေဝိတဗ္ဗာ သေဝိတဗ္ဗသုတ် - မှီဝဲသင့်သောအရာ၊ မမှီဝဲသင့်သောအရာ (ဆောင်ရန် ရှောင်ရန်တို့ကို ပြသောသုတ်။)

၁၅။ ဗဟုဓာတုကသုတ် - ဓာတ်များစွာကို ပြသောသုတ်။

၁၆။ ဣသိဂိလိသုတ် - ပစ္စေကဗုဒ္ဓါတို့ကို မျိုသကဲ့သို့ ထင်ရသော တောင်ရဲ့ အကြောင်းကို ပြသောသုတ်။

၁၇။ မဟာစတ္တာရီသကသုတ် - ကုသိုလ် နှစ်ဆယ်၊ အကုသိုလ် နှစ်ဆယ် အားဖြင့် တရားလေးဆယ်ကို ပြသောသုတ်။

၁၈။ အာနာပါနဿတိသုတ် - ထွက်သက် ဝင်သက် ရှုမှတ်ပုံကို ပြသော သုတ်။

၁၉။ ကာယဂတာသတိသုတ် - ကိုယ်ကို ရှုမှတ်ပုံကို ပြသော သုတ်။

၂၀။ သင်္ခါရုပပတ္တိသုတ် - ကုသိုလ်ကြောင့် ဘုံအမျိုးမျိုးမှာ ဖြစ်ပုံကို ပြသောသုတ်။

၂၁။ စူဠသုညတသုတ် - ကင်းဆိတ်ပုံကို ပြသော သုတ်ငယ်။

၂၂။ မဟာသုညတသုတ် - ကင်းဆိတ်ပုံကို ပြသော သုတ်ကြီး။

၂၃။ အစ္ဆရိယအဗ္ဘုတသုတ် - ဘုရားရှင်၏ အံ့ဖွယ်များ၊ ထူးခြားပုံများကို ပြသောသုတ်။

၂၄။ ဗာကုလသုတ် - အရှင်ဗာကုလအကြောင်းကို ပြသော သုတ်။

၂၅။ ဒန္တဘူမိသုတ် - ယဉ်ကျေးသော ဆင်များ ရောက်သင့် ရောက်ထိုက်သော အဆင့်ကို ဥပမာပြု၍ ဟောကြားတော်မူအပ်သော သုတ်။

၂၆။ ဘူမိဇသုတ် - အရှင်ဘူမိဇကို အကြောင်းပြု၍ ဟောကြားတော်မူအပ်သောသုတ်။

၂၇။ အနုရုဒ္ဓသုတ် - အရှင်အနုရုဒ္ဓါသည် ဟောကြားတော်မူအပ်သော သုတ်။

၂၈။ ဥပက္ကိလေသသုတ် - စိတ်၏ ညစ်နွမ်းကြောင်းများကို ပြတော်မူသော သုတ်။

၂၉။ ဗာလပဏ္ဍိတသုတ် - လူမိုက် လက္ခဏာနှင့် ပညာရှိ လက္ခဏာတို့ကို ပြတော်မူသော သုတ်။

၃၀။ ဒေဝဒူတသုတ် - နတ်တမန် ငါးမျိုးကို ပြတော်မူသော သုတ်။

# အနိုင်းမဲ့ဗုဒ္ဓ
# ၏
# အနိုင်းမဲ့တရားတော်များ

ဥပရိပဏ္ဏာသ (၂)



## အရှင်သာသနဝရ

(ဓမ္မာစရိယ၊M.A.,)

# မာတိကာ


| အစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၄။ ဝိဘင်္ဂဝဂ် | |
| ၁။ | ဘဒ္ဒေကရတ္တသုတ် (၄-သုတ်) . . . . . . . . . . . . . . . .<br>ဝိပဿနာရှုနည်း | ၁ |
| ၅။ | စူဠကမ္မဝိဘင်္ဂသုတ် . . . . . . . . . . . . . . . . . .<br>လူများ အမျိုးမျိုး ကွဲပြားကြောင်း | ၁၄ |
| ၆။ | မဟာကမ္မဝိဘင်္ဂသုတ် . . . . . . . . . . . . . . . .<br>ပုဂ္ဂိုလ်လေးမျိုး၏ ကံများ | ၂၀ |
| ၇။ | သဠာယတနဝိဘင်္ဂသုတ် . . . . . . . . . . . . . . . .<br>ကိုယ်တွင်း အာယတနစသည် | ၃၉ |
| ၈။ | ဥဒ္ဒေသဝိဘင်္ဂသုတ် . . . . . . . . . . . . . . . . .<br>စိတ်မပျံ့လွင့်အောင် ဆင်ခြင်နည်းစသည် | ၅၃ |
| ၉။ | အရဏဝိဘင်္ဂသုတ် . . . . . . . . . . . . . . . . . .<br>အပြစ်ကင်းအောင် နေထိုင်နည်း | ၅၈ |
| ၁၀။ | ဓာတုဝိဘင်္ဂသုတ် . . . . . . . . . . . . . . . . . .<br>ဓာတ်ကမ္မဋ္ဌာန်း | ၆၈ |

၁၁။ သစ္စဝိဘင်္ဂသုတ် . . . . . . . . . . . . . . . . . . . . ၈၈
သစ္စာအဖွင့် (ခမ္မစကြာ)
၁၂။ ဒက္ခိဏာဝိဘင်္ဂသုတ် (ဒါနအဖွင့်) . . . . . . . . . . . ၉၅
ပုဂ္ဂလိကအလှူ (၁၄)မျိုး
သံဃိကအလှူ (၇)မျိုး
အလှူ၏ စင်ကြယ်ခြင်း (၄)မျိုး

## ၅။ သဠာယတနဝဂ်

၁။ အနာထပိဏ္ဍိကောဝါဒသုတ် . . . . . . . . . . . . ၁၀၄
မကျန်းမာစဉ် ဆင်ခြင်ပုံ
၂။ ဆန္နောဝါဒသုတ် . . . . . . . . . . . . . . . . . . . . ၁၁၂
မကျန်းမာစဉ် ဆင်ခြင်ပုံ
၃။ ပုဏ္ဏောဝါဒသုတ် . . . . . . . . . . . . . . . . . . ၁၁၈
ဘုရားရှင်၏ အကျဉ်းချုပ်သြဝါဒ
အရှင်ပုဏ္ဏ၏ သည်းခံပုံ
၄။ နန္ဒကောဝါဒသုတ် . . . . . . . . . . . . . . . . . . ၁၂၂
ဆီမီး ဥပမာ၊ သစ်ပင် ဥပမာ ၊ အမဲဖျက် ဥပမာ

၅။ စူဠရာဟုလောဝါဒသုတ် . . . . . . . . . . . . . . . ၁၃၁
အရှင်ရာဟုလာ ရဟန္တာဖြစ်ကြောင်းတရား
၆။ ဆဆက္ကသုတ် . . . . . . . . . . . . . . . . . . . . ၁၃၄
ခြောက်မျိုးခြောက်လီတရားတော်
၇။ မဟာသဠာယတနိကသုတ် . . . . . . . . . . . . . ၁၄၂
မျက်စိစသည်မှာ မတပ်မက်သင့်ပုံ
၈။ နဂရဝိန္ဒေယျသုတ် . . . . . . . . . . . . . . . . . ၁၄၆
ကိုးကွယ်သင့်တဲ့ ပုဂ္ဂိုလ် နှင့် မကိုးကွယ်သင့်တဲ့ ပုဂ္ဂိုလ်
၉။ ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် . . . . . . . . . . . . . . . ၁၅၀
ဆွမ်းကျေးဇူးဆပ်နည်း
၁၀။ ဣန္ဒြိယဘာဝနာသုတ် . . . . . . . . . . . . . . . ၁၅၃
ဣန္ဒြေပွားများနည်း

ပါဠိနာမည်များရှင်းလင်းချက် . . . . . . . . . . . . ၁၅၈
နိဂုံး . . . . . . . . . . . . . . . . . . . . . . . . ၁၆၁
အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး
ကျမ်းစာအုပ်များ . . . . . . . . . . . . . . . . . . . ၁၆၃

(၁)

# ၄– ဝိဘင်္ဂဝဂ်

## ၁– ဘဒ္ဒေကရတ္တသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့အား ဘဒ္ဒေကရတ္တသုတ်ကို အကျဉ်းရော အကျယ်ပါ ဟောပြမယ်။ ကောင်းမွန်စွာ နာယူကြ၊ နှလုံးသွင်းကြ"-လို့ မိန့်ကြားတော်မူပြီး အခုလို အကျဉ်း ဟောပြတော်မူခဲ့ပါတယ်။

- အတိတ်ခန္ဓာသို့ အစဉ် မလိုက်သင့်။ အနာဂတ် ခန္ဓာကို မတောင့်တသင့်။
  အတိတ်ခန္ဓာဟာ ချုပ်ပျောက်သွားပြီ။
  အနာဂတ်ခန္ဓာလည်း မရောက်လာသေး။
- မိမိရှုမှတ်တဲ့ ပစ္စုပ္ပန်တရားမှာ မလှုပ်ရှား မယိမ်းယိုင်ဘဲ၊ မဖောက်ပြန်ဘဲ (ခိုင်ခိုင်မြဲမြဲ) ရှုမှတ်ရတယ်။ အဲဒီလို ရှုမှတ်ခြင်းကို ပညာရှိဟာ အဖန်ဖန် ပွားများသင့်တယ်။
- ပြုလုပ်အားထုတ်ဖွယ်ကို ယနေ့ပင် ပြုလုပ် အားထုတ်သင့်တယ်။ မနက်ဖြန်ခါမှ သေမယ်လို့ မည်သူမျှ မသိနိုင်ပေ။ မီး၊ လက်နက်၊ အဆိပ် အစရှိတဲ့ သေကြောင်း

တရားများဟာ သေမင်းရဲ့ စစ်တပ်များ ဖြစ်တယ်။ အဲဒီလို စစ်တပ်များစွာရှိတဲ့ သေမင်းနှင့် ချိန်းချက်ထားခြင်း အလျှင်းမရှိကြပေ။

- နေ့ရောညပါ မပျင်းမရိ ဒီလို နေထိုင်အားထုတ် လေ့ရှိတဲ့ ပုဂ္ဂိုလ်ကို "တကယ် အခါကောင်းနှင့် ကြုံသော ပုဂ္ဂိုလ်" လို့ ကိလေသာ အပူဝေး၍ ငြိမ်းအေးတော်မူတဲ့ မြတ်စွာဘုရားက ဟောပြတော်မူတယ်။

## အကျယ်

ရဟန်းတို့၊ အတိတ်ခန္ဓာသို့ အစဉ်လိုက်ပုံကတော့- "ငါဟာ အတိတ်ကာလက ဒီလို ရုပ်ရှိသူ ဖြစ်ခဲ့ဖူးတယ်" လို့ အတိတ်ရုပ်မှာ နှစ်သက် မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန် ဖြစ်စေတယ်။ "ငါသည် အတိတ်ကာလက ဒီလို ဝေဒနာရှိသူ ဖြစ်ခဲ့ဖူးတယ်" လို့ အတိတ်ဝေဒနာမှာ နှစ်သက် မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန် ဖြစ်စေတယ်။ "ငါဟာ အတိတ်ကာလက ဒီလို သညာရှိသူ ဖြစ်ခဲ့ဖူးတယ်" လို့ အတိတ်သညာ၌ နှစ်သက်မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်၊ အဖန်ဖန် ဖြစ်စေတယ်။ " ငါသည် အတိတ်ကာလက ဒီလို သင်္ခါရရှိသူ ဖြစ်ခဲ့ဖူးတယ်" လို့ အတိတ်သင်္ခါရ၌ နှစ်သက်မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန်ဖြစ်စေတယ်။ "ငါသည် အတိတ်ကာလက ဒီလို ဝိညာဉ်ရှိသူ ဖြစ်ခဲ့ဖူးတယ်"လို့ အတိတ်

ဝိညာဉ်မှာ နှစ်သက်မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန် ဖြစ်စေတယ်။

ရဟန်းတို့ ဒါဟာ အတိတ်ခန္ဓာသို့ အစဉ်လိုက်ပုံ ဖြစ်တယ်။

ရဟန်းတို့ အတိတ်ခန္ဓာသို့ အစဉ်မလိုက်ပုံကတော့ “ငါဟာ အတိတ်ကာလက ဒီလို ရုပ်ရှိသူ ဖြစ်ခဲ့ဖူးတယ်” လို့ တွေး၍ အဲဒီ အတိတ် ရုပ်မှာ နှစ်သက်မက်မောမှုကို အစဉ်တစိုက် မလိုက်စေ၊ အဖန်ဖန် မဖြစ်စေ။ ထို့အတူ အတိတ်ဝေဒနာ စသည်မှာလည်း နှစ်သက်မက်မောမှုကို အစဉ်တစိုက် မလိုက်စေ၊ အဖန်ဖန် မဖြစ်စေ။

ရဟန်းတို့၊ ဒါဟာ အတိတ်ခန္ဓာသို့ အစဉ်မလိုက်ပုံ ဖြစ်တယ်။

ရဟန်းတို့၊ အနာဂတ်ခန္ဓာကို တောင့်တပုံကတော့ - “ငါသည် နောင်အခါ၌ ဒီလို ရုပ်ရှိသူ ဖြစ်ရပါလို၏”လို့ အနာဂတ် ရုပ်မှာ နှစ်သက်မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန် ဖြစ်စေတယ်။ ထို့အတူ အနာဂတ် ဝေဒနာစသည်မှာလည်း နှစ်သက် မက်မောမှုကို အစဉ်တစိုက် လိုက်စေတယ်။ အဖန်ဖန် ဖြစ်စေတယ်။

ရဟန်းတို့ ဒါဟာ အနာဂတ်ခန္ဓာကို တောင့်တပုံ ဖြစ်တယ်။

ရဟန်းတို့၊ အနာဂတ်ခန္ဓာကို မတောင့်တပုံကတော့

" ငါသည် နောင်အခါမှာ ဒီလို ရုပ်ရှိသူ ဖြစ်ရပါလို၏" ဟု အနာဂတ် ရုပ်မှာ နှစ်သက်မက်မောမှုကို အစဉ်တစိုက် မလိုက်စေ၊ အဖန် ဖန် မဖြစ်စေ။ ထို့အတူ အနာဂတ် ဝေဒနာ စသည်မှာလည်း နှစ်သက်မက်မောမှုကို အစဉ်တစိုက် မလိုက်စေ၊ အဖန်ဖန် မဖြစ်စေ။

ရဟန်းတို့၊ ဒါဟာ အနာဂတ်ခန္ဓာကို မတောင့်တပုံ ဖြစ်တယ်။

ရဟန်းတို့၊ ပစ္စုပ္ပန်တရားတို့မှာ ဘယ်လို လှုပ်ရှား ယိမ်းယိုင်သလဲ ဆိုတော့ -

လောကမှာ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ

(က) ရုပ်သည်ပင် အတ္တ။

(ခ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊
အဲဒီ အတ္တသည် ရုပ်နှင့်တွဲနေ၏။

(ဂ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊
အဲဒီ အတ္တထဲမှာ ရုပ်ရှိ၏။

(ဃ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊
ရုပ်ထဲမှာ အဲဒီအတ္တ ရှိ၏ - ဟု ထပ်တလဲလဲ ရှုတယ်။

ဝေဒနာ စသည်ကိုလည်း ထို့အတူပဲ ရှုတယ်။

ရဟန်းတို့၊ ဒါဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ပုံ ဖြစ်တယ်။

(၅)

ရဟန်းတို့ ပစ္စုပ္ပန်တရားတရားတို့မှာ မလှုပ်ရှား မယိမ်းယိုင် ပုံကတော့ - ဒီ သာသနာတော်မှာ ဘုရားသားတော်ဟာ

(က) ရုပ်သည်ပင် အတ္တ။

(ခ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊ အဲဒီ အတ္တသည် ရုပ်နှင့် တွဲနေ၏။

(ဂ) ကျန်ခန္ဓာ လေးပါးသည် အတ္တ၊ အဲဒီ အတ္တထဲမှာ ရုပ်ရှိ၏။

(ဃ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊ ရုပ်ထဲမှာ အဲဒီ အတ္တရှိ၏ - လို့ မရှုမှတ်။ ကျန် ခန္ဓာလေးပါးကိုလည်း ထိုကဲ့သို့ မရှုမှတ်။

ရဟန်းတို့၊ ဒါဟာ ပစ္စုပ္ပန်တရားတို့မှာ မလှုပ်ရှား မယိမ်း ယိုင်ပုံ ဖြစ်တယ်။

မြတ်စွာဘုရားက "ရဟန်းတို့ ၊ ဘဒ္ဒေကရတ္တသုတ်ရဲ့ အကျဉ်းအကျယ်ဆိုတာ ဒါပဲ ဖြစ်တယ်"လို့ ဟောကြားတော်မူခဲ့ ပါတယ်။

ရဟန်းများလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာမုခေါ် ခဲ့ကြပါတယ်။

ဘဒ္ဒေကရတ္တသုတ် ပြီးပြီ။

❊ ❊ ❊

## ၂ – အာနန္ဒဘဒ္ဒေကရတ္တသုတ်

ဒီအာနန္ဒဘဒ္ဒေကရတ္တသုတ်ဟာ ရှေ့ဘဒ္ဒေကရတ္တသုတ်နှင့် လိုရင်း အဓိပ္ပါယ်အားဖြင့် တူတယ်။ ရှေ့ ဘဒ္ဒေကရတ္တသုတ်ကို မြတ်စွာဘုရားက ရဟန်းတို့အား ဟောကြားတော်မူခဲ့တယ်။ အဲဒီ သုတ်ကိုပင် အရှင် အာနန္ဒာက ရဟန်းတို့အား တစ်ဆင့် ဟောပြခဲ့တယ်။ ဒါ့ကြောင့် ဒီသုတ်ကို အာနန္ဒဘဒ္ဒေကရတ္တသုတ် (အရှင်အာနန္ဒာ တစ်ဆင့် ဟောပြတဲ့ ဘဒ္ဒေကရတ္တသုတ်) လို့ ခေါ်တယ်။

အာနန္ဒဘဒ္ဒေကရတ္တသုတ် ပြီးပြီ။

☀ ☀ ☀

## ၃–မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့၊ တပေါ ဒါရုံ ကျောင်းတိုက်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက အရှင်သမိဒ္ဓိနှင့်တကွ တချို့ရဟန်းတို့အား အတိတ် သို့လည်း အစဉ် မလိုက်ရာ စတဲ့ ဂါထာ လေးပုဒ်ကိုသာ ဟောပြတော်မူခဲ့ပါတယ်။ အဲဒီ ဂါထာ လေးပုဒ်ရဲ့ အဓိပ္ပါယ် အကျယ်ကို ဟောပြတော် မမူဘဲ နေရာမှ ထတော်မူ၍ ကျောင်းတော်သို့ ဝင်တော်မူခဲ့ပါတယ်။

(၇)

အဲဒီအခါမှာ ရဟန်းများက အဲဒီ ဂါထာလေးပုဒ်ရဲ့ အကျယ်အဓိပ္ပါယ်ကို အရှင်မဟာကစ္စာနအား မေးမြန်း လျှောက်ထားခဲ့ကြပါတယ်။ အရှင်မဟာကစ္စာနက ရဟန်းတို့အား အခုလို ဖြေကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့၊ အတိတ်သို့ အစဉ်လိုက်ပုံကတော့ - "အတိတ်ကာလက ငါ့မှာ ဒီလို မျက်စိ ရှိခဲ့ဖူးတယ်။ ဒီလို အဆင်းများ ဖြစ်ခဲ့ကြ (မြင်ခဲ့ရ) ဖူးတယ်"လို့ တွေး၍ အဲဒီ အတိတ်က မျက်စိနှင့် အဆင်းအပေါ်မှာ တပ်မက်စွဲလန်းမှုနှင့် ဆက်စပ်တဲ့ နှစ်သက်စိတ်ဖြစ်ပေါ်လာတယ်။ နှစ်သက် စိတ်က တပ်မက်စွဲလမ်းမှုနှင့် ဆက်စပ်သောကြောင့် အဲဒီ အတိတ်က မျက်စိနှင့် အဆင်းကို အလွန်ခင်တွယ် မြတ်နိုးတယ်။ အဲဒီ အတိတ်က မျက်စိနှင့် အဆင်းကို အလွန် ခင်တွယ်မြတ်နိုးသူဟာ အတိတ်သို့ အစဉ်လိုက်ရာရောက်တယ်။ ထို့အတူ အတိတ်က

- နား နှင့် အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ် နှင့် သိစရာ သဘော . . တို့ကို

အလွန် ခင်တွယ်မြတ်နိုးသူဟာ အတိတ်သို့ အစဉ်လိုက်ရာ ရောက်တယ်။

ငါ့ရှင်တို့၊ ဒါဟာ အတိတ်သို့ အစဉ်လိုက်ပုံ ဖြစ်တယ်။

ငါ့ရှင်တို့၊ အတိတ်သို့ အစဉ် မလိုက်ပုံကတော့ - "အတိတ်ကာလက ငါ့မှာ ဒီလို မျက်စိ ရှိခဲ့ဖူးတယ်။ ဒီလို အဆင်းများ ဖြစ်ခဲ့ကြ (မြင်ခဲ့ရ)ဖူးတယ်"လို့ တွေး၍ အဲဒီ အတိတ်က မျက်စိနှင့် အဆင်းအပေါ်မှာ တပ်မက်မှု စွဲလမ်းမှုနှင့် မဆက်စပ်တဲ့ သိစိတ်တစ်မျိုး ဖြစ်ပေါ်လာတယ်။ သိစိတ်က တပ်မက်စွဲလမ်းမှုနှင့် မဆက်စပ်သောကြောင့် အဲဒီ အတိတ်က မျက်စိနှင့် အဆင်းကို မခင်တွယ်မမြတ်နိုး။ အဲဒီ အတိတ်က မျက်စိနှင့်အဆင်းကို မခင်တွယ် မမြတ်နိုးသူဟာ အတိတ်သို့ အစဉ်လိုက်ရာ မရောက်။ ထို့အတူ အတိတ်က-

- နားနှင့် အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ် နှင့် သိစရာသဘော . . . တို့ကို

မခင်တွယ် မမြတ်နိုးသူဟာ အတိတ်သို့ အစဉ်လိုက်ရာ မရောက်။

ငါ့ရှင်တို့၊ အနာဂတ်ကို တောင့်တပုံကတော့ - "နောင်အခါ ငါ့မှာ ဒီလို မျက်စိ ရှိပါစေ၊ ဒီလို အဆင်းများ ဖြစ်ကြပါစေ"လို့ မရသေးတဲ့ မျက်စိနှင့် အဆင်းကို ရဖို့ရာ စိတ်ကို စွဲမြဲစွာ ထားတယ်။

စိတ်ကို စွဲမြဲစွာ ထားခြင်းကြောင့် အဲဒီ မရသေးတဲ့ မျက်စိနှင့် အဆင်းကို ခင်တွယ် မြတ်နိုးနေတယ်။ အဲဒီ မရသေးတဲ့ မျက်စိနှင့် အဆင်းကို ခင်တွယ် မြတ်နိုးသူဟာ အနာဂတ်ကို တောင့်တရာ ရောက်တယ်။ ထို့အတူ မရသေးတဲ့

- နားနှင့်အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ်နှင့် သိစရာသဘော . . . တို့ကို

ခင်တွယ်မြတ်နိုးသူဟာ အနာဂတ်ကို တောင့်တရာ ရောက်တယ်။

ငါ့ရှင်တို့၊ဒါဟာ အနာဂတ်ကို တောင့်တပုံဖြစ်တယ်။

ငါ့ရှင်တို့၊ အနာဂတ်ကို မတောင့်တပုံကတော့ - "နောင်အခါ ငါ့မှာ ဒီလို မျက်စိရှိပါစေ၊ ဒီလို အဆင်းများ ဖြစ်ကြပါစေ"လို့ မရသေးတဲ့ မျက်စိနှင့် အဆင်းကို ရဖို့ရာ စိတ်ကို စွဲမြဲစွာ မထား။ စိတ်ကို စွဲမြဲစွာ မထားခြင်းကြောင့် အဲဒီ မရသေးတဲ့ မျက်စိနှင့် အဆင်းကို မခင်တွယ် မမြတ်နိုး။ အဲဒီ မရသေးတဲ့ မျက်စိနှင့် အဆင်းကို မခင်တွယ် မမြတ်နိုးသူဟာ အနာဂတ်ကို တောင့်တရာ မရောက်။ ထို့အတူ မရသေးတဲ့

- နှာ:နှင့်အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ  နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ်နှင့် သိစရာသဘော . . . တို့ကို

မခင်တွယ် မမြတ်နိုးသူဟာ အနာဂတ်ကို တောင့်တရာ မရောက်။

ငါ့ရှင်တို့၊ ဒါဟာ အနာဂတ်ကို မတောင့်တပုံ ဖြစ်တယ်။

ငါ့ရှင်တို့ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ပုံကတော့- ပစ္စုပ္ပန်ဖြစ်တဲ့ မျက်စိနှင့်အဆင်းအပေါ်မှာ တပ်မက်စွဲလမ်း ခြင်းနှင့် ဆက်စပ်တဲ့ အသိစိတ် ဖြစ်လျှင် အဲဒီ အသိစိတ်ရဲ့ တပ်မက် စွဲလမ်းခြင်းနှင့် ဆက်စပ်မှုကြောင့် အဲဒီ မျက်စိနှင့် အဆင်းကို ခင်တွယ်မြတ်နိုးတယ်။ အဲဒီ မျက်စိနှင့်အဆင်းကို ခင်တွယ်မြတ် နိုးသူဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ရာ ရောက်တယ်။ ထို့အတူ ပစ္စုပ္ပန်ဖြစ်တဲ့

- နှာ:နှင့်အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ  နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ်နှင့် သိစရာသဘော . . . တို့ကို

(၁၁)

ခင်တွယ် မြတ်နိုးသူဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ရာ ရောက်တယ်။

ငါ့ရှင်တို့၊ ဒါဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ပုံ ဖြစ်တယ်။

ငါ့ရှင်တို့၊ ပစ္စုပ္ပန်တရားတို့မှာ မလှုပ်ရှား မယိမ်းယိုင်ပုံက တော့-

ငါ့ရှင်တို့ ၊ ပစ္စုပ္ပန်ဖြစ်တဲ့ မျက်စိနှင့် အဆင်းအပေါ်မှာ တပ်မက်စွဲလမ်းမှုကင်းတဲ့ အသိစိတ်ဖြစ်လျှင် အဲဒီ အသိစိတ်ရဲ့ တပ်မက်စွဲလမ်းမှု ကင်းခြင်းကြောင့် အဲဒီ မျက်စိနှင့် အဆင်းကို မခင်တွယ် မမြတ်နိုး။ အဲဒီ မျက်စိနှင့် အဆင်းကို မခင်တွယ် မမြတ်နိုးသူဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ရာ မရောက်။ ထို့အတူ ပစ္စုပ္ပန်ဖြစ်တဲ့

- နားနှင့်အသံ
- နှာခေါင်း နှင့် အနံ့
- လျှာ နှင့် အရသာ
- ကိုယ် နှင့် အတွေ့အထိ
- ဘဝင်စိတ်နှင့် သိစရာသဘော . . . တို့ကို

မခင်တွယ် မမြတ်နိုးသူဟာ ပစ္စုပ္ပန်တရားတို့မှာ လှုပ်ရှား ယိမ်းယိုင်ရာ မရောက်။

ငါ့ရှင်တို့ ဒါဟာ ပစ္စုပ္ပန်တရားတို့မှာ မလှုပ်ရှား မယိမ်းယိုင်ပုံ ဖြစ်တယ်။

ငါ့ရှင်တို့၊ မြတ်စွာဘုရား ဟောထားတော်မူတဲ့ ဂါထာလေးပုဒ်ရဲ့ အဓိပ္ပါယ် အကျယ်ကို အခု ငါပြောခဲ့တဲ့အတိုင်း ငါ သိတယ်။ သင်တို့ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး ဒီဂါထာများရဲ့ အကျယ် အဓိပ္ပါယ်ကို မေးမြန်းလျှောက်ထားလိုက မေးမြန်းလျှောက်ထား ကြပါ။ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အတိုင်း မှတ်သားထားကြပါ-လို့ အရှင်မဟာကစ္စာနမထေရ် မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် ရဟန်းများဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြပြီး အရှင်မဟာကစ္စာနမထေရ်ရဲ့ ဖြေကြားပုံကို လျှောက်ထား ခဲ့ကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်းတို့၊ ကစ္စာနဟာ ပညာရှိသူဖြစ်တယ်။ ပညာကြီးသူဖြစ်တယ်။ သင်တို့ ဒီ အနက်အဓိပ္ပါယ်ကို ငါဘုရားအား မေးမြန်းခဲ့လျှင်လည်း ငါဘုရားလည်း ကစ္စာန ဖြေကြားသည့်အတိုင်းပင် ဖြေကြားတော်မူမှာဖြစ် တယ်။ ဒီဂါထာများရဲ့ အနက်အဓိပ္ပါယ်ဟာ ကစ္စာန ဖြေကြား တဲ့အတိုင်းပင် ဖြစ်တယ်။ ဒီဂါထာများရဲ့ အဓိပ္ပါယ်ကို ကစ္စာန ဖြေကြားထားတဲ့အတိုင်း မှတ်သားထားကြ"-လို့ မိန့်ကြားတော်မူ ခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရား

တော်ကို ရဟန်းများ နှစ်သက်သဘောကျကြပြီး ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ခဲ့ကြပါတယ်။

မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် ပြီးပြီ။

※ ※ ※

## ၄–လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်

ဒီသုတ်ရဲ့ အနှစ်ချုပ်အဓိပ္ပါယ်မှာ ပဌမဘဒ္ဒေကရတ္တသုတ်နှင့် တူပြီ။

※ ※ ※

# ၅ - စူဠကမ္မဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ တောဒေယျ ပုဏ္ဏားရဲ့ သားဖြစ်တဲ့ သုဘလုလင်ဟာ မြတ်စွာဘုရားရဲ့ အထံတော်သို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဂေါတမ၊ လူသားချင်း အတူတူဖြစ်ကြတဲ့ လူတွေရဲ့ ယုတ်ညံ့ခြင်း မြင့်မြတ်ခြင်းကို (ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်းအားဖြင့် ကွဲပြားပုံကို) တွေ့မြင်ကြရပါတယ်ဘုရား။

- အသက်တိုတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ် ဘုရား။
  အသက်ရှည်တဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ် ဘုရား။
- အနာရောဂါများတဲ့ လူများကိုလည်း တွေ့မြင်ကြရပါ တယ်ဘုရား။
  အနာရောဂါ နည်းတဲ့ လူများကိုလည်း တွေ့မြင်ကြရပါ တယ်ဘုရား။
- အဆင်းမလှတဲ့လူများကိုလည်း တွေ့မြင်ကြရပါတယ် ဘုရား။
  အဆင်းလှတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ် ဘုရား။

- အခြံအရံနည်းတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်။

  အခြံအရံများတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်။
- စည်းစိမ်ဥစ္စာ နည်းနည်းရှိတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။

  စည်းစိမ်ဥစ္စာ များများရှိတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။
- အမျိုးညံ့တဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။

  အမျိုးမြတ်တဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။
- ပညာမဲ့တဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။

  ပညာရှိတဲ့ လူများကိုလည်း တွေ့မြင်ကြရပါတယ်ဘုရား။

အရှင်ဂေါတမ၊ လူသားချင်း အတူတူဖြစ်ကြတဲ့ လူတွေရဲ့ အဲဒီလို ယုတ်ညံ့ခြင်း မြင့်မြတ်ခြင်းရဲ့ အကြောင်းက ဘာပါလဲဘုရား?"

"လုလင်၊ သက်ရှိပုဂ္ဂိုလ်များဟာ ကံဆိုတဲ့ ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ ကံရဲ့ အမွေကို ခံယူကြရတယ်။ ကံဆိုတဲ့ အကြောင်းရင်း

ရှိကြတယ်။ ကံဆိုတဲ့ ဆွေမျိုး ရှိကြတယ်။ ကံဆိုတဲ့ မှီခိုအားထားရာ ရှိကြတယ်။ ကံက သက်ရှိပုဂ္ဂိုလ်တွေကို ယုတ်ညံ့သူ မြင့်မြတ်သူ ဖြစ်အောင် စီမံဖန်တီးပေးတတ်တယ်။"

" အရှင်ဂေါတမ၊ အကျဉ်းအားဖြင့်သာ ဟောပြတော်မူတဲ့ တရားတော်ရဲ့ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် တပည့်တော် မသိနိုင်ပါ။ တောင်းပန်ပါတယ် အရှင်ဂေါတမဘုရား၊ တပည့်တော် နားလည်အောင် ဒီတရားဒေသနာတော်ကို အကျယ်အားဖြင့် ဟောပြတော်မူပါဘုရား။"

"လုလင်၊ လောကမှာ တချို့လူဟာ သူတပါးရဲ့ အသက်ကို သတ်လေ့ရှိတယ်။ သူ သေဆုံးတဲ့အခါ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အသက်တိုသူ ဖြစ်တယ်။ လုလင်၊ သူတပါးရဲ့ အသက်ကို သတ်ခြင်းဟာ အသက်တိုကြောင်း အကျင့် ဖြစ်တယ်။ (၁)

လုလင်၊ လောကမှာ တချို့လူဟာ သူတပါးရဲ့ အသက်ကို သတ်လေ့မရှိဘူး။ သူ သေဆုံးတဲ့ အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်သို့ မရောက်ဘဲ လူ ဖြစ်လာလျှင်လည်း ဖြစ်လေရာဘဝမှာ အသက်ရှည်သူ ဖြစ်တယ်။ လုလင်၊ သူတပါးရဲ့ အသက်ကို မသတ်ခြင်းဟာ အသက်ရှည်ကြောင်း အကျင့် ဖြစ်တယ်။ (၁)

လုလင်၊ လောကမှာ တချို့လူဟာ သူတပါးကို ညှင်းဆဲလေ့ရှိတယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အနာရောဂါ များသူ ဖြစ်တယ်။ လုလင်၊ သူတပါးကို ညှင်းဆဲခြင်းဟာ အနာရောဂါများကြောင်း အကျင့် ဖြစ်တယ်။(၂)

လုလင်၊ လောကမှာ တချို့လူဟာ သူတပါးကို ညှင်းဆဲလေ့မရှိဘူး။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်သို့မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အနာရောဂါ နည်းသူ ဖြစ်တယ်။ လုလင် သူတပါးကို မညှင်းဆဲခြင်းဟာ အနာရောဂါနည်းကြောင်း အကျင့် ဖြစ်တယ်။(၂)

လုလင်၊ လောကမှာ တချို့လူဟာ အမျက်ဒေါသထွက်လေ့ရှိတယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင် လည်း ဖြစ်လေရာ ဘဝမှာ အဆင်းမလှသူဖြစ်တယ်။ လုလင်၊ အမျက်ဒေါသ ထွက်ခြင်းဟာ အဆင်းမလှကြောင်း အကျင့် ဖြစ်တယ်။ (၃)

လုလင်၊ လောကမှာ တချို့လူဟာအမျက်ဒေါသ ထွက်လေ့မရှိဘူး။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်သို့ မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အဆင်းလှသူဖြစ်တယ်။ လုလင်၊ အမျက်ဒေါသ

မထွက်ခြင်းဟာ အဆင်းလှကြောင်း အကျင့် ဖြစ်တယ်။ (၃)

လုလင်၊ လောကမှာ တချို့လူဟာ သူတပါးအား မနာလို စိတ်ရှိတယ်။ သူ သေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာဘဝမှာ အခြံအရံနည်းသူဖြစ်တယ်။ လုလင်၊ သူတပါးအား မနာလိုခြင်းဟာ အခြံအရံ နည်းကြောင်း အကျင့် ဖြစ်တယ်။ (၄)

လုလင်၊ လောကမှာ တချို့လူဟာ သူတပါးအား မနာလို စိတ်ကင်းတယ်။ သူ သေတဲ့အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်သို့ မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေ ရာဘဝမှာ အခြံအရံများသူ ဖြစ်တယ်။ လုလင်၊ သူတပါးအား မနာလိုစိတ်ကင်းခြင်းဟာ အခြံအရံ များကြောင်း အကျင့် ဖြစ်တယ်။ (၄)

လုလင်၊ လောကမှာ တချို့လူဟာ ပေးလှူလေ့မရှိဘူး။ သူ သေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ စည်းစိမ်ဥစ္စာ နည်းနည်းရှိသူ ဖြစ်တယ်။ လုလင် မပေးလှူခြင်းဟာ စည်းစိမ်ဥစ္စာ နည်းနည်းရှိကြောင်း အကျင့် ဖြစ်တယ်။ (၅)

လုလင်၊ လောကမှာ တချို့လူဟာ ပေးလှူလေ့ရှိတယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။

နတ်ပြည်သို့ မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ စည်းစိမ်ဥစ္စာ များများရှိသူ ဖြစ်တယ်။ လုလင်၊ ပေးလှူခြင်းဟာ စည်းစိမ်ဥစ္စာ များများရှိကြောင်း အကျင့် ဖြစ်တယ်။ (၅)

လုလင်၊ လောကမှာ တချို့လူဟာ ခက်ထန်သူ မာနကြီးသူ ဖြစ်တယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အမျိုးညံ့သူ ဖြစ်တယ်။ လုလင် ခက်ထန်ခြင်း မာနကြီးခြင်းဟာ အမျိုးညံ့ကြောင်း အကျင့် ဖြစ်တယ်။ (၆)

လုလင်၊ လောကမှာ တချို့လူဟာ မခက်ထန်သူ မာနမကြီးသူဖြစ်တယ်။ သူသေတဲ့အခါမှာ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်သို့ မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ အမျိုးမြတ်သူဖြစ်တယ်။ လုလင် မခက်ထန်ခြင်း မာနမကြီးခြင်းဟာ အမျိုးမြတ်ကြောင်း အကျင့် ဖြစ်တယ်။ (၆)

လုလင်၊ လောကမှာ တချို့လူဟာ ရဟန်း ပုဏ္ဏား တို့ကို ချဉ်းကပ်၍ ဆွေးနွေး မေးမြန်းလေ့မရှိဘူး။ (ဒါ့ကြောင့် ကုသိုလ်၊ အကုသိုလ် စသည်ကို မသိဘူး။ မသိသောကြောင့် ကုသိုလ်ကို မပြုလုပ်ဘူး။) သူ သေတဲ့အခါ အဲဒီကံကြောင့် ငရဲသို့ ကျရောက်တတ်တယ်။ ငရဲသို့ မကျရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာ ဘဝမှာ ပညာမဲ့သူဖြစ်တယ်။ လုလင် မဆွေးနွေး မမေးမြန်း

ခြင်းဟာ ပညာမဲ့ကြောင်းအကျင့် ဖြစ်တယ်။ (၇)

လုလင်၊ လောကမှာ တချို့လူဟာ ရဟန်း ပုဏ္ဏား တို့ကို ချဉ်းကပ်၍ ဆွေးနွေး မေးမြန်းလေ့ရှိတယ်။ (ဒါ့ကြောင့် ကုသိုလ်၊ အကုသိုလ် စသည်ကို သိတယ်။ သိသောကြောင့် ကုသိုလ်ကို ပြုလုပ်တယ်။) သူ သေတဲ့အခါ အဲဒီကံကြောင့် နတ်ပြည်သို့ ရောက်တတ်တယ်။ နတ်ပြည်မရောက်ဘဲ လူဖြစ်လာလျှင်လည်း ဖြစ်လေရာဘဝမှာ ပညာရှိသူ ဖြစ်တယ်။ လုလင် ဆွေးနွေး မေးမြန်း ခြင်းဟာ ပညာရှိကြောင်း အကျင့် ဖြစ်တယ်။ (၇)

လုလင်၊ အခု ဟောပြခဲ့တဲ့အတိုင်း အသက်တိုကြောင်း အကျင့်ဟာအသက်တိုတဲ့ ဘဝသို့ ပို့ဆောင်တတ်တယ်။ အသက်ရှည်ကြောင်း အကျင့်ဟာ အသက်ရှည်တဲ့ဘဝသို့ ပို့ဆောင်တတ်တယ် ". . . စသည်ဖြင့် ခုနစ်စုံလုံး အကျဉ်းချုပ် ဟောပြတော်မူပြီး တရားတော်ကို နိဂုံးချုပ်တော် မူခဲ့ပါတယ်။

အဲဒီအခါမှာ သုဘလုလင်က မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန်နှစ်သက်သဘောကျပြီး ရတနာသုံးပါးကို အသက်တမျှ ဆည်းကပ် ကိုးကွယ်ခဲ့ပါတယ်။

စူဠကမ္မဝိဘင်္ဂသုတ် ပြီးပြီ။

❊ ❊ ❊

# ၆- မဟာကမ္မဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့ ရှဉ့်နက် တို့အား အစာကျွေး၍ မွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သမိဒ္ဓိဟာ တောရကျောင်းလေးတစ်ဆောင်မှာ သီတင်းသုံးနေတော်မူပါတယ်။ ပေါတလိပုတ္တဆိုတဲ ပရိဗိုဇ်ဟာ အညောင်းပြေလမ်းလျှောက်လာရင်း အရှင်သမိဒ္ဓိအထံသို့ ရောက်လာပါတယ်။ သူက အရှင်သမိဒ္ဓိအား အခုလို လျှောက်ထားပါတယ်။

"ငါ့ရှင် သမိဒ္ဓိ၊ ကာယကံနှင့် ဝစီကံသည် အချည်းအနှီးဖြစ်၍ မနောကံသည်သာ မှန်တယ်။ သမာပတ်တစ်မျိုးကို ဝင်စားလျှင် အဘယ် ဝေဒနာကိုမျှ မခံစားရ။ အဲဒီ သမာပတ်ဟာ ရှိတယ်-လို့ ရဟန်းဂေါတမရဲ့မျက်မှောက်မှ ငါ ကြားနာခဲ့ဖူးတယ်။ မှတ်သားခဲ့ဖူးတယ်။ (ငါကြားနာ၊ မှတ်သားခဲ့ဖူးတဲ့အတိုင်း မြတ်စွာဘုရား ဟောတော်မူရာသလော?)"

"ငါ့ရှင် ပေါတလိပုတ္တ ၊ အဲဒီလို မပြောနှင့်။ ငါ့ရှင် ပေါတလိပုတ္တ ၊ အဲဒီလို မပြောနှင့်။ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်။ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ။ "ကာယကံနှင့် ဝစီကံသည် အချည်းအနှီးဖြစ်ပြီး မနောကံသာ မှန်တယ်" လို့ မြတ်စွာဘုရား မဟောတန်ရာ။

ငါ့ရှင်၊ သမာပတ်တစ်မျိုးကို ဝင်စားသူဟာ ဘာဝေဒနာ

ကိုမျှ မခံစား၊ အဲဒီ သမာပတ်ကတော့ ရှိပါတယ်။ ဒီလိုတော့ မြတ်စွာဘုရား ဟောတော်မူပါတယ်။"

"ငါ့ရှင် သမိဒ္ဓိ၊ ရဟန်းပြုသည်မှာ ဘယ်လောက်ကြာပြီလဲ?"

"ငါ့ရှင်၊ မကြာသေးပါ၊ သုံးဝါမျှသာ ရှိပါသေးတယ်။"

"ဆရာ ဘုရား ဟောထားတဲ့ ကံစတဲ့အရာမှာ ဒီလောက် ငယ်ရွယ်တဲ့ ရဟန်းလေးတောင်မှ ဆရာဘုရားကို အပြစ်တင် မခံရအောင် ကာကွယ်စောင့်ရှောက်သင့်တယ်'-လို့ ထင်မှတ်ထားမှ တော့ ယခုအခါ အဲဒီ ကံစတဲ့အရာမှာ မထေရ်ကြီး ရဟန်းတို့ကို ငါတို့ ဘယ်မေးမြန်း လျှောက်ထားဝံ့ကြတော့မလဲ? ဘာပြောကြ တော့မလဲ? ငါ့ရှင် သမိဒ္ဓိ ၊ စိတ်စေတနာပါတဲ့ (စိတ်ရဲ့ တွန်းအားပါ တဲ့) ကံကို (အလုပ်ကို) ကိုယ်နှုတ်စိတ်ဖြင့် ပြုသူဟာ ဘာကို ခံစား ရသလဲ ?"

"ငါ့ရှင် ပေါတလိပုတ္တ ၊ စိတ်စေတနာပါတဲ့ ကံကို ကိုယ်နှုတ် စိတ်ဖြင့် ပြုသူဟာ ဒုက္ခကို ခံစားရတယ်။"

အဲဒီအခါမှာ ပေါတလိပုတ္တ ပရိဗိုဇ်ဟာ အရှင်သမိဒ္ဓိရဲ့ စကားကို လက်လည်း မခံ၊ ပယ်လည်း မပယ်ဘဲ နေရာမှ ထပြီး ပြန်သွားခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်သမိဒ္ဓိဟာ အရှင်အာနန္ဒာ့ထံသို့ ကြွသွားခဲ့ပါတယ်။ ပေါတလိပုတ္တ ပရိဗိုဇ် နှင့် ပြောခဲ့သမျှ အားလုံး ကို အရှင်အာနန္ဒာအား လျှောက်ထားခဲ့ပါတယ်။ အဲဒီနောက် အရှင် အာနန္ဒာနှင့် အရှင်သမိဒ္ဓိတို့ဟာ မြတ်စွာဘုရားအထံတော်သို့

ကြွသွားခဲ့ကြပါတယ်။ မြတ်စွာဘုရားအထံတော်သို့ ရောက်ကြတဲ့ အခါ အရှင်အာနန္ဒာက အရှင်သမိဒ္ဓိနှင့် ပေါတလိပုတ္တပရိဗိုဇ်တို့ ပြောကြားခဲ့ကြသမျှ စကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက "အာနန္ဒာ၊ ငါဘုရားဟာ ပေါတလိ ပုတ္တပရိဗိုဇ်ကို မြင်ပင် မမြင်တွေ့ဖူး။ အဘယ်မှာ အဲဒီလို ဟောကြားဖူးပါ့မလဲ? အာနန္ဒာ၊ အလကားလူဖြစ်တဲ့ ဒီ သမိဒ္ဓိဟာ ပေါတလိပုတ္တပရိဗိုဇ်အား ခွဲခြားပြီး ဖြေကြားသင့်တဲ့ ပြဿနာကို တစ်ပေါင်းတည်း ဖြေကြားထားရက်တယ်" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို မိန့်ကြားတဲ့အခါ အရှင် ဥဒါယီက - "ဝေဒနာ အားလုံး ဒုက္ခချည်းပဲ' - ဆိုတဲ့ စကားကို ရည်ရွယ်၍ အရှင်သမိဒ္ဓိ ထိုကဲ့သို့ ဖြေကြားခဲ့သည် ဖြစ်လေမလား ဘုရား" လို့ မြတ်စွာဘုရား အား လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်အာနန္ဒာအား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။"အာနန္ဒာ၊ အလကားလူဖြစ်တဲ့ ဒီ ဥဒါယီ ရဲ့ (ပြဿနာမေးခြင်းအားဖြင့်) ပေါ်လာခြင်းကို တွေ့တယ် မဟုတ် လား? 'ဒီ အလကားလူဖြစ်တဲ့ ဥဒါယီဟာ ပေါ်လာလျှင် မသင့် မတင့် (အချိုးမကျ) ပေါ်လာလိမ့်မယ်'-လို့ ငါဘုရားလည်း အခုမှပဲ သိရ တော့တယ်။ (ဥဒါယီဟာ အသိဉာဏ်ခေါင်းပါးလို့ လူတော သူတောမတိုး၊ ငုပ်လျှိုးပြီး မြုပ်ပြီးနေရတယ်။ ပေါ်လာပြီး ပြောပြန် တော့လည်း အချိုးမကျတာကို ပြောတယ်-လို့ နှိပ်ချ၍ ဆုံးမတော်

မှုတဲ့ စကားဖြစ်တယ်။) အာနန္ဒာ၊ ပေါတလိ ပုတ္တပရိဗိုဇ်ဟာ အစကတည်းက ဝေဒနာသုံးပါးကို မေးခဲ့တယ်။ အာနန္ဒာ၊ အလကားလူဖြစ်တဲ့ ဒီ သမိဒ္ဓိဟာ ပေါတလိပုတ္တ ပရိဗိုဇ်အား အခုလို ဖြေကြားသင့်တယ်။ "ငါ့ရှင် ပေါတလိပုတ္တ ၊ ချမ်းသာတဲ့ ဝေဒနာကို ခံစားရကြောင်းဖြစ်တဲ့ စိတ်စေတနာပါတဲ့ (စိတ်ရဲ့တွန်းအားပါတဲ့) ကံကို ကိုယ်နှုတ်စိတ်ဖြင့် ပြုလျှင် အဲဒီလူဟာ ချမ်းသာတဲ့ဝေဒနာကို ခံစားရတယ်။ ဆင်းရဲတဲ့ ဝေဒနာကို ခံစားရကြောင်းဖြစ်တဲ့ စိတ်စေတနာပါတဲ့ (စိတ်ရဲ့တွန်းအားပါတဲ့) ကံကိုကိုယ်နှုတ်စိတ်ဖြင့် ပြုလျှင် အဲဒီလူဟာ ဆင်းရဲတဲ့ ဝေဒနာကို ခံစားရတယ်။ မဆင်းရဲ မချမ်းသာတဲ့ ဝေဒနာကို ခံစားကြောင်း ဖြစ်တဲ့ စိတ်စေတနာပါတဲ့ (စိတ်ရဲ့ တွန်းအားပါတဲ့)ကံကို ကိုယ်နှုတ်စိတ်ဖြင့် ပြုလျှင် သူဟာ မဆင်းရဲ မချမ်းသာတဲ့ ဝေဒနာကို ခံစားရတယ်" လို့ ဖြေကြားသင့်တယ်။

အာနန္ဒာ၊ တကယ်တော့ တချို့ တိတ္ထိ ပရိဗိုဇ်များဟာ ညံ့ဖျင်းကြတယ်။ မြတ်စွာဘုရားရဲ့ ကံအဖွင့် အကျယ်ကို သူတို့ နားလည်ကြလိမ့်မည် မဟုတ်။

အာနန္ဒာ၊ ကံအဖွင့်အကျယ်ကို မြတ်စွာဘုရား ဟောပြတဲ့ အခါ သင်တို့ နာယူကြလျှင် (နားလည်ကြလိမ့်မယ်။)

အာနန္ဒာ၊ လောကမှာ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။

- တချို့ပုဂ္ဂိုလ်ဟာ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုလေ့ရှိတယ်။ သူသေတဲ့အခါ ငရဲသို့ ကျရောက်တယ်။ (၁)

- တချို့ ပုဂ္ဂိုလ်ဟာ ပါဏာတိပါတ စတဲ့ မကောင်းမှုကို ပြုလေ့ရှိတယ်။ သူ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်။ (၂)

- တချို့ ပုဂ္ဂိုလ်ဟာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်လေ့ရှိတယ်။ သူသေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်။(၃)

- တချို့ပုဂ္ဂိုလ်ဟာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်လေ့ရှိတယ်။ သူ သေတဲ့အခါ ငရဲသို့ ရောက်တယ်။ (၄)

အာနန္ဒာ၊ ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ ငရဲသို့ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို တချို့ ရဟန်းပုဏ္ဏားဟာ ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်တယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ "မကောင်းမှုဆိုတာ တကယ်ရှိတယ်၊ ဒုစရိုက်ရဲ့ မကောင်းကျိုးဆိုတာ တကယ်ရှိတယ်။ ဒီဘဝမှာ ပါဏာတိပါတစတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ ငရဲ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရတယ်" လို့ ပြောတယ်။

အဲဒီရဟန်းပုဏ္ဏားဟာ "ပါဏာတိပါတ-စတဲ့ မကောင်းမှု ပြုသူမှန်သမျှဟာ သေတဲ့အခါ ငရဲသို့ ကျရောက်ရတယ်-လို့ သိသူများဟာ အမှန်အတိုင်း သိသူများ ဖြစ်ကြတယ်။ တခြား အခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်"လို့ ဆုံးဖြတ်ပြောဆိုတယ်။

ဒီပုံဒီနည်းအားဖြင့် အဲဒီ ရဟန်းပုဏ္ဏားဟာ သူသိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အကြောင်းအရာပေါ်မှာ ပြင်းပြင်းထန်ထန် (အယူသီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်းသုံးသပ်၍ အဲဒီအကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်။ တခြား အယူဟာ အချည်းအနှီးပဲ" လို့ ပြောဆိုတယ်။ (၁)

အာနန္ဒာ ၊ ဒီဘဝမှာ ပါဏာတိပါတစတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ နတ်ပြည်သို့ ရောက်နေတဲ့ ပုဂ္ဂိုလ်ကို တချို့ ရဟန်းပုဏ္ဏားဟာ ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်တယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ "မကောင်းမှုဆိုတာ တကယ်မရှိ၊ ဒုစရိုက်ရဲ့ မကောင်းကျိုးဆိုတာ တကယ်မရှိ၊ ဒီဘဝမှာ ပါဏာတိပါတစတဲ့ မကောင်းမှုကိုပြုပြီး သေတဲ့အခါ နတ်ပြည်သို့ရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရတယ်"လို့ ပြောတယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ ပါဏာတိပါတစတဲ့ မကောင်းမှုပြုသူ မှန်သမျှဟာ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်-လို့ သိသူများဟာ အမှန်အတိုင်း သိသူများဖြစ်တယ်။ တခြား အခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားတယ်-လို့ ဆုံးဖြတ် ပြောဆိုတယ်။

ဒီပုံ ဒီနည်းအားဖြင့် အဲဒီ ရဟန်းပုဏ္ဏားဟာ သူသိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ - အကြောင်းအရာအပေါ်မှာ ပြင်းပြင်းထန်ထန် (အယူသီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်

၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်၊ တခြားအယူဟာ အချည်းအနှီးပဲ" လို့ ပြောဆိုတယ်။ (၂)

အာနန္ဒာ၊ ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ နတ်ပြည်သို့ရောက်နေတဲ့ ပုဂ္ဂိုလ်ကို တချို့ ရဟန်း ပုဏ္ဏားဟာ ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်တယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ "ကောင်းမှုဆိုတာ တကယ်ရှိတယ်။ သုစရိုက်ရဲ့ ကောင်းကျိုးဆိုတာ တကယ် ရှိတယ်။ ဒီဘဝမှာ ပါဏာတိပါတစတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ နတ်ပြည် ရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရတယ်" လို့ ပြောတယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ "ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်သူ မှန်သမျှဟာ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်-လို့ သိသူများဟာ အမှန်အတိုင်း သိသူများဖြစ်ကြတယ်။ တခြားအခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်" လို့ ဆုံးဖြတ် ပြောဆိုတယ်။

ဒီပုံ ဒီနည်းအားဖြင့် အဲဒီ ရဟန်းပုဏ္ဏားဟာ သူ သိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အကြောင်းအရာအပေါ်မှာ ပြင်းပြင်းထန်ထန် (အယူသီးစွာ၊ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်၊ တခြားအယူဟာ အချည်းအနှီးပဲ" လို့ ပြောဆိုတယ်။(၃)

အာနန္ဒာ၊ ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ ငရဲသို့ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို တချို့ ရဟန်း ပုဏ္ဏားဟာ ဒိဗ္ဗစက္ခုဖြင့် တွေ့မြင်တယ်။

အဲဒီ ရဟန်း ပုဏ္ဏားဟာ "ကောင်းမှုဆိုတာ တကယ် မရှိ။ သုစရိုက်ရဲ့ ကောင်းကျိုးဆိုတာ တကယ် မရှိ။ ဒီဘဝမှာ ပါဏာတိပါတ-စဆဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ ငရဲသို့ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါတွေ့မြင်ရတယ်"လို့ ပြောတယ်။

အဲဒီ ရဟန်းပုဏ္ဏားဟာ "ပါဏာတိပါတ-စတဲ့ မကောင်းမှု မှ ရှောင်ကြဉ်သူ မှန်သမျှဟာ သေတဲ့အခါ ငရဲသို့ ကျရောက်တယ်-လို့ သိသူများဟာ အမှန်အတိုင်း သိသူများ ဖြစ်ကြတယ်။ တခြား အခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်"-လို့ ဆုံးဖြတ် ပြောဆိုတယ်။

ဒီပုံ ဒီနည်းအားဖြင့် အဲဒီ ရဟန်း ပုဏ္ဏားဟာ သူသိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အကြောင်းအရာအပေါ်မှာ ပြင်းပြင်းထန်ထန် (အယူသီးသီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး " ဒီ ငါ့ အယူသာ အမှန် ဖြစ်တယ်၊ တခြား အယူဟာ အချည်းအနှီးပဲ"လို့ ပြောဆိုတယ်။(၄)

အာနန္ဒာ၊ အဲဒီ ရဟန်းပုဏ္ဏားလေးမျိုးအနက် "မကောင်းမှုဆိုတာ တကယ်ရှိတယ်။ ဒုစရိုက်ရဲ့ မကောင်းကျိုးဆိုတာ တကယ်

ရှိတယ်" လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကို ငါဘုရား ခွင့်ပြုတော်မူတယ်။ (သဘောတူ လက်ခံတော်မူတယ်။)

"ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ ငရဲသို့ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါ တွေ့မြင်ရတယ်" လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မူတယ်။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုသူမှန်သမျှ သေတဲ့အခါ ငရဲသို့ ကျရောက်တယ်"- လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မမူ။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုသူမှန်သမျှ သေတဲ့အခါ ငရဲသို့ ကျရောက်တယ်'-လို့ သိသူများသာ အမှန်အတိုင်း သိသူများ ဖြစ်ကြတယ်။ တခြား အခြင်းအရာဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်" လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

မိမိ သိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ၊ အကြောင်းအရာ အပေါ်မှာ ပြင်းပြင်း ထန်ထန် (အယူသီးစွာ တစ်ယူသန်စွာ) မှားမှား ယွင်းယွင်း သုံးသပ်၍ အဲဒီအကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်။ တခြား အယူဟာ အချည်းအနှီးပဲ" လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

အာနန္ဒာ၊ ဘာ့ကြောင့်လဲဆိုတော့ - ကံရဲ့ အကြောင်း ကို

အကျယ်ကြီး ဖွင့်ပြတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော် မြတ်ဟာ တစ်မျိုးတစ်ဖုံ ထူးခြားစွာ ဖြစ်သောကြောင့် ဖြစ်တယ်။ (အဲဒီ ရဟန်းပုဏ္ဏားတို့ရဲ့ အမြင်နှင့် မတူသောကြောင့် ဖြစ်တယ်)(၁)

အာနန္ဒာ၊ အဲဒီ ရဟန်းပုဏ္ဏား လေးမျိုးအနက် "မကောင်းမှု ဆိုတာ တကယ်မရှိ။ ဒုစရိုက်ရဲ့ မကောင်းကျိုးဆိုတာ တကယ်မရှိ"လို့ ပြောဆိုတဲ့ ရဟန်း ပုဏ္ဏားရဲ့ စကားကို ငါဘုရား ခွင့်ပြုတော်မမူ။

"ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့ အခါ နတ်ပြည်သို့ ရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါတွေ့မြင်ရတယ်"-လို့ ပြောဆိုတဲ့ ရဟန်း ပုဏ္ဏားရဲ့ စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မူတယ်။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုသူမှန်သမျှဟာ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်"လို့ ပြောဆိုတဲ့ ရဟန်း ပုဏ္ဏားရဲ့ စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မမူ။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုသူမှန်သမျှ သေတဲ့ အခါ နတ်ပြည်သို့ ရောက်တယ်'-လို့ သိသူများဟာ အမှန်အတိုင်း သိသူများ ဖြစ်ကြတယ်။ တခြား အခြင်းအရာအားဖြင့် သိသူများ ရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်"-လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

မိမိ သိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အကြောင်းအရာအပေါ်

မှာ ပြင်းပြင်းထန်ထန် (အယူသီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့ အယူသာ အမှန် ဖြစ်တယ်။ တခြားအယူဟာ အချည်းအနှီးပဲ"လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

အာနန္ဒာ၊ ဘာ့ကြောင့်လဲ-ဆိုတော့၊ ကံရဲ့အကြောင်းကို အကျယ်ကြီး ဖွင့်ပြတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်မြတ်ဟာ တစ်မျိုးတစ်ဖုံ ထူးခြားစွာ ဖြစ်သောကြောင့် ဖြစ်တယ်။(အဲဒီ ရဟန်းပုဏ္ဏားတို့ရဲ့ အမြင်နှင့် မတူသောကြောင့်ဖြစ်တယ်။) (၂)

အာနန္ဒာ၊ အဲဒီ ရဟန်းပုဏ္ဏား လေးမျိုးအနက် "ကောင်းမှုဆိုတာ တကယ်ရှိတယ်။ သုစရိုက်ရဲ့ ကောင်းကျိုးဆိုတာ တကယ်ရှိတယ်"လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကို ငါဘုရားခွင့်ပြုတော်မူတယ်။

"ဒီဘဝမှာ ပါဏာတိပါတ စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ နတ်ပြည်သို့ ရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါတွေ့မြင်ရတယ်" လို့ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မူတယ်။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်သူမှန်သမျှဟာ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်" လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မမူ။

"ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်သူ မှန်သမျှဟာ သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်'-လို့ သိသူများဟာ အမှန်အတိုင်း သိသူများဖြစ်ကြတယ်။ တခြားအခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်"-လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

မိမိ သိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အဲဒီ အကြောင်းအရာ အပေါ်မှာ ပြင်းပြင်းထန်ထန် (အဟုတ်သီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး "ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်။ တခြားအယူဟာ အချည်းအနှီးပဲ"လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

အာနန္ဒာ၊ ဘာ့ကြောင့်လဲဆိုတော့-ကံရဲ့ အကြောင်းကို အကျယ်ကြီး ဖွင့်ပြတော်မူတဲ့ မြတ်စွာဘုရား ရဲ့ ဉာဏ်တော်မြတ်ဟာ တစ်မျိုးတစ်ဖုံ ထူးခြားစွာ ဖြစ်သောကြောင့် ဖြစ်တယ်။ (အဲဒီ ရဟန်းပုဏ္ဏားတို့ရဲ့ အမြင်နှင့် မတူသောကြောင့် ဖြစ်တယ်။) (၃)

အာနန္ဒာ၊ အဲဒီ ရဟန်းပုဏ္ဏားလေးမျိုးအနက် "ကောင်းမှုဆိုတာ မရှိ၊ သုစရိုက်ရဲ့ ကောင်းကျိုးဆိုတာ မရှိ"လို့ ပြောဆိုတဲ့ ရဟန်းပုဏ္ဏားရဲ့ စကားကို ငါဘုရား ခွင့်ပြုတော်မမူ။

"ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ ငရဲသို့ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါ တွေ့မြင်

ရတယ်”-လို့ ပြောဆိုတဲ့ ရဟန်းပုဂ္ဂိုလ်တို့ရဲ့ စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မူတယ်။

“ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်သူ မှန်သမျှဟာ သေတဲ့အခါ ငရဲသို့ ကျရောက်တယ်”-လို့ ပြောဆိုတဲ့ ရဟန်းပုဂ္ဂိုလ်တို့ရဲ့ စကားကိုတော့ ငါဘုရား ခွင့်ပြုတော်မမူ။

“ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်သူ မှန်သမျှဟာ သေတဲ့အခါ ငရဲသို့ ကျရောက်တယ်’-လို့ သိသူများဟာ အမှန်အတိုင်း သိသူများဖြစ်ကြတယ်။ တခြားအခြင်းအရာအားဖြင့် သိသူများရဲ့ အသိဉာဏ်ဟာ မှားယွင်းတယ်”လို့ ပြောဆိုတဲ့ ရဟန်းပုဂ္ဂိုလ်တို့ရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

မိမိ သိသမျှ၊ မြင်သမျှ၊ ကျွမ်းသမျှ အကြောင်းအရာအပေါ်မှာ ပြင်းပြင်းထန်ထန် (အယူသီးစွာ တစ်ယူသန်စွာ) မှားမှားယွင်းယွင်း သုံးသပ်၍ အဲဒီ အကြောင်းအရာကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး “ဒီ ငါ့အယူသာ အမှန်ဖြစ်တယ်။ တခြားအယူဟာ အချည်းအနှီးပဲ”လို့ ပြောဆိုတဲ့ ရဟန်းပုဂ္ဂိုလ်တို့ရဲ့ စကားကိုလည်း ငါဘုရား ခွင့်ပြုတော်မမူ။

အာနန္ဒာ၊ ဘာ့ကြောင့်လဲဆိုတော့ ကံရဲ့အကြောင်းကို အကျယ်ကြီး ဖွင့်ပြတော်မူတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်မြတ်ဟာ တစ်မျိုးတစ်ဖုံ ထူးခြားစွာ ဖြစ်သောကြောင့် ဖြစ်တယ်။ (အဲဒီ ရဟန်းပုဂ္ဂိုလ်တို့ရဲ့ အမြင်နှင့် မတူသောကြောင့် ဖြစ်တယ်။) (၄)

အာနန္ဒာ၊ "မကောင်းမှုပြုပြီး ငရဲကျသူ၊ နတ်ပြည်ရောက်သူ၊ ကောင်းမှုပြုပြီး နတ်ပြည်ရောက်သူ၊ ငရဲကျသူ' ဆိုတဲ့ ပုဂ္ဂိုလ်လေးယောက်အနက် ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီဘဝမှာ ပါဏာတိပါတစတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ ငရဲသို့ ကျရောက်တယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ ပါဏာတိပါတစတဲ့ မကောင်းမှုကို မပြုမီ ရှေးအခါမှာဖြစ်စေ၊ ပြုပြီး နောက်အခါမှာ ဖြစ်စေ၊ တခြား မကောင်းမှု တစ်မျိုးမျိုးကို ပြုတယ်။ ဒါမှမဟုတ် သေခါနီး ကာလမှာ မှားတဲ့အယူကို ယူတယ်။ သေတဲ့အခါ အဲဒီကံ တစ်မျိုးမျိုးကြောင့်လည်း ငရဲသို့ကျရောက်တတ်တယ်။

ဒီဘဝမှာ သူပြုတဲ့ ပါဏာတိပါတစတဲ့ မကောင်းမှုရဲ့ မကောင်းကျိုးကို ဒီမျက်မှောက်ဘဝမှာဖြစ်စေ၊ ဒုတိယဘဝမှာဖြစ်စေ၊ တတိယစတဲ့ တခြားဘဝတစ်ခုခုမှာဖြစ်စေ ခံစားရနိုင်တယ်။ (ဆိုလိုသည်မှာ-ဒီ စာပိုဒ်ပါ ငရဲကျနေသူရဲ့ ငရဲကျကြောင်းကံမှာ သူရဲ့ ဒီဘဝ ပါဏာတိပါတ-စတဲ့ မကောင်းမှုဖြ်စေ၊ အဲဒီ ပါဏာတိပါတစတဲ့ မကောင်းမှု မပြုမီ ရှေးရှေးအခါက ပြုခဲ့တဲ့ မကောင်းမှုဖြစ်စေ၊ အဲဒီ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုပြီး နောက်အခါမှာ ပြုတဲ့ မကောင်းမှုဖြစ်စေ၊ သေခါနီးမှာ ယူမိတဲ့ မိစ္ဆာအယူ ဖြစ်စေ ဖြစ်နိုင်တယ်လို့ ဆိုလိုရင်း ဖြစ်တယ်။) (၁)

အာနန္ဒာ၊ နောက်ပုဂ္ဂိုလ် တစ်ယောက်ကတော့ ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို ပြုပြီး သေတဲ့အခါ နတ်ပြည်သို့ ရောက်နေတယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ ပါဏာတိပါတ-စတဲ့ မကောင်းမှုကို မပြုမီ ရှေးအခါမှာ ဖြစ်စေ၊ ပြုပြီး နောက်အခါမှာဖြစ်စေ၊ ကောင်းမှု တစ်မျိုးမျိုးကို ပြုလုပ်တယ်။ ဒါမှမဟုတ် သေခါနီးကာလမှာ မှန်တဲ့ အယူကို ယူတယ်။ သူသေတဲ့အခါမှာ အဲဒီကံတစ်မျိုးမျိုးကြောင့် နတ်ပြည်သို့ ရောက်တယ်။

ဒီဘဝမှာ သူပြုတဲ့ ပါဏာတိပါတ-စတဲ့ မကောင်းမှုရဲ့ မကောင်းကျိုးကိုတော့ ဒီမျက်မှောက်ဘဝမှာ ဖြစ်စေ၊ ဒုတိယဘဝ (ပဋိသန္ဓေ နေပြီးနောက် ကြီးပြင်းတဲ့အခါ)မှာ ဖြစ်စေ၊ တတိယစတဲ့ တခြားဘဝတစ်ခုခုမှာ ဖြစ်စေ ခံစားရနိုင်တယ်။ (၂)

အာနန္ဒာ၊နောက်ပုဂ္ဂိုလ် တစ်ယောက်ကတော့ ဒီဘဝမှာ ပါဏာတိပါတ-စတဲ့ မကောင်းမှုမှ ရှောင်ကြဉ်ပြီး သေတဲ့အခါ နတ်ပြည်သို့ ရောက်တယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်မှု ကုသိုလ်ကို မပြုမီ ရှေးအခါမှာဖြစ်စေ၊ ပြုပြီး နောက်အခါမှာ ဖြစ်စေ ကောင်းမှု တစ်မျိုးမျိုးကို ပြုတယ်။ ဒါမှ မဟုတ် သေခါနီး ကာလမှာ မှန်တဲ့ အယူကို ယူတယ်။ သူ သေတဲ့အခါမှာ အဲဒီကံ တစ်မျိုးမျိုးကြောင့်လည်း နတ်ပြည်သို့ ရောက်တတ်တယ်။

ဒီဘဝမှာ သူပြုတဲ့ ပါဏာတိပါတစသည်မှ ရှောင်ကြဉ်မှု ကုသိုလ်ရဲ့ ကောင်းကျိုးကိုတော့ ဒီမျက်မှောက်ဘဝမှာဖြစ်စေ၊ ဒုတိယ ဘဝမှာဖြစ်စေ၊ တတိယ စတဲ့ တခြားဘဝတစ်ခုခုမှာ ဖြစ်စေ

ခံစားရနိုင်တယ်။ (ဒီ ပုဂ္ဂိုလ်ရဲ့ နတ်ပြည်ရောက်ကြောင်းကံဟာ လည်း ဒီဘဝမှာ သူပြုတဲ့ ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်မှု ကုသိုလ်ကံဖြစ်စေ၊ အဲဒီ ကုသိုလ်ရဲ့ ရှေးကုသိုလ်၊ နောက်ကုသိုလ် တစ်မျိုးမျိုးဖြစ်စေ၊ သေခါနီးမှာ ယူမိတဲ့ မှန်တဲ့ အယူဖြစ်စေ ဖြစ်နိုင် တယ်။) (၃)

အာနန္ဒာ၊ နောက်ပုဂ္ဂိုလ်တစ်ယောက်ကတော့ ဒီဘဝမှာ ပါဏာတိပါတ-စသည်မှ ရှောင်ကြဉ်ပြီး သေတဲ့အခါ ငရဲသို့ ကျ ရောက်တယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ အဲဒီ ပါဏာတိပါတစသည်မှ ရှောင်ကြဉ် မှု ကုသိုလ်ကို မပြုမီ ရှေးအခါမှာဖြစ်စေ၊ ပြုပြီး နောက်အခါမှာ ဖြစ်စေ မကောင်းမှု တစ်မျိုးမျိုးကို ပြုလုပ်တယ်။ ဒါမှ မဟုတ် သေခါ နီး အခါမှာ မှားတဲ့ အယူကို ယူတယ်။ သူသေတဲ့အခါမှာ အဲဒီ ကံ တစ်မျိုးမျိုးကြောင့် ငရဲသို့ ကျရောက်တယ်။

ဒီဘဝမှာ သူပြုတဲ့ ပါဏာတိပါတစသည်မှ ရှောင်ကြဉ်မှု ကုသိုလ်ရဲ့ ကောင်းကျိုးကိုတော့ ဒီမျက်မှောက်ဘဝမှာဖြစ်စေ၊ ဒုတိယဘဝ (ပဋိသန္ဓေနေပြီးနောက် ကြီးပြင်းတဲ့အခါ)မှာဖြစ်စေ၊ တတိယဘဝစတဲ့ ဘဝတစ်ခုခုမှာဖြစ်စေ ခံစားရနိုင်တယ်။ (၄)

အခု ဟောကြားခဲ့တဲ့ အတိုင်းပဲ အာနန္ဒာ၊

(က) မဖြစ်ထိုက် သယောင်ရှိပြီး မဖြစ်ထိုက်တဲ့ ကံဆို

တာရှိတယ်။ (ငရဲကျသူရဲ့ မကောင်းမှုကံ၊ ဒီကံဟာ ကောင်းမှုကံ မဖြစ်ထိုက် သဃောင် လည်းရှိ မဖြစ်လည်း မဖြစ်ထိုက်တဲ့ ကံဖြစ် တယ်။ နတ်ပြည်ရောက်သူရဲ့ ကောင်းမှုကံ၊ ဒီကံဟာ မကောင်းမှုကံ မဖြစ်ထိုက် သဃောင်လည်းရှိ၊ မဖြစ်လည်း မဖြစ်ထိုက်တဲ့ ကံဖြစ်တယ်။)

(ခ) မဖြစ်ထိုက်သဃောင်ရှိပြီးဖြစ်ထိုက်တဲ့ကံဆိုတာ ရှိတယ်။ (နတ်ပြည်ရောက်သူရဲ့ မကောင်းမှုကံ နှင့် ငရဲကျသူရဲ့ ကောင်းမှုကံ)

(ဂ) ဖြစ်ထိုက်သဃောင်ရှိပြီး ဖြစ်လည်းဖြစ်ထိုက်တဲ့ကံ ဆိုတာရှိတယ်။ (ငရဲကျသူရဲ့ မကောင်းမှုကံနှင့် နတ်ပြည်ရောက်သူ ရဲ့ ကောင်းမှုကံ။)

(ဃ) ဖြစ်ထိုက်သဃောင်ရှိပြီး မဖြစ်ထိုက်တဲ့ကံဆိုတာ ရှိတယ်။ (နတ်ပြည်ရောက်သူရဲ့ မကောင်းမှု ကံ။ ဒီကံဟာ ကောင်းမှုကံ ဖြစ်ထိုက် သဃောင်ရှိ ပေမဲ့ မဖြစ်ထိုက်တဲ့ကံ ဖြစ်တယ်။ ငရဲကျသူရဲ့ ကောင်းမှုကံ။ ဒီကံဟာ မကောင်းမှု ကံ ဖြစ်ထိုက် သဃောင် ရှိပေမဲ့ မဖြစ်ထိုက်တဲ့ကံ ဖြစ်တယ်။)

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ ပါတယ်။

(၃၈)

မြတ်စွာဘုရားရဲ့ တရားတော်ကို အရှင်အာနန္ဒာ သဘောကျ နှစ်သက်ပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ပါတယ်။

မဟာကမ္မဝိဘင်္ဂသုတ် ပြီးပြီ။

❊ ❊ ❊

# ၇- သဠာယတနဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီ အာယတန ခြောက်ပါးအဖွင့်ကို ရဟန်းတော်တို့အား ဟောကြားတော်မူခဲ့ပါတယ်။

(က) ကိုယ်တွင်းအာယတန ၆ - ပါး

(ခ) ကိုယ်ပအာယတန ၆ - ပါး

(ဂ) အသိအပေါင်း ၆ - ပါး

(ဃ) တွေ့ထိမှုအပေါင်း ၆ - ပါး

(င) စိတ်ရဲ့ကြံစည်သုံးသပ်မှု ၁၈ - ပါး

(စ) သတ္တဝါတို့ရဲ့ ခြေနင်းတူတဲ့အရာ ၃၆-ပါး တို့ကို သိရမည်။

(ဆ) အဲဒီ ၃၆-ပါး အနက် ဒီဟာကို အမှီပြု၍ ဒီဟာကို ပယ်ကြ။

(ဇ) သတိပဋ္ဌာန် သုံးပါး၊
ယင်း သတိပဋ္ဌာန် သုံးပါးကို ကျင့်သုံးတဲ့ ဆရာဟာ တပည့်အပေါင်းကို ဆုံးမထိုက်သူ ဖြစ်တယ်။

(ဈ) အဲဒီ ဆရာဟာ ဆုံးမထိုက်သူတို့ကို ဆုံးမသူတို့တွင် အမြတ်ဆုံး ဖြစ်တယ်။

ဒီ ၉-ချက်ဟာ အာယတနခြောက်ပါးအဖွင့်ရဲ့ အကျဉ်းခေါင်းစဉ် (မာတိကာ) ဖြစ်တယ်။

(က) ကိုယ်တွင်း အာယတန ၆-ပါးဆိုတာက- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ ဖြစ်တယ်။

(ခ) ကိုယ်ပအာယတန ၆-ပါးဆိုတာက- အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သိစရာသဘော-တို့ ဖြစ်တယ်။

(ဂ) အသိအပေါင်း ၆-ပါး ဆိုတာက-မျက်စိအသိ၊ နားအသိ၊ နှာခေါင်းအသိ၊ လျှာအသိ၊ ကိုယ်အသိ၊ စိတ်အသိ-တို့ ဖြစ်တယ်။

(ဃ) တွေ့ထိမှုအပေါင်း ၆-ပါးဆိုတာက-မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့တို့ ဖြစ်တယ်။

(င) စိတ်ရဲ့ ကြံစည်သုံးသပ်မှု ၁၈-ပါး ဆိုတာက-မျက်စိဖြင့် အဆင်းကို မြင်တဲ့အခါ အဆင်းကို သောမနဿရဲ့ အကြောင်းဖြစ်အောင် ကြံစည် သုံးသပ်တယ်။ အဆင်းကို ဒေါမနဿရဲ့

အကြောင်း ဖြစ်အောင် ကြံစည် သုံးသပ်တယ်။ အဆင်းကို ဥပေက္ခာရဲ့ အကြောင်းဖြစ်အောင် ကြံစည်သုံးသပ်တယ်။ ထို့အတူ

- နားဖြင့် အသံကိုကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို ရှူတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် သိစရာသဘောကို သိတဲ့အခါ တို့မှာလည်း

အဲဒီအာရုံတွေကို သောမနဿရဲ့ အကြောင်း၊ ဒေါမနဿရဲ့ အကြောင်း ၊ ဥပေက္ခာရဲ့အကြောင်းဖြစ်အောင် အသီးအသီး ကြံစည်သုံးသပ်တယ်။

(စ) သတ္တဝါတို့ရဲ့ ခြေနှင့်တူတဲ့ တရား ၃၆-ပါး ဆိုတာက-

- ကာမဂုဏ်နှင့်စပ်ယှဉ်တဲ့ သောမနဿ ၆-ပါး
- ဝိပဿနာနှင့်စပ်ယှဉ်တဲ့ သောမနဿ ၆-ပါး
- ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါး
- ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါး
- ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါး
- ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါး တို့ ဖြစ်တယ်။

အဲဒီ ၆-ပါးစီအနက် ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါ။ ဆိုတာက-

- ပစ္စုပ္ပန်ဖြစ်တဲ့ နှစ်သက်ဖွယ်အဆင်း ရခြင်းကို နှစ်သက်ဖွယ်အဆင်းရခြင်းအားဖြင့် (နှစ်သက်ဖွယ်အဆင်းကို ရလေစွ-ဟု) အဖန်ဖန်ရှုသော ပုဂ္ဂိုလ်မှာဖြစ်စေ၊ ရှေးက ရခဲ့ဖူးပြီး ကွယ်ပျောက်သွားခဲ့တဲ့ နှစ်သက်ဖွယ်အဆင်းကို ပြန်လည် အောက်မေ့သူမှာ ဖြစ်စေ ဖြစ်ပေါ်လာတဲ့ သောမနဿဟာ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ သောမနဿ ဖြစ်တယ်။

ထို့အတူ ပစ္စုပ္ပန်နှင့် အတိတ်ဖြစ်ကြတဲ့ နှစ်သက်ဖွယ်

- အသံ
- အနံ့
- အရသာ
- အတွေ့အထိ

- သိစရာသဘောတို့ကို အဖန်ဖန်ရှုသောသူ၊ ပြန်လည် အောက်မေ့သော သူတို့မှာ ဖြစ်ကြတဲ့ သောမနဿ အသီးသီးဟာလည်း ကာမဂုဏ်နှင့်စပ်ယှဉ်တဲ့ သောမနဿများ ဖြစ်ကြတယ်။

ဝိပဿနာနှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးဆိုတာက-

- အဆင်းတို့ရဲ့ မမြဲပုံ၊ ဖောက်ပြန်ပျက်စီးချုပ်ပျောက်ပုံတို့ကိုသာ သိရ၍ " ရှေးက အဆင်းများရော ၊ အခုအဆင်းများပါ မမြဲကြပါတကား။ ဆင်းရဲကြပါတကား၊ ဖောက်ပြန်ခြင်း သဘောရှိကြပါတကား"လို့ အမှန်အတိုင်း အမှန်သိတဲ့ ပညာဖြင့် ရှုကြည့်တဲ့ ပုဂ္ဂိုလ်မှာ ဖြစ်ပေါ်လာတဲ့ သောမနဿဟာ ဝိပဿနာနှင့် စပ်ယှဉ်

တဲ့ သောမနဿ ဖြစ်တယ်။

ကာမဂုဏ်နှင့်စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါးဆိုတာက-

- ပစ္စုပ္ပန်ဖြစ်တဲ့ နှစ်သက်ဖွယ်အဆင်း မရခြင်းကို နှစ်သက်ဖွယ်အဆင်း မရခြင်းအားဖြင့် (နှစ်သက်ဖွယ်အဆင်းကို မရလေခြင်း) ဟု အဖန်ဖန်ရှုသော ပုဂ္ဂိုလ်မှာ ဖြစ်စေ၊ ရှေးက မရခဲ့ဖူးဘဲ ကွယ်ပျောက်သွားခဲ့တဲ့ နှစ်သက်ဖွယ် အဆင်းကို (မရခဲ့လေခြင်းဟု) ပြန်လည် အောက်မေ့ သူမှာဖြစ်စေ ဖြစ်ပေါ်လာတဲ့ ဒေါမနဿဟာ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ဖြစ်တယ်။

ထို့အတူ ပစ္စုပ္ပန်မှာရော၊ အတိတ်မှာပါ မရတဲ့ နှစ်သက်ဖွယ်

- အသံ
- အနံ့
- အရသာ
- အတွေ့အထိ
- သိစရာသဘောတို့ကို

အဖန်ဖန် ရှုသောသူ၊ ပြန်လည်အောက်မေ့သော သူတို့မှာ ဖြစ်ပေါ်လာကြတဲ့ ဒေါမနဿ အသီးသီးဟာလည်း ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဒေါမနဿများ ဖြစ်ကြတယ်။

ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါးဆိုတာက-

အဆင်းတို့ရဲ့ မမြဲပုံ၊ ဖောက်ပြန်ပုံ၊ ပျက်စီးပုံ၊ ချုပ်ပျောက်ပုံတို့ကိုသာ

သိရ၍ "ရှေးကအဆင်းများရော၊ အခုအဆင်းများပါ အဆင်းအားလုံးဟာ မမြဲကြပါတကား၊ ဆင်းရဲကြပါတကား၊ ဖောက်ပြန်ခြင်းသဘောရှိကြပါတကား"လို့ အမှန်အတိုင်း အမှန်သိတဲ့ပညာဖြင့်ရှု၍ "ဘယ်အခါကျမှ အရဟတ္တဖိုလ်ကို ငါ ရပါ့မလဲ"လို့ တောင့်တမှုကိုပြုတယ်။ အဲဒီလို တောင့်တတဲ့ ပုဂ္ဂိုလ်မှာ တောင့်တမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဒေါမနဿဟာ ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဒေါမနဿဖြစ်တယ်။

- အသံ
- အနံ့
- အရသာ
- အတွေ့အထိ
- သိစရာသဘောတို့ရဲ့

မမြဲပုံ စသည်ကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်ကို တောင့်တသူများမှာ အဲဒီ တောင့်တမှုကြောင့် ဖြစ်ပေါ်လာကြတဲ့ ဒေါမနဿအသီးအသီးဟာလည်း ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဒေါမနဿများဖြစ်ကြတယ်။

ကာမဂုဏ်နှင့်စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါးဆိုတာက - မျက်စိဖြင့် အဆင်းကို မြင်တဲ့အခါ ကိလေသာနှင့် အနာဂတ်အကျိုးတရားကို မအောင်သေး၊ အပြစ်ဟု ရှုလေ့မရှိသေး၊ အကြားအမြင် မရှိသေးတဲ့ မိုက်မဲ တွေဝေတဲ့ ပုထုဇဉ်မှာ လျစ်လျူရှုမှု ဖြစ်တယ်။ အဲဒီ

လျစ်လျူရှုမှုဟာ (ကာမဂုဏ်ဖြစ်တဲ့) အဆင်းကို မကျော်လွန်နိုင်သေး။ ဒါ့ကြောင့် အဲဒီ လျစ်လျူရှုမှုဟာ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ဖြစ်တယ်။

- နားဖြင့် အသံကို ကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို နမ်းရှူတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် သိစရာကို သိတဲ့အခါ တို့မှာ

ပုထုဇဉ်ပုဂ္ဂိုလ်များမှာ ဖြစ်တဲ့ ဥပေက္ခာများဟာလည်း ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဥပေက္ခာများ ဖြစ်ကြတယ်။

ဝိပဿနာ နှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါး ဆိုတာက -

အဆင်းတို့ရဲ့ မမြဲပုံ၊ ဖောက်ပြန်ပုံ၊ ပျက်စီးပုံ၊ ချုပ်ပျောက်ပုံတို့ကိုသာ သိရ၍ "ရှေးက အဆင်းများရော အခု အဆင်းများပါ အဆင်းအားလုံးဟာ မမြဲကြပါတကား၊ ဆင်းရဲကြပါတကား၊ ဖောက်ပြန်ကြပါတကား၊ ဖောက်ပြန်ခြင်းသဘောရှိကြပါတကား" လို့ အမှန်အတိုင်း အမှန်သိတဲ့ ပညာဖြင့် ရှုဆင်ခြင်တဲ့ ပုဂ္ဂိုလ်မှာ လျစ်လျူရှုမှု ဖြစ်တယ်။ အဲဒီ လျစ်လျူရှုမှုဟာ (ကာမဂုဏ်ဖြစ်တဲ့) အဆင်းကို ကျော်လွန်တယ်။ ဒါ့ကြောင့် အဲဒီ လျစ်လျူရှုမှုဟာ (ကာမဂုဏ်နှင့် မစပ်ယှဉ်ဘဲ) ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ဖြစ်တယ်။

- အသံ
- အနံ့
- အရသာ
- အတွေ့အထိ
- သိစရာသဘော - တို့ရဲ့

မမြဲပုံစသည်ကို ဝိပဿနာရှုသူများမှာ ဖြစ်ပေါ်လာတဲ့ ဥပေက္ခာ အသီးသီးဟာလည်း ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ များ ဖြစ်ကြတယ်။

(ဆ) အဲဒီ ၃၆-ပါးအနက် ဒီဟာကို မှီ၍ ဒီဟာကို ပယ်ကြ-ဆိုတာက -

- ဝိပဿနာ နှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးကို မှီ၍ (ဖြစ်စေ၍) ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးကို ပယ်ကြ၊ ကျော်လွှားကြ။

- ဝိပဿနာ နှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါးကို ဖြစ်စေ၍ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါးကို ပယ်ကြ၊ ကျော်လွှား ကြ။

- ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါးကို ဖြစ်စေ၍ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးကို ပယ်ကြ၊ ကျော်လွှားကြ။

- ဝိပဿနာနှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးကို ဖြစ်စေ

၍ ဝိပဿနာ နှင့် စပ်ယှဉ်တဲ့ ဒေါမနဿ ၆-ပါးကို ပယ်ကြ၊ ကျော်လွှားကြ။

- ဝိပဿနာနှင့် စပ်ယှဉ်တဲ့ ဥပေက္ခာ ၆-ပါးကို ဖြစ်စေ၍ ဝိပဿနာနှင့် စပ်ယှဉ်တဲ့ သောမနဿ ၆-ပါးကို ပယ်ကြ ကျော်လွှားကြ။

ရဟန်းတို့၊ အမျိုးမျိုးသော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် အမျိုးမျိုးသော သဘောရှိတဲ့ ဥပေက္ခာဆိုတာ ရှိတယ်။ တစ်ခုတည်းသော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် တစ်ခုတည်းသော သဘောရှိတဲ့ ဥပေက္ခာဆိုတာ ရှိတယ်။

ရဟန်းတို့၊ အမျိုးမျိုးသော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် အမျိုးမျိုးသော သဘောရှိတဲ့ ဥပေက္ခာဆိုတာ-

အဆင်းများ၊ အသံများ၊ အနံ့များ၊ အရသာများ၊ အတွေ့အထိများ အပေါ်မှာ လျစ်လျူရှုမှု ဖြစ်တယ်။

တစ်ခုတည်းသော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် တစ်ခုတည်း သော သဘောရှိတဲ့ ဥပေက္ခာဆိုတာ -

- အာကာသာနဉ္စာယတနစျာန်နှင့်အတူဖြစ်တဲ့ ဥပေက္ခာ
- ဝိညာဏဉ္စာယတနစျာန်နှင့်အတူဖြစ်တဲ့ ဥပေက္ခာ
- အာကိဉ္စညာယတနစျာန်နှင့်အတူဖြစ်တဲ့ ဥပေက္ခာ
- နေဝသညာနာသညာယတနစျာန်နှင့်အတူဖြစ်တဲ့

ဥပေက္ခာတို့ဖြစ်ကြတယ်။ (အဲဒီ စျာန်များဟာ အာရုံ တစ်ပါးစီကို သာ အာရုံပြုတဲ့အတွက် အဲဒီစျာန်များနှင့်အတူတကွဖြစ်တဲ့ ဥပေက္ခာကလည်း အာရုံတစ်ပါးတည်းကိုသာ အာရုံပြုတော့တယ်။)

ရဟန်းတို့၊ တစ်ခုတည်းသော အာရုံကို မှီ၍ဖြစ်တဲ့အတွက် တစ်ခုတည်းသော သဘောရှိတဲ့ ဥပေက္ခာကို ဖြစ်စေ၍ အမျိုးမျိုး သော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် အမျိုးမျိုးသော သဘောရှိတဲ့ ဥပေက္ခာကို ပယ်ကြ ကျော်လွှားကြ။

ရဟန်းတို့၊ ထင်တဲ့အတိုင်း မဖြစ်ပုံ မမြဲပုံကို အာရုံပြုတဲ့ ဝိပဿနာကို (ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို) ဖြစ်စေ၍ တစ်ခုတည်း သော အာရုံကို မှီ၍ ဖြစ်တဲ့အတွက် တစ်ခုတည်းသော သဘော ရှိတဲ့ ဥပေက္ခာကို ပယ်ကြ ကျော်လွှားကြ။ အဲဒီလို တစ်ခုကို ဖြစ်စေ ခြင်းဟာ တခြားတစ်ခုကို ပယ်ခြင်း ကျော်လွှားခြင်း ဖြစ်တယ်။

(ဈ)သတိပဋ္ဌာန်သုံးပါး (သတိထားခြင်း ၃-မျိုး၊)

ယင်းသုံးပါးကို မှီဝဲကျင့်သုံးတဲ့ ဆရာသည် တပည့်အပေါင်း ကို ဆုံးမထိုက်တယ်ဆိုတာ -

ရဟန်းတို့၊ဒီသာသနာတော်မှာ မြတ်စွာဘုရားဟာ တပည့် တို့အား တရားဟောပြတော်မူတယ်။ တပည့်တို့အား သနား၍ တပည့်တို့ရဲ့ အကျိုးကို လိုလား၍ "ဒါဟာ သင်တို့ရဲ့ ကြီးပွားကြောင်း ဖြစ်တယ်။ ဒါဟာ သင်တို့ရဲ့ ချမ်းသာကြောင်းဖြစ်တယ်" လို့ ညွှန် ကြားတော်မူတယ်။ ဒါပေမဲ့ တပည့်များဟာ မြတ်စွာဘုရားရဲ့ တရား

တော်ကို ယုံယုံကြည်ကြည် မနာယူလိုကြ၊ နားမထောင်ကြ၊ စိတ်မဝင်စားကြ၊ မလိုက်နာ မကျင့်သုံးကြဘူး။ ရဟန်းတို့ မြတ်စွာ ဘုရားဟာ အဲဒီတပည့်တို့အပေါ်၌သော်မှ မနှစ်မြို့မှု ဖြစ်တော်မမူ။ မနှစ်မြို့မှုကို ခံစားတော်မမူ။ ရန်ငြိုးဖွဲ့မှု ပြုလုပ်ယိုစီးတော်မမူ။ သတိနှင့် အသိ ယှဉ်လျက်သာ သီတင်းသုံးတော်မူတယ်။

ရဟန်းတို့ ၊ဒါဟာ ပထမဆုံး သတိပဋ္ဌာန် ဖြစ်တယ်။ ယင်းသတိပဋ္ဌာန်ကို မှီဝဲ ကျင့်သုံးတဲ့ ဆရာဟာ တပည့်အပေါင်းကို ဆုံးမထိုက်တယ်။

ရဟန်းတို့၊ နောက် သတိပဋ္ဌာန်တစ်မျိုးကတော့- ဆရာဘုရားဟာ တပည့်တို့အား တရားကို ဟောပြတယ်။ တပည့်တို့အား သနား၍ တပည့်တို့ရဲ့ အကျိုးကို လိုလား၍ "ဒါဟာ သင်တို့ရဲ့ ကြီးပွားကြောင်း ဖြစ်တယ်။ ဒါဟာ သင်တို့ရဲ့ ချမ်းသာကြောင်း ဖြစ်တယ်" လို့ ညွှန်ပြတော်မူတယ်။

အဲဒီအခါမှာ တချို့ တပည့်များဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို ယုံယုံကြည်ကြည် မနာယူလိုကြ၊ နားမထောင်ကြ၊ စိတ်မဝင်စားကြ၊ မလိုက် နာ မကျင့်သုံးကြဘူး။

တချို့ တပည့်များကတော့ မြတ်စွာဘုရားရဲ့ တရားတော်ကို ယုံယုံကြည်ကြည် နာယူလိုကြ၊ နားထောင်ကြ၊ စိတ်ဝင်စားကြ၊ လိုက်နာကျင့်သုံးကြတယ်။

ရဟန်းတို့၊ အဲဒီ တပည့် နှစ်မျိုးလုံး အပေါ်မှာ မြတ်စွာဘုရားဟာ မနှစ်မြို့မှုလည်း ဖြစ်တော်မမူ။ မနှစ်မြို့မှုကိုလည်း

ခံစားတော်မမူ။ အဲဒီ နှစ်မျိုးလုံးကို ကြဉ်ဖယ်၍ ဥပေက္ခာပြုတော်မူတယ်။ သတိနှင့်အသိယှဉ်လျက်သာ သီတင်းသုံးတော်မူတယ်။

ရဟန်းတို့၊ ဒါဟာ ဒုတိယ သတိပဋ္ဌာန်ဖြစ်တယ်။ ယင်း သတိပဋ္ဌာန်ကို မှီဝဲကျင့်သုံးတဲ့ ဆရာဟာ တပည့်အပေါင်းကို ဆုံးမထိုက်တယ်။

ရဟန်းတို့၊ နောက် သတိပဋ္ဌာန်တစ်မျိုးကတော့ - ဆရာဘုရားဟာ တပည့်တို့အား တရား ဟောပြတော်မူတယ်။ တပည့်တို့အား သနား၍ တပည့်တို့ရဲ့ အကျိုးကို လိုလား၍ "ဒါဟာ သင်တို့ရဲ့ ကြီးပွားကြောင်း ဖြစ်တယ်။ ဒါဟာ သင်တို့ရဲ့ ချမ်းသာကြောင်း ဖြစ်တယ်"လို့ ညွှန်ပြတော်မူတယ်။

အဲဒီအခါမှာ တပည့်များဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို ယုံယုံကြည်ကြည် နာယူလိုကြတယ်။ နားထောင်ကြတယ်။ စိတ်ဝင်စားကြတယ်။ လိုက်နာကျင့်သုံးကြတယ်။

အဲဒီ တပည့်များအပေါ်မှာ မြတ်စွာဘုရားဟာ နှစ်မြို့တော်မူတယ်။ နှစ်မြို့ခြင်းကို ခံစားတော်မူတယ်။ ဒါပေမဲ့ စွဲမက်ခြင်း ရာဂ ပြည့်ပုပ်တော့ ယိုစီးတော်မမူ။ သတိနှင့်အသိ ယှဉ်လျက်သာ သီတင်းသုံးတော်မူတယ်။

ရဟန်းတို့၊ ဒါဟာ တတိယ သတိပဋ္ဌာန် ဖြစ်တယ်။ ယင်း သတိပဋ္ဌာန်ကို မှီဝဲကျင့်သုံးတဲ့ဆရာဟာ တပည့်အပေါင်းကို ဆုံးမထိုက်တယ်။

(ဈ) အဲဒီဆရာဟာ ဆုံးမထိုက်သူတို့ကို ဆုံးမသူတို့တွင် အမြတ်ဆုံးဖြစ်တယ်ဆိုတာ - ရဟန်းတို့ ဆင်ဆရာက ဆင်ကို ဆုံးမ မောင်းနှင်တဲ့အခါ အဲဒီ ဆင်ဟာ အရှေ့အရပ်သို့ဖြစ်စေ၊ အနောက်အရပ်သို့ဖြစ်စေ မြောက်အရပ်သို့ဖြစ်စေ၊ တောင် အရပ်သို့ဖြစ်စေ၊ တစ်ခု တည်းသောအရပ်သို့သာ ပြေးသွား တတ်တယ်။

မြင်းဆရာ၊ နွားဆရာ ကို့ ဆုံးမတဲ့၊ မြင်း၊ နွားများဟာလည်း ထို့အတူပဲ ဖြစ်တယ်။

ရဟန်းတို့၊ မြတ်စွာဘုရားရဲ့ အဆုံးအမကို ခံယူကျင့်သုံးရတဲ့ ပုဂ္ဂိုလ်ကတော့ အရပ်ရှစ် မျက်နှာတို့သို့ လှည့်ပြေးနိုင်တယ်။

- ရူပစျာန်ရှိပြီး ကသိုဏ်းရုပ်တို့ကို ရှုခြင်းဟာ ပထမအရပ်ဖြစ်တယ်။

- ကိုယ်တွင်း သန္တာန်မှာ ရူပသညာ မရှိဘဲ ကိုယ်ပမှာ ကသိုဏ်း ရုပ်တို့ကို ရှုခြင်းဟာ ဒုတိယအရပ် ဖြစ်တယ်။

- တင့်တယ်၏-ဟု နှလုံးသွင်းခြင်းဟာ တတိယအရပ် ဖြစ်တယ်။

- အရူပစျာန်လေးပါးကို ဝင်စားခြင်းတို့ဟာ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌ၊ သတ္တမ-အရပ်တို့ ဖြစ်ကြတယ်။

- နိရောဓသမာပတ်ကို ဝင်စားခြင်းဟာ အဋ္ဌမအရပ် ဖြစ်တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတော်များလည်း မြတ်စွာဘုရားရဲ့ တရားတော် ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

သဠာယတနဝိဘင်္ဂသုတ် ပြီးပြီ။

※ ※ ※

# ဂ– ဥဒ္ဒေသဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရဟန်းတော်တို့အား -

“ ရဟန်းတို့၊ ရဟန်းဆိုတာ မိမိရဲ့ အသိစိတ်ကို ပြင်ပအာရုံမှာလည်း မပျံ့လွင့်အောင် စူးစမ်းဆင်ခြင်သင့်တယ်။ ကိုယ်တွင်းအာရုံမှာလည်း စွဲကပ်တည်မနေအောင် စူးစမ်းဆင်ခြင်သင့်တယ်။ စွဲလမ်းမှုကင်း၍ မထိတ်လန့်မတုန်လှုပ်အောင်လည်း စူးစမ်းဆင်ခြင်သင့်တယ်။ ရဟန်းတို့ အသိစိတ်ဟာ ပြင်ပအာရုံမှာလည်း မပျံ့လွင့် ကိုယ်တွင်းအာရုံမှာလည်း စွဲကပ်မတည်တဲ့အခါ စွဲလမ်းမှု ကင်း၍ မထိတ်လန့် မတုန်လှုပ်တဲ့ ရဟန်းမှာ နောင်အခါ ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ သေရခြင်း- ဆင်းရဲများ ဖြစ်ခြင်းမရှိတော့” လို့ ဟောကြားတော်မူပြီး နေရာမှထတော်မူကာ ကျောင်းတော်သို့ ဝင်သွားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းများက အဲဒီ တရားတော်ရဲ့ အကျယ်အဓိပ္ပါယ်ကို အရှင်မဟာကစ္စာနမထေရ်အား မေးမြန်းလျှောက်ထားခဲ့ကြပါတယ်။

အဲဒီအခါမှာ အရှင်မဟာကစ္စာနမထေရ်က အခုလို ဖြေကြားတော်မူခဲ့ပါတယ်။

"ငါ့ရှင်တို့ ပြင်ပအာရုံမှာ ပျံ့လွင့်တဲ့ စိတ်ဆိုတာက - ရဟန်း တစ်ပါးဟာ မျက်စိဖြင့် အဆင်းကို မြင်တဲ့အခါ အဲဒီ အဆင်းအာရုံ ကို (ကိလေသာဖြစ်ကြောင်း အဆင်းကို) သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် ယှဉ်တဲ့ စိတ် သူ့မှာ ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်ကို ပြင်ပအာရုံ မှာ ပျံ့လွင့်တဲ့စိတ်လို့ ခေါ်တယ်။ ထို့အတူ

- နားဖြင့် အသံကိုကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို နမ်းရှုတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် သိစရာသဘောကို သိတဲ့အခါတို့မှာလည်း

သက်ဆိုင်ရာအာရုံကို သာယာခြင်းဆိုတဲ့သံယောဇဉ်နှင့် ယှဉ်တဲ့စိတ် ဖြစ်ပေါ်လာတယ်။ အဲဒီ စိတ်များကိုလည်း ပြင်ပအာရုံ မှာ ပျံ့လွင့်တဲ့ စိတ်များလို့ ခေါ်တယ်။

ငါ့ရှင်တို့၊ ပြင်ပအာရုံမှာ မပျံ့လွင့်တဲ့ စိတ်ဆိုတာက-

ရဟန်းတစ်ပါးဟာ မျက်စိဖြင့် အဆင်းကိုမြင်တဲ့ အခါ အဲဒီ အဆင်းအာရုံကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် မယှဉ်တဲ့ စိတ် သူ့မှာ ဖြစ်ပေါ်လာတယ်။ အဲဒီ စိတ်ကို အပြင်ပအာရုံမှာ မပျံ့လွင့် တဲ့ စိတ်လို့ ခေါ်တယ်။ ထို့အတူ

- နားဖြင့် အသံကို ကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို နမ်းရှုတဲ့အခါ

- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် သိစရာသဘောကို သိတဲ့အခါ တို့မှာလည်း သက်ဆိုင်ရာ အာရုံကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် မယှဉ်တဲ့ စိတ် ဖြစ်ပေါ်လာတယ်။ အဲဒီ စိတ်များကိုလည်း ပြင်ပအာရုံမှာ မပျံ့လွင့်တဲ့ စိတ်များလို့ ခေါ်တယ်။

ငါ့ရှင်တို့၊ ကိုယ်တွင်းအာရုံမှာ စွဲကပ်တည်နေတဲ့ စိတ်ဆိုတာ- ပထမဈာန်ကို ဝင်စားတဲ့ ရဟန်းဟာ လောဘစသည် ကင်းဆိတ်ခြင်းကြောင့် ဖြစ်တဲ့ နှစ်သက်မှု၊ ချမ်းသာမှုကို ခံစားရတယ်။ အဲဒီ နှစ်သက်မှု-ချမ်းသာမှုကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် ယှဉ်တဲ့စိတ် အဲဒီ ရဟန်းမှာ ဖြစ်ပေါ်လာတယ်။ အဲဒီ စိတ်ကို ကိုယ်တွင်း အာရုံမှာ စွဲကပ်တည်နေတဲ့ စိတ်လို့ ခေါ်တယ်။

ဒုတိယဈာန်ကို ဝင်စားတဲ့ ရဟန်းဟာ သမာဓိကြောင့် ဖြစ်တဲ့ နှစ်သက်မှု ချမ်းသာမှုကို ခံစားရတယ်။ အဲဒီ နှစ်သက်မှု ချမ်းသာမှုကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် ယှဉ်တဲ့စိတ် အဲဒီ ရဟန်းမှာ ဖြစ် ပေါ်လာတယ်။ အဲဒီ စိတ်ကို ကိုယ်တွင်း အာရုံမှာ စွဲကပ်တည်နေတဲ့ စိတ်လို့ ခေါ်တယ်။

တတိယဈာန်ကို ဝင်စားတဲ့ ရဟန်းဟာ လျစ်လျူရှုမှု ဥပေက္ခာနှင့် ပြည့်စုံတယ်။ အဲဒီ ဥပေက္ခာကို သာယာခြင်းဆိုတဲ့ သံယော ဇဉ်နှင့် ယှဉ်တဲ့စိတ် အဲဒီ ရဟန်းမှာ ဖြစ်ပေါ်လာတယ်။

အဲဒီ စိတ်ကို ကိုယ်တွင်းအာရုံမှာ စွဲကပ်တည်နေတဲ့ စိတ်လို့ ခေါ်တယ်။

စတုတ္ထစျာန်ကို ဝင်စားတဲ့ ရဟန်းဟာ သုခဒုက္ခ ကင်းတယ်။ သုခဒုက္ခကင်းမှုကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် ယှဉ်တဲ့ စိတ် အဲဒီ ရဟန်းမှာ ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်ကို ကိုယ်တွင်း အာရုံမှာ စွဲကပ်တည်နေတဲ့ စိတ်လို့ ခေါ်တယ်။

အဲဒီ စျာန်ရတဲ့ ပုဂ္ဂိုလ်များရဲ့ နှစ်သက်မှု ချမ်းသာမှု - စသည်ကို သာယာခြင်းဆိုတဲ့ သံယောဇဉ်နှင့် မယှဉ်တဲ့ စိတ်ကိုတော့ ကိုယ်တွင်းအာရုံမှာ မစွဲကပ် မတည်နေတဲ့ စိတ်လို့ ခေါ်တယ်။

ငါ့ရှင်တို့၊ စွဲလမ်း၍ ထိတ်လန့် တုန်လှုပ်ခြင်းဆိုတာ- လောကမှာ အကြားအမြင်မရှိတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးကို အတ္တ- လို့ အဖန်ဖန် ရှုတယ်။ သူရဲ့ အဲဒီ ခန္ဓာငါးပါးဟာ ဖောက်ပြန်ကြတယ်။ ဒါ့ကြောင့် ခန္ဓာငါးပါးရဲ့ ဖောက်ပြန်ပုံသို့ အစဉ်လိုက်တဲ့ အသိစိတ်ဖြစ်ပေါ်လာတယ်။ ခန္ဓာငါးပါးရဲ့ ဖောက်ပြန်ပုံသို့ အစဉ် လိုက်တဲ့ အသိစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ထိတ်လန့် တုန်လှုပ် မှု သဘောတရားများဟာ သူ့ရဲ့ စိတ်ကို လွှမ်းမိုး လာကြတယ်။ စိတ်ကို လွှမ်းမိုးမှုကြောင့် ကြောက်ရွံ့၊ ပင်ပန်း၊ မှိုင်တွေလာတယ်။ (ဒါဟာ) စွဲလမ်း၍ ထိတ်လန့် တုန်လှုပ်ပုံ ဖြစ်တယ်။

ငါ့ရှင်တို့ စွဲလမ်းမှုကင်း၍ မထိတ်လန့်ပုံကတော့- လောက မှာ အကြားအမြင်ရှိတဲ့ ဘုရား တပည့်ဟာ ခန္ဓာငါးပါးကို အတ္တ- လို့ အဖန်ဖန် မရှု။ ခန္ဓာငါးပါးဟာ ဖောက်ပြန်ပြောင်းလွဲကြတယ်။ အဲဒီလို ဖောက်ပြန် ပြောင်းလွဲမှုကြောင့် အဲဒီ ဖောက်ပြန် ပြောင်း လွဲမှုသို့ အစဉ်လိုက်တဲ့ အသိစိတ် မဖြစ်။ ခန္ဓာငါးပါးရဲ့ ဖောက်ပြန် မှုသို့ အစဉ်လိုက်တဲ့ အသိစိတ်ကြောင့် ဖြစ်တဲ့ ထိတ်လန့် တုန်လှုပ် မှု သဘောများသည် စိတ်ကို လွှမ်းမိုး၍ မတည်။ စိတ်ကို မလွှမ်း မိုးခြင်းကြောင့် မကြောက်ရွံ့၊ မပင်ပန်း၊ မမှိုင်တွေ။ (ဒါဟာ) စွဲလမ်း မှုကင်း၍ မထိတ်လန့် မတုန်လှုပ်ပုံ ဖြစ်တယ်။

အရှင်မဟာကစ္စာနမထေရ်ဟာ အဲဒီလို ဖြေကြားတော် မူခဲ့ပါတယ်။ ရဟန်းများဟာ အဲဒီ အဖြေကို ယူပြီး မြတ်စွာဘုရား အထံတော်သို့ သွားရောက် လျှောက်ထားကြပြန်ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက " ရဟန်းတို့ ဒီ တရားတော် ရဲ့ အကျယ် အဓိပ္ပါယ်ဟာ ကစ္စာန ဟောပြတဲ့အတိုင်း မှန်တယ်" လို့ အတည်ပြုပေးတော်မူခဲ့ပါတယ်။

အဲဒီ အခါမှာ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

ဥဒ္ဒေသဝိဘင်္ဂသုတ် ပြီးပြီ။

* * *

(၅၈)

## ၉–အရဏဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

- ကာမဂုဏ်ချမ်းသာကို မလိုက်စားသင့်။

မိမိကိုယ်ကို ညှဉ်းပန်းကြောင်း အကျင့်ကို အား မထုတ်သင့်။

- အဲဒီ အစွန်းနှစ်ပါးသို့ မကပ်ရောက်သောကြောင့် မြတ်စွာဘုရားသိတော်မူတဲ့ အလယ်အလတ် အကျင့်ဟာ ဉာဏ်မျက်စိ ပွင့်လင်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တယ်။

- မြှောက်ပင့်ခြင်း နှင့် ရှုတ်ချခြင်းကို သိပြီး မမြှောင့်ပင့်၊ မရှုတ်ချဘဲ တရားကိုသာ ဟောသင့်တယ်။

- ချမ်းသာ အဆုံးအဖြတ်ကို သိပြီး ကိုယ်တွင်းချမ်းသာမှုကို ခံစားသင့်တယ်။

- မျက်ကွယ်မှာလည်း အပြစ် မပြောသင့်။

- မျက်မှောက်မှာလည်း မရှုတ်ချသင့်။

- မြန်မြန်မပြောဘဲ ဖြည်းဖြည်း ပြောသင့်တယ်။

- တစ်နယ်သုံးဝေါဟာရကို အစွဲ မကြီးသင့်။

အနယ်နယ်သုံး ဝေါဟာရကို မကျော်လွန်သင့်။

ဒါဟာ အရဏဝိဘင်္ဂသုတ်ရဲ့ အကျဉ်း မာတိကာ ဖြစ်တယ်။

## အကျယ်

ကာမဂုဏ်ချမ်းသာကို မလိုက်စားသင့်၊ မိမိကိုယ်ကို ညှဉ်းပန်းကြောင်းအကျင့်ကို အားမထုတ်သင့်ဆိုတာ -

- ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု ၊ စိတ်ချမ်းသာမှု အတွက် အားထုတ်ခြင်းဟာ ဆင်းရဲခြင်း သဘောရှိတယ်။ မှားယွင်းတဲ့ အကျင့် ဖြစ်တယ်။

- ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု အတွက် အားမထုတ်ခြင်းဟာ ဆင်းရဲခြင်းသဘောကင်းတယ်၊ မှန်ကန်တဲ့ အကျင့်ဖြစ်တယ်။

- မိမိကိုယ်ကို ညှဉ်းပန်းကြောင်း အကျင့်ကို အားထုတ်ခြင်းဟာ ဆင်းရဲခြင်းသဘောရှိတယ်။ မှားယွင်းတဲ့ အကျင့်ဖြစ်တယ်။

- မိမိကိုယ်ကို ညှဉ်းပန်းကြောင်းအကျင့်ကို အားမထုတ်ခြင်းဟာ ဆင်းရဲခြင်းသဘောကင်းတယ်။ မှန်ကန်တဲ့ အကျင့်ဖြစ်တယ်။

(ဒါ့ကြောင့် ကာမဂုဏ်ချမ်းသာကို မလိုက်စားသင့်၊ မိမိကိုယ်ကို ညှဉ်းပန်းကြောင်း အကျင့်ကို အားမထုတ်သင့်)။

အလယ်အလတ် အကျင့်ဆိုတာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးဆိုတာ-

- မှန်စွာ သိမြင်ခြင်း
- မှန်စွာ ကြံစည်ခြင်း
- မှန်စွာ ပြောဆိုခြင်း
- မှန်စွာ ပြုလုပ်ခြင်း
- မှန်စွာ အသက်မွေးခြင်း
- မှန်စွာ အားထုတ်ခြင်း
- မှန်စွာ အမှတ်ရခြင်း
- မှန်စွာ တည်ကြည်ခြင်း - တို့ ဖြစ်တယ်။

ရှုတ်ချခြင်း မြှောက်ပင့်ခြင်း ဆိုတာ - "ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုအတွက် အားထုတ်သူမှန်သမျှဟာ ဆင်းရဲခြင်းသဘောရှိကြတယ်။ (ဆင်းရဲကြတယ်။) မှားမှား ယွင်းယွင်း ကျင့်သူများဖြစ်ကြတယ်"-လို့ ပြောဆိုသူဟာ တချို့ ပုဂ္ဂိုလ်တို့ကို ရှုတ်ချရာ ရောက်တယ်။

- "ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု အတွက် အားမထုတ်သူ မှန်သမျှဟာ ဆင်းရဲကင်းကြတယ်။ မှန်မှန် ကန်ကန် ကျင့်နေသူများ ဖြစ်ကြတယ်"-လို့ ပြောဆိုသူဟာ တချို့ ပုဂ္ဂိုလ်များကို မြှောက်ပင့်ရာ ရောက်တယ်။

- "မိမိကိုယ်ကို ညှဉ်းပန်းခြင်းအကျင့်ကို အားထုတ်သူ မှန် သမျှဟာ ဆင်းရဲခြင်းသဘောရှိကြတယ်။ (ဆင်းရဲကြတယ်။) မှားမှား ယွင်းယွင်း ကျင့်သူများ ဖြစ်ကြတယ်" လို့ ပြောဆိုသူဟာ တချို့ သူများကို ရှုတ်ချရာ ရောက်တယ်။

- "မိမိကိုယ်ကို ညှဥ်းပန်းခြင်း အကျင့်ကို အားမထုတ်သူ မှန်သမျှဟာ ဆင်းရဲကင်းကြတယ်။ မှန်မှန်ကန်ကန် ကျင့်သူများ ဖြစ်ကြတယ်"-လို့ ပြောဆိုသူဟာ တချို့သူများကို မြှောက်ပင့်ရာ ရောက်တယ်။

- "ဘဝ သံယောဇဉ် (သံသရာလည်ကြောင်း တဏှာ)ကို မပယ်ရသေးသူ မှန်သမျှဟာ ဆင်းရဲခြင်းသဘော ရှိကြတယ်။ (ဆင်းရဲကြတယ်။) မှားမှားယွင်းယွင်း ကျင့်နေသူများ ဖြစ်ကြတယ်"-လို့ ပြောဆိုသူဟာ တချို့သူများကို ရှုတ်ချရာရောက်တယ်။

"ဘဝသံယောဇဉ် (သံသရာလည်ကြောင်း တဏှာ)ကို ပယ်ပြီးသူ မှန်သမျှဟာ ဆင်းရဲကင်းကြတယ်။ မှန်မှန်ကန်ကန် ကျင့်သူများ ဖြစ်ကြတယ်"-လို့ ပြောဆိုသူဟာ တချို့သူများကို မြှောက်ပင့်ရာရောက်တယ်။

မမြှောက်ပင့် မရှုတ်ချဘဲ တရားကိုသာ ဟောခြင်း ဆိုတာ-

- "ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု အတွက် <u>အားထုတ်သူမှန်သမျှဟာ</u> ဆင်းရဲခြင်းသဘော ရှိကြတယ်။ မှားမှားယွင်းယွင်း ကျင့်သူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

"ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု အတွက် <u>အားထုတ်ခြင်းဟာ</u> ဆင်းရဲခြင်းသဘောရှိတယ်။ မှားယွင်းတဲ့ အကျင့်ဖြစ်တယ်"-လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာ ရောက်တယ်။

- "ကာမဂုဏ်နှင့် စပ်တဲ့ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု အတွက် အားမထုတ်သူ မှန်သမျှဟာ ဆင်းရဲ ကင်းကြတယ်၊ မှန်ကန်စွာ ကျင့်သူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

"ကာမဂုဏ်နှင့်စပ်တဲ့ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု အတွက် အားမထုတ်ခြင်းဟာ ဆင်းရဲကင်းတယ်၊ မှန်ကန်တဲ့ အကျင့် ဖြစ်တယ်"-လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာရောက်တယ်။

- "မိမိကိုယ်ကို ညှဉ်းပန်းကြောင်းအကျင့်ကို အားထုတ်သူ မှန်သမျှဟာ ဆင်းရဲခြင်းသဘောရှိကြတယ်။ မှားမှားယွင်းယွင်း ကျင့်နေသူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

"မိမိကိုယ်ကို ညှဉ်းပန်းကြောင်းအကျင့်ကို အားထုတ်ခြင်းဟာ ဆင်းရဲခြင်း သဘောရှိတယ်။ မှားယွင်းတဲ့ အကျင့် ဖြစ်တယ်"-လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာရောက်တယ်။

- "မိမိကိုယ်ကို ညှဉ်းပန်းကြောင်းအကျင့်ကို အားမထုတ်သူ မှန်သမျှဟာ ဆင်းရဲကင်းကြတယ်။ မှန်ကန်စွာ ကျင့်သူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

" မိမိကိုယ်ကို ညှဉ်းပန်းကြောင်း အကျင့်ကို အားမထုတ်ခြင်းဟာ ဆင်းရဲကင်းတယ်။ မှန်ကန်တဲ့ အကျင့်ဖြစ်တယ်"-လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာရောက်တယ်။

- "ဘဝ သံယောဇဉ် (သံသရာလည်ကြောင်းတဏှာ)ကို မပယ်ရသေးသူ မှန်သမျှဟာ ဆင်းရဲခြင်း သဘောရှိကြတယ်။ (ဆင်းရဲကြတယ်) မှားမှားယွင်းယွင်း ကျင့်နေသူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

"ဘဝသံယောဇဉ်ကို မပယ်ရသေးလျှင် ဘဝကိုလည်း မပယ်ရသေးသည်သာ"-လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာ ရောက်တယ်။

- "ဘဝသံယောဇဉ်ကို ပယ်ပြီးသူ မှန်သမျှဟာ ဆင်းရဲကင်း ကြတယ်။ မှန်ကန်စွာ ကျင့်သူများ ဖြစ်ကြတယ်"-လို့ မပြောဘဲ

"ဘဝ သံယောဇဉ်ကို ပယ်ပြီးလျှင် ဘဝကိုလည်း ပယ်ပြီး သည်သာ" -လို့ ပြောဆိုသူဟာ တရားကိုသာ ဟောရာရောက် တယ်။

ချမ်းသာအဆုံးအဖြတ်ကို သိပြီး ကိုယ်တွင်း ချမ်းသာမှုကို ခံစားထိုက်တယ် ဆိုတာ - ရဟန်းတို့ ကာမဂုဏ်ဟာ ငါးပါးရှိတယ်။ အဲဒီ ငါးပါးဆိုတာကတော့-လိုချင်နှစ်သက်ဖွယ်ကောင်းတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ-တို့ ဖြစ်တယ်။ အဲဒီ ကာမဂုဏ် ငါးပါးကို အစွဲပြုပြီး ကိုယ်စိတ်ချမ်းသာမှု ဖြစ်ပေါ်လာတယ်။ အဲဒီ ကာမဂုဏ်ချမ်းသာဟာ မစင်ဘင်ပုပ်နဲ့တူတဲ့ ချမ်းသာဖြစ်တယ်။ ပုထုဇဉ်တို့ရဲ့ ချမ်းသာ ဖြစ်တယ်။ အရိယာတို့ရဲ့ ချမ်းသာ မဟုတ် ဘူး။ "အဲဒီချမ်းသာကို မမှီဝဲ၊ မပွားများ၊ မလိုက်စားသင့်။ အဲဒီ ချမ်းသာကို ကြောက်သင့်တယ်"လို့ ငါဘုရား ဟောတော်မူတယ်။

"ဈာန်ချမ်းသာကိုသာ မှီဝဲ၊ ပွားများ လိုက်စားသင့်တယ်။ အဲဒီ ဈာန်ချမ်းသာကို မကြောက်သင့်" လို့ ငါဘုရား ဟောတော်မူ တယ်။

မျက်ကွယ်မှာလည်း အပြစ်မပြောသင့်၊ မျက်မှောက်မှာလည်း မရှုတ်ချသင့်ဆိုတာ -

- မမှန်လည်း မမှန်၊ အကျိုးလည်းမရှိတဲ့ စကားကို မျက်ကွယ်မှာ မပြောသင့်။

- မှန်သာ မှန်ကန်၍ အကျိုးမရှိတဲ့ အပြစ်စကားကိုလည်း မျက်ကွယ်မှာ မပြောမိဖို့ရာ လေ့ကျင့်သင့်တယ်။

- မှန်လည်း မှန်ကန်၊ အကျိုးလည်းရှိတဲ့ အပြစ်စကားကိုပင် သင့်တော်တဲ့ အချိန်မှာမှ မျက်ကွယ်မှာ ပြောသင့်တယ်။

- မှန်လည်းမမှန် အကျိုးလည်းမရှိတဲ့ ရှုတ်ချတဲ့စကားကို မျက်မှောက်မှာ မပြောဆိုသင့်။

- မှန်ကန်ပေမဲ့ အကျိုးမရှိတဲ့ ရှုတ်ချတဲ့ စကားကိုလည်း မျက်မှောက်မှာ မပြောမိဖို့ရာ လေ့ကျင့်သင့်တယ်။

- မှန်လည်း မှန်ကန်၊ အကျိုးလည်းရှိတဲ့ ရှုတ်ချတဲ့ စကားကိုပင် သင့်တော်တဲ့ အချိန်မှာမှ မျက်မှောက်မှာ ပြောသင့်တယ်။

မြန်မြန် မပြောဘဲ ဖြည်းဖြည်းပြောသင့်တယ် ဆိုတာ - မြန်မြန် ပြောဆိုသူမှာ ကိုယ်လည်း ပင်ပန်းတယ်။ စိတ်လည်း ပင်ပန်းတယ်။ အသံလည်း ပျက်တယ်။ လည်ချောင်းလည်း နာတယ်။ မြန်မြန်ပြောဆိုသူရဲ့ စကားဟာ မရှင်းလင်း၊ မကွဲပြား၊ မသိလွယ်ဘူး။

ဖြည်းဖြည်းပြောဆိုသူမှာ ကိုယ်လည်း မပင်ပန်း၊ စိတ်လည်း မပင်ပန်း၊ အသံလည်း မပျက်၊ လည်ချောင်းလည်း မနာ။ ဖြည်းဖြည်း

ပြောဆိုသူရဲ့ စကားဟာ ရှင်းလင်းကွဲပြားတယ်၊ သိလွယ်တယ်။
ဒါ့ကြောင့် မြန်မြန် မပြောဘဲ ဖြည်းဖြည်းသာ ပြောသင့်တယ်။

တစ်နယ်သုံး ဝေါဟာရကို အစွဲမကြီးသင့်၊ အနယ်နယ်သုံး ဝေါဟာရကို မကျော်လွန်သင့်-ဆိုတဲ့ နေရာမှာ

တစ်နယ်သုံး ဝေါဟာရကိုသာ အစွဲကြီးပြီး အနယ်နယ်သုံး ဝေါဟာရကို ကျော်လွန်ပုံကတော့-

ရဟန်းတို့၊ တချို့နယ်မှာ ခွက်ကို ပါတိ-လို့ သိကြတယ်။ တချို့နယ်မှာ ပတ္တ-လို့ သိကြတယ်။ တချို့နယ်မှာ ဝိတ္တ-လို့ သိကြတယ်။ တချို့နယ်မှာ သရာဝ-လို့ သိကြတယ်။ တချို့နယ်မှာ ဓာရောပ-လို့ သိကြတယ်။ တချို့နယ်မှာ ပေါဏ လို့ သိကြတယ်။ တချို့နယ်မှာ ပိသီလဝ-လို့ သိကြတယ်။

ဒါပေမဲ့ တစ်နယ်နယ်မှာ ခေါ်ဝေါ်သုံးစွဲတဲ့ အဲဒီခွက်ရဲ့ အမည်ကိုသာ အစွဲကြီးစွဲပြီး "ဒီ ငါခေါ်ဝေါ် သုံးစွဲတဲ အမည်သာ မှန်တယ်၊ တခြားအမည်များဟာ မှားယွင်းတယ်"လို့ ပြောဆိုတယ်။

ဒါဟာ တစ်နယ်သုံး ဝေါဟာရကိုသာ အစွဲကြီးပြီး အနယ်နယ်သုံး ဝေါဟာရကို ကျော်လွန်ပုံ ဖြစ်တယ်။

တစ်နယ်သုံး ဝေါဟာရကိုသာ အစွဲမကြီးဘဲ အနယ်နယ်သုံး ဝေါဟာရကို မကျော်လွန်ပုံကတော့-

မိမိရဲ့ အသုံးအနှုန်းသာ အမှန်လို့ အစွဲမကြီးဘဲ ခွက်ကို ပါတိ-လို့ ခေါ်တဲ့ နယ်မှာ မိမိကလည်း ပါတိ-လို့ပဲ ခေါ်တယ်။

ပတ္တ-လို့ ခေါ်တဲ့ နယ်မှာ မိမိကလည်း ပတ္တလို့ပဲ ခေါ်တယ်။ ဝိတ္တ-လို့ ခေါ်တဲ့နယ်မှာ မိမိကလည်း ဝိတ္တလို့ပဲ ခေါ်တယ်။ ဤသို့စသည်ဖြင့် အနယ်နယ်မှာ ခေါ်ဝေါ်သုံးနှုန်းတဲ့အတိုင်း မိမိကလည်း ခေါ်ဝေါ်သုံးနှုန်းတယ်။

ဒါဟာ တစ်နယ်သုံး ဝေါဟာရကိုသာ အစွဲမကြီးဘဲ အနယ်နယ်သုံး ဝေါဟာရကို မကျော်လွန်ပုံ ဖြစ်တယ်။

ရဟန်းတို့

- ကာမဂုဏ်ချမ်းသာကို လိုက်စားခြင်း
- မိမိကိုယ်ကို ညှဉ်းပန်း၍ ကျင့်ခြင်း
- မြှောက်ပင့်ခြင်း၊ ရှုတ်ချခြင်း
- ကာမဂုဏ်ချမ်းသာ (ပုထုဇဉ်ချမ်းသာကို)ခံစားခြင်း
- မဟုတ်မှန်၍ အကျိုးမဲ့ဖြစ်တဲ့ အပြစ်ကို မျက်ကွယ်မှာ ပြောခြင်း။
- ဟုတ်မှန်သော်လည်း အကျိုးမဲ့ ဖြစ်တဲ့ အပြစ်ကို မျက်ကွယ်မှာ ပြောခြင်း။
- မဟုတ်မှန်၍ အကျိုးမဲ့ဖြစ်တဲ့ ရှုတ်ချစကားကို မျက်မှောက်မှာ ပြောခြင်း
- ဟုတ်မှန်သော်လည်း အကျိုးမဲ့ဖြစ်တဲ့ ရှုတ်ချစကားကို မျက်မှောက်မှာ ပြောခြင်း
- မြန်မြန်ပြောခြင်း
- တစ်နယ်သုံး ဝေါဟာရကို အစွဲကြီး၍ အနယ်နယ်သုံး

ဝေါဟာရကို ကျော်လွန်ခြင်းတို့ဟာ

ဆင်းရဲခြင်းသဘောရှိကြတယ်။ မှားယွင်းတဲ့ အကျင့်များဖြစ်ကြတယ်။ ဒါ့ကြောင့် အဲဒီ အကျင့်များဟာ သရဏ-ကိလေသာမြူမှုန်ရှိတဲ့ (ကြေးပေပွနေတဲ့) အကျင့်များ ဖြစ်ကြတယ်။

- ကာမဂုဏ်ချမ်းသာကို မလိုက်စားခြင်း
- မိမိကိုယ်ကို ညှဉ်းပန်း၍ မကျင့်ခြင်း
- အလယ်အလတ်ကျင့်စဉ်ကို ကျင့်ခြင်း
- မမြောက်ပင့် မရှုတ်ချခြင်း
- ဈာန်ချမ်းသာကို ခံစားခြင်း
- ဟုတ်မှန်၍ အကျိုးရှိတဲ့ အပြစ်ကို မျက်ကွယ်မှာ ပြောခြင်း
- ဟုတ်မှန်၍ အကျိုးရှိတဲ့ ရှုတ်ချစကားကို မျက်မှောက်မှာ ပြောခြင်း။
- ဖြည်းဖြည်း ပြောခြင်း
- တနယ်သုံး ဝေါဟာရကိုသာ အစွဲမကြီးဘဲ အနယ်နယ်သုံး ဝေါဟာရကို သုံးနှုန်းခြင်း - တို့ဟာ

ဆင်းရဲခြင်းသဘောကင်းကြတယ်။ မှန်ကန်တဲ့ အကျင့်များဖြစ်ကြတယ်။ ဒါ့ကြောင့် အဲဒီ အကျင့်များဟာ အရဏ-ကိလေသာမြူမှုန်ကင်း၍ သန့်ရှင်းတဲ့ အကျင့်များ ဖြစ်ကြတယ်။

ရဟန်းတို့၊ ဒါ့ကြောင့် သင်တို့ဟာ သရဏအကျင့်နှင့် အရဏ အကျင့်ကို ကွဲကွဲပြားပြားသိအောင် လေ့လာကြ၍ အရဏ

အကျင့်ကို ကျင့်ဖို့ရာ ကြိုးစားကြရမယ်။

ရဟန်းတို့ သုဘူတိ-ဆိုတဲ့ အမျိုးကောင်းသားဟာ အရဏ အကျင့်ကို ကျင့်သူဖြစ်တယ်-လို့ ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းများလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

အရဏဝိဘင်္ဂသုတ် ပြီးပြီ။

❊ ❊ ❊

## ၁၀-ဓာတုဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ မဂဓတိုင်းမှာ မြတ်စွာဘုရား ဒေသစာရီ လှည့်လည်တော်မူပါတယ်။ အဲဒီအခါ ရာဇဂြိုဟ်မြို့၊ ဘဂ္ဂဝ - အိုးထိန်းသည်အထံသို့ ကြွတော်မူပြီး အခုလို ခွင့်တောင်းတော်မူပါတယ်။

"ဘဂ္ဂဝ၊ အကယ်၍ သင့်မှာ ဝန်မလေးလျှင် သင်ရဲ့ အိုးလုပ်တဲမှာ တစ်ညဉ့်မျှ တည်းခိုပါရစေ။"

"မြတ်စွာဘုရား၊ တပည့်တော်မှာတော့ ဝန်မလေးပါ။ ဒါပေမဲ့ ဒီမှာ ပထမ ရောက်နေတဲ့ ရဟန်းတစ်ပါး ရှိပါတယ် ဘုရား။ သူ သဘောတူ ခွင့်ပြုလျှင် ချမ်းသာသလို (စိတ်တိုင်းကျ) သီတင်းသုံးတော်မူပါဘုရား။"

အဲဒီအခါမှာ ပုက္ကုသာတိ-ဆိုတဲ့ အမျိုးကောင်းသား တစ်ယောက်ဟာ မြတ်စွာဘုရားကို ရည်မှန်းကာ လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းကောင်းသို့ သဒ္ဓါဖြင့် ဝင်ရောက်ခဲ့သူဖြစ်တယ်။ အဲဒီ ပုက္ကုသာတိရဟန်းဟာ ဘဂ္ဂဝ အိုးထိန်းသည်ရဲ့ တဲမှာ ရှေးဦးစွာ ရောက်နေသူ ဖြစ်တယ်။

ဒါ့ကြောင့် မြတ်စွာဘုရားဟာ ပုက္ကုသာတိ ရဟန်းထံ ကြွရောက်တော်မူပြီး အခုလို ခွင့်တောင်းတော်မူခဲ့ပြန်တယ်။

"ရဟန်း အကယ်၍ သင့်မှာ ဝန်မလေးလျှင် ဒီ အလုပ်တဲမှာ တစ်ညဉ့်မျှ တည်းခိုပါရစေ"

"ငါ့ရှင်၊ အိုးထိန်းသည်ရဲ့ တဲကြီးဟာ အကျယ်ကြီးပဲ၊ ချမ်းသာ သလို (စိတ်တိုင်းကျ) တည်းခိုနိုင်ပါတယ် ငါ့ရှင်"။

အဲဒီအခါမှာ မြတ်စွာဘုရားဟာ အိုးထိန်းသည်ရဲ့ အလုပ်ဘဲသို့ ဝင်တော်မူပြီး တစ်နေရာမှာ မြက်အခင်းကို ခင်းကာ ဘင်ပလ္လင်ခွေလျက် ထိုင်တော်မူပါတယ်။ အထက်ပိုင်းကိုယ်ကို ခဖြောင့်ဖြောင့် မတ်မတ် ထားတော်မူပြီး ကမ္မဋ္ဌာန်းသို့ ဦးတည်တဲ့ သတိကို ထားတော်မူပါတယ်။ (ကမ္မဋ္ဌာန်းထိုင်တော်မူပါတယ်။) အဲဒီအခါမှာ မြတ်စွာဘုရားဟာ ညဥ့်ရဲ့အချိန်ပိုင်းများစွာကို (သန်းခေါင်လောက် အထိ) ထိုင်ရင်း ကုန်လွန်စေတော်မူခဲ့ပါတယ်။ အရှင်ပုက္ကုသာတိဟာလည်း ညဥ့်ရဲ့ အချိန်ပိုင်းများစွာကို ထိုင်ရင်း ကုန်စေတော်မူခဲ့ပါတယ်။

အဲဒီအခါ မြတ်စွာဘုရားမှာ "ဒီ အမျိုးကောင်းသားလေး

ဟာ ကြည်ညိုဖွယ် နေထိုင်တယ်။ (သွား၊ ရပ်၊ ထိုင်၊ လျောင်းမှု ပြုတယ်။) ငါ သူ့ကို မေးမြန်းရလျှင် ကောင်းမှာပဲ"လို့ အကြံဖြစ်တော်မူပါတယ်။ အဲဒီနောက် မြတ်စွာဘုရားဟာ ပုက္ကုသာတိ ရဟန်းအား အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"ရဟန်း၊ ဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုလာသလဲ? သင်ရဲ့ ဆရာ ဘယ်သူလဲ? ဘယ်သူရဲ့ တရားကို သင် နှစ်သက် သဘောကျသလဲ? "

" ငါ့ရှင် ၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသွားတဲ့ သာကီဝင်မင်းသား ရဟန်းဂေါတမ-ဆိုတာ ရှိတယ်။ သူရဲ့ ဂုဏ်သတင်းဟာ အခုလို ကျော်စောနေတယ်။

" မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံတော်မူ ထိုက်သောကြောင့် အရဟံမည်တော်မူတယ်။

- တရားအားလုံးကို ကိုယ်တိုင် ကောင်းစွာ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူတယ်။

- အသိဉာဏ် ၊ အကျင့်မြတ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူတယ်။

- ကောင်းသော စကားကိုသာ ပြောဆိုတော်မူတတ်သောကြောင့် သုဂတ မည်တော်မူတယ်။

- လောကကို သိတော်မူသောကြောင့် လောကဝိဒူ မည်တော်မူတယ်။

- ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်

ဖြစ်သောကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူတယ်။

- နတ်လူတို့ရဲ့ ဆရာဖြစ်တော်မူသောကြောင့် သတ္ထာ ဒေဝ မနုဿာနံ မည်တော်မူတယ်။

- သစ္စာလေးပါးကို ကိုယ်တိုင် သိတော်မူ၍ သူတပါးတို့အားလည်း သိအောင် ဟောပြတော်မူသောကြောင့် ဗုဒ္ဓ မည်တော်မူတယ်။

- ဘုန်းတန်ခိုး ကြီးတော်မူသောကြောင့် ဘဂဝါ မည်တော်မူတယ်'

ငါဟာ အဲဒီလို ကျော်စောတော်မူတဲ့ မြတ်စွာဘုရားကို ရည်မှန်းပြီး ရဟန်းပြုခဲ့တယ်။ အဲဒီ ဘုရားဟာ ငါရဲ့ ဆရာ ဖြစ်တော်မူတယ်။ အဲဒီ ဘုရားရဲ့ တရားတော်ကို ငါ နှစ်သက်သဘောကျတယ်။"

"ရဟန်း ၊ အဲဒီ ဘုရား အခု ဘယ်မှာ သီတင်းသုံးတော်မူသလဲ ? "

"ငါ့ရှင်၊ ဥတ္တရတိုင်း နယ်တစ်နယ်မှာ သာဝတ္ထိမြို့ဆိုတာ ရှိတယ်။ အဲဒီ သာဝတ္ထိမြို့မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတယ်။"

"ရဟန်း၊ အဲဒီဘုရားကို သင် မြင်ဖူးသလား? မြင်ရင်ကော သိလောက်သလား?"

"ငါ့ရှင်၊ အဲဒီ ဘုရားကို ငါ မမြင်ဖူးဘူး၊ မြင်ရင်လည်း ငါ မသိ လောက်ဘူး။"

အဲဒီအခါ မြတ်စွာဘုရားမှာ "ဩော် . . . ဒီ အမျိုးကောင်းသားလေးဟာ ငါ့ကို ရည်မှန်းပြီး ရဟန်းပြုလာတာပဲ၊ ငါ သူ့အားတရားဟောရလျှင် ကောင်းမှာပဲ"လို့ အကြံ ဖြစ်တော်မူခဲ့ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားဟာ ပုက္ကုသာတိရဟန်းအား "ရဟန်း၊ သင့်အား ငါ တရားဟောမယ်၊ အဲဒီ တရားကို သင် နာယူပါ၊ ကောင်းစွာ နှလုံးသွင်းပါ" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

"ကောင်းပါပြီ ငါ့ရှင်" လို့ ပုက္ကုသာတိ ရဟန်းကလည်း မြတ်စွာဘုရားအား ဝန်ခံခဲ့ပါတယ်။

မြတ်စွာဘုရားက အခုလို ဟောကြားတော်မူခဲ့ပါတယ်။

"ရဟန်း၊ ဤသတ္တဝါဟာ ဓာတ် ၆-ပါးရှိသူဖြစ်တယ်။ ဖဿာယတန ၆-ပါး ရှိသူလည်း ဖြစ်တယ်။ စိတ်ရဲ့ ကြံစည်ခြင်း ဆယ့်ခြောက်ပါးရှိသူလည်း ဖြစ်တယ်။ တည်ရာ လေးပါးရှိသူလည်း ဖြစ်တယ်။ ပညာကို မမေ့သင့်၊ သစ္စာကို စောင့်ရှောက်သင့်တယ်။ ကိလေသာ ပယ်ကြောင်းကို ကျင့်သင့်တယ်။ ငြိမ်းအေးကြောင်းကို ကျင့်ကြံကြိုးကုတ် အားထုတ်သင့်တယ်။ အဲဒီ ပညာစသည်၌ တည်သောသူမှာ မာနဆိုတဲ့ ယိုစီးမှုများ မဖြစ်၊ မာနဆိုတဲ့ ယိုစီးမှုများ မဖြစ်တဲ့အတွက် ငြိမ်းအေးတဲ့ ရဟန်း-လို့ ခေါ်တယ်။ ဒါဟာ ဓာတုဝိဘင်္ဂသုတ်ရဲ့ အကျဉ်းချုပ်မာတိကာ ဖြစ်တယ်။

ဓာတ် ၆-ပါးဆိုတာ - ပထဝီဓာတ် - ခက်မာခြင်း သဘော၊ အာပေါဓာတ်-ဖွဲ့စည်းခြင်းသဘော၊ တေဇောဓာတ် - အအေးအပူ သဘော ၊ ဝါယောဓာတ်၊ တွန်းကန် ခြင်း သဘော၊ အာကာသ ဓာတ် - ဟင်းလင်းပြင် အပေါက်အကြား သဘော ၊ ဝိညာဏ ဓာတ်- အသိသဘော-တို့ ဖြစ်တယ်။

ဖဿာယတန ၆-ပါး ဆိုတာ - မျက်စိ အတွေ့ဟူသော တည်ရာ (ဝေဒနာ၏ တည်ရာ)၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့ ဟူသော တည်ရာ။ ဒါဟာ ဖဿာယတန ၆-ပါး ဖြစ်တယ်။

စိတ်ရဲ့ ကြံစည်သုံးသပ်မှု ၁၈-ပါး ဆိုတာ - မျက်စိဖြင့် အဆင်းကိုမြင်တဲ့အခါ အဆင်းကို သောမနဿရဲ့ အကြောင်းဖြစ်အောင် ကြံစည် သုံးသပ်တယ်။ ဒေါမနဿရဲ့ အကြောင်းဖြစ်အောင် ကြံစည်သုံးသပ်တယ်။ ဥပေက္ခာရဲ့ အကြောင်းဖြစ် အောင် ကြံစည်သုံးသပ်တယ်။

- နားဖြင့် အသံကို ကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို နမ်းရှူတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် သိစရာသဘောကို သိတဲ့အခါ တို့မှာလည်း အသံစသည်ကို သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာတို့ရဲ့ အကြောင်း ဖြစ်အောင် ကြံစည်သုံးသပ်တယ်။

ဒီတော့ သောမနဿဖြစ်ကြောင်း ကြံစည်သုံးသပ်မှုက ၆-ပါး၊ ဒေါမနဿဖြစ်ကြောင်း ကြံစည်သုံးသပ်မှုက ၆-ပါး၊ ဥပေက္ခာဖြစ်ကြောင်း ကြံစည်သုံးသပ်မှုက ၆-ပါး ဖြစ်တယ်။

ဒါဟာ စိတ်ရဲ့ ကြံစည်သုံးသပ်မှု ၁၈-ပါး ဖြစ်တယ်။

တည်ရာ လေးပါးဆိုတာ - ပညာဆိုတဲ့ တည်ရာ၊ သစ္စာ

ဆိုတဲ့ တည်ရာ၊ စွန့်ခြင်းဆိုတဲ့တည်ရာ၊ ငြိမ်းခြင်းဆိုတဲ့ တည်ရာတို့ ဖြစ်တယ်။

ပညာကို မမေ့သင့်၊ သစ္စာကို စောင့်ရှောက်သင့်တယ်၊ ကိလေသာ ပယ်စွန့်ကြောင်းကို ကျင့်သင့်တယ်။ ငြိမ်းအေးကြောင်းကို ကျင့်ကြံ ကြိုးကုတ် အားထုတ်သင့်တယ်-ဆိုရာမှာ (ပညာကို မမေ့ပုံကတော့) -

ရဟန်း၊ ဓာတ်သဘောများဟာ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်-လို့ ခြောက်ပါး ရှိတယ်။

အဲဒီ ခြောက်ပါးအနက် ပထဝီဓာတ်ဟာ ကိုယ်တွင်းမှာဖြစ်တဲ့ ပထဝီဓာတ်၊ ကိုယ်ပ မှာဖြစ်တဲ့ ပထဝီဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီ နှစ်မျိုးအနက် ကိုယ်တွင်း ပထဝီ ဓာတ်ဆိုတာ- ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း နှင့် ကိုယ်တွင်းမှာ ဖြစ်တဲ့ ကျန်တဲ့ ခက်မာခြင်း သဘောများ ဖြစ်တယ်။ ရဟန်း၊ ကိုယ်တွင်း ပထဝီဓာတ်ဖြစ်စေ၊ ကိုယ်ပ ပထဝီဓာတ် ဖြစ်စေ ပထဝီဓာတ်ဟာ ပထဝီဓာတ်သာ ဖြစ်တယ်။ အဲဒီ ပထဝီ ဓာတ်ကို "ဒါဟာ ငါ့ဉစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါရဲ့ အတ္တာ မဟုတ်" လို့ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန် သိတဲ့ ပညာဖြင့်

အမှန်အတိုင်း တွေ့မြင်တဲ့အခါ ပထဝီဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ ပထဝီဓာတ်မှာ တပ်မက်မှုကင်းလာတယ်။

ရဟန်း၊ အာပေါဓာတ်ဟာ ကိုယ်တွင်းမှာ ဖြစ်တဲ့ အာပေါဓာတ်နှင့် ကိုယ်ပမှာ ဖြစ်တဲ့ အာပေါဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးအနက် ကိုယ်တွင်းမှာ ဖြစ်တဲ့ အာပေါဓာတ်ဆိုတာ - သည်းခြေ ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် - တို့ နှင့် ကိုယ်တွင်းမှာ တည်ရှိတဲ့ ဖွဲ့စည်းခြင်း သဘောများ ဖြစ်တယ်။ ရဟန်း၊ ကိုယ်တွင်း အာပေါဓာတ်ဖြစ်စေ၊ ကိုယ်ပ အာပေါဓာတ်ဖြစ်စေ အာပေါဓာတ်ဟာ အာပေါဓာတ်သာ ဖြစ်တယ်။ အဲဒီ အာပေါဓာတ်ကို "ဒါဟာ ငါ့ ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါရဲ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း တွေ့မြင်တဲ့အခါ အာပေါဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ အာပေါဓာတ်အပေါ်မှာ တပ်မက်မှု ကင်းလာတယ်။

ရဟန်း၊ တေဇောဓာတ်ဟာ ကိုယ်တွင်းမှာ ဖြစ်တဲ့ တေဇောဓာတ်နှင့်ကိုယ်ပမှာ ဖြစ်တဲ့ တေဇောဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီ နှစ်မျိုးအနက် ကိုယ်တွင်းမှာဖြစ်တဲ့ တေဇောဓာတ်ဆိုတာ - ပူနွေးကြောင်း ၊ ဆွေးမြေ့ကြောင်း၊ လောင်မြိုက်ကြောင်း ဖြစ်တဲ့ သဘော၊ စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်တဲ့ အစာအာဟာရများ ကောင်းစွာ ကျေညက်ကြောင်း သဘောနှင့်

ကိုယ်တွင်း မှာရှိတဲ့ အပူအအေး သဘောများ ဖြစ်တယ်။ ဒါဟာ ကိုယ်တွင်း တေဇောဓာတ် ဖြစ်တယ်။ ရဟန်း၊ ကိုယ်တွင်း တေဇောဓာတ် ဖြစ်စေ၊ ကိုယ်ပ တေဇောဓာတ်ဖြစ်စေ တေဇောဓာတ်ဟာ တေဇောဓာတ်သာ ဖြစ်တယ်။ အဲဒီ တေဇောဓာတ်ကို " ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ့အတ္တ မဟုတ်" လို့ အမှန် သိတဲ့ ပညာဖြင့် အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း တွေ့မြင်တဲ့အခါ တေဇောဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ တေဇောဓာတ်အပေါ်မှာ တပ်မက်မှု ကင်းလာတယ်။

ရဟန်း ၊ ဝါယောဓာတ်ဟာ ကိုယ်တွင်းမှာဖြစ်တဲ့ ဝါယောဓာတ်နှင့် ကိုယ်ပမှာ ဖြစ်တဲ့ ဝါယောဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီ နှစ်မျိုးအနက် ကိုယ်တွင်းမှာဖြစ်တဲ့ ဝါယောဓာတ်ဆိုတာ-အထက်သို့ ဆန်တက်တဲ့လေ၊ အောက်သို့ စုန်ဆင်းတဲ့လေ၊ ဝမ်းဗိုက် အတွင်းမှာ ရှိတဲ့လေ၊ အူတွင်းမှာ ရှိတဲ့လေ၊ အင်္ဂါကြီးငယ်သို့ လျှောက်တဲ့လေ၊ထွက်သက်လေ၊ ဝင်သက်လေ စသည်နှင့် ကိုယ်တွင်းမှာ ဖြစ်တဲ့ တခြား တွန်းကန်ခြင်း သဘောများ ဖြစ်တယ်။ ရဟန်း၊ ကိုယ်တွင်း ဝါယောဓာတ်ဖြစ်စေ၊ ကိုယ်ပ ဝါယောဓာတ်ဖြစ်စေ ဝါယောဓာတ်ဟာ ဝါယောဓာတ်သာ ဖြစ်တယ်။ အဲဒီ ဝါယောဓာတ်ကို " ဒါ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါရဲ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း တွေ့မြင်တဲ့အခါ ဝါယောဓာတ်အပေါ်မှာ ငြီးငွေ့

လာတယ်။ စိတ်ဟာ ဝါယောဓာတ်အပေါ်မှာ တပ်မက်မှု ကင်းလာတယ်။

ရဟန်း၊ အာကာသဓာတ်ဟာ ကိုယ်တွင်း အာကာသဓာတ်နှင့် ကိုယ်ပအာကာသဓာတ်-လို့ နှစ်မျိုးရှိတယ်။ အဲဒီ နှစ်မျိုးအနက် ကိုယ်တွင်း အာကာသဓာတ်ဆိုတာ - နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ စားအပ်၊ သောက်အပ်၊ ခဲအပ်၊ လျက်အပ်တဲ့ အစာကို မျိုချရာ အပေါက်၊ အဲဒီ အစာများ အောက်ဘက်သို့ ထွက်သွားရာ အပေါက်နှင့် ကိုယ်တွင်းမှာ ဖြစ်တဲ့ တခြားအပေါက် အကြားများ၊ အသားအသွေးတို့ မထိစပ်ရာ အကြားများ ဖြစ်တယ်။ ရဟန်း၊ ကိုယ်တွင်း အာကာသဓာတ်ဖြစ်စေ၊ ကိုယ်ပအာကာသဓာတ်ဖြစ်စေ အာကာသဓာတ်ဟာ အာကာသဓာတ်သာ ဖြစ်တယ်။ အဲဒီ အာကာသဓာတ်ကို "ဒါ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါရဲ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာဖြင့် အမှန်အတိုင်း တွေ့မြင်တဲ့အခါ အာကာသဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ အာကာသဓာတ်အပေါ်မှာ တပ်မက်မှုကင်းလာတယ်။

အဲဒီနောက် သန့်ရှင်း စင်ကြယ်တဲ့ ဝိညာဏ်သာ ကြွင်းကျန်တော့တယ်။ အဲဒီ ဝိညာဏ်ဖြင့် ဘယ်လို သိသလဲဆိုတော့- သုခဝေဒနာလို့လည်း သိတယ်။ ဒုက္ခဝေဒနာလို့လည်း သိတယ်။ ဒုက္ခ

သုခ မဟုတ်တဲ့ (ဥပေက္ခာ) ဝေဒနာလို့လည်း သိတယ်။ ရဟန်း၊ ဥပမာအားဖြင့် ထင်းနှစ်ချောင်းတို့ရဲ့ (မီးခြစ်ဆံနှင့် မီးခြစ်ပုံးတို့ရဲ့) ပွတ်တိုက်ခြင်းကြောင့် အငွေ့ဖြစ်ပေါ်လာတယ်။ မီးဖြစ်ပေါ်လာတယ်။ အဲဒီ ထင်းနှစ်ချောင်းတို့ရဲ့ (မီးခြစ်ဆံနှင့် မီးခြစ်ပုံးတို့ရဲ့) တကွဲတပြားစီ ဖြစ်ခြင်းကြောင့် အဲဒီ အငွေ့ဟာ ချုပ်သကဲ့သို့ ငြိမ်းသကဲ့သို့ မဖြစ်ပေါ်လာသကဲ့သို့ ရဟန်း၊ သုခ ဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုကို အစွဲပြုပြီး သုခဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ သုခဝေဒနာကို ခံစားတဲ့အခါ သုခဝေဒနာကို ခံစားတယ်လို့ သိတယ်။

သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှု ချုပ်ခြင်းကြောင့် အဲဒီ တွေ့ထိမှုကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ သုခဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်။

(သူဟာ "သုခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုရဲ့ ချုပ် ခြင်းကြောင့် အဲဒီ တွေ့ထိမှုကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ သုခဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်" လို့ သိတယ်။)

ဒုက္ခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုကို အစွဲပြု၍ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ ဒုက္ခဝေဒနာကို ခံစားတဲ့ အခါ ဒုက္ခဝေဒနာကို ခံစားတယ်-လို့ သိတယ်။

ဒုက္ခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုရဲ့ ချုပ်ခြင်း

ကြောင့် အဲဒီ တွေ့ထိမှုကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်။

(သူဟာ "ဒုက္ခဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုရဲ့ ချုပ် ခြင်းကြောင့် အဲဒီ တွေ့ထိမှုကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်" လို့ သိတယ်။)

ရဟန်း ၊ ဥပေက္ခာဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုကို အစွဲပြု၍ ဥပေက္ခာဝေဒနာ ဖြစ်တယ်။ သူဟာ "ဥပေက္ခာဝေဒနာကို ခံစားတဲ့အခါ ဥပေက္ခာဝေဒနာကို ခံစားတယ်"-လို့ သိတယ်။

ဥပေက္ခာဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ အဲဒီ တွေ့ထိမှုရဲ့ ချုပ်ခြင်းကြောင့် အဲဒီ ဖဿကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ဥပေက္ခာဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်။

(သူဟာ "ဥပေက္ခာဝေဒနာရဲ့ အကြောင်းဖြစ်တဲ့ တွေ့ထိမှုရဲ့ ချုပ်ခြင်းကြောင့် အဲဒီ ဖဿကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ဥပေက္ခာဝေဒနာလည်း ချုပ်တယ်၊ ငြိမ်းအေးတယ်"လို့ သိတယ်)

ထို့နောင် ဥပေက္ခာသာ ကြွင်းကျန်တော့တယ်။ အဲဒီ ဥပေက္ခာဟာ သန့်ရှင်းစင်ကြယ်တယ်။ ပြုလုပ်လိုရာ ရတယ်။ အရောင်တလက်လက်ထွက်တယ်။ ရဟန်း၊ ဥပမာအားဖြင့် ရွှေပန်းထိမ်သည်ဖြစ်စေ၊ ရွှေပန်းထိမ်သည်ရဲ့ တပည့်ဖြစ်စေ ဖိုကို ဖွဲ့စီရင်တယ်၊ ဖိုကို ဖွဲ့စီရင်ပြီး ဖိုဝကို လိမ်းကျံတယ်။ ညှပ်ဖြင့် ရွှေ ကို

ယူပြီး ဖိုဝမှာ ထည့်တယ်။ အဲဒီ ရွှေကို အချိန်နဲ့ အချိန် ( သင့်တော်တဲ့ အချိန်မှာ) မှုတ်တယ်။ အချိန်နဲ့ အချိန် ရေဖျန်းတယ်။ အချိန်နဲ့ အချိန် လျစ်လျူရှုတယ်။ အဲဒီ ရွှေဟာ လျော့ပြီး ဦးပြီး ဖြစ်တော့တယ်။ ထင်ရှားတဲ့ အပြစ်ရော မထင်ရှားတဲ့ အပြစ်ပါ ကင်းတော့တယ်။ နူးညံ့တယ်၊ ပြုလုပ်လိုရာ ရတယ်။ အရောင် တလက်လက် ထွက်တယ်။ ရွှေပြားအတွက် ဖြစ်စေ၊ နားတောင်း အတွက် ဖြစ်စေ၊ လည်ရွဲတန်ဆာအတွက် ဖြစ်စေ၊ ရွှေပန်းခိုင် အတွက်ဖြစ်စေ ပြုလုပ်လိုရာ တန်ဆာအထူးအတွက် ပြုလုပ်နိုင် တယ်။

ကြွင်းကျန်နေတဲ့ ဥပေက္ခာဟာ အဲဒီ ရွှေကဲ့သို့ သန့်ရှင်း စင်ကြယ်တယ်၊ နူးညံ့တယ်၊ ပြုလုပ်လိုရာ ရတယ်၊ အရောင် တလက်လက် ထွက်တယ်။

"ဒီလောက်အထိ သန့်ရှင်းစင်ကြယ်တဲ့ ဒီ ဥပေက္ခာကို အရူပါဝစရဈာန်လေးပါးသို့ ငါ ကပ်ဆောင်၍ အဲဒီ အရူပါဝစရဈာန် အား လျော်သော သဘောရှိတဲ့ (ရူပါဝစရဈာန်) စိတ်ကို ပွားများ ရလျှင် ငါရဲ့ ဒီ ဥပေက္ခာဟာ အဲဒီ အရူပါ ဝစရဈာန်လေးပါးကို တည်မှီသည်၊ အဲဒီ အရူပါဝစရဈာန်လေးပါးကို ကပ်ယူမိသည်ဖြစ် ၍ အချိန်ကြာမြင့် ရှည်လျားစွာ တည်နိုင်တယ်"လို့ သူဟာ သိတယ်။

"ဒီလောက်အထိ သန့်ရှင်း စင်ကြယ်တဲ့ ဒီ ဥပေက္ခာကို အရူပါ ဝစရ ဈာန်လေးပါးသို့ ကပ်ဆောင်၍ အဲဒီ အရူပါ ဝစရဈာန် လေးပါးအား လျော်သော သဘောရှိတဲ့ ရူပါဝစရဈာန်စိတ်ကို ပွား များလျှင် အဲဒီလို ကပ်ဆောင်ခြင်း ပွားများခြင်းဟာ ပြုပြင်စီမံခြင်း ဖြစ်တယ်။ အကျိုးဖြစ်တဲ့ အရူပါဝစရ ဈာန်များဟာလည်း ပြုပြင် စီမံအပ်တဲ့ (သင်္ခတ) တရားများသာ ဖြစ်တယ်"-လို့ သိတယ်။

သူဟာ အဲဒီ ဥပေက္ခာကို (ရူပါဝစရဈာန် ဥပေက္ခာကို) တိုးတက်ဖို့ရာ ဖြစ်စေ၊ ဆုတ်ယုတ်ဖို့ရာ ဖြစ်စေ မပြုပြင်တော့။ ကြောင့်ကြမစိုက်တော့။ အဲဒီလို မပြုပြင်၊ ကြောင့်ကြ မစိုက်တော့တဲ့ အခါ လောကမှာ ဘာကိုမှ မစွဲလမ်း၊ မစွဲလမ်းတဲ့အခါ ဘာကိုမှ မတပ်မက်တော့ဘဲ သီးခြားသာ ပရိနိဗ္ဗာန်ပြုရတယ်။ "ပဋိသန္ဓေ နေစရာကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်မဂ်ကိစ္စ ကို ပြုပြီးပြီ။ ဒီလို မဂ်ကိစ္စမျိုးအတွက် တခြားပြုလုပ်စရာ မရှိတော့ ပြီ"-လို့ သိတယ်။ (ရဟန္တာ ဖြစ်တော့တယ်-လို့ ဆိုလိုတယ်။ )

အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ သုခဝေဒနာကို ခံစားလျှင် "အဲဒီ သုခဝေဒနာဟာ မမြဲတဲ့ သဘောဖြစ်တယ်၊ မတပ်မက်ထိုက်တဲ့ သဘော ဖြစ်တယ်။ မနှစ်သက်ထိုက်တဲ့ သဘော ဖြစ်တယ်"-လို့ သိတယ်။ ဒုက္ခဝေဒနာကိုခံစားလျှင် "ဒုက္ခဝေဒနာဟာ မမြဲတဲ့ သဘောဖြစ်တယ်။ မတပ်မက်ထိုက်တဲ့ သဘောဖြစ်တယ်။ မနှစ်

သက်ထိုက်တဲ့ သဘော ဖြစ်တယ်"-လို့ သိတယ်။ ဥပေက္ခာဝေဒနာကို ခံစားလျှင် "ဥပေက္ခာ ဝေဒနာဟာ မမြဲတဲ့သဘော ဖြစ်တယ်။ မတပ်မက်ထိုက်တဲ့ သဘောဖြစ်တယ်၊ မနှစ်သက်ထိုက်တဲ့ သဘော ဖြစ်တယ်"-လို့ သိတယ်။

အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ သုခဝေဒနာကို ခံစားလျှင် လောဘ ကင်းရှင်းစွာ ခံစားတယ်။ ဒုက္ခဝေဒနာကို ခံစားလျှင် ဒေါသကင်း ရှင်းစွာ ခံစားတယ်။ ဥပေက္ခာဝေဒနာကို ခံစားလျှင် မောဟကင်းရှင်း စွာ ခံစားတယ်။

ရဟန်း၊ ဥပမာအားဖြင့် ဆီနှင့် မီးစာကို အစွဲပြု၍ ဆီမီးဟာ တောက်လာတယ်။ အဲဒီ ဆီနှင့် မီးစာလည်းကုန်၍ နောက်ထပ် ဆီ နှင့် မီးစာကိုလည်း မဆောင်ယူ မထည့်တော့ခြင်းကြောင့် အဲဒီ ဆီမီးဟာ လောင်စာကုန်၍ ငြိမ်းရတော့သကဲ့သို့

ခန္ဓာကိုယ်လျှင် နယ်ဆုံးရှိတဲ့ ဝေဒနာကို ခံစားလျှင် "ခန္ဓာ ကိုယ်လျှင် နယ်ဆုံးရှိတဲ့ ဝေဒနာကို ခံစားတယ်"-လို့ သိတယ်။

အသက်လျှင် နယ်ဆုံးရှိတဲ့ ဝေဒနာကို ခံစားလျှင် "အသက် လျှင် နယ်ဆုံးရှိတဲ့ ဝေဒနာကို ခံစားတယ်"-လို့ သိတယ်။

"ခန္ဓာကိုယ်ပျက်၍ အသက်ထွက်တဲ့အခါ ဒီဘဝမှာပဲ ဝေဒနာအားလုံး မနှစ်သက်ဖွယ် ချုပ်ငြိမ်းကြလိမ့်မယ်"-လို့ သိတယ်။

ဒါ့ကြောင့် အခု ဟောပြခဲ့တဲ့ အသိပညာနှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဒီမြင့်မြတ်တဲ့ ပညာတည်ရာနှင့် ပြည့်စုံသူဖြစ်တယ်။

မှန်တယ်၊ ဒုက္ခအားလုံး ကုန်ဆုံးခြင်းကို သိတဲ့ အရဟတ္တဖိုလ်ဉာဏ် ဟာ မြင့်မြတ်တဲ့ဉာဏ် ဖြစ်တယ်။

အဲဒီ ရဟန္တာရဲ့ အရဟတ္တဖိုလ်ဟာ (နိဗ္ဗာန်ဆိုတဲ့) အမှန် တရားမှာ တည်သည်ဖြစ်၍ မပျက်စီးတော့။ အကြောင်းကတော့ ပျက်စီးခြင်း သဘောရှိတဲ့ တရားဟာ မှား၍ ပျက်စီးခြင်းသဘော မရှိတဲ့ နိဗ္ဗာန်ဟာ အမှန်ဖြစ်သောကြောင့် ဖြစ်တယ်။ ဒါ့ကြောင့် အဲဒီ နိဗ္ဗာန်နှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဒီ မြင့်မြတ်တဲ့ သစ္စာဟူသော တည် ရာနှင့် ပြည့်စုံသူ ဖြစ်တယ်။ မှန်တယ်၊ မပျက်စီးခြင်းသဘော ရှိတဲ့ နိဗ္ဗာန်ဟာ မြင့်မြတ်တဲ့ အရိယသစ္စာ ဖြစ်တယ်။

အဲဒီ ရဟန္တာသည်ပင် ရှေးပုထုဇဉ်ဘဝက မဂ်ဉာဏ် ဖိုလ် ဉာဏ် မရှိသေးသည့်အတွက် ကိလေသာ တို့ကို သိမ်းပိုက် လက်ခံ ထားခဲ့တယ်။ အခုအခါမှာတော့ အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ အဲဒီ ကိလေသာတို့ကို ပယ်ပြီးခဲ့တယ်။ ဒါ့ကြောင့် အဲဒီ ကိလေသာ ကို စွန့်ခြင်းနှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဒီ မြင့်မြတ်တဲ့ စွန့်ခြင်းဟူသော တည်ရာနှင့် ပြည့်စုံသူဖြစ်တယ်။ မှန်တယ်၊ ကိလေသာအားလုံးကို စွန့်ခြင်းဟာ မြင့်မြတ်စင်ကြယ်တဲ့ စွန့်ခြင်း ဖြစ်တယ်။

အဲဒီ ရဟန္တာမှာ ရှေးပုထုဇဉ်ဘဝက မဂ်ဉာဏ် ဖိုလ်ဉာဏ် မရှိသေးသည့်အတွက် ရာဂ၊ ဒေါသ၊ မောဟများ ရှိခဲ့တယ်။ အခု

အခါမှာ အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ အဲဒီ ရာဂ ဒေါသ မောဟတို့ကို ပယ်ပြီး ခဲ့တယ်။ ဒါ့ကြောင့် အဲဒီ ရာဂဒေါသမောဟတို့ကို ပယ်ခြင်းနှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဒီ မြင့်မြတ်တဲ့ ငြိမ်းအေးခြင်း ဟူသော တည်ရာနှင့် ပြည့်စုံသူဖြစ်တယ်။ မှန်တယ်၊ ရာဂ ဒေါသ မောဟတို့ရဲ့ ငြိမ်းအေးခြင်းဟာ မြင့်မြတ်စင်ကြယ်တဲ့ ငြိမ်းအေးခြင်း ဖြစ်တယ်။

အဲဒီ ပညာ စသည်၌ တည်သောသူမှာ မာနဆိုတဲ့ ယိုစီးမှုများ မဖြစ်။ မာနဆိုတဲ့ ယိုစီးမှုများ မဖြစ်တဲ့အတွက် ငြိမ်းအေးတဲ့ ရဟန်း-လို့ ခေါ်တယ် ဆိုတာ -

ရဟန်း ငါ ဖြစ်တယ်ဆိုတာ မှတ်ထင်ခြင်း ဖြစ်တယ်။ ဒါ ငါဖြစ်တယ်ဆိုတာ မှတ်ထင်ခြင်းဖြစ်တယ်။ ငါ ဖြစ်အံ့-ဆိုတာ မှတ်ထင်ခြင်း ဖြစ်တယ်။ ငါ မဖြစ်အံ့-ဆိုတာ မှတ်ထင်ခြင်းဖြစ်တယ်။ 'ငါ ရုပ်ရှိသူဖြစ်အံ့' ' ရုပ်မရှိသူဖြစ်အံ့' 'သညာရှိသူ ဖြစ်အံ့' 'သညာမရှိသူ ဖြစ်အံ့' 'ရုန့်ရင်းသော သညာမရှိဘဲ သိမ်မွေ့သော သညာရှိသူ ဖြစ်အံ့' - ဆိုတာတွေလည်း မှတ်ထင်ခြင်းများ ဖြစ်ကြတယ်။

ရဟန်း ၊ မှတ်ထင်ခြင်းဟာ ရောဂါ ဖြစ်တယ်။ မှတ်ထင်ခြင်းဟာ အိုင်းအမာ ဖြစ်တယ်။ မှတ်ထင်ခြင်းဟာ မြားငြောင့် ဖြစ်တယ်။

ရဟန်း၊ မှတ်ထင်ခြင်းအားလုံးကို ကျော်လွန်ခြင်းကြောင့် ရဟန္တာ ရဟန်းဟာ ငြိမ်းအေးသူ ဖြစ်တယ်။

ရဟန္တာ ရဟန်းဟာ ငြိမ်းအေးသည့် အတွက် ပဋိသန္ဓေ မနေတော့၊ မအိုတော့၊ မသေတော့ ၊ မပျက်စီးတော့၊ မတောင့်တ တော့။

မှန်တယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ ပဋိသန္ဓေနေကြောင်း မှတ်ထင် ခြင်း မရှိ။ ပဋိသန္ဓေ မနေမှတော့ ဘယ်အိုလိမ့်မလဲ? မအိုမှတော့ ဘယ်သေလိမ့်မလဲ? မသေမှတော့ ဘယ်ပျက်စီးလိမ့်မလဲ? မပျက်စီးမှတော့ (မပျက်စီးခြင်းနှင့်တောင် ပြည့်စုံမှတော့) ဘယ် တောင့်တလိမ့်မလဲ? (ဘာကို တောင့်တလိမ့်မလဲ?)

ရဟန်း၊ ငါ အကျဉ်းအားဖြင့် ဟောပြတဲ့ ဒီ ဓာတ်ခြောက် ပါး အဖွင့်ကို မှတ်ထားလော့"-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအခါကျမှ အရှင်ပုက္ကုသာတိဟာ "ငါရဲ့ ဆရာ မြတ်စွာ ဘုရား ကြွရောက်တော်မူလာတာပဲ"-လို့ သိခဲ့ပါတယ်။ ဒါနဲ့ ထိုင် နေရာမှ ထကာ သင်္ကန်းကို လက်ဝဲပုခုံးပေါ်မှာ လက်ကန်တော့ တင်ပြီး မြတ်စွာဘုရားရဲ့ ခြေဖမိုးတော်တို့ကို မိမိဦးခေါင်းဖြင့် တိုက် ၍ ရှိခိုး ဦးချခဲ့ပါတယ်။ အဲဒီလို ဦးချပြီး မြတ်စွာဘုရားအား အခု လို လျှောက်ထား တောင်းပန်ခဲ့ပါတယ်။

" မြတ်စွာဘုရား၊ မိုက်သည့်အလျောက်၊ တွေဝေသည့် အလျောက် ၊ မလိမ္မာသည့်အလျောက် အပြစ်က တပည့်တော်ကို လွှမ်းမိုးသွားပါတယ် ဘုရား။ မြတ်စွာဘုရားကိုပင် "ငါ့ရှင်" ဟူသော အသုံးအနှုန်းဖြင့် သုံးနှုန်းသင့်တယ်-လို့ မှတ်ထင်ခဲ့မိပါတယ် ဘုရား။

မြတ်စွာဘုရား၊ တပည့်တော်ရဲ့ အပြစ်ကို အပြစ်အားဖြင့် ခံယူတော်မူပါဘုရား။ နောင်အခါ အပြစ်မဖြစ်အောင် စောင့်စည်းပါ့မယ်ဘုရား။"

"ရဟန်း၊ သင်ရဲ့ အပြစ်ကို အပြစ်အားဖြင့် ငါဘုရား ခံယူတော်မူပါတယ်။ အပြစ်ကို အပြစ်လို့ မြင်ပြီး တရားနည်းလမ်းအတိုင်း ကုစားခြင်း၊ နောင်အပြစ် မဖြစ်အောင် စောင့်စည်းခြင်းဟာ ငါ ဘုရား သာသနာတော်မှာ ကြီးပွားကြောင်း အကျင့်တစ်ခုဖြစ်တယ်။"

"မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ အထံတော်မှာ ရဟန်းပြုလိုပါတယ်ဘုရား။ (ဒီစကားကို ထောက်ဆပါက မြတ်စွာဘုရားက ဘိက္ခု - ရဟန်းလို့ ခေါ်ခဲ့ရာ၌ အခုခေတ်အခေါ် ရသေ့ကို ပင် ဘိက္ခု-ရဟန်းလို့ ခေါ်ခဲ့သည်-ဟု ယူဆနိုင်သည်။)

"ရဟန်း၊ သင့်မှာ သပိတ်သင်္ကန်း ပြည့်စုံပြီလား?"

"မြတ်စွာဘုရား၊ တပည့်တော်မှာ သပိတ်သင်္ကန်း မပြည့်စုံသေးပါ ဘုရား။"

"ရဟန်း၊ သပိတ်သင်္ကန်း မပြည့်စုံသူကို မြတ်စွာဘုရား တို့သည် ရဟန်းပြုမပေးကြဘူး။"

အဲဒီအခါမှာ အရှင် ပုက္ကုသာတိဟာ မြတ်စွာဘုရားကို ရှိခိုး ဦးချပြီး သပိတ်သင်္ကန်းရှာ ထွက်ခဲ့ပါတယ်။

အဲဒီ အခါမှာ သပိတ်သင်္ကန်းရှာ လှည့်လည်နေတဲ့ အရှင် ပုက္ကုသာတိကို ချာချာလည်တဲ့ စိတ် (ပျာယာခတ်တဲ့စိတ်)ရှိတဲ့

သားသည်အမေ နွားမတစ်ကောင်ဟာ ဝေ့သတ်ခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းများဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြပြီး အခုလို လျှောက်ထားခဲ့ကြပါတယ်။

"မြတ်စွာဘုရား၊ ပုက္ကုသာတိ အမျိုးကောင်းသားအား မြတ်စွာဘုရားဟာ ဩဝါဒ အကျဉ်းချုပ်ကို ပေးသနားတော်မူခဲ့ပါတယ်ဘုရား။ ပုက္ကုသာတိဟာ ကွယ်လွန်သွားရှာပါပြီဘုရား။ ပုက္ကုသာတိရဲ့ လားရောက်ရာ ဂတိက ဘယ်ဟာပါလဲ ဘုရား? ပုက္ကုသာတိ ဘယ်ဘဝသို့ ရောက်သွားပါသလဲ ဘုရား?"

"ရဟန်းတို့၊ ပုက္ကုသာတိ အမျိုးကောင်းသားဟာ ပညာရှိသူ ဖြစ်တယ်။ လောကုတ္တရာတရားအား လျော်တဲ့ အကျင့်ကို ကျင့်ပြီးသူ ဖြစ်တယ်။ တရားဆိုတဲ့ အကြောင်းကြောင့် ငါဘုရားကို မပင်ပန်းစေခဲ့။ ရဟန်းတို့၊ ပုက္ကုသာတိ အမျိုးကောင်းသားဟာ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် (အနာဂါမ် ပုဂ္ဂိုလ် ဖြစ်ပြီး) အဝိဟာ ဗြဟ္မာ့ဘုံမှာ ပဋိသန္ဓေနေခဲ့တယ်။ အဲဒီ အဝိဟာ ဗြဟ္မာ့ဘုံမှာပဲ ပရိနိဗ္ဗာန် ပြုလိမ့်မယ်။ အဲဒီအဝိဟာ ဗြဟ္မာ့ဘုံမှ ကာမဘုံသို့ ပြန်လာတော့မည်မဟုတ်"-လို့ မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ အဖြေကို လွန်စွာ နှစ်သက် သဘောကျခဲ့ကြပါတယ်။

ဓာတုဝိဘင်္ဂသုတ် ပြီးပြီ။

* * *

## ၁၁- သစ္စဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ ဗာရာဏသီမြို့၊ ဣသိ ပတန-လို့ ခေါ်တဲ့ မိဂဒါဝုန်တောမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြား တော်မူခဲ့ပါတယ်။

"ရဟန်းတို့ မြတ်စွာဘုရားဟာ ဗာရာဏသီမြို့၊ ဣသိပတန မိဂဒါဝုန်တောမှာ အမြင့်ဆုံး ဓမ္မစကြာတရားတော်ကို ဟောကြား တော်မူခဲ့တယ်။ အဲဒီ ဓမ္မစကြာ တရားတော်ကို ရဟန်း ပုဏ္ဏား များလည်း မကန့်ကွက်နိုင်ဘူး၊ နတ်၊ မာရ်နတ်နှင့် ဗြဟ္မာများလည်း မကန့်ကွက်နိုင်ဘူး။ လောကမှာ မည်သူမျှ မကန့်ကွက်နိုင်ဘူး။

ဓမ္မစကြာတရားကို ဟောတယ်ဆိုတာ သစ္စာလေးပါးကို ဟောကြားခြင်း ဖြစ်တယ်။ သစ္စာလေးပါးဆိုတာ ဒုက္ခသစ္စာ၊ သမု ဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ-တို့ ဖြစ်တယ်။

ရဟန်းတို့ သာရိပုတြာနှင့် မောဂ္ဂလ္လာန်တို့ကို မှီဝဲကြ၊ ဆည်း ကပ်ကြ။ သာရိပုတြာနှင့် မောဂ္ဂလ္လာန်တို့ဟာ သီတင်းသုံးဖော် တို့ ကို ချီးမြှောက်တတ်တဲ့ ပညာရှိ ရဟန်းများ ဖြစ်ကြတယ်။ သာရိ ပုတြာဟာ မွေးမိခင်နှင့် တူတယ်။ မောဂ္ဂလ္လာန်ဟာ မွေးဖွားပြီး သူငယ်ကို ကျွေးမွေးစောင့်ရှောက်တဲ့ မွေးစားမိခင်နှင့် တူတယ်။ သာရိပုတြာဟာ သောတာပတ္တိဖိုလ်ကို ရအောင် ဟောပြတတ် တယ်။ မောဂ္ဂလ္လာန်ဟာ သကဒါဂါမိဖိုလ်စသည်ကို ရအောင် ဟောပြ

တတ်တယ်။ သာရိပုတြာဟာ သစ္စာလေးပါးကို အကျယ် ဟော ပြနိုင်တယ်။"

မြတ်စွာဘုရားဟာ အဲဒီလို ဟောပြတော်မူပြီး နေရာမှ ထတော်မူကာ ကျောင်းတော်သို့ ဝင်သွားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရား ကြွသွားတော်မူတဲ့အခါ အရှင် သာရိပုတြာ က ဆက်လက် ဟောကြားတော်မူခဲ့ပါတယ်။

ငါ့ ရှင်တို့၊ ဒုက္ခ သစ္စာဆိုတာ ဘာလဲ-ဆိုတော့ ဇာတိဟာ လည်း ဆင်းရဲတယ်။ ဇရာဟာလည်း ဆင်းရဲတယ်၊ မရဏဟာလည်း ဆင်းရဲတယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဟာလည်း ဆင်းရဲကြတယ်။ အလိုရှိတာကို မရခြင်းဟာလည်း ဆင်းရဲတယ်။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ဟာ ဆင်းရဲကြတယ်။

ငါ့ရှင်တို့၊ ဇာတိဆိုတာ - သတ္တဝါ အမျိုးမျိုးရဲ့ ဘဝ အမျိုး မျိုးမှာ ဖြစ်ခြင်း၊ ပဋိသန္ဓေနေခြင်း ဖြစ်တယ်။

ဇရာဆိုတာ - သတ္တဝါအမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှာ အိုခြင်း သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်ဆုတ်ယုတ်ခြင်း၊ မျက်စိ စသည် အားနည်းခြင်းတို့ ဖြစ်တယ်။

မရဏဆိုတာ - သတ္တဝါအမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှ ရွေ့လျောခြင်း၊ သေခြင်း ဖြစ်တယ်။

သောကဆိုတာ - ပျက်စီးမှု တစ်မျိုးမျိုး၊ ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံ၍ စိုးရိမ်ပူဆွေးခြင်း ဖြစ်တယ်။

ပရိဒေဝဆိုတာ - ပျက်စီးမှု တစ်မျိုးမျိုး ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံ၍ ငိုကြွေးခြင်း ဖြစ်တယ်။

ဒုက္ခဆိုတာ - ကိုယ်ဆင်းရဲခြင်း ဖြစ်တယ်။ ဒေါမနဿ-ဆိုတာ စိတ်ဆင်းရဲခြင်း ဖြစ်တယ်။

ဥပါယာသ-ဆိုတာ ပျက်စီးမှု တစ်မျိုးမျိုး ဆင်းရဲ တစ်မျိုးမျိုးနှင့် ကြုံ၍ ပြင်းစွာ ပင်ပန်းမှု ဖြစ်တယ်။

လိုတာကို မရခြင်းဆိုတာ - ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိကြတဲ့ သတ္တဝါတို့ဟာ ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းလိုကြတယ်။ ဒါပေမဲ့ ကင်းလိုခြင်းကြောင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မကင်းကြဘူး၊ ဒါဟာ လိုတာကို မရခြင်း ဖြစ်တယ်။

ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ - ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ ဖြစ်တယ်။

ငါ့ရှင်တို့၊ ဒါတွေဟာ ဒုက္ခသစ္စာ ဖြစ်တယ်။

ငါ့ရှင်တို့ သမုဒယသစ္စာဆိုတာ လောဘတဏှာ ဖြစ်တယ်။ အဲဒီ လောဘတဏှာဟာ နောင်ဘဝကို ဖြစ်စေတတ်တယ်။ အလွန် တပ်မက်စွဲလမ်းတတ်တယ်။ အာရုံအမျိုးမျိုး ဘဝအမျိုးမျိုးကို တပ်မက်တတ်တယ်။

အဲဒီ တဏှာဟာ ကာမတဏှာ-လိုချင်တပ်မက်တတ်တဲ့ တဏှာ၊ ဘဝတဏှာ - မြဲ၏ ဟု မှတ်ထင်လျက် တပ်မက်တတ်တဲ့ တဏှာ၊ ဝိဘဝတဏှာ-မမြဲဟု မှတ်ထင်လျက် တပ်မက်တက်တဲ့ တဏှာ-လို့ သုံးမျိုး ရှိတယ်။

ငါ့ရှင်တို့၊ ဒီတဏှာဟာ သမုဒယသစ္စာ ဖြစ်တယ်။

ငါ့ရှင်တို့၊ နိရောဓသစ္စာဆိုတာ အဲဒီ တဏှာရဲ့ အကြွင်းမဲ့ ပျက်စီး ချုပ်ငြိမ်းခြင်း ဖြစ်တယ်။

ငါ့ရှင်တို့ ၊မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။ အဲဒီ မဂ္ဂင်ရှစ်ပါးဆိုတာ-

- သမ္မာဒိဋ္ဌိ - မှန်စွာ သိမြင်ခြင်း
- သမ္မာသင်္ကပ္ပ - မှန်စွာ ကြံစည်ခြင်း
- သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း
- သမ္မာကမ္မန္တ - မှန်စွာ ပြုလုပ်ခြင်း
- သမ္မာအာဇီဝ - မှန်စွာ အသက်မွေးခြင်း
- သမ္မာဝါယာမ - မှန်စွာ အားထုတ်ခြင်း
- သမ္မာသတိ - မှန်စွာ အမှတ်ရခြင်း
- သမ္မာသမာဓိ - မှန်စွာ တည်ကြည်ခြင်း - တို့ ဖြစ်တယ်။

ငါ့ရှင်တို့၊ သမ္မာဒိဋ္ဌိဆိုတာ

- ကြားခြင်းကို သုံးသပ်ဆင်ခြင်တတ်တဲ့ဉာဏ်
- ကြားပြီးနောက် လောဘဖြစ်ပုံကို သုံးသပ်ဆင်ခြင်တတ်တဲ့ ဉာဏ်
- ကြားခြင်းကို သိတဲ့ ဉာဏ်
- ကြားပြီးနောက် တဏှာ မဖြစ်ပုံကို သိတဲ့ ဉာဏ်တို့ ဖြစ်တယ်။

သမ္မာသင်္ကပ္ပဆိုတာ-

- ကာမဂုဏ်နယ်ပယ်မှ ထွက်မြောက်ရန် ကြံစည်ခြင်း
- ဒေါသပယ်ရှား၍ မေတ္တာထားရန် ကြံစည်ခြင်း
- ညှဉ်းဆဲခြင်း အနိုင်ကျင့်ခြင်းကို ရှောင်ရှား၍ ကရုဏာထားရန် ကြံစည်ခြင်း - တို့ ဖြစ်တယ်။

သမ္မာဝါစာ ဆိုတာ -

- လိမ်ညာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
- ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း
- ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
- အကျိုးမရှိတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်တယ်။

သမ္မာကမ္မန္တဆိုတာ -

- သူတပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း
- သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း
- သူတပါး သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်တယ်။

သမ္မာအာဇီဝဆိုတာ-

မှားယွင်းတဲ့ အသက်မွေးမှုကို ပယ်၍ မှန်ကန်တဲ့ အသက်မွေးမှုဖြင့် အသက်မွေးခြင်း ဖြစ်တယ်။(ပါဏာတိပါတစတဲ့ မကောင်းမှုကို ရှောင်၍ လုပ်ကိုင်စားသောက်ခြင်း ဖြစ်တယ်။)

သမ္မာဝါယာမဆိုတာ-

- မဖြစ်သေးတဲ့ အကုသိုလ်များ မဖြစ်ဖို့ရာ ကြိုးစားအားထုတ်ခြင်း
- ဖြစ်ပြီးတဲ့ အကုသိုလ်များကို ပယ်ဖို့ရာ ကြိုးစားအားထုတ်ခြင်း
- မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ဖို့ရာ ကြိုးစားအားထုတ်ခြင်း
- ဖြစ်ပြီးတဲ့ ကုသိုလ်တွေ တည်တံ့တိုးပွားဖို့ရာ ကြိုးစားအားထုတ်ခြင်း တို့ ဖြစ်တယ်။

သမ္မာသတိဆိုတာ -

- ကိုယ်ကို အဖန်ဖန်ရှုမှတ်၍ နေခြင်း
- ဝေဒနာကို အဖန်ဖန်ရှုမှတ်၍ နေခြင်း
- စိတ်ကို အဖန်ဖန်ရှုမှတ်၍ နေခြင်း
- တရားသဘောကို အဖန်ဖန်ရှုမှတ်၍ နေခြင်း-တို့ ဖြစ်တယ်။

သမ္မာသမာဓိဆိုတာ-

- ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် နှင့် စတုတ္ထဈာန် တို့ ဖြစ်တယ်။

ငါ့ရှင်တို့ ၊ဒါတွေဟာ မဂ္ဂသစ္စာဖြစ်တယ်"-လို့ အရှင် သာရိပုတြာ ဟောပြတော်မူတဲ့အခါ ရဟန်းတွေဟာ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

သစ္စဝိဘင်္ဂသုတ် ပြီးပြီ။

❊ ❊ ❊

# ၁၂-ဒက္ခိဏာဝိဘင်္ဂသုတ်

အခါတစ်ပါးမှာ သက္ကတိုင်း၊ ကပိလ ဝတ္ထုမြို့၊ နိဂြောဓာရုံ ကျောင်းတိုက်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မဟာပဇာပတိ ဂေါတမီဟာ သက်န်းထည် အသစ် ဒွိစုံကို ယူပြီး မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ် ခဲ့ပါတယ်။ မြတ်စွာဘုရားအထံတော်သို့ ရောက်တော့ မြတ်စွာ ဘုရားကို ရှိခိုးဦးချပြီး သင့်တော်တဲ့ နေရာမှာထိုင်ကာ အခုလို လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရားကိုသာ ရည်မှန်းပြီး ဒီ သက်န်းထည်အသစ် ဒွိစုံကို တပည့်တော်မ ကိုယ်တိုင် ငင်ထား ယက်ထားတာပါဘုရား။ မြတ်စွာဘုရား တပည့်တော်မအား သနား သောအားဖြင့် တပည့်တော်မရဲ့ ဒီသက်န်းထည်အသစ် ဒွိစုံကို အလှူခံတော်မူပါဘုရား"

အဲဒီအခါမှာ မြတ်စွာဘုရားက "ဂေါတမီ၊ သံဃာအား လှူပါ။ သံဃာအား လှူလျှင် ငါဘုရားကိုလည်း ပူဇော်ပြီး ဖြစ် လိမ့်မယ်။ သံဃာကိုလည်း ပူဇော်ပြီး ဖြစ်လိမ့်မယ်" လို့ လွှဲပြောင်း လှူခိုင်းတော်မူခဲ့ပါတယ်။

မဟာပဇာပတိ ဂေါတမီက သုံးကြိမ်တိုင်တိုင် အဲဒီလို

လျှောက်ထားတဲ့အခါ မြတ်စွာဘုရားကလည်း သုံးကြိမ်တိုင်တိုင် သံဃာအားသာ လွှဲပြောင်း လှူခိုင်းတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား၊ မဟာပဇာပတိဂေါတမီရဲ့ သင်္ကန်းထည်အသစ် ဒွိစုံကို အလှူခံတော်မူပါဘုရား။ မဟာပဇာပတိ ဂေါတမီဟာ မြတ်စွာဘုရားအား ကျေးဇူးများပါတယ်ဘုရား။ မြတ်စွာ ဘုရားကို မွေးမြူခဲ့၊ စောင့်ရှောက်ခဲ့၊ နို့ချိုတိုက်ကျွေးခဲ့တဲ့ မိထွေးတော်ဖြစ်ပါတယ်ဘုရား။ မယ်တော် နတ်ရွာစံတဲ့အခါ ဒီ မိထွေးတော်က မြတ်စွာဘုရားအား နို့ချိုတိုက်ကျွေး မွေးမြူတော်မူခဲ့ပါတယ်ဘုရား။

မြတ်စွာဘုရား၊ မြတ်စွာဘုရားကလည်း မဟာပဇာပတိ ဂေါတမီအပေါ်မှာ ကျေးဇူးများပါတယ်ဘုရား။ မြတ်စွာဘုရားကို အကြောင်းပြုပြီး မဟာပဇာပတိဂေါတမီဟာ ဘုရား တရား သံဃာကို ဆည်းကပ်ကိုးကွယ်ခဲ့ပါတယ် ဘုရား။ ငါးပါးသီလကို စောင့်ထိန်းခဲ့ပါတယ်ဘုရား။ ရတနာသုံးပါးကို မလှုပ်မရှား မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ သက်ဝင်ကြည်ညိုခဲ့ပါတယ် ဘုရား။ အရိယာတို့ နှစ်သက်သဘောကျတဲ့ သီလများနှင့် ပြည့်စုံသူ ဖြစ်ခဲ့ပါတယ် ဘုရား။ သစ္စာလေးပါးမှာ ယုံမှားကင်းသူ ဖြစ်ခဲ့ပါတယ်ဘုရား။ မြတ်စွာဘုရားကလည်း မဟာပဇာပတိ ဂေါတမီအပေါ်မှာ အဲဒီလို ကျေးဇူးများပါတယ်ဘုရား။ ဒါ့ကြောင့် မဟာပဇာပတိ ဂေါတမီရဲ့

သက်န်းထည် အသစ် ဒွိစုံကို အလှူခံတော်မူပါဘုရား။"

"အာနန္ဒာ၊ အဲဒါတော့ မှန်ပါတယ်။ ဒါပေမဲ့ တပည့်တစ်ယောက်က ဆရာတစ်ပါးအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ သင့်လျော်သော ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်း၊ သင်္ကန်းဆွမ်း၊ ကျောင်း၊ ဆေး-ဆိုတဲ့ ပစ္စည်းလေးပါးကို ပေးလှူခြင်းဖြင့် ကျေးဇူးဆပ်ခြင်းကို ကောင်းစွာ ကျေးဇူးဆပ်ခြင်းလို့ ငါဘုရား မဟောကြားလို။

အာနန္ဒာ ၊ ပုဂ္ဂလိက အလှူဟာ ၁၄-မျိုး ရှိတယ်။ ၁၄-မျိုး ဆိုတာက -

(၁) မြတ်စွာဘုရားအား ပေးလှူခြင်း
(၂) ပစ္စေကဗုဒ္ဓါအား ပေးလှူခြင်း
(၃) ရဟန္တာအား ပေးလှူခြင်း
(၄) အရဟတ္တဖိုလ်ရအောင် ကျင့်နေသူအား ပေးလှူခြင်း
(၅) အနာဂါမ်အား ပေးလှူခြင်း
(၆) အနာဂါမိဖိုလ်ရအောင် ကျင့်နေသူအား ပေးလှူခြင်း
(၇) သကဒါဂါမ်အား ပေးလှူခြင်း
(၈) သကဒါဂါမိ ဖိုလ်ရအောင် ကျင့်နေသူအား ပေး

လှူခြင်း

(၉) သောတာပန်အား ပေးလှူခြင်း

(၁၀) သောတာပတ္တိဖိုလ်ရအောင် ကျင့်နေသူအား ပေးလှူခြင်း

(၁၁) သာသနာ့ပမှာ ကာမဂုဏ်ကို တပ်မက်မှုကင်းသူ (အဘိညာဉ်ရသူ)အား ပေးလှူခြင်း

(၁၂) သီလမရှိတဲ့ ပုထုဇဉ်အား ပေးလှူခြင်း

(၁၃) သီလရှိတဲ့ ပုထုဇဉ်အား ပေးလှူခြင်း

(၁၄) တိရစ္ဆာန်အား ပေးလှူခြင်းတို့ ဖြစ်တယ်။

အာနန္ဒာ၊ အဲဒီ ပုဂ္ဂလိက အလှူ ၁၄-မျိုးအနက်

(၁) တိရစ္ဆာန်အား ပေးလှူခြင်းကြောင့် ဘဝတစ်ရာ ကောင်းကျိုးရနိုင်တယ်။

(၂) သီလမရှိတဲ့ ပုထုဇဉ်အား ပေးလှူခြင်းကြောင့် ဘဝ တစ်ထောင် ကောင်းကျိုးရနိုင်တယ်။

(၃) သီလရှိတဲ့ ပုထုဇဉ်အား ပေးလှူခြင်းကြောင့် ဘဝ တစ်သိန်း ကောင်းကျိုး ရနိုင်တယ်။

(၄) သာသနာ့ပမှာ ကာမဂုဏ်ကို တပ်မက်မှုကင်းသူ (အဘိညာဉ်ရသူ)အား ပေးလှူခြင်းကြောင့် ဘဝ ကုဋေတစ်သိန်း ကောင်းကျိုး ရနိုင်တယ်။

(၅) သောတာပတ္တိဖိုလ်ကို ရအောင် ကျင့်နေသူအား

ပေးလှူခြင်းကြောင့် ဘဝပေါင်း မရေတွက်နိုင်အောင် ကောင်းကျိုးရနိုင်တယ်။

(၆-၁၄) သောတာပန်မှစ၍ အထက် ပုဂ္ဂိုလ် ကိုးမျိုးအား ပေးလှူခြင်းကြောင့် ဘဝပေါင်း မရေတွက်နိုင်အောင် ကောင်းကျိုးရနိုင်တယ်-ဆိုတာ ဟောပြစရာပင် မလိုတော့။

အာနန္ဒာ၊ သံဃိကအလှူဟာ ခုနစ်မျိုး ရှိတယ်။ အဲဒီ ခုနစ်မျိုး ဆိုတာက -

(၁) ဘုရားအမှူးရှိတဲ့ (ရဟန်းသံဃာ၊ ရဟန်းမသံဃာ ဆိုတဲ့) နှစ်ဘက်သံဃာအား ပေးလှူခြင်း

(၂) ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ (ရဟန်းသံဃာ၊ ရဟန်းမသံဃာဆိုတဲ့) နှစ်ဘက် သံဃာအား ပေးလှူခြင်း

(၃) ရဟန်းသံဃာအား ပေးလှူခြင်း

(၄) ရဟန်းမသံဃာအား ပေးလှူခြင်း

(၅) နှစ်ဘက်သံဃာထဲမှ ရဟန်းမည်မျှ၊ ရဟန်းမမည်မျှကို ညွှန်ပြတော်မူကြပါဘုရား - လို့ လျှောက်ထား ပင့်ဖိတ်၍ ပေးလှူခြင်း

(၆) ရဟန်းသံဃာထဲမှ ရဟန်းမည်မျှကို ညွှန်ပြတော်မူကြပါဘုရား-လို့ လျှောက်ထားပင့်ဖိတ်၍ ပေးလှူခြင်း

(၇) ရဟန်းမသံဃာထဲမှ ရဟန်းမ မည်မျှကို ညွှန်ပြ

တော်မူကြပါဘုရား - လို့ လျှောက်ထားပင့်ဖိတ်၍ ပေးလှူခြင်းတို့ ဖြစ်တယ်။

အာနန္ဒာ၊ နောင်အခါမှာ ရဟန်းအမည်ခံရုံမျှသာ ရှိတဲ့ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာကြလိမ့်မယ်။ သူတို့ရဲ့ လည်ပင်းမှာ သင်္ကန်းစများကို ဖွဲ့ချည်ထားကြလိမ့်မယ်။ သူတို့ဟာ သီလ မရှိသူများ၊ ယုတ်မာ ဆိုးသွမ်းတဲ့ ကိုယ်ကျင့် ရှိသူများ ဖြစ်ကြလိမ့်မယ်။ သံဃာကို ရည်မှန်းပြီး အဲဒီ သီလမရှိသူတို့အား လှူဒါန်းကြလိမ့်မယ်။ အဲဒီအခါမှာတောင်မှ သံဃိကအလှူဟာ မရေမတွက်နိုင်အောင် ကောင်းကျိုးများတယ်လို့ ငါဘုရား ဟောတော်မူတယ်။ သံဃိကအလှူထက် ပုဂ္ဂလိက အလှူဟာ ဘယ်နည်းနဲ့မှ အကျိုးမများနိုင်-ဟု ငါဘုရား ဟောတော်မူတယ်။

အာနန္ဒာ၊ အလှူရဲ့ စင်ကြယ်ခြင်း လေးမျိုးရှိတယ်။ အဲဒီ လေးမျိုးဆိုတာက -

(၁) အလှူရှင်ဘက်မှသာ စင်ကြယ်၍ အလှူခံဘက်မှ မစင်ကြယ်တဲ့အလှူ (အလှူရှင်ကြောင့်သာ အကျိုးများတဲ့ အလှူ)

(၂) အလှူခံဘက်မှသာ စင်ကြယ်၍ အလှူရှင်ဘက်မှ မစင်ကြယ်တဲ့ အလှူ (အလှူခံကြောင့်သာ အကျိုးများတဲ့ အလှူ)

(၃) အလှူရှင်ဘက်မှရော အလှူခံဘက်မှပါ မစင်

ကြွယ်တဲ့အလှူ (အလှူရှင်နှင့် အလှူခံ နှစ်ဦးလုံးကြောင့် အကျိုးမများတဲ့ အလှူ)

(၄) အလှူရှင်ဘက်မှရော အလှူခံဘက်မှပါ စင်ကြွယ်တဲ့ အလှူ (အလှူရှင်နှင့် အလှူခံ နှစ်ဦးလုံးကြောင့် အကျိုးများတဲ့ အလှူ) တို့ ဖြစ်တယ်။

(၁) အာနန္ဒာ၊ လောကမှာ အလှူရှင်ဟာ သီလရှိသူ၊ ကောင်းတဲ့ ကိုယ်ကျင့်တရားရှိသူ ဖြစ်တယ်။ အလှူခံပုဂ္ဂိုလ်များကတော့ သီလ မရှိသူများ ၊ မကောင်းတဲ့ ကိုယ်ကျင့်ရှိသူများ ဖြစ်ကြတယ်။ အဲဒီ အလှူဟာ အလှူရှင်ဘက်မှသာ စင်ကြွယ်၍ အလှူခံဘက်မှ မစင်ကြွယ်တဲ့ အလှူ ဖြစ်တယ်။

(၂) အာနန္ဒာ၊ နောက်တစ်မျိုးကတော့ - အလှူရှင်ဟာ သီလမရှိသူ၊ မကောင်းတဲ့ ကိုယ်ကျင့် ရှိသူ ဖြစ်တယ်။ အလှူခံ ပုဂ္ဂိုလ်များဟာ သီလရှိသူများ ကောင်းတဲ့ ကိုယ်ကျင့်ရှိသူများ ဖြစ်ကြတယ်။ အဲဒီ အလှူဟာ အလှူခံဘက်မှသာ စင်ကြွယ်၍ အလှူရှင်ဘက်မှ မစင်ကြွယ်တဲ့ အလှူ ဖြစ်တယ်။

(၃) အာနန္ဒာ၊ နောက်တစ်မျိုးကတော့ - အလှူရှင်ဟာလည်း သီလမရှိသူ၊ မကောင်းတဲ့ ကိုယ်ကျင့်ရှိသူဖြစ်တယ်။ အလှူခံ ပုဂ္ဂိုလ်များလည်း သီလ မရှိသူများ မကောင်းတဲ့ ကိုယ်ကျင့်

ရှိသူများ ဖြစ်ကြတယ်။ အဲဒီ အလှူဟာ အလှူရှင်ဘက်မှရော အလှူခံဘက်မှပါ မစင်ကြယ်တဲ့ အလှူ ဖြစ်တယ်။

(၄) အာနန္ဒာ၊ နောက်တစ်မျိုးကတော့ - အလှူရှင်ကလည်း သီလရှိသူ၊ ကောင်းတဲ့ ကိုယ်ကျင့်ရှိသူ ဖြစ်တယ်။ အလှူခံ ပုဂ္ဂိုလ်များလည်း သီလရှိသူများ၊ ကောင်းတဲ့ ကိုယ်ကျင့် ရှိသူများ ဖြစ်ကြတယ်။ အဲဒီ အလှူဟာ အလှူရှင်ဘက်မှရော အလှူခံဘက်မှပါ စင်ကြယ်တဲ့ အလှူ ဖြစ်တယ်။

အဲဒီနောက် ဆက်လက်ပြီး ဒီဂါထာများကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

* အလှူရှင်ဟာ သီလရှိတယ်၊ အလွန်ကြည်လင်တဲ့ စိတ်ရှိတယ်။ မွန်မြတ်ကောင်းမွန်တဲ့ ကံရဲ့ အကျိုးကို ယုံကြည်တယ်။ သူဟာ တရားသဖြင့် ရထားတဲ့ ပစ္စည်းကို သီလ မရှိသူတို့အား ပေးလှူတယ်။ အဲဒီ အလှူဟာ အလှူရှင်ဘက်မှ စင်ကြယ်တယ်။ (အလှူရှင်ကြောင့် ကောင်းကျိုးများတယ်။)

* အလှူရှင်ဟာ သီလမရှိသူ ဖြစ်တယ်၊ မကြည်လင်တဲ့ စိတ်ရှိတယ်၊ မွန်မြတ် ကောင်းမွန်တဲ့ ကံရဲ့အကျိုးကို မယုံကြည်သူ ဖြစ်တယ်။ သူဟာ မတရားသဖြင့် ရထားတဲ့ ပစ္စည်းကို သီလရှိသူတို့ အား ပေးလှူတယ်။ အဲဒီ အလှူဟာ အလှူခံဘက်မှ စင်ကြယ်

တယ်။ (အလှူခံကြောင့် ကောင်းကျိုးများတယ်။)

* အလှူရှင်ဟာ သီလမရှိသူ ဖြစ်တယ်၊ မကြည်လင်တဲ့ စိတ်ရှိသူ ဖြစ်တယ်၊ မွန်မြတ်ကောင်းမွန်တဲ့ ကံရဲ့အကျိုးကို မယုံကြည်သူ ဖြစ်တယ်။ သူဟာ မတရားသဖြင့် ရထားတဲ့ ပစ္စည်းကို သီလမရှိသူတို့အား ပေးလှူတယ်။ "အဲဒီ အလှူဟာ အကျိုးမများ"-လို့ ငါ ဘုရား ဟောတော်မူတယ်။

* အလှူရှင်ဟာ သီလရှိသူဖြစ်တယ်။အလွန်ကြည်လင်တဲ့ စိတ်ရှိသူ ဖြစ်တယ်။ မွန်မြတ်ကောင်းမွန်တဲ့ ကံရဲ့အကျိုးကို ယုံကြည်သူ ဖြစ်တယ်။ သူဟာ တရားသဖြင့် ရထားတဲ့ ပစ္စည်းကို သီလရှိသူတို့အား ပေးလှူတယ်။ "အဲဒီ အလှူဟာ တကယ် အကျိုးများတဲ့ အလှူ"-လို့ ငါဘုရား ဟောတော်မူတယ်။

* အလှူရှင်ဟာ ရာဂကင်းသူဖြစ်တယ်၊ အလွန်ကြည်လင်တဲ့ စိတ်ရှိသူ ဖြစ်တယ်။ မွန်မြတ် ကောင်းမွန်တဲ့ ကံရဲ့အကျိုးကို ယုံကြည်သူ ဖြစ်တယ်။ သူဟာ တရားသဖြင့် ရထားတဲ့ ပစ္စည်းကို ရာဂကင်းသူတို့အား ပေးလှူတယ်။ အဲဒီ အလှူဟာ ပစ္စည်းအလှူတွေထဲမှာ တကယ် စင်စစ် အမြတ်ဆုံး ဖြစ်တယ်။

ဒက္ခိဏာဝိဘင်္ဂသုတ် ပြီးပြီ။

# ၅- သဠာယတနဝဂ်

## ၁ - အနာထပိဏ္ဍိကောဝါဒသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ ဇေတဝန် ကျောင်းတော်ကို အနာထပိဏ်သူဌေးက လှူဒါန်းထားတယ်။ အဲဒီ အခါမှာ အနာထပိဏ်သူဌေးဟာ အနာရောဂါ ဖိစီးနှိပ်စက်ခံရ၍ ဒုက္ခဝေဒနာခံစားနေရသူ၊ အပြင်းအထန် မကျန်းမမာဖြစ်နေသူ ဖြစ်တယ်။ ဒါနဲ့ အနာထပိဏ်သူဌေးဟာ ယောကျ်ားတစ်ယောက်ကို ခေါ်ပြီး အခုလို စေခိုင်းခဲ့ပါတယ်။

"အမောင် ယောကျ်ား၊ လာလော့။ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားရဲ့ ခြေတော်တို့ကို သင်ရဲ့ ဦးခေါင်းဖြင့် တိုက်၍ ရှိခိုးလော့၊ 'အနာရောဂါ ဖိစီးခံရလို့ ဒုက္ခဝေဒနာကို ခံစားပြီး အပြင်းအထန် မကျန်းမမာ ဖြစ်နေတဲ့ အနာထပိဏ် သူဌေးဟာ မြတ်စွာဘုရားရဲ့ ခြေတော်တို့ကို ဦးညွှတ်၍ ရှိခိုးလိုက်ပါတယ် ဘုရား'-လို့လည်း ငါ့စကားအတိုင်း လျှောက်ထားလော့။

အရှင်သာရိပုတ္တာရဲ့ အထံတော်သို့လည်း ချဉ်းကပ်လော့။ အရှင်သာရိပုတ္တာရဲ့ ခြေတော်တို့ကိုလည်း သင်ရဲ့ ဦးခေါင်းဖြင့်

တိုက်၍ ရှိခိုးလော့ 'အနာရောဂါ ဖိစီးနှိပ်စက်ခံရ၍ ဒုက္ခဝေဒနာကို ခံစားပြီး အပြင်းအထန် မကျန်းမမာဖြစ်နေတဲ့ အနာထပိဏ်သူဌေးဟာ အရှင်သာရိပုတြာရဲ့ ခြေတော်တို့ကို ဦးညွှတ်၍ ရှိခိုးလိုက်ပါတယ် ဘုရား'-လို့လည်း ငါ့စကားအတိုင်း လျှောက်ထားလော့၊ 'အရှင်ဘုရား၊ အနာထပိဏ်သူဌေးသည် သနားအား သနားသောအားဖြင့် သူရဲ့ အိမ်သို့ ကြွစေလိုပါသတဲ့ဘုရား'လို့လည်း လျှောက်ထားလော့"-လို့ စေခိုင်းလိုက်ပါတယ်။

အဲဒီ ယောက်ျားဟာ အနာထပိဏ်သူဌေးစေခိုင်းလိုက်တဲ့အတိုင်း သွားရောက် လျှောက်ထားတဲ့အခါ အရှင်သာရိပုတြာဟာ ဆိတ်ဆိတ်နေ၍ လက်ခံတော်မူခဲ့ပါတယ်။

အဲဒီနောက် အရှင်သာရိပုတြာဟာ အရှင် အာနန္ဒာကို နောက်လိုက်ရဟန်းအဖြစ်နဲ့ ခေါ်တော်မူ၍ အနာထပိဏ်သူဌေးရဲ့ အိမ်သို့ ကြွရောက်တော်မူပါတယ်။ အနာထပိဏ် သူဌေးအိမ်သို့ ရောက်တဲ့အခါ ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူပြီး အနာထပိဏ်သူဌေးအား အခုလို မေးမြန်းခဲ့ပါတယ်။

"သူဌေးကြီး၊ နေကောင်းရဲ့လား?
သက်သာရဲ့လား? "
"အရှင်ဘုရား နေမကောင်းပါ၊
မသက်သာပါဘုရား။

အရှင်ဘုရား သာရိပုတြာ၊ အားကောင်းတဲ့ ယောက်ျား တစ်ယောက်ဟာ ချွန်ထက်နေတဲ့ စူးဖြင့် ဦးခေါင်းမှာ ထိုးသကဲ့သို့ ပြင်းထန်တဲ့ လေများဟာ တပည့်တော်ရဲ့ ဦးခေါင်းမှာ ထိုးနေကြ ပါတယ်ဘုရား။

အရှင်ဘုရားသာရိပုတြာ၊ အားကောင်းတဲ့ ယောက်ျား တစ်ယောက်ဟာ မြဲမြံခိုင်ခံ့တဲ့ သားရေကြိုးစဖြင့် ဦးခေါင်းကို အတင်းအကျပ် ရစ်ပတ်ထားသကဲ့သို့ တပည့်တော့်မှာ ခေါင်းကိုက် ဝေဒနာ အပြင်းအထန် ဖြစ်နေပါတယ်ဘုရား။

အရှင်ဘုရား သာရိပုတြာ၊ ကျွမ်းကျင်တဲ့ နွားသတ်သမား တစ်ယောက်ဟာ သားလှီးဓားထက်ထက်ဖြင့် ဝမ်းဗိုက်ကို ရစ်လှီးသကဲ့သို့ ပြင်း ထန်တဲ့ လေများဟာ ဝမ်းဗိုက်ကို ရစ်လှီး နေကြ ပါတယ်ဘုရား။

အရှင်ဘုရားသာရိပုတြာ၊ အားကောင်းတဲ့ ယောက်ျား နှစ် ယောက်ဟာ အားနည်းတဲ့ ယောက်ျားတစ်ယောက်ကို လက်မောင်းတစ်ဘက်စီမှာ ကိုင်ပြီး မီးကျီးတွင်းမှာ ကင်ကုန် မြှိုက်ကုန်သကဲ့သို့ တပည့်တော်ရဲ့ ခန္ဓာကိုယ်မှာ အလွန်ပြင်းထန် စွာ ပူလောင်နေပါတယ်ဘုရား” လို့ လျှောက်ထားခဲ့ပါတယ်။

သူဌေးကြီး၊ ထိုသို့ဖြစ်လျှင် “မျက်စိကို (ငါ) မစွဲလမ်းအံ့၊ ငါရဲ့ စိတ်ကိုလည်း မျက်စိကို မမှီတွယ်စေအံ့” လို့ သင် ကျင့်သင့်တယ်။

ထို့အတူ ‘နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ကိုလည်း မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၎င်းတို့ကို မမှီတွယ်စေအံ့” လို့

သင် ကျင့်သင့်တယ်။ (၁)

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာ သဘောတို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၄င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင်ကျင့်သင့်တယ်။ (၂)

"မြင်သိစိတ်၊ ကြားသိစိတ်၊ ရှူသိစိတ်၊ လျက်သိစိတ်၊ တွေ့သိစိတ်၊ ကြံသိစိတ် - တို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၄င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။ (၃)

"မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့-တို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၄င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။ (၄)

"မျက်စိအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု၊ နားအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု၊ နှာခေါင်းအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု၊ လျှာအတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု၊ ကိုယ်အတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု၊ စိတ်အတွေ့ကြောင့် ဖြစ်တဲ့ ခံစားမှု-တို့ကို မစွဲလမ်းအံ့ ။ ငါရဲ့ စိတ်ကိုလည်း ၄င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။ (၅)

"ခက်မာခြင်းသဘော၊ ဖွဲ့စည်းခြင်းသဘော၊ အေးပူခြင်းသဘော၊ တွန်းကန်ခြင်းသဘော၊ အပေါက်အကြားသဘောနှင့် အသိသဘောတို့ကို မစွဲလမ်းအံ့၊ ငါရဲ့ စိတ်ကိုလည်း ၄င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။ (၆)

"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် - တို့ကို မစွဲလမ်းအံ့၊ ငါရဲ့ စိတ်ကိုလည်း ၎င်းတို့ကို မမှီတွယ်စေအံ့"-လို့သင် ကျင့်သင့်တယ်။ (၇)

"အရူပါဝစရ ဈာန်လေးပါးကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၎င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။ (၈)

"ဒီဘဝ၊ နောင်ဘဝ - တို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၎င်းတို့ကို မမှီတွယ်စေအံ့"-လို့ သင် ကျင့်သင့်တယ်။

"မြင်ရတဲ့အာရုံ၊ ကြားရတဲ့ အာရုံ၊ တွေ့ရတဲ့အာရုံ၊ သိရတဲ့အာရုံ၊ ရောက်ရတဲ့ အာရုံ၊ ရှာမှီးရတဲ့အာရုံ၊ ထပ်ခါထပ်ခါ ရှာမှီးရတဲ့ အာရုံ၊ စိတ်ဖြင့် လှည့်လည် သွားလာရတဲ့ အာရုံတို့ကို မစွဲလမ်းအံ့။ ငါရဲ့ စိတ်ကိုလည်း ၎င်းတို့ကို မမှီတွယ်စေအံ့"လို့ သင် ကျင့်သင့်တယ်။ (၉)

အရှင် သာရိပုတြာက အဲဒီလို ဟောပြလိုက်တဲ့အခါ အနာထပိဏ်သူဌေးမှာ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျခဲ့တယ်။ တရှုံ့ရှုံ့နဲ့ ငိုခဲ့တယ်။ အဲဒီအခါ မှာ အရှင်အာနန္ဒာက အနာထပိဏ်သူဌေးအား အခုလို မေးမြန်းခဲ့ပါတယ်။

"သူဌေးကြီး၊ ခန္ဓာနှင့် စည်းစိမ်တို့၌ ငြိကပ်တွယ်တာသလော? ကြောက်ရွံ့ တွန့်ဆုတ်သလော?"

"အရှင်ဘုရားအာနန္ဒာ၊ ခန္ဓာနှင့် စည်းစိမ်တို့မှာ တပည့်တော် မငြိကပ် မတွယ်တာပါ။ ကြောက်ရွံ့တွန့်ဆုတ်သည်လည်း

မဟုတ်ပါ။ ဒါပေမဲ့ တပည့်တော်ဟာ အချိန်ကြာမြင့်စွာ မြတ်စွာဘုရားကိုလည်း ဆည်းကပ်ခဲ့ပါတယ်ဘုရား။ မြတ်နိုး ကြည်ညိုဖွယ်ကောင်းတဲ့ ရဟန်းတော်များကိုလည်း ဆည်းကပ်ခဲ့ပါတယ်ဘုရား။ ဒီလို တရားမျိုးကိုတော့ တခါမှ မနာရဖူးပါ။ (ဒါကြောင့် ငိုမိပါတယ်ဘုရား။)

"သူဌေးကြီး လူဝတ်ကြောင်များအား ဒီတရားမျိုးကို မဟောကြားကြဘူး။ ရဟန်းများအားသာ ဒီတရားမျိုးကို ဟောကြားကြတယ်"

"အရှင်ဘုရား သာရိပုတြာ၊ ဒါဆိုလျှင် လူဝတ်ကြောင်တို့အားလည်း ဒီတရားမျိုးကို ဟောကြားတော်မူပါဘုရား။ ပညာမျက်စိကောင်းတဲ့ အမျိုးကောင်းသားများ ရှိကြပါတယ်ဘုရား။ တရားတော်ကို မနာရတဲ့အတွက် ဆုတ်ယုတ်နေကြပါတယ်ဘုရား။ သူတို့ဟာ တရားတော်ကို သိသူများ ဖြစ်ကြပါလိမ့်မယ်ဘုရား။"

အရှင်သာရိပုတြာနှင့် အရှင်အာနန္ဒာတို့ဟာ ဒီဩဝါဒများကို ပေးသနားတော်မူခဲ့ကြပြီး နေရာမှထကာ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ကြတယ်။ အရှင်သာရိပုတြာနှင့် အရှင်အာနန္ဒာ တို့ ပြန်ကြွတော်မူကြလို့ မကြာမီမှာပဲ အနာထပိဏ်သူဌေးဟာ ကွယ်လွန်ပြီး တုသိတာနတ်ပြည်မှာ ဖြစ်ခဲ့ပါတယ်။ နှစ်သက်ဖွယ် ညဉ့်တစ်ညဉ့်မှာ နှစ်သက်ဖွယ် လှပတဲ့ အနာထပိဏ် နတ်သားဟာ

ဇေတဝန်ကျောင်းဝင်းတစ်ခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ဖြန့်ကြက်ပြီး မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ခဲ့ပါတယ်။ မြတ်စွာ ဘုရားအထံတော် ရောက်တော့ မြတ်စွာဘုရားကို ရှိခိုး ဦးချပြီး သင့်တော်တဲ့ နေရာမှာ မတ်တပ်ရပ်ကာ (လက်အုပ်ချီလျက်) ဒီ ဂါထာများကို ရွတ်ဆို လျှောက်ထားခဲ့ပါတယ်။

* "မြတ်စွာဘုရားလည်း သီတင်းသုံးတော်မူ၍ ရဟန်းသံဃာများလည်း သီတင်းသုံးတော်မူကြရာ ဒီ ဇေတဝန်ကျောင်းတော်သည် ငါ့ သန္တာန်မှာ ပီတိကို တဖွားဖွား ဖြစ်စေနိုင်ပေစွတကား"

* "အလုပ်ကိစ္စ၊ အသိဉာဏ် ၊ တည်ကြည်မှု ၊ သီလ ရှိ၍ မြတ်သော အသက်ရှင်ခြင်း၊ ဒီအကြောင်းများကြောင့် သတ္တဝါများဟာ ကိလေသာ အညစ်အကြေးကင်း၍ သန့်ရှင်း စင်ကြယ်ကြတယ်။ အမျိုးအနွယ်ကြောင့်ဖြစ်စေ၊ ဥစ္စာကြောင့်ဖြစ်စေ စင်ကြယ်ကြသည် မဟုတ်။"

* "ဒါ့ကြောင့် ပညာရှိတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ ကောင်းကျိုးကို ရည်မျှော်ကိုးလျက် တရားကို နည်းမှန်လမ်းမှန် စူးစမ်း ဆင်ခြင် ၍ ကျင့်ကြံကြိုးကုတ် အားထုတ်သင့်တယ်။ အဲဒီလို ကျင့်ကြံ ကြိုးကုတ် အားထုတ်လျှင် အဲဒီ ဘဝမှာပဲ ကိလေသာ အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်နိုင်တယ်။"

* "ပညာအားဖြင့် ဖြစ်စေ၊ သီလအားဖြင့် ဖြစ်စေ၊ ကိလေသာ ငြိမ်းအေးခြင်းအားဖြင့် ဖြစ်စေ အရှင်သာရိပုတြာသာ အမြတ်ဆုံး ဖြစ်တယ်။ နိဗ္ဗာန်ဆိုတဲ့ ကမ်းတစ်ဘက်သို့ ရောက်ကြသူတို့တွင်

အရှင်သာရိပုတြာသာ အမြတ်ဆုံး ဖြစ်တယ်။"

အနာထပိဏ် နတ်သားဟာ ဒီဂါထာများကို ရွတ်ဆို လျှောက်ထားခဲ့ပါတယ်။ မြတ်စွာဘုရားကလည်း ခွင့်ပြုတော် မူခဲ့၊ သဘောတူတော်မူခဲ့ပါတယ်။ ဒါနဲ့ အနာထပိဏ် နတ်သားဟာ အဲဒီ နေရာမှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

နောက်တစ်နေ့မှာ မြတ်စွာဘုရားဟာ အဲဒီ အကြောင်း အရာကို ရဟန်းတို့အား ဟောပြတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား၊ အဲဒီ နတ်သားဟာ အနာထပိဏ်သူဌေး ဖြစ်လိမ့်မယ် ထင်ပါတယ်ဘုရား။ ဘာလို့လဲဆိုတော့ - အနာထပိဏ် သူဌေးဟာ အရှင်သာရိပုတြာအပေါ်မှာ အလွန် ကြည်ညိုခဲ့ပါတယ် ဘုရား"

"သာဓု သာဓု အာနန္ဒာ၊ တွေးတောပြီး သိသင့်တဲ့ အကြောင်းအရာလောက်ကို မင်းသိပေသားပဲ။ အဲဒီ နတ်သားဟာ အနာထိပိဏ် ဖြစ်တယ် အာနန္ဒာ"-လို့ မြတ်စွာဘုရား မိန့်ကြားတော် မူခဲ့ပါတယ်။

အရှင် အာနန္ဒာလည်း မြတ်စွာဘုရားရဲ့ စကားတော်ကို အလွန် နှစ်သက်သဘောကျခဲ့ပါတယ်။

**အနာထပိဏ္ဍိကောဝါဒသုတ် ပြီးပြီ။**

❊ ❊ ❊

# ၂- ဆန္နောဝါဒသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့ ရှဉ့်နက် တို့အား အစာကျွေး၍ မွေးမြူရာဖြစ်တဲ့ ဝေဠုဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတြာ ၊ အရှင်မဟာစုန္ဒနှင့် အရှင်ဆန္နတို့ဟာ ဂိဇ္ဈကုဋ်တောင်ပေါ် မှာ သီတင်းသုံးနေတော်မူကြပါတယ်။ အဲဒီလို သီတင်းသုံးနေတော်မူကြတဲ့အခါ အရှင်ဆန္နဟာ အနာရောဂါ ဖိစီး နှိပ်စက်ခံရ၍ ဒုက္ခဝေဒနာကို ခံစားပြီး အပြင်းအထန် မကျန်းမမာ ဖြစ်နေတော်မူပါတယ်။ အဲဒီ အခါ အရှင်သာရိပုတြာဟာ ညနေပိုင်း တစ်ပါးတည်း သီတင်းသုံးရာမှ ထတော်မူလာပြီး အရှင်မဟာစုန္ဒအထံသို့ ကြွရောက်တော်မူလာတယ်။ အရှင် စုန္ဒအထံသို့ ရောက်တဲ့အခါ "ငါ့ရှင် စုန္ဒ၊ လာ၊ အရှင်ဆန္နထံ လူမမာမေး သွားကြစို့"လို့ အရှင်စုန္ဒကို ခေါ်တော်မူပါတယ်။ အရှင် စုန္ဒလည်း 'မှန်ပါ မှန်ပါ' လို့ လျှောက်ထားပြီး အရှင်သာရိပုတြာ နှင့် အတူ လိုက်တော်မူခဲ့ပါတယ်။

အရှင်ဆန္နအထံသို့ ရောက်ကြတဲ့အခါ အရှင်သာရိပုတြာက "ငါ့ရှင် ဆန္န ၊ နေကောင်းရဲ့လား? သက်သာရဲ့လား" လို့ အရှင်ဆန္နအား မေးမြန်းတော်မူပါတယ်။

အဲဒီအခါမှာ အရှင်ဆန္နက "ငါ့ရှင့် သာရိပုတြာ၊ ငါ နေလို့မကောင်းပါ၊ သက်လည်း မသက်သာပါ"- စသည်ဖြင့် အနာထပိဏ်

သူ့ဌေးနည်းတူ ဖြေကြားပြီး "ငါ့ရှင်သာရိပုတြာ၊ ငါ ဓားနဲ့ မိမိကိုယ်ကို အဆုံးစီရင်လိုက်တော့မယ်။ ငါ အသက်ရှင် မနေချင်တော့ဘူး" လို့ ဆက်လက် ပြောကြားပါတယ်။

ဒါနဲ့ အရှင်သာရိပုတြာက အခုလို ဆက်လက် အားပေးတော်မူပါတယ်။

"ငါ့ရှင် ဆန္န၊ မိမိကိုယ်ကို ဓားနဲ့ အဆုံးမစီရင်ပါနှင့်။ ဆက်လက် အသက်ရှင်ပါအုံး။ အရှင်ဆန္န ဆက်လက် အသက်ရှင်နေတာကို တပည့်တော်တို့ မြင်လိုကြပါတယ်။ အကယ်၍ အရှင်ဆန္နမှာ သပ္ပါယဖြစ်တဲ့ ဘောဇဉ်များ မရှိလျှင် တပည့်တော် အရှင်ဆန္နအား သပ္ပါယဖြစ်တဲ့ ဘောဇဉ်များ ကို ရှာပြီး လှူဒါန်းပါ့မယ်။ အကယ်၍ အရှင်ဆန္နမှာ သပ္ပါယဖြစ်တဲ့ ဆေးများ မရှိလျှင် တပည့်တော် အရှင်ဆန္နအား သပ္ပါယဖြစ်တဲ့ ဆေးများကို ရှာပြီး လှူဒါန်းပါ့မယ်။ အကယ်၍ အရှင်ဆန္နမှာ သင့်တော်တဲ့ အလုပ်အကျွေးများ မရှိလျှင် တပည့်တော် အရှင့်ဆန္နကို ပြုစုလုပ်ကျွေးပါ့မယ်"။

"ငါ့ရှင် သာရိပုတြာ ၊ ငါ့မှာ သပ္ပါယဖြစ်တဲ့ ဘောဇဉ်များ မရှိသည် မဟုတ်။ သပ္ပါယဖြစ်တဲ့ ဆေးများလည်း မရှိသည်မဟုတ်။ သပ္ပါယ ဖြစ်တဲ့ အလုပ်အကျွေးများလည်း မရှိသည်မဟုတ်။ ငါ့ရှင် သာရိပုတြာ၊ စင်စစ်အားဖြင့် ငါဟာ မြတ်စွာဘုရားကို အချိန်ကြာမြင့်စွာ မြတ်မြတ်နိုးနိုးသာ ပြုစုလုပ်ကျွေးခဲ့တယ်။ မမြတ်မနိုး ပြုစုလုပ်ကျွေးခဲ့သည်မဟုတ်။ မမြတ်မနိုးမဟုတ်ဘဲ မြတ်မြတ်နိုးနိုး

ဆရာကို ပြုစုလုပ်ကျွေးခြင်းဟာ တပည့် တစ်ယောက်မှာ အလွန် သင့်တော်တဲ့ အလုပ် (အလွန် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ် ဖြစ် တယ်။) ငါ့ရှင် သာရိပုတြာ၊ ဆန္နရဟန်း ကပ်ရောက်စရာ (မှီခိုစရာ) မရှိ၍ ဓားနဲ့ မိမိကိုယ်ကို အဆုံးစီရင်လိမ့်မယ်"-လို့ မှတ်သားထားပါ။

"အရှင်ဆန္န အကယ်၍ ဖြေကြားမယ်၊ ခွင့်ပြုမယ်ဆိုလျှင် အရှင်ဆန္နအား တချို့အကြောင်းအရာကို တပည့်တော်များ မေး မြန်းလိုပါတယ်။"

"ငါ့ရှင် သာရိပုတြာ၊ မေးမြန်းလိုရာ မေးပါ။ နားထောင်ပြီး မှ သိရမှာပေါ့။"

"ငါ့ရှင်ဆန္န၊ မျက်စိ၊ မြင်သိစိတ်၊ မြင်သိစိတ်ဖြင့် သိရတဲ့ တရားများကို 'ဒါဟာ ငါ့ဥစ္စာ ဖြစ်တယ်။ ငါ ဖြစ်တယ်။ ငါဖြစ်စေချင် တဲ့ အတိုင်း ဖြစ်တဲ့အရာ ဖြစ်တယ်' လို့ ရှုမှတ်ပါသလား?

- နား၊ ကြားသိစိတ်၊ ကြားသိစိတ်ဖြင့် သိရတဲ့ တရားများ
- နှာခေါင်း၊ ရှူသိစိတ်၊ ရှူသိစိတ်ဖြင့် သိရတဲ့ တရားများ
- လျှာ၊ လျက်သိစိတ်၊ လျက်သိစိတ်ဖြင့် သိရတဲ့တရားများ
- ကိုယ်၊ တွေ့သိစိတ်၊ တွေ့သိစိတ်ဖြင့် သိရတဲ့ တရားများ
- စိတ်၊ ကြံသိစိတ်၊ ကြံသိစိတ်ဖြင့် သိရတဲ့ တရားများ-ကို

'ဒါဟာ ငါ့ဥစ္စာ ဖြစ်တယ်၊ ငါဖြစ်တယ်၊ ငါ ဖြစ်စေချင်တဲ့ အတိုင်း ဖြစ်တဲ့ အရာဖြစ်တယ် ' လို့ ရှုမှတ်ပါသလား?"

"ငါ့ရှင် သာရိပုတြာ၊ အဲဒီ တရားတို့ကို 'ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့အရာ မဟုတ်' လို့ ရှုမှတ်ပါတယ်။

"ငါ့ရှင် ဆန္န ၊ အဲဒီ တရားတွေမှာ ဘာကိုမြင်၍ ဘာကို သိ၍ 'ဒါဟာ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါဖြစ်စေချင် တဲ့အတိုင်း ဖြစ်တဲ့ အရာမဟုတ်' လို့ ရှုမှတ်ပါသလဲ?"

"ငါ့ရှင် သာရိပုတြာ၊ အဲဒီ တရားတွေမှာ ချုပ်ပျက်ခြင်းကို မြင်၍ ချုပ်ပျက်ခြင်းကို သိ၍ ' ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်တဲ့အရာ မဟုတ်' လို့ ရှုမှတ်ပါတယ်"

အဲဒီလို ဖြေဆိုတဲ့အခါမှာ အရှင်မဟာစုန္ဒက အရှင် ဆန္န အား အခုလို အကြံပေးခဲ့ပါတယ်။ "ငါ့ရှင်ဆန္န၊ ဒါဆိုလျှင် မြတ်စွာ ဘုရားရဲ့ ဒီ အဆုံးအမကိုလည်း အမြဲ နှလုံးသွင်းသင့်တယ်။ အဲဒီ အဆုံးအမကတော့ - ' မှီတွယ်သူမှာ တုန်လှုပ်ခြင်းရှိတယ်၊ မမှီတွယ် သူမှာ တုန်လှုပ်ခြင်းမရှိ၊ တုန်လှုပ်ခြင်း မရှိလျှင် ငြိမ်းအေးမှုဖြစ်တယ်။ ငြိမ်းအေးမှုဖြစ်လျှင် ညွတ်ကိုင်းမှု မဖြစ်။ ညွတ်ကိုင်းမှု မဖြစ်လျှင် (ဘုံဘဝသို့) လာရောက်ရကြောင်း သွားရောက်ရကြောင်း မရှိ။ (ဘုံဘဝသို့) လာရောက်ရကြောင်း သွားရောက်ရကြောင်း မရှိလျှင် စုတေရကြောင်း ပဋိသန္ဓေ နေရကြောင်း မရှိ။ စုတေရကြောင်း ပဋိသန္ဓေ နေရကြောင်း မရှိလျှင် ဒီဘဝမျိုးမှာလည်း ပြန်မဖြစ်တော့။

ဒီဘဝနှင့်မတူတဲ့ တခြားဘဝမှာလည်း မဖြစ်တော့။ ဒီဘဝ နှစ်မျိုး မှတပါး တခြားဘဝလည်း မရှိတော့။ ဒီဘဝမျိုးမှာ ပြန်မဖြစ်ရခြင်း တခြားဘဝမှာ မဖြစ်ရခြင်းသည်ပင် ဒုက္ခရဲ့ အဆုံးဖြစ်တယ်။"

အဲဒီနောက် အရှင်သာရိပုတြာနှင့် အရှင်မဟာစုန္ဒ တို့ဟာ အရှင်ဆန္နကို ဒီ ဩဝါဒဖြင့် ဆုံးမပြီး နေရာမှ ထကာ ပြန်ကြွ သွား တော်မူခဲ့ကြပါတယ်။

အရှင်သာရိပုတြာနှင့် အရှင်မဟာစုန္ဒတို့ ပြန်ကြွတော်မူကြ၍ မကြာမီမှာပဲ အရှင်ဆန္နဟာ ဓားဖြင့် မိမိကိုယ်ကို အဆုံးစီရင် ခဲ့ပါတယ်။ (ကိုယ့်လည်ပင်းကို ဓားနဲ့ ဖြတ်ခဲ့ပါတယ်။)

အဲဒီအခါမှာ အရှင်သာရိပုတြာဟာ မြတ်စွာဘုရား အထံ တော်သို့ ချဉ်းကပ်ပြီး အခုလို မေးမြန်း လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား၊ အရှင်ဆန္နဟာ ဓားဖြင့် သူ့ကိုယ်သူ အဆုံး စီရင်သွားပါပြီ ဘုရား၊ အရှင်ဆန္နရဲ့ လားရာ၊ ရောက်ရာ နောင်ဘဝ ဟာ ဘယ်ဟာပါလဲဘုရား?"

"သာရိပုတြာ ၊ သင့် မျက်မှောက်မှာပဲ ဆန္န ရဟန်းဟာ ကပ်ရောက်စရာ မရှိပုံကို ပြောကြားခဲ့တယ် မဟုတ်ပါလား?"

"မြတ်စွာဘုရား၊ ပုဗ္ဗဇိရဆိုတဲ့ ဝဇ္ဇီ-မင်းမျိုးရွာမှာ အရှင်ဆန္န ရဲ့ မိတ်ဆွေ မိသားစုများ၊ ဆွေမျိုးသားချင်း မိသားစုများဟာ ကပ်ရောက် (မှီခို)စရာ မိသားစုများ ဖြစ်ကြပါတယ် ဘုရား။"

"သာရိပုတြာ၊ ဆန္န ရဟန်းရဲ့ အဲဒီ မိသားစုတွေဟာ ကပ် ရောက် မှီခိုစရာ မိသားစုများ ဖြစ်ကြတယ်ဆိုတာ မှန်တယ်။ သာရိ

ပုတြာ၊ အဲဒီလို ကပ်ရောက် မှီခိုစရာ မိတ်ဆွေသားချင်း မိသားစုများ ရှိရုံမျှနဲ့ ကပ်ရောက်စရာရှိတယ်-လို့ ငါဘုရား မဟောလိုဘူး။ ဒီဘဝကို စွန့်ရတဲ့အခါ တခြားဘဝကို စွဲလမ်းသူကိုသာ ကပ်ရောက်စရာရှိသူ လို့ ငါဘုရား ဟောတော်မူတယ်။ ဆန္နရဟန်းမှာ အဲဒီလို ကပ်ရောက်စရာ မရှိ။ အဲဒီလို ကပ်ရောက်စရာမရှိတဲ့ ဆန္နရဟန်းဟာ ဓားဖြင့် သူ့ကိုယ်သူ အဆုံးစီရင်ခဲ့တယ် (လည်ပင်းဖြတ်ခဲ့တယ်)-လို့ မှတ်သားထားပါ သာရိပုတြာ"-လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အရှင်သာရိပုတြာလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျခဲ့ပါတယ်။

ဆန္နောဝါဒသုတ် ပြီးပြီ။

☼ ☼ ☼

## ၃ – ပုဏ္ဏောဝါဒသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ အရှင်ပုဏ္ဏ က "တောင်းပန်ပါတယ် မြတ်စွာဘုရား။ တပည့်တော်အား အကျဉ်းချုပ်ဩဝါဒ ပေးသနားတော်မူပါဘုရား" လို့ မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"ပုဏ္ဏ ၊ လိုချင် နှစ်သက်ဖွယ်ကောင်းတဲ့ အဆင်းတို့ကို တပ်မက်စွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘဖြစ်တယ်။ တဏှာလောဘ ဖြစ်ခြင်းကြောင့် ဒုက္ခ ဖြစ်တယ်။

ထို့အတူပဲ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ နှင့် သိစရာ သဘောတို့ကို တပ်မက်စွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘဖြစ်တယ်။ တဏှာလောဘဖြစ်ခြင်းကြောင့် ဒုက္ခဖြစ်တယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနှင့် သိစရာ သဘောတို့ကို မတပ်မက် မစွဲလမ်းတဲ့ ရဟန်းမှာ တဏှာလောဘ ကင်းပြတ်တယ်။ တဏှာလောဘ ကင်းပြတ်ခြင်းကြောင့် ဒုက္ခကင်း ပြတ်တယ်။

ပုဏ္ဏ၊ ဒါဟာ ငါဘုရားရဲ့ ဩဝါဒအကျဉ်းချုပ်ဖြစ်တယ်။ ငါ ဘုရားရဲ့ ဒီဩဝါဒ အကျဉ်းချုပ်ကို ခံယူပြီး ဘယ်မှာ သွားနေမလို့ လဲ ?"

"မြတ်စွာဘုရား၊ တပည့်တော် သုနာပရန္တဇနပုဒ်မှာ သွားနေမလို့ပါဘုရား။"

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ်က လူတွေဟာ ခက်ထန် ကြမ်းတမ်းကြတယ်။ သူတို့က မင်းကို ဆဲရေးကြ၊ ရေရွတ်ကြလျှင် မင်းဘယ့်နှယ်လုပ်မလဲ?"

"မြတ်စွာဘုရား၊ လက်နဲ့မရိုက်တာပဲ တော်သေးတယ်- လို့ တွက်မှာပါဘုရား။"

"လက်နဲ့ ရိုက်ကြရင်ကော ?"

"ခဲနဲ့ မထုတာပဲ တော်သေးတယ်-လို့ တွက်မှာပါဘုရား။"

"ခဲနဲ့ ထုကြရင်ကော ?"

"တုတ်နဲ့ မရိုက်တာပဲ တော်သေးတယ်လို့ တွက်မှာပါဘုရား။"

"တုတ်နဲ့ ရိုက်ကြရင်ကော ?"

"ဓားနဲ့ မခုတ်တာပဲ တော်သေးတယ်လို့ တွက်မှာပါ ဘုရား"

"ဓားနဲ့ ခုတ်ကြရင်ကော ?"

"ဓားနဲ့ အသေမသတ်တာပဲ တော်သေးတယ်လို့ တွက်မှာပါဘုရား။"

"ဓားနဲ့ အသေသတ်ကြရင်ကော ဘယ်လိုတွက်မလဲ?"

"ကိုယ်နဲ့ အသက်ကို စက်ဆုပ်ရွံရှာကြပြီး မိမိကိုယ်ကို သတ်သေရန် ဓားလက်နက်ကို ရှာကြရတဲ့ ရဟန်းများ ရှိကြတယ်။ ငါ့မှာ

တော့ မရှာရဘဲနဲ့ ရပေတယ်-လို့ တွက်မှာပါဘုရား။"

"သာဓု သာဓု ပုဏ္ဏ၊ မင်းမှာ ဒီလောက် ငြိမ်းချမ်းရေးတရား (သည်းခံခြင်း) နှင့် ပြည့်စုံမှတော့ သုနာပရန္တဇနပုဒ်မှာ နေလို့ ဖြစ်နိုင်ပါတယ်။ ကဲကဲ . . သွားလိုက သွားတော့။"

အဲဒီ အခါမှာ အရှင်ပုဏ္ဏဟာ မြတ်စွာဘုရားရဲ့ မိန့်မှာတော်မူပုံကို အလွန်နှစ်သက် သဘောကျခဲ့ပါတယ်။ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးပြီး အရိုအသေပြုခဲ့ပါတယ်။ အိပ်ရာ နေရာကို သိမ်းဆည်းပြီး သပိတ်သင်္ကန်းကို ယူကာ သုနာပရန္တဇနပုဒ်သို့ ကြွတော်မူခဲ့ပါတယ်။

အဲဒီနှစ် ဝါတွင်းမှာပဲ ဒကာ ဒကာမ တစ်ထောင်တို့အား သရဏဂုံ တည်အောင် တရားဟောပြတော်မူခဲ့ပါတယ်။ ကိုယ်တိုင်လည်း ဝိဇ္ဇာသုံးပါးကို သိပြီး ရဟန္တာ ဖြစ်ခဲ့ပါတယ်။ မကြာမီမှာပဲ အရှင်ပုဏ္ဏဟာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းများက မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီး အခုလို မေးမြန်း လျှောက်ထားခဲ့ကြပါတယ်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ အကျဉ်းချုပ် ဩဝါဒကို ခံယူသွားတဲ့ အရှင်ပုဏ္ဏ အခု ကွယ်လွန်ခဲ့ပါပြီ။ အဲဒီ အရှင်ပုဏ္ဏ အခု ဘယ်ဘဝမှာ ရောက်နေပါသလဲ ဘုရား?"

"ရဟန်းတို့၊ အဲဒီ ပုဏ္ဏဆိုတဲ့ အမျိုးကောင်းသား ရဟန်းလေးဟာ ပညာရှိသူ ဖြစ်တယ်။ လောကုတ္တရာ တရားအား လျော်

တဲ့ အကျင့်ကို ကျင့်ခဲ့တယ်။ တရားအတွက်နဲ့ ငါဘုရားကို မနှိပ်စက်ခဲ့သူ ဖြစ်တယ်။ (ငါဘုရား ဟောတဲ့အတိုင်း ကျင့်ခဲ့သူ ဖြစ်တယ်။) အဲဒီ ပုဏ္ဏဆိုတဲ့ အမျိုးကောင်းသား ရဟန်းလေးဟာ ရဟန္တာဖြစ် ပြီး အခု ပရိနိဗ္ဗာန်စံသွားပြီ" - လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ အဲဒီလို မိန့်ကြားတော်မူပုံကို ရဟန်းများဟာ အလွန်နှစ်သက်သဘောကျခဲ့ကြပါတယ်။

ပုဏ္ဏောဝါဒသုတ် ပြီးပြီ။

✻✻✻✻✻✻✻✻

# ၄- နန္ဒကောဝါဒသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ မဟာပဇာပတိ ဂေါတမီဟာ ရဟန်းမ ငါးရာနှင့်အတူ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး " မြတ်စွာဘုရား၊ ရဟန်းမတို့အား ဩဝါဒပေးတော်မူပါ၊ ဆုံးမတော်မူပါ၊ တရားဟောတော်မူပါဘုရား" လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါက ရဟန်းမတို့အား မထေရ်ကြီး ရဟန်းများဟာ အလှည့်ကျနဲ့ ဩဝါဒ ပေးတော်မူကြပါတယ်။ အရှင်နန္ဒက ကတော့ သူ့အလှည့်မှာ ရဟန်းမတို့အား ဩဝါဒမပေးချင်ဘူး ဖြစ်နေပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို မေးတော်မူပါတယ်။

"အာနန္ဒာ၊ ဒီနေ့ ရဟန်းမတို့အား ဩဝါဒပေးရန် ဘယ်သူ့အလှည့်လဲ? "

"မြတ်စွာဘုရား၊ မထေရ်ကြီး အားလုံးရဲ့ အလှည့်ပြီးသွားပါပြီဘုရား၊ ဒီနေ့ အရှင်နန္ဒကရဲ့ အလှည့်ပါ။ ဒါပေမဲ့ အရှင် နန္ဒကဟာ ရဟန်းမများအား ဩဝါဒ မပေးချင်ဘူး ဖြစ်နေပါတယ် ဘုရား"

အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်နန္ဒကအား "နန္ဒက၊ ရဟန်းမတို့အား ဩဝါဒ ပေးလိုက်ပါ" လို့ စေခိုင်းတော်မူခဲ့ပါတယ်။

"မှန်ပါဘုရား" လို့ အရှင် နန္ဒကဟာ မြတ်စွာဘုရားအား

ဝန်ခံပြီး နံနက်ခင်းမှာ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံပြန်ကြွလာတဲ့ အခါမှာ ရာဇကာရုံကျောင်းသို့ တစ်ပါးတည်း ကြွတော်မူပါတယ်။ ရဟန်းမများဟာ အရှင်နန္ဒက အဝေးမှ လာနေ တာကို မြင်ကြပါတယ်။ ဒါနဲ့ နေရာခင်းထားကြ၊ ခြေဆေးရေတည်ထား ကြပါတယ်။ အရှင်နန္ဒက ရောက်လာတဲ့အခါမှာ အသင့် ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူပါတယ်။ ထိုင် ပြီး ခြေထောက် တွေကိုလည်း ဆေးတော်မူပါတယ်။ ရဟန်းမများလည်း အရှင် နန္ဒကကို ရှိခိုးဦးချပြီး သင့်တော်တဲ့ နေရာမှာ ထိုင်နေကြပါတယ်။ အဲဒီ အခါမှာ အရှင်နန္ဒက က အခုလို မိန့်ကြား တော်မူပါတယ်။

"နှမတို့၊ အခု မေးမြန်းပြီး ဟောကြားမှာဖြစ်တယ်။ အဲဒီ လို မေးပြီးဟောတဲ့အခါ သိသူက 'သိတယ်' လို့ ဖြေပါ။ မသိသူက 'မသိပါ' လို့ ဖြေပါ။ ယုံမှား သံသယရှိတဲ့ နေရာမှာ 'ဒီပုဒ်ရဲ့ အနက် အဓိပ္ပါယ် က ဘယ်လိုပါလဲဘုရား' လို့ ငါ့ကိုသာ ပြန်မေးပါ။"

"အရှင်ဘုရား၊ ဒီလို ဖိတ်တာနဲ့ပဲ အရှင်ဘုရားအား နှစ်သက် လှ၊ ကျေနပ်လှပါပြီဘုရား။"

"နှမတို့၊ မျက်စိဟာ မြဲသလား၊ မမြဲဘူးလား?"

"မမြဲပါဘုရား။"

"အဲဒီ မမြဲတဲ့ မျက်စိဟာ ချမ်းသာသလား?

ဆင်းရဲသလား?"

"ဆင်းရဲပါတယ်ဘုရား။"

"အဲဒီ မမြဲတဲ့ ဆင်းရဲတဲ့ ဖောက်ပြန်ခြင်း သဘောရှိတဲ့ မျက်စိကို 'ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်းဖြစ်တဲ့ အရာပဲ' လို့ ရှုမှတ်သင့်သလား?"

"မရှုမှတ်သင့်ပါဘုရား?"

"နှမတို့ ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ဟာ မြဲကြသလား ? မမြဲကြဘူးလား ?"

"မမြဲကြပါဘုရား။"

"အဲဒီ မမြဲကြတဲ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ဟာ ချမ်းသာကြသလား? ဆင်းရဲကြသလား?"

"ဆင်းရဲကြပါတယ်ဘုရား။"

"အဲဒီ မမြဲကြ ၊ ဆင်းရဲကြ၊ ဖောက်ပြန်ခြင်း သဘောရှိကြတဲ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ကို 'ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်းဖြစ်တဲ့အရာပဲ' လို့ ရှုမှတ်သင့်သလား?"

"မရှုမှတ်သင့်ပါဘုရား။ ဘာ့ကြောင့်လဲ ဆိုတော့ - 'ဒီ ကိုယ်တွင်း အာယတန ခြောက်ပါးဟာ ကုန်ခန်းပျက်စီးခြင်း-စတဲ့ အကြောင်းကြောင့် မမြဲကြ'လို့ အရင်ကတည်းက အမှန်သိတဲ့ ဝိပဿနာ ပညာဖြင့် အမှန်အတိုင်းကောင်းစွာ သိမြင်ထားပြီး ဖြစ်သောကြောင့် ဖြစ်ပါတယ်ဘုရား။"

"သာဓု သာဓု နှမတို့ အမှန်သိတဲ့ ဝိပဿနာ ပညာနဲ့ အမှန်အတိုင်း သိမြင်တဲ့ ဘုရားတပည့် အရိယာ ပုဂ္ဂိုလ်မှာ ဒီလို သိတာ ဓမ္မတာပဲ နှမတို့။"

(၁၂၅)

"နှမတို့ ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ သိစရာသဘောနှင့် မြင်သိစိတ် ၊ ကြားသိစိတ်၊ ရှူသိစိတ် ၊ လျက် သိစိတ်၊ တွေ့သိစိတ်၊ ကြံသိစိတ် - တို့ကကော

မြဲကြသလား? မမြဲကြဘူးလား?"

"မမြဲကြပါဘုရား။"

"မမြဲတဲ့ အဲဒီသဘောတရားတွေဟာ ဆင်းရဲကြသလား? ချမ်းသာကြသလား?"

"ဆင်းရဲကြပါတယ်ဘုရား။"

"အဲဒီလို မမြဲကြ၊ ဆင်းရဲကြ၊ ဖောက်ပြန်ခြင်း သဘောရှိကြ တဲ့ အဲဒီသဘောတရားတွေကို 'ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ ဖြစ်စေချင် တိုင်း ဖြစ်တဲ့အရာပဲ'-လို့ ရှုမှတ်သင့်သလား?"

"မရှုမှတ်သင့်ပါဘုရား၊ ဘာ့ကြောင့်လဲဆိုတော့ - 'ဒီ အပြင် အာယတန ခြောက်ပါးနှင့် ဝိညာဉ်အပေါင်း ခြောက်ပါးတို့ဟာ ကုန် ခန်းပျက်စီးခြင်းစတဲ့ အကြောင်းကြောင့် မမြဲကြ' လို့ အရင်ကတည်း က အမှန်သိတဲ့ ဝိပဿနာပညာဖြင့် အမှန်အတိုင်း ကောင်းစွာ သိမြင်ထားပြီးဖြစ်သောကြောင့် ဖြစ်ပါတယ်ဘုရား။"

"သာဓု သာဓု နှမတို့၊ အမှန်သိတဲ့ ဝိပဿနာ ပညာနဲ့ အမှန် အတိုင်း သိမြင်တဲ့ ဘုရားတပည့် အရိယာပုဂ္ဂိုလ်မှာ ဒီလိုသိတာ ဓမ္မတာပဲ နှမတို့။"

"နှမတို့ ၊ ဥပမာအားဖြင့် တောက်နေတဲ့ ဆီမီးရဲ့ ဆီက

လည်း မမြဲ၊ မီးစာကလည်း မမြဲ၊ မီးတောက်ကလည်း မမြဲ၊ အရောင်ကလည်း မမြဲဘူး။

နှမတို့၊ 'တောက်နေတဲ့ အဲဒီ ဆီမီးရဲ့ ဆီ၊ မီးစာ၊ မီးတောက်တို့ကား မမြဲ။ အဲဒီ မီးတောက်ရဲ့ အရောင်ကတော့ မြဲတယ်'-လို့ ပြောဆိုသူဟာ အမှန်အတိုင်း ပြောဆိုရာ ရောက်သလား?"

"မရောက်ပါ အရှင်ဘုရား။ ဘာ့ကြောင့်လည်း ဆိုတော့ တောက် နေတဲ့ အဲဒီ ဆီမီးရဲ့ ဆီ၊ မီးစာ၊ မီးတောက်တို့ မမြဲမှတော့ အဲဒီ မီးတောက် ရဲ့ အရောင် မမြဲပုံမှာ ပြောစရာပင် မလိုသောကြောင့် ဖြစ်ပါတယ် ဘုရား။"

"ထို့အတူပဲ နှမတို့ 'ကိုယ်တွင်း အာယတန ခြောက်ပါးကား မမြဲ။ အဲဒီ အာယတန ခြောက်ပါးကို အစွဲပြုပြီး ခံစားရတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကတော့ မြဲကြတယ်'-လို့ ပြောဆိုသူဟာ အမှန်အတိုင်း ပြောဆိုရာ ရောက်သလား နှမတို့။"

"မရောက်ပါ အရှင်ဘုရား။ ဘာ့ကြောင့်လဲဆိုတော့ အကြောင်းအမျိုးမျိုးကို အစွဲပြု၍ ဝေဒနာအမျိုးမျိုးဖြစ်ကြပြီး အကြောင်းအမျိုးမျိုး ကင်းသည့်အတွက် ဝေဒနာအမျိုးမျိုး ကင်းသောကြောင့် ဖြစ်ပါတယ် ဘုရား။"

"သာဓု သာဓု နှမတို့၊ အမှန်သိတဲ့ ဝိပဿနာ ပညာနဲ့ အမှန်အတိုင်း သိမြင်တဲ့ ဘုရားတပည့် အရိယာ ပုဂ္ဂိုလ်မှာ ဒီလို သိတာ ဓမ္မတာ ပဲ နှမတို့။"

"နှမတို့ ဥပမာအားဖြင့် အနှစ်ရှိပြီး တည်ရှိနေတဲ့ သစ်ပင်ကြီးရဲ့ အမြစ်ကလည်း မမြဲ ၊ ပင်စည်ကလည်း မမြဲ ၊ အကိုင်းအခက်အလက် ကလည်း မမြဲ၊ အရိပ်ကလည်း မမြဲဘူး။

'အနှစ်ရှိပြီး တည်ရှိနေတဲ့ အဲဒီ သစ်ပင်ကြီးရဲ့ အမြစ် ၊ ပင်စည် အကိုင်းအခက်အလက်တို့ကား မမြဲ၊ အဲဒီ သစ်ပင်ကြီးရဲ့ အရိပ်ကတော့ မြဲတယ်'လို့ ပြောဆိုသူဟာ အမှန်အတိုင်း ပြောဆိုရာ ရောက်သလား?"

"မရောက်ပါ အရှင်ဘုရား။ ဘာ့ကြောင့်လဲဆိုတော့ - အဲဒီ သစ်ပင်ကြီးရဲ့ အမြစ်၊ ပင်စည်၊ အကိုင်း၊ အခက်၊ အလက်တို့ မမြဲမှတော့ အဲဒီ သစ်ပင်ကြီးရဲ့ အရိပ် မမြဲပုံမှာ ပြောစရာပင် မလိုတော့သောကြောင့် ဖြစ်ပါတယ် ဘုရား။"

"ထို့အတူပဲ နှမတို့ ၊ 'ကိုယ်ပ အာယတန ခြောက်ပါးကား မမြဲ။ အဲဒီ ကိုယ်ပ အာယတန ခြောက်ပါးကို အစွဲပြု၍ ခံစားရတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ ၊ ဥပေက္ခာဝေဒနာတို့ကတော့ မြဲတယ်- လို့ ပြောဆိုသူဟာ အမှန်အတိုင်း ပြောဆိုရာ ရောက်သလား နှမတို့။"

" မရောက်ပါ အရှင်ဘုရား။ ဘာကြောင့်လဲဆိုတော့- အကြောင်းအမျိုးမျိုးကို အစွဲပြု၍ ဝေဒနာ အမျိုးမျိုးဖြစ်ကြပြီး အကြောင်းအမျိုးမျိုး ကင်းသည့်အတွက် ဝေဒနာအမျိုးမျိုး ကင်းသောကြောင့် ဖြစ်ပါတယ် ဘုရား။"

"သာဓု သာဓု နှမတို့ ၊ အမှန်သိတဲ့ ဝိပဿနာပညာနဲ့ အမှန်အတိုင်း သိမြင်တဲ့ ဘုရားတပည့် အရိယာပုဂ္ဂိုလ်မှာ ဒီလို သိတာ ဓမ္မတာပဲ နှမတို့။"

"နှမတို့ ၊ ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ နွားသတ်သမား တစ် ယောက်ဟာ နွားကို သတ်ပြီး ထက်လှစွာတဲ့ သားလှီးဓားနဲ့ နွားကိုဖြတ် (ဖျက်)တယ်။ အဲဒီလို ဖြတ်(ဖျက်)တဲ့အခါမှာ အတွင်းက အသားများ ကိုလည်း မထိခိုက်အောင် ဖြတ်(ဖျက်)တယ်။ အပြင်က အရေများကိုလည်း မထိခိုက်အောင် ဖြတ် (ဖျက်)တယ်။ အဲဒီလို ဖြတ်ရာ(ဖျက်ရာ) မှာ အရေတို့ရဲ့ အကြားအကြား (အရေချုပ် စပ်)၊ အသားတို့ရဲ့ အကြား အကြား(အသားချုပ်စပ်)၊ အကြောတို့ရဲ့ အကြားအကြား (အကြောချုပ်စပ်) ကိုသာ ထက်လှစွာသော သားလှီးဓားဖြင့် (ချုပ်ရိုးကို ဘလိတ်ဓားဖြင့် ဖြတ်၍ ဖြေသကဲ့သို့) ဖြတ်တောက်တယ်။

" ဖြတ်တောက်ပြီး အပြင်အရေကို ခွာတယ်။ အဲဒီ အရေ ဖြင့်ပင် အဲဒီ နွားကို ပြန်ဖုံးအုပ်ပြီး 'ဒီ နွားဟာ ဒီအရေနှင့် ပင်ကိုယ် အတိုင်း ဆက်စပ်လျက်သာ ရှိတယ်' လို့ ပြောဆိုသူဟာ အမှန် အတိုင်း ပြောဆိုရာ ရောက်သလား နှမတို့။"

"မရောက်ပါ အရှင်ဘုရား ။ အဲဒီ နွားဟာ အဲဒီ အရေနှင့် မဆက် စပ်တော့ပါ။"

"နှမတို့၊ အဓိပ္ပါယ်ကို သိလွယ်ဖို့ရာ ဒီ ဥပမာကို ငါပေးခဲ့ တယ်။ ဒီနေရာမှာ အဓိပ္ပါယ်က ကိုယ်တွင်းအာယတန ခြောက်ပါး ကို " ကိုယ်တွင်း အသားများ" လို့ ခေါ်တယ်။ ကိုယ်ပ အာယတန ခြောက်ပါးကို "အပြင် အရေ" လို့ ခေါ်တယ်။ တပ်မက်စွဲလမ်း တတ်တဲ့ တဏှာကို "အရေချုပ်စပ်၊ အသားချုပ်စပ်၊ အကြော

ချုပ်စပ်" လို့ ခေါ်တယ်။ အရိယမဂ်ဉာဏ် ကို "ထက်တဲ့ သားလှီး ဓား" လို့ ခေါ်တယ်။

နှမတို့၊ ဗောဇ္ဈင် ခုနစ်ပါးရှိတယ်။ အဲဒီ ခုနစ်ပါးကတော့ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ - တို့ ဖြစ်ကြတယ်။ အဲဒီ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများတဲ့ ရဟန်းဟာ ရဟန္တာဖြစ်နိုင်တယ်"- လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဩဝါဒပေးပြီးတဲ့အခါ အရှင်နန္ဒကဟာ "နှမတို့ သွားကြကုန်လော့၊ သွားချိန်ရောက်ပါပြီ" လို့ ရဟန်းမတို့အား ပြန်လွှတ်ခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းမများဟာ မြတ်စွာဘုရား အထံ တော်သို့ ချဉ်းကပ်ခဲ့ကြပါတယ်။ မြတ်စွာဘုရားကလည်း အရှင် နန္ဒက ကဲ့သို့ပဲ ပြန်လွှတ်ခဲ့ပါတယ်။

အဲဒီ ရဟန်းမများ ပြန်သွားကြလို့ မကြာမီမှာ မြတ်စွာ ဘုရားက "ရဟန်းတို့၊ ဥပမာအားဖြင့် လကွယ်ညမှာ လူများအား "လ-သည် ပြည့်သလား၊ မပြည့်ဘူးလား" လို့ သံသယ လုံးဝ မရှိဘဲ မပြည့်ဘူးဆိုတဲ့ အသိသာ မုချ ရှိသကဲ့သို့ အဲဒီ ရဟန်းမများဟာ နန္ဒကရဲ့ တရားဒေသနာတော်ကို သဘောကျ နှစ်သက် နေကြ တယ်။ အလိုဆန္ဒ မပြည့်ဝကြသေးဘူး" လို့ ရဟန်းတို့အား မိန့်ကြား တော်မူခဲ့ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားက " နန္ဒက ၊ မင်းရဲ့ တရားကို ရဟန်းမများ နာကြားလို့ အားမရကြသေးဘူး၊ ဒါ့ကြောင့် မနက်ဖြန်ခါမှာ အဲဒီ တရားကိုပဲ ရဟန်းမတို့အား ထပ်ဟောပါ" လို့ အရှင်နန္ဒကအား စေခိုင်းတော်မူခဲ့ပါတယ်။ "မှန်ပါဘုရား"လို့ အရှင် နန္ဒကဟာ မြတ်စွာဘုရားအား ဝန်ခံခဲ့ပြီး နောက်တစ်နေ့မှာ အဲဒီ တရားကိုပဲ ရဟန်းမများအား ထပ်မံ ဟောကြားခဲ့ပါတယ်။ ရဟန်းမများဟာ တရားနာပြီးကြတဲ့အခါ အရှင်နန္ဒကနှင့် မြတ်စွာဘုရားတို့အား ကန်တော့၍ ပြန်သွားခဲ့ကြပါတယ်။

အဲဒီအခါမှာတော့ မြတ်စွာဘုရားက "ရဟန်းတို့၊ ဥပမာအားဖြင့် လပြည့်နေ့ညမှာ လူများအား "လသည် ပြည့်သလား၊ မပြည့်ဘူးလား"-လို့ သံသယ လုံးဝမရှိဘဲ ပြည့်တယ်ဆိုတဲ့ အသိသာ မုချ ရှိကြသကဲ့သို့ ရဟန်းမများဟာ နန္ဒကရဲ့ တရားကို နှစ်သက်သဘောကျခဲ့ကြတယ်။ အလိုဆန္ဒများလည်း ပြည့်ဝသွားခဲ့ကြတယ်။ ရဟန်းတို့၊ အဲဒီ ရဟန်းမ ငါးရာထဲမှာ အနိမ့်ဆုံး ရဟန်းမဟာ သောတာပန် ဖြစ်တယ်"-လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန် နှစ်သက်သဘောကျခဲ့ကြပါတယ်။

နန္ဒကောဝါဒသုတ် ပြီးပြီ။

## ၅–စူဠရာဟုလောဝါဒသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါက မြတ်စွာဘုရား ဆိတ်ငြိမ်ရာသို့ ကြွတော်မူပြီး တစ်ပါးတည်း သီတင်းသုံးတော်မူစဉ်မှာ "ရာဟုလာမှာ အရဟတ္တဖိုလ်ကို ရကြောင်း တရားများ (ရဟန္တာ ဖြစ်ကြောင်းတရားများ)ရင့်ကျက်ကုန်ပြီ။ ရာဟုလာ ရဟန္တာဖြစ်အောင် တစ်ဆင့်တိုးပြီး တရားဟောရရင် ကောင်းမှာ ပဲ" လို့ စဉ်းစားဆင်ခြင်တော်မူခဲ့ပါတယ်။ အဲဒီလို စဉ်းစားဆင်ခြင် တော်မူပြီး သာဝတ္ထိမြို့သို့ ဆွမ်းခံကြွတော်မူခဲ့ပါတယ်။ သာဝတ္ထိမြို့ထဲမှ ဆွမ်းခံပြန်ကြွလာတော်မူတဲ့အခါ အရှင်ရာဟုလာအား "ရာဟုလာ၊ နေရာထိုင်ကို ယူခဲ့ ။ နေ့ခင်းပိုင်းမှာ အန္ဓဝန်တော သွားနေကြစို့" လို့မိန့်ကြားတော်မူပါတယ်။ "မှန်ပါ အရှင်ဘုရား" လို့ အရှင် ရာဟုလာ ဟာ မြတ်စွာဘုရားအား ဝန်ခံပြီး နေရာထိုင်ကို ယူကာ မြတ်စွာ ဘုရားရဲ့ နောက်တော်မှ တကောက်ကောက်နဲ့ လိုက်တော်မူပါတယ်။

အဲဒီအခါမှာ ထောင်ပေါင်းများစွာသော နတ်တို့ဟာ "ဒီနေ့ မြတ်စွာဘုရားဟာ အရှင်ရာဟုလာအား ရဟန္တာဖြစ်အောင် တရား ဟောလိမ့်မယ်"လို့ သိကြပြီး မြတ်စွာဘုရား နောက်တော်သို့ ဝိုင်း အုံပြီး လိုက်ကြပါတယ်။ အန္ဓဝန်တော ရောက်တော့ မြတ်စွာဘုရား ဟာ သစ်ပင်တစ်ပင်ရဲ့ အောက်မှာ နေရာထိုင်နဲ့ ထိုင်တော်မူ

ပါတယ်။ အရှင်ရာဟုလာလည်း မြတ်စွာဘုရားအား ရှိခိုးပြီး တစ်နေရာမှာ ထိုင်နေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်ရာဟုလာအား အခုလို မေးမြန်းဟောကြားတော်မူပါတယ်။

"ရာဟုလာ

- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်

- အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာသဘော

- မြင်သိစိတ်၊ ကြားသိစိတ်၊ ရှူသိစိတ်၊ လျက်သိစိတ်၊ တွေ့သိစိတ်၊ ကြံသိစိတ်

- မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ စိတ်အတွေ့၊

- အဲဒီ အတွေ့ ခြောက်မျိုးကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားမှု၊ မှတ်သားမှု ၊ စေ့ဆော် တိုက်တွန်းမှု၊ သိမှု - တို့ဟာ မြဲကြသလား? မမြဲကြဘူးလား?"

"မမြဲကြပါ အရှင်ဘုရား။"

"မမြဲကြတဲ့ အဲဒီ သဘောတရားတွေဟာ ဆင်းရဲကြသလား? ချမ်းသာကြသလား?"

"ဆင်းရဲကြပါတယ်ဘုရား။"

"မမြဲကြ၊ ဆင်းရဲကြ၊ ဖောက်ပြန်ခြင်းသဘောရှိကြတဲ့ အဲဒီ တရားတွေကို 'ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်း ဖြစ်တဲ့အရာပဲ'

လို့ ရှုမှတ်သင့်သလား?”

“မရှုမှတ်သင့်ပါဘုရား။”

ရာဟုလာ၊ အဲဒီလို မျက်စိစသည်ရဲ့ မမြင်ခြင်းစသည်ကို သိမြင်တဲ့ အကြားအမြင်များတဲ့ ဘုရားသားတော်ဟာ မျက်စိ စသည်မှာ ငြီးငွေ့လာတယ်။ ငြီးငွေ့ပြီး တပ်မက်မှု ကင်းလာတယ်။ တပ်မက်မှု ကင်းတဲ့အတွက် လွတ်မြောက်သွားတယ်။ (ကိလေသာနယ်ကို ကျော်လွန်သွားတယ်။) ကိလေသာနယ်ကို ကျော်လွန်တဲ့ အခါ ကိလေသာနယ်ကို ကျော်လွန်ပြီ - ဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်။“ဘဝသစ်မှာ ပဋိသန္ဓေ နေစရာ ငါ့မှာ ကုန်ပြီ။ မြတ်သောမဂ်တရားကို (ရအောင်) ကျင့်သုံးပြီးပြီ။ ပြုကျင့်စရာကို ပြုကျင့်ပြီးပြီ။ ဒီလို မဂ်တရားမျိုး ရဖို့ရာ နောက်ထပ် ပြုကျင့်စရာ မရှိတော့ပြီ” - လို့ သိတယ် ။

အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အခါ အရှင်ရာဟုလာ ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန် နှစ်သက်သဘောကျခဲ့ပါတယ်။ ဒီတရားတော်အပြီးမှာ အရှင်ရာဟုလာရဟန္တာ ဖြစ်တော်မူခဲ့ပါတယ်။ ထောင်ပေါင်းများစွာသော နတ်တို့လည်း မဂ်တရားလေးပါးကို အသီးအသီး ရခဲ့ကြပါတယ်။

စူဠရာဟုလောဝါဒသုတ် ပြီးပြီ။

❊ ❊ ❊

(၁၃၄)

## ၆-ဆဆက္ကသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား "ရဟန်းတို့, အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းပြီး အဓိပ္ပါယ်လည်းရှိ သဒ္ဒါရေးလည်း တိကျတဲ့ ဆဆက္ကသုတ္တန် (ခြောက်မျိုးခြောက်လီသုတ္တန်)တရားကို သင်တို့အား ငါဘုရား ဟောကြားတော်မူမယ်။ အကြွင်းမဲ့ ပြည့်စုံပြီး သန့်ရှင်း စင်ကြယ်တဲ့ မြတ်သောအကျင့်ကို ပြသတော်မူမယ်။ အဲဒီ တရားတော်ကို နာယူကြ၊ ကောင်းမွန်စွာ နှလုံးသွင်း ဆင်ခြင်ကြ"-လို့ မိန့်တော်မူပြီး အခုလို ဟောကြားတော်မူခဲ့ပါတယ်။

- ကိုယ်တွင်း အာယတန၆-ပါး
- ကိုယ်ပ အာယတန ၆-ပါး
- ဝိညာဉ် ၆-ပါး
- ဖဿ ၆-ပါး
- ဝေဒနာ ၆-ပါး
- တဏှာ ၆-ပါး တို့ကို သိထားရမယ်။

ရဟန်းတို့ ကိုယ်တွင်း အာယတန ၆-ပါး ဆိုတာက -မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ ဖြစ်တယ်။ (၁)

ကိုယ်ပအာယတန ၆-ပါး ဆိုတာက - အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာသဘောတို့ ဖြစ်တယ်။ (၂)

ဝိညာဉ် ၆-ပါး ဆိုတာက - မျက်စိနှင့် အဆင်းကို အစွဲပြုပြီး ဖြစ်တဲ့ မြင်သိစိတ်၊ နားနှင့်အသံကို အစွဲပြုပြီးဖြစ်တဲ့ ကြားသိစိတ်၊ နှာခေါင်းနှင့် အနံ့ကို အစွဲပြုပြီးဖြစ်တဲ့ ရှူသိစိတ်၊ လျှာနှင့် အရသာကို အစွဲပြုပြီးဖြစ်တဲ့ လျက်သိစိတ်၊ ကိုယ်နှင့် တွေ့ထိစရာ အရာဝတ္ထုကို အစွဲပြုပြီး ဖြစ်တဲ့ တွေ့သိစိတ်၊ စိတ်နှင့် သိစရာ သဘောကို အစွဲပြုပြီး ဖြစ်တဲ့ ကြံသိစိတ်တို့ ဖြစ်တယ်။ (၃)

ဖဿ ၆-ပါးဆိုတာက မျက်စိ၊ အဆင်း နှင့် မြင်သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿ ။ နား ၊ အသံနှင့် ကြားသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿ ။ နှာခေါင်း ၊ အနံ့ နှင့် ရှူသိစိတ် တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿ ။ လျှာ ၊ အရသာ နှင့် လျက်သိစိတ် တို့ရဲ့ ပေါင်းဆုံခြင်း ဆိုတဲ့ ဖဿ ။ ကိုယ်၊ တွေ့ထိစရာ အရာဝတ္ထု နှင့် တွေ့သိစိတ် တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿ။စိတ်၊ သိစရာ သဘော နှင့် ကြံသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း ဆိုတဲ့ ဖဿ-တို့ ဖြစ်တယ်။ (၄)

ဝေဒနာ ခြောက်ပါးဆိုတာက - မျက်စိ၊ အဆင်း နှင့် မြင်သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿကြောင့်ဖြစ်တဲ့ ခံစားမှု။ နား၊ အသံနှင့် ကြားသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿကြောင့် ဖြစ်တဲ့ ခံစားမှု ။နှာခေါင်း အနံ့ နှင့် ရှူသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿကြောင့် ဖြစ်တဲ့ ခံစားမှု ။ လျှာ၊ အရသာနှင့် လျက်သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿကြောင့် ဖြစ်တဲ့ ခံစားမှု။ ကိုယ်၊

တွေ့ထိစရာ အရာဝတ္ထုနှင့် တွေ့သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့ ဖဿကြောင့် ဖြစ်တဲ့ ခံစားမှု။ စိတ်၊ သိစရာသဘောနှင့် ကြံသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း ဆိုတဲ့ ဖဿကြောင့်ဖြစ်တဲ့ ခံစားမှုတို့ဖြစ်တယ်။ (၅)

တဏှာ ၆-ပါးဆိုတာက - မျက်စိနှင့် အဆင်းကို အစွဲပြု၍ မြင်သိစိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်တယ်။

နားနှင့်အသံကို အစွဲပြု၍ ကြားသိစိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် ခံစား မှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာဖြစ်တယ်။

နှာခေါင်းနှင့် အနံ့ကို အစွဲပြု၍ ရှူသိစိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် ခံစား မှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်တယ်။

လျှာနှင့်အရသာကို အစွဲပြု၍ လျက်သိစိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှုဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်တယ်။

ကိုယ်နှင့် တွေ့ထိစရာ အရာဝတ္ထုကို အစွဲပြု၍ တွေ့သိ စိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။

အဲဒီ ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်တယ်။

စိတ်နှင့် သိစရာ သဘောကို အစွဲပြု၍ ကြံသိစိတ် ဖြစ်တယ်။ အဲဒီ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်တယ်။ အဲဒီ ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်တယ်။ (၆)

"မျက်စိသည် (တည်မြဲခိုင်ခံ့တဲ့) အတ္တ ဖြစ်၏" - ဟု ပြောဆိုခြင်းသည် မသင့်။ အကြောင်းမှာ မျက်စိရဲ့ ဖြစ်ခြင်း ၊ ပျက်ခြင်းဟာ ထင်ရှားသောကြောင့် ဖြစ်တယ်။ (မျက်စိကို အတ္တ-လို့ ပြောဆိုခဲ့လျှင်) မျက်စိရဲ့ ဖြစ်ခြင်း ပျက်ခြင်းဟာ ထင်ရှားသောကြောင့် "ငါရဲ့ အတ္တဟာ ဖြစ်လည်းဖြစ်တယ်။ ပျက်လည်း ပျက်တယ်။ (မတည်မြဲ မခိုင်ခံ့ဘူး)" လို့ ပြောဆိုရာ ရောက်တယ်။ ဒါ့ကြောင့် "မျက်စိသည် အတ္တ ဖြစ်၏"ဟု ပြောဆိုခြင်းသည် မသင့်။ ဒါ့ကြောင့် မျက်စိဟာ အနတ္တ ဖြစ်တယ်။

ထို့အတူ အဆင်းစတဲ့ ကျန်တဲ့ သုံးဆယ့်ငါးပါးဟာလည်း အနတ္တ ဖြစ်ကြတယ်။

ရဟန်းတို့၊ မျက်စိစတဲ့ ၃၆-ပါးကို "ဒါ ငါ့ဉစ္စာပဲ၊ ငါပဲ၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာပဲ (ခိုင်ခံ့တည်မြဲတဲ့ အရာပဲ)"လို့ ရှုမှတ်ခြင်းဟာ ခန္ဓာဖြစ်ရာ သံသရာသို့ ရောက်ကြောင်း အကျင့် ဖြစ်တယ်။ (သံသရာလည်ကြောင်း အကျင့်ဖြစ်တယ်။)

မျက်စိစတဲ့ ၃၆-ပါးကို "ဒါ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့အရာ မဟုတ် (ခိုင်ခံ့ တည်မြဲတဲ့ အရာ မဟုတ်)" လို့ ရှုမှတ်ခြင်းဟာ ခန္ဓာချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်တယ်။

ရဟန်းတို့ မျက်စိနှင့် အဆင်းကို အစွဲပြု၍ မြင်သိစိတ် ဖြစ်ပေါ်လာတယ်။ အဲဒီ မျက်စိ၊ အဆင်း နှင့် မြင်သိစိတ်ဆိုတဲ့ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿ ဖြစ်တယ်။ အဲဒီ ဖဿကြောင့် သုခဝေဒနာသော်လည်း ဖြစ်တယ်၊ ဒါမှမဟုတ် ဒုက္ခဝေဒနာသော်လည်း ဖြစ်တယ်၊ ဒါမှမဟုတ် ဥပေက္ခာဝေဒနာသော်လည်း ဖြစ်တယ်။ သုခဝေဒနာ နှင့် တွေ့တဲ့ ပုဂ္ဂိုလ်ဟာ တပ်မက်စွဲလမ်းတယ်။ တပ်မက်စွဲလမ်းသူမှာ ရာဂဆိုတဲ့ အကိန်းဓာတ် ကိန်းဝပ်နေတယ်။ ဒုက္ခဝေဒနာနှင့် တွေ့တဲ့ ပုဂ္ဂိုလ်ဟာ စိုးရိမ် ပူဆွေး ငိုကြွေးတော့တယ်။ စိုးရိမ် ပူဆွေး ငိုကြွေးသူမှာ အမျက်ဒေါသ-ဆိုတဲ့ အကိန်းဓာတ် ကိန်းဝပ်နေတယ်။ ဥပေက္ခာ ဝေဒနာ နှင့် တွေ့တဲ့ပုဂ္ဂိုလ်ဟာ အဲဒီ ဥပေက္ခာဝေဒနာရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကို အမှန်အတိုင်း မသိ။အဲဒီ ပုဂ္ဂိုလ်အား မသိမှု အကိန်းဓာတ် ကိန်းဝပ်နေတယ်။

ရဟန်းတို့၊ အဲဒီ ပုဂ္ဂိုလ်ဟာ သုခဝေဒနာ၌ ရာဂအကိန်းဓာတ်ကို မပယ်၊ ဒုက္ခဝေဒနာ၌ အမျက်ဒေါသ အကိန်းဓာတ်ကို မဖျောက်၊ ဥပေက္ခာ ဝေဒနာ၌ မသိမှု အကိန်းဓာတ်ကို မနှုတ်၊

မသိမှုကို မပယ်၊ သိမှုကို မဖြစ်စေဘဲ၊ ဒီ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို ကုန်ဆုံးအောင် ပြုနိုင်သူ ဖြစ်လိမ့်မယ်-ဆိုတာ ဖြစ်နိုင်စရာအကြောင်း လုံးဝ မရှိဘူး။

ရဟန်းတို့၊ အသံစသည်မှာလည်း ထို့အတူပဲ ဖြစ်တယ်။

ရဟန်းတို့၊ မျက်စိနှင့် အဆင်းကို အစွဲပြု၍ မြင်သိစိတ်ဖြစ်တယ်။ အဲဒီ မျက်စိ၊ အဆင်း နှင့် မြင်သိစိတ်ဆိုတဲ့ သုံးမျိုး ပေါင်းဆုံခြင်းဟာ ဖဿဖြစ်တယ်။ ဖဿကြောင့် သုခဝေဒနာသော်လည်း ဖြစ်တယ်၊ ဒါမှမဟုတ် ဒုက္ခဝေဒနာသော်လည်း ဖြစ်တယ်၊ ဒါမှမဟုတ် ဥပေက္ခာ ဝေဒနာသော်လည်း ဖြစ်တယ်။ သုခဝေဒနာနှင့်တွေ့တဲ့ ပုဂ္ဂိုလ်ဟာ မတပ်မက် မစွဲလမ်း။ မတပ်မက် မစွဲလမ်း သူမှာ ရာဂ အကိန်းဓာတ် မကိန်းဝပ်။

ဒုက္ခဝေဒနာနှင့် တွေ့တဲ့ ပုဂ္ဂိုလ်ဟာ မစိုးရိမ် မပူဆွေး မငိုကြွေး ။ မစိုးရိမ် မပူဆွေး မငိုကြွေးသူမှာ အမျက်ဒေါသ အကိန်းဓာတ် မကိန်းဝပ်။

ဥပေက္ခာဝေဒနာနှင့် တွေ့တဲ့ပုဂ္ဂိုလ်ဟာ အဲဒီဥပေက္ခာဝေဒနာရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ သာယာဖွယ်၊ အပြစ် နှင့် ထွက်မြောက်ရာကို အမှန်အတိုင်း သိတယ်။ အဲဒီ ပုဂ္ဂိုလ်မှာ မသိမှု အကိန်းဓာတ် မကိန်းဝပ်။

ရဟန်းတို့ ၊ အဲဒီ ပုဂ္ဂိုလ်ဟာ သုခဝေဒနာ၌ ရာဂ အကိန်းဓာတ်ကိုပယ်၊ ဒုက္ခဝေဒနာ၌ အမျက်ဒေါသအကိန်းဓာတ်ကို

ဖျောက်၊ ဥပေက္ခာဝေဒနာ၌ မသိမှုအကိန်းခါတ်ကို နှုတ်၊ မသိမှုကို ကင်းစေ ၊ သိမှုကို ဖြစ်စေ၍ ဒီ မျက်မှောက်ဘဝမှာပင် ဒုက္ခကိုကုန်ဆုံးအောင် ပြုနိုင်သူ ဖြစ်လိမ့်မယ် ဆိုတာ မုချ သေချာ ဖြစ်နိုင်စရာ အကြောင်း ရှိတယ်။

ရဟန်းတို့၊ အဲဒီလို မြင်တဲ့အခါ အကြားအမြင် ရှိတဲ့ ဘုရားတပည့်ဟာ မျက်စိစတဲ့ ၃၆-ပါးမှာ ငြီးငွေ့လာတယ်။ ငြီးငွေ့တဲ့အခါ တပ်မက်မှု ကင်းလာတယ်။ တပ်မက်မှု ကင်းတဲ့အတွက်လွတ်မြောက်သွားတယ်။ (ကိလေသာနယ်ကို ကျော်လွန်သွားတယ်။) ကိလေသာနယ်ကို ကျော်လွန်တဲ့ အခါ ကိလေသာနယ်ကိုကျော်လွန်ပြီ - ဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်။ 'ဘဝသစ်မှာပဋိသန္ဓေနေစရာ ငါ့မှာ ကုန်ပြီ။ မဂ်တရားကို ရအောင် ကျင့်သုံးပြီးပြီ။ ပြုကျင့်စရာကို ပြုကျင့်ပြီးပြီ။ ဒီလို မဂ်တရားမျိုးရဖို့ရာ နောက်ထပ် ပြုကျင့်စရာ မရှိတော့ပြီ' - လို့ သိတယ် - လို့ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန်နှစ်သက် သဘောကျခဲ့ကြပါတယ်။ ဒီ သုတ်တော်ကိုဟောကြားပြီးတဲ့အခါ ရဟန်း ခြောက်ဆယ် ရဟန္တာ ဖြစ်ခဲ့ကြပါတယ်။

ဆဆက္ကသုတ် ပြီးပြီ။

◆◆◆◆◆◆

# ဆဆက္ကသုတ္တန် အကျဉ်းချုပ်ဇယား

| ကိုယ်တွင်း အာယတန | ကိုယ်ပ အာယတန | ဝိညာဉ် | ဖဿ | ဝေဒနာ | တဏှာ | |
|---|---|---|---|---|---|---|
| မျက်စိ | အဆင်း | မြင်သိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| နား | အသံ | ကြားသိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| နှာခေါင်း | အနံ့ | ရှူသိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| လျှာ | အရသာ | လျက်သိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| ကိုယ် | တွေ့ထိစရာ | တွေ့သိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| စိတ် | ကြံသိစရာ | ကြံသိစိတ် | ဖဿ | ဝေဒနာ | တဏှာ | ၆ |
| ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၃၆ |

# ၇–မဟာသဠာယတနိကသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီသဠာယတနိကသုတ်ကို ရဟန်းတို့အား ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ မျက်စိ၊ အဆင်း၊ မြင်သိစိတ်၊ ဖဿနှင့် ဝေဒနာတို့ကို အမှန်အတိုင်း မသိမမြင်သူဟာ မျက်စိ၊အဆင်း၊ မြင်သိစိတ်၊ ဖဿနှင့် ဝေဒနာတို့အပေါ်မှာ တပ်မက်တတ်တယ်။

အဲဒီလို တပ်မက်သူမှာ အနာဂတ်ခန္ဓာဖြစ်ကြောင်းများ ကြီးထွားကြတော့တယ်။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ တဏှာလည်း ကြီးထွားလာတော့တယ်။ ကိုယ်ပူလောင်မှု စိတ်ပူလောင်မှုများလည်း ကြီးထွားလာကြတော့တယ်။ ကိုယ်ပူပန်မှု စိတ်ပူပန်မှုများလည်း ကြီးထွားလာကြတော့တယ်။ သူဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကိုလည်း ခံစားရတယ်။

ရဟန်းတို့၊နားစသည်ကို အမှန်အတိုင်းမသိသူမှာလည်း ထို့အတူပဲ ဖြစ်တယ်။

ရဟန်းတို့၊ မျက်စိ၊အဆင်း၊ မြင်သိစိတ်၊ဖဿနှင့် ဝေဒနာတို့ကို အမှန်အတိုင်း သိမြင်သူဟာ မျက်စိ၊ အဆင်း၊မြင်သိစိတ် ဖဿနှင့် ဝေဒနာတို့အပေါ်မှာ မတပ်မက်တော့။

အဲဒီလို မတပ်မက်သူမှာ အနာဂတ်ခန္ဓာဖြစ်ကြောင်းတရားများ ကုန်ခန်းချုပ်ပျက်ကြတော့တယ်။ ဘဝသစ်ကို ဖြစ်စေတတ်တဲ့ တဏှာလည်း ကင်းပျောက်သွားတော့တယ်။ ကိုယ်အပူ စိတ်အပူ တို့လည်း ကင်းပျောက်ကြတော့တယ်။ ကိုယ်ပူလောင်မှု စိတ်ပူလောင်မှု တို့လည်း ကင်းပျောက်ကြတော့တယ်။ ကိုယ်ပူပန်မှု စိတ်ပူပန်မှုတို့လည်း ကင်းပျောက်ကြတော့တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ကိုယ်ချမ်းသာ စိတ်ချမ်းသာကိုလည်း ခံစားရတယ်။

အဲဒီလို မျက်စိစသည်ကို အမှန်အတိုင်းသိမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ အမြင်ဟာ မှန်ကန်တဲ့ အမြင် ဖြစ်တယ်။ သူရဲ့အကြံ အစည်ဟာ မှန်ကန်တဲ့ အကြံအစည်ဖြစ်တယ်။ သူရဲ့အားထုတ်မှုဟာ မှန်ကန်တဲ့ အားထုတ်မှု ဖြစ်တယ်။ သူရဲ့အမှတ်ရမှုဟာ မှန်ကန်တဲ့ အမှတ်ရမှု ဖြစ်တယ်။ သူရဲ့ တည်ကြည်မှုဟာ မှန်ကန်တဲ့ တည်ကြည်မှု ဖြစ်တယ်။

သူရဲ့ ကာယကံ၊ ဝစီကံနှင့် အသက်မွေးမှုကတော့ ဝိပဿနာ ဘာဝနာကို မပွားများမီကပင် (သီလဆောက်တည်ထားပြီး ဖြစ်၍) ကောင်းစွာ စင်ကြယ်ပြီး ဖြစ်တယ်။ သူဟာ ဒီနည်းအားဖြင့် မြင့်မြတ်တဲ့ မဂ္ဂင်ရှစ်ပါးကို ပွားများပြီး ဖြစ်တော့တယ်။

မြင့်မြတ်တဲ့ ဒီမဂ္ဂင် ရှစ်ပါးကို အဲဒီလို ပွားများတဲ့အခါ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါးနှင့် ဗောဇ္ဈင် ခုနှစ်ပါးတို့ကိုလည်း ပွားများပြီးဖြစ်

တော့တယ်။

အဲဒီပုဂ္ဂိုလ်ဟာသမထဝိပဿနာတရား နှစ်ပါးတို့ကို စုံတွဲ တွဲ အပ်ပြီးဖြစ်တယ်။ (တပြိုင်နက်ပွားများအပ်ပြီး ဖြစ်တယ်။)

သူဟာ ထူးသောဉာဏ်ဖြင့် သိသင့်တဲ့ တရားတို့ကို ထူးသော ဉာဏ်ဖြင့် သိတယ်။

ထူးသောဉာဏ်ဖြင့် ပယ်သင့်တဲ့တရားတို့ကို ထူးသော ဉာဏ်ဖြင့် ပယ်တယ်။

ထူးသောဉာဏ်ဖြင့် ပွားများသင့်တဲ့ တရားတို့ကို ထူးသော ဉာဏ်ဖြင့် ပွားများတယ်။

ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုသင့်တဲ့တရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုတယ်။

ရဟန်းတို့၊ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိသင့်တဲ့ တရား များဆိုတာ- ဥပဒါနက္ခန္ဓာ ငါးပါးတို့ဖြစ်တယ်။ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာက-ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၊ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ၊ ဝိညာဉ်ဟူသော ဥပါဒါနက္ခန္ဓာတို့ ဖြစ်တယ်။

ထူးသောဉာဏ်ဖြင့် ပယ်သင့်တဲ့ တရားဆိုတာ အဝိဇ္ဇာနှင့် ဘဝတဏှာ ဖြစ်တယ်။

ထူးသောဉာဏ်ဖြင့်မျက်မှောက်ပြုသင့်တဲ့ တရားဆိုတာ ဝိဇ္ဇာနှင့် ဝိမုတ္တိ (အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်)ဖြစ်တယ်။

ရဟန်းတို့၊ နားစသည်ကို အမှန်အတိုင်း သိမြင်သူမှာ လည်း ထို့အတူပဲ ဖြစ်တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ရဟန်းတော်များလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန် နှစ်သက်သဘောကျခဲ့ကြပါတယ်။

မဟာသဠာယတနိကသုတ် ပြီးပြီ။

❊ ❊ ❊

(၁၄၆)

## ဂ–နဂရဝိန္ဒေယျသုတ်

မြတ်စွာဘုရား ရဟန်းသံဃာများစွာနှင့် အတူ ကောသလ တိုင်းမှာ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ကောသလ ပုဏ္ဏားတို့ရဲ့ နဂရ ဝိန္ဒရွာသို့ ရောက်တော်မူပါတယ်။ နဂရဝိန္ဒရွာသား ပုဏ္ဏား သူကြွယ်များဟာ မြတ်စွာဘုရား ကြွလာတော်မူကြောင်းနှင့် မြတ်စွာ ဘုရားရဲ့ ဂုဏ်သတင်းများကို ကြားသိကြပါတယ်။ ဒါ့ကြောင့် သူတို့ဟာ မြတ်စွာဘုရားထံတော်ကို ချဉ်းကပ်ခဲ့ကြပါတယ်။

မြတ်စွာဘုရားထံတော်သို့ ရောက်ကြတဲ့အခါ တချို့က မြတ်စွာဘုရားကို ရှိခိုးပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့က မြတ်စွာဘုရားနှင့် နှုတ်ဆက်စကားများ ပြောကြားကြပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့က မြတ်စွာဘုရားဘက်ကို လက်အုပ်ချီပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့က မိမိတို့ရဲ့ အမည်နှင့် အမျိုးအနွယ်ကို မြတ်စွာဘုရားအထံတော်မှာ လျှောက် ထားပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့က ဆိတ်ငြိမ်စွာ တစ်နေရာမှာ ထိုင်နေကြပါတယ်။

အဲဒီလို အသီးသီး ထိုင်နေကြတဲ့ နဂရဝိန္ဒရွာသား ပုဏ္ဏား သူကြွယ်တို့ကို မြတ်စွာဘုရားက အခုလို ဟောကြားတော်မူခဲ့ပါ တယ် ။

သူကြွယ်တို့၊ သင်တို့ကို တခြားအယူရှိကြတဲ့ ပရိဗိုဇ် များက

"ဘယ်လို ရဟန်းပုဏ္ဏားတို့ကို မရိုသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ထိုက်သလဲ"လို့ မေးခဲ့လျှင်" တချို့ ရဟန်းပုဏ္ဏား တို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေ အပေါ်မှာ ရာဂ, ဒေါသ၊ မောဟ မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့စိတ် မရှိကြ၊ ကိုယ်နှုတ်စိတ်တို့ဖြင့် အလွန်မညီမမျှ (အလွန်မငြိမ်းမချမ်း) ကျင့်နေကြတယ်။ အဲဒီလို ရဟန်းပုဏ္ဏားများကို မရိုသေထိုက်၊ မလေးစားထိုက်၊ မမြတ်နိုးထိုက်၊ မပူဇော်ထိုက်ဘူး။ ဘာ့ကြောင့်လဲ ဆိုတော့- ငါတို့လည်း မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေ အပေါ်မှာ ရာဂ,ဒေါသ,မောဟ,မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေး တဲ့စိတ် မရှိကြ။ ကိုယ်နှုတ်စိတ်တို့ဖြင့် အလွန် မညီမမျှ (အလွန် မငြိမ်းမချမ်း) ကျင့်နေကြတယ်။ ဒီတော့ သူတို့ရဲ့ အကျင့်ဟာ ငါတို့ရဲ့ အကျင့်နှင့် တူနေတယ်။ ငါတို့ထက် သာတဲ့အကျင့်ကို မတွေ့ရ။ ဒ့ါကြောင့် အဲဒီလို ရဟန်း ပုဏ္ဏားများကို မရိုသေထိုက်၊ မလေးစားထိုက်၊ မမြတ်နိုးထိုက် ၊ မပူဇော်ထိုက်။

နားဖြင့်ကြားရတဲ့ အသံ၊ နှာခေါင်းဖြင့် နမ်းရှူရတဲ့အနံ့၊ လျှာဖြင့် လျက်ရတဲ့အရသာ၊ ကိုယ်ဖြင့် တွေ့ထိရတဲ့ တွေ့ထိစရာ၊ စိတ်ဖြင့် သိရတဲ့ သိစရာတို့မှာလည်း ထို့အတူပဲ ဖြစ်တယ်"လို့ သင်တို့ ဖြေကြရမယ်။

သူကြွယ်တို့၊ သင်တို့ကို တခြားအယူရှိကြတဲ့ ပရိဗိုဇ်များက

"ဘယ်လို ရဟန်း ပုဏ္ဏားတို့ကို ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ထိုက် သလဲ"လို့ မေးခဲ့လျှင် " တချို့ရဟန်း ပုဏ္ဏားတို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေအပေါ်မှာ ရာဂ,ဒေါသ, မောဟ, ကင်းကြတယ်။ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့ စိတ်ရှိကြတယ်။ ကိုယ်နှုတ်စိတ်တို့ဖြင့် ညီမျှတဲ့ (ငြိမ်းအေးတဲ့) အကျင့်ကို ကျင့်နေကြတယ်။ အဲဒီလို ရဟန်းပုဏ္ဏားများကို ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ထိုက်တယ်။ဘာကြောင့်လဲဆိုတော့- ငါတို့ဟာ မျက်စိဖြင့် မြင်ရတဲ့ အဆင်းအာရုံတွေအပေါ်မှာ ရာဂ, ဒေါသ,မောဟ, မကင်းကြ၊ ကိုယ်တွင်းမှာ ငြိမ်းအေးတဲ့ စိတ်မရှိကြ။ ကိုယ်နှုတ်စိတ်တို့ဖြင့် အလွန်မညီမညွတ်(အလွန်မငြိမ်းမချမ်း) ကျင့်နေကြတယ်။ ဒီတော့ သူတို့ရဲ့ အကျင့်ဟာ ငါတို့ရဲ့ အကျင့်နှင့် မတူ၊ ငါတို့ထက် သာလွန်နေတာကို တွေ့မြင်ရတယ်။ ဒါ့ကြောင့် အဲဒီရဟန်းပုဏ္ဏားများကို ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ထိုက်တယ်။

နားဖြင့် ကြားရတဲ့ အသံ၊ နှာခေါင်းဖြင့် နမ်းရှူရတဲ့အနံ့၊ လျှာဖြင့် လျက်ရတဲ့အရသာ၊ ကိုယ်ဖြင့် တွေ့ထိရတဲ့ တွေ့ထိစရာတို့မှာလည်း ထို့အတူပဲ ဖြစ်တယ်"လို့ သင်တို့ဖြေကြား ကြရမယ်။

သူကြွယ်တို့၊ သင်တို့ကို တခြားအယူရှိကြတဲ့ ပရိဗိုဇ်များက "အဲဒီအရှင်များဟာ တကယ် ရာဂ, ဒေါသ,မောဟ ကင်းကြတယ်၊ သို့မဟုတ် ကင်းအောင်ကျင့်နေကြတယ်လို့ သင်တို့ပြောဆိုစရာ အကြောင်းအထောက်အထားတွေဟာ ဘယ်မှာလဲ"-လို့ မေးခဲ့လျှင်

"အဲဒီလိုအရှင်ကောင်းအရှင်မြတ်များဟာ တော(ရွာနှင့်မနီးတဲ့ အရပ်) တောအုပ်၊ အစွန်အဖျားကျတဲ့ ကျောင်းတို့မှာ သီတင်းသုံး နေထိုင်တော်မူကြတယ်။ အဲဒီနေရာတွေမှာ ပျော်ပါးစရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများ မရှိကြ။ အဲဒီလိုမရှိကြခြင်း ဟာ အကြောင်း အထောက်အထားများ ဖြစ်ကြတယ်" လို့ သင်တို့ ဖြေကြားကြရမယ်။

အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူလိုက်တဲ့အခါ နဂရဝိန္ဒရွာသား ပုဏ္ဏားသူကြွယ်များဟာ မြတ်စွာဘုရားရဲ့ တရား တော်ကို အလွန်သဘောကျနှစ်သက်ကြပြီး ရတနာသုံးပါးကို အသက်တမျှ ဆည်းကပ် ကိုးကွယ်ခဲ့ကြပါတယ်။

နဂရဝိန္ဒေယျသုတ် ပြီးပြီ။

❊ ❊ ❊

## ၉–ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါက အရှင်သာရိပုတြာဟာ ညနေပိုင်း တစ်ပါးတည်း (ဖလသမာပတ်ဖြင့်) သီတင်းသုံးရာမှ ထတော်မူလာပြီး မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်တော်မူခဲ့ပါတယ်။ မြတ်စွာဘုရားအထံတော် ရောက်တော့ မြတ်စွာဘုရားကို ရှိခိုးဦးချပြီး တစ်နေရာမှာ ထိုင်နေတော်မူပါတယ်။ တစ်နေရာမှာ ထိုင်နေတော်မူတဲ့ အရှင်သာရိပုတြာအား မြတ်စွာဘုရားက အခုလို ဟောကြား တော်မူခဲ့ပါတယ်။

"သာရိပုတြာ၊ သင်ရဲ့ဣန္ဒြေတွေဟာ ကြည်လင်လှတယ်။ သင်ရဲ့ အသားအရေဟာ သန့်ရှင်းစင်ကြယ်တယ်။ သာရိပုတြာ၊ အခုဘယ်လိုနေခြင်းဖြင့် များစွာနေသလဲ။ ?"

"မြတ်စွာဘုရား။ အခု တပည့်တော် သုညတဝိဟာရ (ရာဂစသည်ကင်းသောနေခြင်း) ဖြင့် များစွာ နေပါတယ်ဘုရား။"

"သာဓုသာဓု သာရိပုတြာ၊ သင်ဟာ ယခုအခါ (ဘုရားစတဲ့) ယောကျ်ားမြတ်တို့ရဲ့ နေခြင်းဆိုတဲ့ နေခြင်းဖြင့် များစွာနေတာပဲ။ အဲဒီရာဂစသည်ကင်းတဲ့နေခြင်းဟာ ယောကျ်ားမြတ်တို့ရဲ့ နေခြင်းဖြစ်တယ် သာရိပုတြာ။ ဒါ့ကြောင့် ရာဂစသည် ကင်းတဲ့ နေခြင်းဖြင့် များစွာ နေလိုတဲ့ ရဟန်းဟာ " ငါ ဆွမ်းခံ သွားခဲ့ရာလမ်း၊ ငါ ဆွမ်းခံ လှည့်လည်ခဲ့ရာ အရပ်၊ ငါ ဆွမ်းခံပြန်ခဲ့ရာ လမ်းတုန်းက

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ သိစရာ-တို့အပေါ်မှာ တောင့်တခြင်း၊ စွဲလမ်းခြင်း၊ ဒေါသထွက်ခြင်း၊ တွေဝေခြင်း၊ စိတ်ထိခိုက်ခြင်းများ ရှိခဲ့လေသလော . . . .” လို့ စဉ်းစား ဆင်ခြင်ရမယ်။

အဲဒီလို စဉ်းစားဆင်ခြင်တဲ့အခါ အဲဒီတောင့်တခြင်း စသည် ရှိခဲ့တယ်လို့ သိလျှင် အဲဒီတောင့်တခြင်းစတဲ့ မကောင်းမှုအကုသိုလ် တရားမျိုးကို ပယ်ဖို့ရာ (နောင်မဖြစ်စေဖို့ရာ) ကြိုးစားအားထုတ် ရမယ်။

အဲဒီတောင့်တခြင်း စသည်မရှိခဲ့ဘူး . လို့ သိလျှင် အဲဒီ နှစ်သက်ဝမ်းမြောက်မှုဖြင့်ပင် နေ့ရောညဉ့်ပါ ကုသိုလ်တရား တို့ကို ကြိုးစားအားထုတ်လျက် နေရမယ်။

သာရိပုတြာ၊ ရဟန်းဆိုတာ “ငါသည် ကာမဂုဏ်ငါးပါး ကို ပယ်ပြီးပြီလော?

“နီဝရဏငါးပါးကို ပယ်ပြီးပြီလော?”

“ဥပါဒါနက္ခန္ဓာငါးပါးကို ပိုင်းခြား၍ (ကွဲကွဲပြားပြား) သိပြီးပြီ လော?”

“သတိပဋ္ဌာန်လေးပါးကို ပွားများပြီးပြီလော?”

“သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနှစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သမထဝိပဿနာ နှစ်ပါးတို့ကို ပွားများပြီးပြီလော?”

“အရဟတ္တမဂ် ၊အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးပြီလော ”လို့ စဉ်းစားဆင်ခြင်ရမယ်။

အဲဒီလိုစဉ်းစားဆင်ခြင်တဲ့အခါ "ကာမဂုဏ်ပယ်ခြင်းစသည်ကို မပြုရသေးပါတကား. . . "လို့ သိလျှင် ပြုဖို့ရာ ကြိုးစား အားထုတ်ရမယ်။

ကာမဂုဏ်ပယ်ခြင်း စသည်ကို ပြုပြီးပြီလို့ သိရလျှင် အဲဒီ နှစ်သက်ဝမ်းမြောက်မှုဖြင့်ပင် ကုသိုလ်တရားတို့ကို နေရောညဉ့်ပါ ကြိုးစားအားထုတ်လျက် နေရမယ်။

သာရိပုတြာ၊ အတိတ်ကာလက ဆွမ်းကို စင်ကြယ်စေခဲ့ ကြတဲ့ (ဆွမ်းကျေးဇူးဆပ်ခဲ့ကြတဲ့) ရဟန်းပုဏ္ဏားမှန်သမျှဟာ ဒီလိုဆင်ခြင်၍ ဆင်ခြင်၍သာ ဆွမ်းကျေးဇူးကို ဆပ်ခဲ့ကြတယ်။ နောင်အခါ ဆွမ်းကျေးဇူးကို ဆပ်ကြမည့် ရဟန်းပုဏ္ဏားများဟာလည်း ဒီလို ဆင်ခြင်၍ ဆင်ခြင်၍သာ ဆွမ်းကျေးဇူးကို ဆပ်ကြလိမ့်မယ်။

ယခုအခါ ဆွမ်းကျေးဇူးကို ဆပ်နေကြတဲ့ ရဟန်းပုဏ္ဏားများဟာလည်း ဒီလိုဆင်ခြင်၍ ဆင်ခြင်၍သာ ဆွမ်းကျေးဇူးကို ဆပ်နေကြတယ်။

ဒါ့ကြောင့် "ဆင်ခြင်၍ ဆင်ခြင်၍သာ ဆွမ်းကျေးဇူးကို ဆပ်ကြမယ်"လို့ သင်တို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ် သာရိပုတြာ-လို့ ဟောကြားတော်မူခဲ့ပါတယ်။

အရှင်သာရိပုတြာလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန်သဘောကျနှစ်သက်တော်မူခဲ့ပါတယ်။

ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် ပြီးပြီ။

(၁၅၃)

## ၁၀– ဣန္ဒြိယဘာဝနာသုတ်

အခါတစ်ပါးမှာ ဇင်္ဂလာနိဂုံး၊ သုဝေဠု တောမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ ပါရာသိဝိယ ပုဏ္ဏားရဲ့ တပည့် ဥတ္တရလုလင်ဟာ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ် ခဲ့ပါတယ်။ အဲဒီဥတ္တရလုလင်ကို မြတ်စွာဘုရားက အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"ဥတ္တရ၊ ပါရာသိဝိယပုဏ္ဏားဟာ တပည့်တို့အား ဣန္ဒြေပွား များ နည်းကို ဟောသလား?"

"အရှင်ဂေါတမ၊ ပါရာသိဝိယပုဏ္ဏားဟာ တပည့်တို့အား ဣန္ဒြေပွားများနည်းကို ဟောပါတယ်။"

"ဥတ္တရ၊ ဘယ်လိုဟောသလဲ?"

"အရှင်ဂေါတမ၊ မျက်စိဖြင့် အဆင်းကိုမကြည့်ခြင်း၊ နားဖြင့် အသံကို နားမထောင်ခြင်းဟာ ဣန္ဒြေပွားများခြင်း ဖြစ်တယ်လို့ ဟောပါတယ်။"

"ဥတ္တရ ၊ဒီလို ဆိုလျှင် အကန်းနှင့် နားပင်းသူတို့ဟာ ဣန္ဒြေ တို့ကို ပွားများပြီး ဖြစ်ကြလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အကန်း က မျက်စိဖြင့် အဆင်းကို မကြည့်နိုင်၍ နားပင်းသူက နားဖြင့် အသံကို နားမထောင်နိုင်သောကြောင့် ဖြစ်တယ်။"

မြတ်စွာဘုရားက အဲဒီလိုမိန့်တော်မူတဲ့အခါ ဥတ္တရလုလင် ဟာ မလှုပ်မယှက် စိတ်ပျက်ကြုံမှိုင်သွားခဲ့ပါတယ်။ ဥတ္တရလုလင်

စိတ်ပျက်သွားကြောင်း မြတ်စွာဘုရား သိတော်မူပြီး အရှင်အာနန္ဒာအား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

"အာနန္ဒာ၊ ပါရာသိဝိယပုဏ္ဏားရဲ့ ဣန္ဒြေပွားများနည်းက တခြား၊ မြတ်စွာဘုရားရဲ့ အနှိုင်းမဲ့ ဣန္ဒြေပွားများနည်းက တခြား ဖြစ်တယ်။"

"မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ အနှိုင်းမဲ့ ဣန္ဒြေပွားများနည်းကို အမိန့်ရှိတော်မူပါဘုရား။"

"အာနန္ဒာ၊ ဒါဆိုလျှင် သင်တို့နာယူကြ၊ကောင်းမွန်စွာ နှလုံးသွင်းကြ၊ ငါဘုရားဟောပြမယ်။"

"မှန်ပါအရှင်ဘုရား။"

အာနန္ဒာ၊ မြတ်စွာဘုရားရဲ့ အနှိုင်းမဲ့ ဣန္ဒြေပွား များနည်းကတော့- မျက်စိဖြင့် အဆင်းကို မြင်တဲ့ ရဟန်းတစ်ပါးမှာ ရံခါ နှစ်သက်မှု ၊ ရံခါမနှစ်သက်မှု၊ ရံခါနှစ်သက်မှုရော မနှစ်သက်မှုပါ ဖြစ်ပေါ်လာတယ်။ အဲဒီရဟန်းဟာ" ငါ့မှာဖြစ်ပေါ်လာတဲ့ နှစ်သက်မှု မနှစ်သက်မှုဟာ ရုန့်ရင်းကြမ်းတမ်းတယ်။ လျစ်လျူ ရှုခြင်းသည်သာ ငြိမ်းအေးမွန်မြတ်တယ်"လို့ သိတယ်။(နှလုံးသွင်း ဆင်ခြင်တယ်။) အဲဒီအခါမှာ သူရဲ့ နှစ်သက်မှု၊ မနှစ်သက်မှုဟာ ချက်ချင်း ချုပ်ပျောက်တယ်။ လျစ်လျူရှုခြင်းဟာ ချက်ချင်း တည်လာတယ်။ ဥပမာအားဖြင့် မျက်စိကောင်းတဲ့ လူတစ်ယောက် မျက်စိကို ဖျတ်ခနဲ ဖျတ်ခနဲ မှိတ်လိုက် ဖွင့်လိုက်သကဲ့သို့ ဖြစ်တယ်။

- နားဖြင့် အသံကို ကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို ရှူတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့်ကြံသိစရာကို ကြံသိတဲ့အခါတို့မှာလည်း ထို့အတူပဲ။

အာနန္ဒာ၊ ဒါဟာ မြတ်စွာဘုရားရဲ့ အနှိုင်းမဲ့ ဣန္ဒြေပွားများနည်း ဖြစ်တယ်။

အာနန္ဒာ၊ အဘယ်သို့လျှင် ဣန္ဒြေတို့ကို ပွားများပြီးတဲ့ အရိယာပုဂ္ဂိုလ်ဖြစ်သလဲဆိုတော့- မျက်စိဖြင့် အဆင်းကို မြင်တဲ့ ရဟန်းတစ်ပါးမှာ ရံခါ နှစ်သက်မှု၊ ရံခါ မနှစ်သက်မှု၊ ရံခါ နှစ်သက်မှုရော မနှစ်သက်မှုပါ ဖြစ်ပေါ်လာတယ်။

အဲဒီရဟန်းဟာ စက်ဆုပ်ဖွယ်အဆင်းအာရုံမှာ စက်ဆုပ်ဖွယ် မဟုတ်ဆိုတဲ့ သညာထား၍ နေလိုလျှင် အဲဒီ စက်ဆုပ်ဖွယ် အဆင်းအာရုံမှာ (မေတ္တာပွား၍ ဖြစ်စေ၊ ဓာတ်ခွဲ၍ ဖြစ်စေ) စက်ဆုပ်ဖွယ် မဟုတ်ဆိုတဲ့ သညာထား၍ နေတယ်။

စက်ဆုပ်ဖွယ်မဟုတ်တဲ့ အဆင်းအာရုံမှာ စက်ဆုပ်ဖွယ်ဆိုတဲ့ သညာထား၍ နေလိုလျှင် အဲဒီစက်ဆုပ်ဖွယ် မဟုတ်တဲ့ အဆင်းအာရုံမှာ (အသုဘသဘောကို ရှု၍ဖြစ်စေ၊ မမြဲဟု ရှု၍ဖြစ်စေ) စက်ဆုပ်ဖွယ်ဆိုတဲ့ သညာထား၍ နေတယ်။

စက်ဆုပ်ဖွယ် အဆင်းအာရုံမှာရော စက်ဆုပ်ဖွယ် မဟုတ်တဲ့ အဆင်းအာရုံမှာပါ စက်ဆုပ်ဖွယ်မဟုတ်ဆိုတဲ့ သညာ ထား၍ နေလိုလျှင် အဲဒီစက်ဆုပ်ဖွယ် အဆင်းအာရုံနှင့် ဆက်ဆုပ်ဖွယ် မဟုတ်တဲ့ အဆင်းအာရုံတို့မှာ (အသုဘသဘောကို ရှု၍ ဖြစ်စေ၊ မမြဲဟု ရှု၍ ဖြစ်စေ) စက်ဆုပ်ဖွယ်မဟုတ် ဆိုတဲ့သညာထား၍ နေတယ်။

စက်ဆုပ်ဖွယ်အဆင်းအာရုံနှင့် စက်ဆုပ်ဖွယ်မဟုတ်တဲ့ အဆင်းအာရုံနှစ်မျိုးကို ကြဉ်၍ လျစ်လျူရှုပြီး သတိနှင့် အသိ ယှဉ်လျက် နေလိုလျှင် အဲဒီစက်ဆုပ်ဖွယ် အဆင်းအာရုံနှင့် စက်ဆုပ်ဖွယ် မဟုတ်တဲ့ အဆင်းအာရုံနှစ်မျိုးလုံးအပေါ်မှာ (ဝမ်းမြောက်မှု ၊ ဝမ်းနည်းမှုတို့ကို မဖြစ်စေဘဲ) လျစ်လျူရှုပြီး သတိနှင့် အသိယှဉ်လျက် နေတယ်။

- နားဖြင့် အသံကို ကြားတဲ့အခါ
- နှာခေါင်းဖြင့် အနံ့ကို ရှုတဲ့အခါ
- လျှာဖြင့် အရသာကို လျက်တဲ့အခါ
- ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်ဖြင့် ကြံသိစရာကို ကြံသိတဲ့အခါတို့မှာလည်း ထို့အတူပဲ။

အာနန္ဒာ၊ ဒီသုတ္တန်ဖြင့် အနှိုင်းမဲ့ ဣန္ဒြေပွား များနည်းကိုလည်း ငါဘုရားဟောကြားပြီးပြီ။ ဝိပဿနာကို ကျင့်နေတဲ့ ကျင့်ဆဲပုဂ္ဂိုလ်အကြောင်းကိုလည်း ငါဘုရား ဟောကြားပြီးပြီ။

ဣန္ဒြေတို့ကို ပွားများပြီးတဲ့ အရိယာပုဂ္ဂိုလ်အကြောင်းကိုလည်း ငါဘုရား ဟောကြားပြီးပြီ။ တပည့်တို့ရဲ့ အကျိုးစီးပွားကို လိုလားပြီး သနားကြင်နာတတ်တဲ့ ဆရာတစ်ပါး ပြုသင့်ပြုထိုက်တာကို သင်တို့အတွက် ငါဘုရား ပြုတော်မူပြီးပြီ။

အာနန္ဒာ၊ ဒါတွေဟာ သစ်ပင်ရင်းတွေပဲ။ ဒါတွေဟာ ဆိတ်ငြိမ်တဲ့နေရာတွေပဲ။ အာနန္ဒာ၊ တရားကိုရှုမှတ်ပွား များကြကုန်လော့။ အမှတ်တမဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ လုံ့လ မနေကြကုန်လင့်။ နောက်မှ နောင်တမရကြကုန်လင့်။ ဒါဟာ သင်တို့အတွက် ငါဘုရားတို့ရဲ့ အဆုံးအမတော် ဖြစ်တယ်။

မြတ်စွာဘုရားဟာ အဲဒီလို ဟောကြားတော်မူပြီး ဣန္ဒြိယဘာဝနာသုတ်ကို နိဂုံးချုပ်တော်မူခဲ့ပါတယ်။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို အလွန်နှစ်သက်သဘောကျပြီး "သာဓု သာဓု သာဓု"လို့ သာဓုသုံးကြိမ်ခေါ်ဆိုတော်မူခဲ့ပါတယ်။

ဣန္ဒြိယဘာဝနာသုတ် ပြီးပြီ။

✳ ✳ ✳

## ပါဠိနာမည်များ ရှင်းလင်းချက်

၃၁။ ဘဒ္ဒေကရတ္တသုတ် - အခါကောင်းကြုံပုံကို ပြတော်မူသော သုတ်။

၃၂။ အာနန္ဒဘဒ္ဒေကရတ္တသုတ် - အရှင်အာနန္ဒာ ဟောပြတော်မူအပ်သော ဘဒ္ဒေကရတ္တသုတ်။

၃၃။ မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် - အရှင် မဟာကစ္စည်း မထေရ် ဟောပြတော်မူအပ်သော ဘဒ္ဒေကရတ္တသုတ်။

၃၄။ လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ် - အရှင်လောမသကင်္ဂိယအား ဟောကြားတော်မူအပ်သော ဘဒ္ဒေကရတ္တသုတ်။

၃၅။ စူဠကမ္မဝိဘင်္ဂသုတ် - ကံအဖွင့်ကို ပြသော သုတ်ငယ်။

၃၆။ မဟာကမ္မဝိဘင်္ဂသုတ် -ကံအဖွင့်ကို ပြသောသုတ်ကြီး။

၃၇။ သဠာယတနဝိဘင်္ဂသုတ် - အာယတန ခြောက်ပါးကို အကျယ်ဖွင့်ပြသော သုတ်။

၃၈။ ဥဒ္ဒေသဝိဘင်္ဂသုတ် - မြတ်စွာဘုရားက အကျဉ်းဟောပြတော်မူ၍ အရှင်မဟာကစ္စည်းက အကျယ်ဟောပြတော်မူအပ်သော သုတ်။

၃၉။ အရဏဝိဘင်္ဂသုတ် - အညစ်အကြေးကင်းပုံကို အကျယ်ဟောပြတော်မူအပ်သောသုတ်။

၄၀။ ဓာတုဝိဘင်္ဂသုတ် - ဓာတ်တို့ကို အကျယ်ဟောပြတော်မူ
အပ်သော သုတ်။

၄၁။ သစ္စဝိဘင်္ဂသုတ် - သစ္စာကို အကျယ်ဟောပြတော်မူ
အပ်သော သုတ်။

၄၂။ ဒက္ခိဏာဝိဘင်္ဂသုတ် - အလှူအကြောင်းကို အကျယ်
ဟောပြတော်မူသော သုတ်။

၄၃။ အနာထပိဏ္ဍိကောဝါဒသုတ် - အနာထပိဏ်သူဌေးအား
ဩဝါဒပေးသောအားဖြင့် အရှင်
သာရိပုတြာ ဟောကြားတော်မူအပ်
သော သုတ်။

၄၄။ ဆန္နောဝါဒသုတ် - အရှင်ဆန္နအား ဩဝါဒပေးသော
အားဖြင့် အရှင်သာရိပုတြာနှင့်
အရှင်စုန္ဒတို့ ဟောပြတော်မူအပ်
သော သုတ်။

၄၅။ ပုဏ္ဏောဝါဒသုတ် - အရှင်ပုဏ္ဏအား ဩဝါဒပေးသော
အားဖြင့် မြတ်စွာဘုရား ဟောကြား
တော်မူအပ်သောသုတ်။

၄၆။ နန္ဒကောဝါဒသုတ် - ရဟန်းမတို့အား ဩဝါဒပေးသော
အားဖြင့် အရှင်နန္ဒက ဟောပြတော်
မူအပ်သော သုတ်။

၄၇။ စူဠရာဟုလောဝါဒသုတ် - အရှင်ရာဟုလာအား ဩဝါဒ ပေးသောအားဖြင့် ဟောကြားတော်မူအပ်သော သုတ်ငယ်။

၄၈။ ဆဆက္ကသုတ် - ခြောက်မျိုးခြောက်လီ တရားတော်။

၄၉။ မဟာသဠာယတနိကသုတ် - အာယတန ခြောက်ပါးကို ပြသော သုတ်ကြီး။

၅၀။ နဂရဝိန္ဒေယျသုတ် - နဂရဝိန္ဒရွာသား ပုဏ္ဏား သူကြွယ်တို့အား ဟောပြတော်မူအပ်သော သုတ်။

၅၁။ ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် - ဆွမ်းကျေးဇူးဆပ်ပုံကိုပြသော သုတ်။

၅၂။ ဣန္ဒြိယဘာဝနာသုတ် - ဣန္ဒြေပွားများပုံကို ဟောပြတော်မူသောသုတ်။

❊❊❊❊❊❊❊❊❊❊

# (၁၆၁)

# နိဂုံး

လူတစ်ယောက်ဟာ ကိုယ်လုံးပေါ်မှန်ကြီးနားသို့ ရောက်လာတယ်။ ဒါနဲ့ မှန်ကြီးထဲမှာ ပေါ်နေတဲ့ သူ့ခန္ဓာကိုယ်ကို စူးစမ်းကြည့်တယ်။ ဆံပင်၊ နဖူး၊ မျက်ခုံး၊ မျက်တောင်၊ နှာခေါင်း၊ ပါး၊ ပါးစပ်-စတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းမှာ အပြစ်တွေ့တိုင်း တွေ့တိုင်း ပြုပြင်တယ်။ ဖြီးတယ်၊ လိမ်းတယ်၊ ချယ်တယ်၊ သတယ်။ ဒီတော့ သူ့ခန္ဓာကိုယ်ဟာ လှပတယ်၊ သန့်ရှင်းတယ်၊ သပ်ရပ်တယ်၊ သားနားတယ်။ ဒီတော့ အဲဒီ ကိုယ်လုံး ပေါ်မှန်ကြီးဟာ သူရဲ့ ရုပ်ခန္ဓာ ကို ပြုပြင်ဖို့ ဖြစ်တယ်။

ဒီကျမ်းစာကတော့ စာရှုသူများရဲ့ စိတ်လုံးပေါ်မှန်ကြီး ဖြစ်တယ်။ ဒီမှန်ကြီးကို ကြည့်ပြီး စာရှုသူတို့ရဲ့ စိတ်ကို ပြုပြင်နိုင်တယ်။ သပ္ပုရိသသုတ်၊ သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်၊ အာနာပါနဿတိသုတ်၊ ကာယဂတာသတိသုတ်၊ ဗာလပဏ္ဍိတသုတ်၊ ဒေဝဒူတသုတ်၊ ဘဒ္ဒေကရတ္တသုတ်၊ စူဠကမ္မဝိဘင်္ဂသုတ်၊ ဒက္ခိဏာဝိဘင်္ဂသုတ်၊ ပုဏ္ဏောဝါဒသုတ်- စသည်တို့ကို ကြည့်ရှုဆင်ခြင်ပြီး စာရှုသူ တို့ရဲ့ စိတ်ကို ကောင်းသထက် ကောင်းအောင်၊ အကောင်းဆုံးဖြစ်အောင် ပြုပြင်နိုင်တယ်။

ဒီမှန်ကြီးကို ကြည့်ပြီး ပြုပြင်ထားလို့ လှပတဲ့ စိတ်ဟာ အင်အားရှိတယ်၊ အစွမ်းသတ္တိရှိတယ်၊ အရှိန်အဝါရှိတယ်။ ဒီဘဝ ကောင်းကျိုးကိုလည်း သယ်ဆောင်နိုင်တယ်၊ နောင်ဘဝ ကောင်း

ကျိုးကိုလည်း သယ်ဆောင်နိုင်တယ်။ နိဗ္ဗာန်အထိအောင်ပင် ပို့ဆောင်နိုင်တယ်။ ဒါ့ကြောင့် ဒီ စိတ်လုံးပေါ်မှန်ကြီး ကို ကြည့်ပြီး စာရှုသူတိုင်း မိမိတို့ရဲ့ စိတ်ကို အလှပဆုံးဖြစ်အောင် ပြုပြင်နိုင်ကြပါစေ-လို့ ဆန္ဒပြုလိုက်ပါတယ်။

အရှင်သာသနဝရ

xxxxxxxxxxxx

၂၅၁၉၃

(၁၆၃)

## အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓဝင် နှင့် ဓမ္မစကြာ (၁၉၉၆)

၂။ ဗုဒ္ဓ၏ ပုံတော်နှင့် ဂုဏ်တော်များ (၁၉၉၉)

၃။ မိဘမေတ္တာ (၁၉၉၉)

၄။ ဘဝငြိမ်းချမ်းအောင်နေမယ် (၂၀၀၀)

၅။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၁) ၂၀၀၁

၆။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၂) ၂၀၀၁



ဤကျမ်းစာသည်

ဓမ္မကထိကရဟန်းတော်များ

နိကာယ်စာမေးပွဲဝင် အရှင်သူမြတ်များ

ဘာသာရေးကို လေးလေးနက်နက် လေ့လာလိုသူများ

ဘုရားဟောအနှစ်ချုပ်(အဆီအနှစ်)ကို လေ့လာလိုသူများ

စာပေဝါသနာရှင်များ

စာပေကို အပျော်ဖတ်သာမက အတော်ဖတ်ပါ ဖတ်ရှုလိုသူများ

ဘုရားကြိုက်အောင် နေထိုင်လိုသူများ

ချမ်းမြေ့စွာ နေထိုင်လိုသူများ

လူ့ဘဝမှာ တန်ဖိုးရှိရှိ နေထိုင်လိုသူများ

ယောဂီသူတော်စင်များ

အထူးဖတ်ရှုလေ့လာသင့်သော ကျမ်းစာတစ်စောင် ဖြစ်ပါသည်။